
မစန္ဒာ
ပုစ္ဆာ

www.foreverspace.com.mm

ကို ဆွဲကိုင်ကာ အပေါက်ဝမှ လှမ်းထွက်ရင်း မျက်စောင်းလေးဝင့်ကာ ပြော လိုက်သည်။

'အို. . .သုံးနာရီ လေးဆယ့်ငါးမိနစ်ဆိုတာ မြန်မာစံတော်ချိန် ရုံးဆင်း ချိန်ပဲရှင့်'

*　*　*

'သုံးနာရီ လေးဆယ့်ငါးရှိပြီပဲ၊ ဟေ့ မောင်ဟိုဒင်းရေ၊ ငါ့ပစ္စည်းတွေ သိမ်းတော့လေကွယ်'

'ဓာတ်ဘူးထဲမှာ ကော်ဖီတွေ ကျန်သေးတယ် ဆရာ'

'အေး ဟုတ်သားပဲ၊ သောက်လိုက်လေကွာ'

ဦးလူလှသည် ခေါင်းမော့မကြည့်ဘဲ ပြောလိုက်သည်။ လက်ထဲရှိ ခဲတံ နီပြာတံကို လှည့်ကစားနေရင်း သူ့ရှေ့ရှိဖိုင်ကို စူးစူးစိုက်စိုက်ကြည့်နေ သည်။ ရုံးတွင်းသုံး စက္ကူထုပ်များ ပျောက်သဖြင့် အဆင့်ဆင့် စုံစမ်းစစ် ဆေးထားသော အမှုတွဲဖြစ်သည်။ စာတွဲများကို စူးစိုက်ကြည့်ရင်း ဦးလူလှ ၏ ဦးနှောက်သည် ပစ္စည်းပျောက်ရာတွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကို ပြေး လွှားရှာဖွေနေလေသည်။

ဦးလူလှ၏ ရုံးလုလင်ကလေးသည် ကော်ဖီကိုကြည့်ရင်း သောက်ရန် ပင် စိတ်ညစ်သွားသည်။ ဓာတ်ဘူးအတွင်းမှ ထန်းလျက်နံ့သည် အီလယ် လယ်ကလေး ထွက်ပေါ်နေသည်။ လခထောင်ကျော်စားရသော ဌာန ဆိုင်ရာ အကြီးအကဲ အရာရှိကြီးဖြစ်သော်လည်း ဦးလူလှသည် တစ်ပိဿာ သုံးဆယ့်လေးကျပ်ဈေးရှိသော လူ့ပြည်မှ 'သကြားမင်း' အနားသို့ ချဉ်းကပ် နိုင်ဟန် မတူချေ။ နို့ဆီ စတီသဘော လေးသာပါသော ထန်းလျက် ကော်ဖီ

www.foreverspace.com.mm

သည် မဲသဲနေလေသည်။

နေ့ခင်းက စည်းဝေးပွဲရှိသည်။ စည်းဝေးပွဲတွင် ဆိတ်သားမုန့်နှင့် မလိုင်ပါသော လက်ဖက်ရည်ကောင်းကောင်းသောက်ခဲ့ရသဖြင့် ဦးလူလှသည် သူ့ဓာတ်ဘူးကိုပင် မထိတော့ချေ။ ဓာတ်ဘူးဘေးတွင် ကပ်လျက်ပါလာသော ဘီစကစ်မုန့်ထုပ်လေးသည်လည်း ယနေ့အဖို့ ကော်ဖီကျဲကျဲနှင့် နှစ်ပါးမသွားရတော့သဖြင့် ပျော်နေဟန်ရှိသည်။

'ကလင်. . .ကလင်. . .ကလင်. . .ကလင်'

နို့နှစ်ရောင် တယ်လီဖုန်းလေးမှ အသံထွက်ပေါ်လာသောအခါ ဦးလူလှသည် လက်ထဲရှိခဲတံကိုချထားပြီး စကားပြောခွက်ကို ကောက်ကိုင်လိုက်လေသည်။

'ဟဲလို'

'ဟုတ်ကဲ့ လူလှ ပြောနေပါတယ်'

'သြော်. . .ဦးကျော်မြ ဆိုပါဦး'

'ဟုတ်ကဲ့ အမြဲတမ်း ခန့်ထားဖို့လား၊ ရှေ့အပတ်ထဲမှာ စစ်မယ်၊ နေ့စားတွေ အတော်များသား၊ ဘွဲ့ရပြီးသားတွေလည်းပါတယ်လေ၊ သြော် ဦးကျော်မြ တူမလား၊ ဟုတ်ကဲ့ တတ်နိုင်သလောက် ကြည့်ရတာပေါ့ဗျာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ သူ့နာမည်က ဘယ်သူ'

ဦးလူလှ၏ ခေါင်းပေါ်တွင် ပန်ကာလေးက ဖြည်းညင်းစွာ လည်ပတ်နေသည်။ ပန်ကာလေကို ဦးလူလှ လုံးဝမကြိုက်ချေ။ သို့ပါသော်လည်း အခန်းတွင်း၌ အိုက်လှသောကြောင့် ခပ်ဖြည်းဖြည်း ဖွင့်ထားရခြင်းဖြစ်သည်။ ဒန်ရောင်ပြောင်နေသော ပန်ကာဒလက်များထဲတွင် တယ်လီဖုန်း စကားပြောနေသော ဦးလူလှ၏ အရိပ်သည် ဇောက်ထိုးထင်ကာ လည်ပတ်နေသည်။ စားပွဲပေါ်ရှိ ဆေးလိပ်ခွက် ပြာပြာလေးထဲတွင်ကား လည်နေသော

www.foreverspace.com.mm

မန်ကာက အရိပ်ထင်နေပြန်သည်။

'ဟုတ်ကဲ့. . .ဟုတ်ကဲ့ စိတ်ချပါခင်ဗျာ'

တယ်လီဖုန်း စကားပြောခွက်ကို ချလိုက်သည်နှင့် ရုံးလုလင်လေး သည် ရုံးအောက်သို့ သွက်သွက်လေး ဆင်းသွားသည်။ ရုံးကား အဆင်သင့် ရှိ,မရှိ သွားကြည့်ခြင်းဖြစ်သည်။ ကားအဆင်သင့် ရပ်ထားသည်ကို တွေ့ သောအခါ အပြေးကလေး ပြန်တက်သွားသည်။

'ကားရောက်ပြီ ဆရာ'

'အေး အေး'

ဦးလူလှသည် စစ်ဆေးလက်စ ဖိုင်တွဲကို လှမ်းပေးလိုက်သည်။ ရုံး လုလင်ကလေးက ဦးလူလှ သားရေအိတ် အမည်းကြီးထဲသို့ ထည့်လိုက် သည်။ ရုံးမှ အလုပ်များကို အိမ်အထိ သယ်ရပေဦးမည်။ ဦးလူလှသည် အလုပ်ကို အကြွေးမထားတတ်ချေ။ အလုပ်များပိလာလျှင် အိမ်အထိယူ သွားပြီး အပြတ်ရှင်းပစ်တတ်သည်။ ထို့ကြောင့် ဦးလူလှ၏ စားပွဲပေါ်တွင် ဖိုင်တွဲများ ပုံနေလေ့ မရှိချေ။

လက်ရှိဌာနသို့ သူရောက်မလာမီကဆိုလျှင် ရုံးသူရုံးသားများ အထူး စိတ်ချမ်းသာ ပျော်ရွှင်ကြလေသည်။ နေရာတကာတွင် နားလည်မှုရှိ၍ လွတ် လပ်သည်။ ဦးလူလှ ရောက်လာပြီးသည့် နောက်ပိုင်းတွင် ကား နားလည်မှု များ တစ်စထက်တစ်စ လျော့ပါးလာသည်။ ရုံးစည်းကမ်းလည်း တဖြည်း ဖြည်း တင်းကျပ်လာသည်။ ထို့ကြောင့် ရုံးသူ ရုံးသားအများ စိတ်လက် မအီမသာ ဖြစ်ကြရလေသည်။ ဦးလူလှသည်လည်း အမည်သစ်တစ်လုံးကို ကင်ပွန်းတပ်ပွဲ မကျင်းပဘဲနှင့် ပိုင်ဆိုင်ခဲ့ရသည်။ 'ဖြူရိုကရက် အပုပ်ကြီး' ဟု ဖြစ်လေသည်။

'ကဲ. . .သွားစို့'

www.foreverspace.com.mm

ဦးလူလုသည် နွတ်ကပြောရင်း အခန်းထောင့်သို့ လျှောက်သွားသည်။ လျှပ်စစ်မီးနှင့် ပန်ကာကိုပိတ်ရန်ဖြစ်သည်။ ရုံးလုလင်လေးသည် စိတ်ချရသူ မဟုတ်ချေ။ ဦးလူလု၏ သားရေအိတ်ကြီးက ရုံးကားပေါ် တင်ပေးပြီးသည်နှင့် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားတတ်လေသည်။ တစ်ခါက ပန်ကာကို ညနေပိုင်း ပိတ်မသွားမိသဖြင့် နောက် တစ်နေ့ ရုံးတက်ချိန်ထိ ညလုံးပေါက် လူမရှိဘဲ လည်ပတ်နေသည်။ မီတာ အတော်လေးတက်သွားမည်ဖြစ်သည်။ မိမိကိုယ်ပိုင်ငွေနှင့် ပေးရခြင်း မဟုတ်သော်ငြားလည်း ထိုကဲ့သို့ အလဟသဖြစ်ခြင်းများကို ဦးလူလု အလွန်နှမြောလေသည်။ နောင်အခါများတွင်ကား ရုံးလုလင်လေးကို အားမကိုးတော့ဘဲ မိမိကိုယ်တိုင် သတိထားပြီး ပိတ်သွားရသည်။

'ကဲ. . .သွားစို့'

ခလုတ်များ ပိတ်ပြီးသောအခါ ဦးလူလုသည် ဒုတိယမ္ဘ ရေရွတ်လိုက်ပြန်သည်။ ဦးလူလု ရုံးအောက်သို့ရောက်သောအခါ လေးနာရီ ကျော်နေချေပြီ။

* * *

'ဆရာ စာသင်တာကလည်းဗျာ လေးနာရီကျော်မှ ပြီးတော့တယ်၊ ရုံးဆင်းချိန်နဲ့ တိုက်နေပြီ၊ ကားတွေတော့ သေအောင် ကျပ်တော့မှာပဲ'

အောင်ကိုသည် ဆေးရုံလှေကားမှ ခပ်သွက်သွက် ဆင်းလာရင်း ညည်းလိုက်သည်။ အောက်ရောက်သောအခါ အကြောကုဌာနအနီးမှဖြတ်ပြီး ဆေးရုံကြီး အနောက်ဘက်သို့ ကွေ့ချိုးလိုက်သည်။

သူကိုင်ထားသော အိတ်အမည်းလေး၏ဇစ်က လုံးဝစေ့နေအောင်

www.foreverspace.com.mm

မပိတ်ဘဲ မဟတဟ ရှိနေသည့်အတွက် အတွင်းမှ နားကြပ်လေးကို မသိမသာ တွေ့မြင်နေရသည်။ ထိုနားကြပ်လေး ကိုင်ရခါစကမူ အောင်ကိုတို့ ဟန်ရေးပြ၍ အလွန်ကောင်းသည်။ အောင်ကို သူငယ်ချင်း တစ်ဦးကဆိုလျှင် နားကြပ်ကို လူမမြင်မှာ စိုးသဖြင့် အိတ်မပါဘဲ သည်အတိုင်းကိုင်ကာ ဘတ်စ်ကား စီးလေ့ရှိသည်။ ဂျူတီကုတ် ဖြူဖြူလေးနှင့် နားကြပ်ကိုပိုက်၍ တက်လာလျှင် ဆေးကျောင်းသားမှန်း မသိမနေ တန်းပြီးသိရတော့သည်။ မသိဟုဆိုသော သူကို မြို့နှင့်မတန် တောကိုသာ ပြန်ရော့ဟု ဆိုရပေမည်။

ဆေးတက္ကသိုလ် ဟူသည်မှာ ဉာဏ်စွမ်းအမှတ် တော်ရုံတန်ရုံ ရရုံနှင့် တက်ခွင့်ရသည်မဟုတ်။ ‘ဒီ’ ကလေးများ တန်းစီနေမှ တက်ခွင့်ရသော တက္ကသိုလ်ဖြစ်သည်။ ထို့ကြောင့်လည်း ဆေးကျောင်းတက်ရမည်ဟု သိရစဉ်က အောင်ကိုတစ်ယောက် ပျော်မဆုံး ဖြစ်ရသည်။

အတန်းငယ်စဉ်က ပျော်သည်၊ မော်သည်။ တစ်စထက် တစ်စ အတန်းကြီးလာသောအခါတွင်ကား တဖြည်းဖြည်း စိတ်ညစ်လာသည်။ ဆရာဝန်မြန်မြန်ဖြစ်ချင်သော အောင်ကို။ စာမေးပွဲ မြန်မြန် အောင်ချင်သော အောင်ကို၊ အူလည်လည်ဖြစ်လာသည်။ သူ့ထက်အရင် ဆရာဝန်ဖြစ်သွားသော နောင်တော့်နောင်တော်များသည် အလုပ်မရကြသေးသည်ကို တွေ့နေရသည်။ သို့သော်လည်း နောင်တော်များကို အလုပ်မရှိဘူးဟုတော့ မဆိုနိုင်ချေ။ အစိုးရအလုပ် မရသေးသော်လည်း ကိုယ်ပိုင်အလုပ်တော့ရှိသည်။ သူတို့သည် ဆေးဆိုင်မှ ဆေးတိုးကာ မှောင်ခိုလက်သို့ ပို့ကြလေသည်။ တစ်နေ့ တစ်နေ့ ရာချီပြီးဝင် သည်ဟု ဆိုကြသည်။ ဝင်ငွေအားဖြင့် မက်မောဖွယ်ပင်။ သို့သော်လည်း အောင်ကို စိတ်ထိခိုက်ရလေသည်။ ထို့နောက် ကြုံးပြီး ဟစ်လိုက်ချင်လာသည်။ ‘ဘာတွေ ဖြစ်ကုန်ကြတာလဲ’ ဟု။

‘အား . . . လူတွေကို ခဲနေတာပဲ’

www.foreverspace.com.mm

ဘတ်(စ်)ကားဂိတ်တွင်ရှိ လူအုပ်ကြီးသည် ကားကို တညီတညာ တည်း လည်ဆန့်ပြီး မျှော်နေကြသည်။ တစ်လောကလုံးရှိ လူများသည် အိမ်ထဲတွင် မနေဘဲ နေပူပူတွင်ထွက်ပြီး ဘတ်(စ်)ကား ထွက်တိုး နေကြရော့ သလားဟုပင် မသက်မသာ စဉ်းစားမိလေသည်။ ကားများသည် ခရီး သည်များကို ငါးပိငါးချဉ်သိပ်သလို သိပ်ပြီး သယ်နေသည်။ သည်ကြားထဲ က ဘတ်(စ်)ကား မှတ်တိုင်များတွင်လည်း လူတွေမစဲနိုင်ချေ။ လောကကြီး တွင် ဘတ်(စ်)ကားတိုးပွဲတော်ကြီး ကျင်းပနေဟန် ရှိလေသည်။

'ငါသာ သန်းကြွယ်သူဌေးကြီးဆိုရင် ဘတ်(စ်)ကားတွေ တစ်ပြုံ တစ်ခေါင်းကြီးဝယ်ပြီး လှူပစ်လိုက်မယ်၊ ဒီလောက်ကျပ်တဲ့ ဘတ်စ်ကား တွေ တစ်ခါတည်း ချောင်သွားရစေ့မယ်၊ အင်း ဒါပေမဲ့ ဘတ်စ်ကားကြီးပဲ လှူလို့ ဘယ်တရားမလဲ၊ မီးရထားတွေ၊ သင်္ဘောတွေကျတော့ရော သူတို့ လည်း ငါးပိငါးချဉ်ပဲ ဘာထူးလဲ လှူရဦးမှာပေါ့လေ၊ သြော်. . .မေ့နေလိုက် တာ၊ ဆေးရုံ ဆေးပစ္စည်း အသုံးအဆောင်တွေရော တို့ပြည်မှာ အရမ်းလိုပေါ့၊ ဟင်း တစ်ခါတည်း နိုင်ငံခြားစံချိန်မီ ဆေးရုံကြီးတွေ ဆောက်ပစ်လိုက်စမ်း မယ်။ ဟော ကျန်းမာရေးပြီးရင် ကျန်သေးတယ်။ ပညာရေးပေါ့၊ ရန်ကုန်မှာ တော့ ထားပါဦး၊ နယ်တွေမှာ ကျောင်းတွေဆောက်လှူရဦးမယ်။ ဘယ်နှ ကျောင်းများ ဆောက်ရပါ့မလဲ၊ အောင်မယ်လေး သန်းကြွယ်သူဌေးကြီး အောင်ကို မင်း ပိုက်ဆံတွေနဲ့ လောက်သေးရဲ့လား'

စိတ်ကူးကမ္ဘာထဲတွင် သန်းကြွယ်သူဌေးကြီး တက်လုပ်လိုက်သော အောင်ကိုသည် မိနစ်ပိုင်းအတွင်း ဒေဝါလီခံသွားရသည်။

'ဟော. . .လာပြီ လာပြီ'

တစ်ခြမ်းစောင်းနေသော နံပါတ် ၁၂ ကားသည် တအိအိနှင့် နီးကပ် လာသည်။ အတွေးကောင်းနေသဖြင့် အောင်ကို အတန်ငယ် နောက်ကျသွား

www.foreverspace.com.mm

လေသည်။ ကားရပ်သည်နှင့် တစ်ပြိုင်နက် ကားပေါက်ဝသို့ အုံခဲသွားသော လူအုပ်တွင် ရှေ့ပိုင်းနေရာမယူလိုက်နိုင်ချေ။

'အောင်မယ်လေး. . .နေပါဦး၊ ဆင်းပါရစေဦး'

'ဆင်းချင်ရင် စောစောစီးစီး ထွက်ထားပါလား'

'ခုနက ဘယ်သွားအိပ်နေတုန်း'

'အား. . .နေပါဦးဆိုမှ၊ ဟောတော့ ဖိတ်ကုန်ပြီ'

'တက် တက် မြန်မြန်တက်'

'ဆွဲ ဆရာရေ့၊ မောင်း'

ဆူညံနေသော အသံများကို ဂူးခနဲ မသက်မသာကြီး အော်သွားသည့် ကားသံက ဖုံးအုပ်လိုက်သည်။ အောင်ကို မတိုးနိုင်၊ မတက်နိုင် ပလက်ဖောင်းပေါ်တွင် ကျန်ခဲ့သည်။

'ဒုက္ခပါပဲ ဖိနပ်တစ်ဖက် ကျွတ်ကျန်ခဲ့ပြီ'

ခုမှပင် သတိထားမိတော့သည်။ မျက်ရည် မသိမသာလေးဝဲနေသော မျက်လုံးညိုညိုလေးများကို ဖြစ်လေသည်။ မျက်လုံးညိုနှင့် မိန်းကလေးသည် ငိုမဲ့မဲ့နှင့် သူ့ခြေထောက်ကို သူငုံ့ကြည့်နေသည်။ ညာဘက်ခြေထောက်တွင် ညှပ်ဖိနပ်ဖြူဖြူလေး စီးထားသော်လည်း ဘယ်ဘက်ခြေထောက်တွင်ကား ဖိနပ်မပါ၊ ခြေဗလာနှင့် ယောင်ချာချာ လေး ရပ်နေလေသည်။

'ဖိနပ်တစ်ဖက် ကျန်ခဲ့ပြီ'

'ကားပေါ်မှာလား'

အောင်ကိုက ကရုဏာနှင့် မေးလိုက်သောအခါ မိန်းကလေးသည် အားကိုးတကြီး မော်ကြည့်ရင်း ခေါင်းကို ဆတ်ခနဲညိတ်ပြသည်။ သူ့လက်ထဲတွင် ကိုင်ထားသော သုံးဆင့်ချိုင့်လေးထဲမှ ဟင်းရည်များ ဖိတ်ခဲ့ဟန်တူသည်။ ထဘီ ပန်းရင့်ရောင် အောက်နားလေးတွင် ဆီများ ကွက်ကာ စွန်းနေ

www.foreverspace.com.mm

လေသည်။

ဝတ္ထုစာအုပ်များထဲမှ ဇာတ်လိုက်များသည် မိန်းမချောလေးများ ဖိနပ်ပြတ်ကာ ရက်ရက်နှင့် ရပ်နေလျှင် သူတို့စီးထားသော ဖိနပ်ကို ချွတ်ပေးတတ်ကြလေသည်။ သို့တည်းမဟုတ် တွယ်ချိတ်နှင့်ချိတ်ကာ ပြင်ပေးတတ်ကြသည်။ အောင်ကိုလည်း ဇာတ်လိုက် ဖြစ်ချင်ပါသည်။ သို့သော်လည်း ယနေ့မှ ဘောင်းဘီရှည်ဝတ်ကာ ရှူးဖိနပ်စီးလာမိသည်။ မိန်းမလှလေးကို ကရုဏာရှေ့ရှုပြီး စေတနာ ဗရပွနှင့် သူစီးထားသော ရှူးဖိနပ်ကြီး ချွတ်ပေးသော် ကျေးဇူးတင်မခံရဘဲ အဆဲခံရဖို့ လမ်းများလေသည်။ တွယ်ချိတ်နှင့်ပြင်ပေးရအောင်ကလည်း ဖိနပ်ဖြူလေးသည် ဘတ်(စ်)ကားစီးရသည်ကို မဝသေးသဖြင့် ဂိတ်ဆုံးအထိ ဆက်လက်ပြီး တစ်ဦးတည်း လေ့လာရေးခရီးထွက်သွားပေပြီ။ ထို့ကြောင့် လူနာထွက်ပြေးသော ဆေးဆရာကဲ့သို့ မကုစားတတ်အောင် ရှိတော့သည်။

'ဘယ့်နှယ်လုပ်မလဲ'

အားကိုးတကြီး ကြည့်နေသူအား သူက ပြန်ပြီး ယောင်ကန်းကန်းမေးလိုက်သည်။ သူ့အိတ်ထဲတွင် နှစ်ကျပ်နှင့် လေးဆယ့်ငါးပြားသော အသပြာသာရှိသည်။ ကားခပြားနှစ်ဆယ်နုတ်လျှင် နှစ်ကျပ်တစ်မတ်သာကျန်မည်။ နှစ်ကျပ်တစ်မတ်သော ငွေဟူသည် ဖိနပ်တစ်ရန် ဝယ်၍ မရချေ။ ထို့ကြောင့် 'ညီမ' ခဏနေဦး၊ အစ်ကို ဖိနပ်သွားဝယ်ခဲ့မယ်' ဟုလည်း မပြောနိုင်ချေ။

'ဘာမှ မတတ်နိုင်ဘူး'

မိန်းကလေးသည် သက်ပြင်းကလေး ချလိုက်သည်။ ထို့နောက် ညာဖက်ဖိနပ်ကလေးပါ ကန်ပြီးချွတ်လိုက်သည်။

'မောင်လေးက ဆေးရုံတက်နေတာ အပြန်မှ သူ့ဖိနပ် စီးသွားရမှာပဲ'

www.foreverspace.com.mm

ပလက်ဖောင်းပေါ်တွင် စကားပန်းဖြူဖြူလေးများ ကြွေနေသည်။ လမ်းသွား လမ်းလာများ နင်းထားသောကြောင့် ပန်းအကြွေလေးများသည် ကြေနေကြသည်။

မိန်းကလေးသည် ဖိနပ်မပါဘဲ လျှောက်မည့်ဟန် ပြင်လိုက်သည်။ ထိုစဉ်တွင် သူ့ရှေ့သို့ ဖြုတ်ခနဲကြွေလာသော ပန်းလေးတစ်ပွင့်ကို ခါး ကလေးညွတ်ကာ ကောက်ယူပြီး အမှတ်မထင် နမ်းလိုက်သည်။ ခေါင်း ကလေးကိုငုံ့ ချိုင့်လေးဆွဲပြီး ဖိနပ်မပါဘဲ လျှောက်သွားသော မိန်းကလေး သည် ဆေးရုံကြီးနောက်ဘက် ခြံဝင်းပေါက်ထဲသို့ လှမ်းဝင်သွားသည်။

နောက်ထပ် ကားတစ်စီး ဆက်လာသည်။ အငေးကောင်းနေသော အောင်ကို အတန်ငယ်နောက်ကျသွားပြန်သည်။ သို့သော်လည်း သည် တစ်ခါတော့ အတင်းတိုးတက်ပြီး ခြေနင်းခုံတွင်ရအောင် နေရာယူလိုက် နိုင်သည်။ စီးကရက်နံ့၊ ချွေးနံ့၊ ငါးခြောက်နံ့၊ ကော်ဖီမှုန့်နံ့များနှင့်အတူ လက်မှတ်ရောင်းသူ၏ အသံသည် ကားတွင်း၌ စူးစူးရှရှ ထွက်ပေါ်နေ သည်။

'လက်မှတ်ကလေး ဝယ်ကြပါ၊ ဟိုအစ်ကိုကြီး ရပြီလား။ ရှေ့နားက လက်မှတ်ကလေးတွေ လက်ဆင့်ကမ်းပြီး ဆုတ်လိုက်ကြပါ။'

* * *

'တစ်မတ် တစ်စောင်'

ထားထားသည် ထိုင်ခုံနောက်ဘက် သံတန်းကို တင်းတင်းဆုပ် ထားရင်းမှ ကျပ်တန်လေး လှမ်းပေးလိုက်သည်။

'နေဦး၊ အကြွေ မရှိသေးဘူး'

www.foreverspace.com.mm

ကားလက်မှတ်ရောင်းသည့် ကျပ်တန်လေးကို တစ်ချက်လှမ်း ကြည့်ကာ လှမ်းမယူဘဲ မျက်နှာလွှဲလိုက်သည်။ သို့ရာတွင် ထားထား ဘေးမှဖြတ်ပြီး တိုးသွားသောအခါတွင်ကား စလွယ်သိုင်းထားသော သားရေအိတ်အတွင်းမှ အကြွေသံများ ထွက်ပေါ်လာသည်။

'ခင်သန်းနုကွာ၊ မသည်းအူထဲမှာ ရက်ရက်စက်စက် လုတာ၊ တောက်. . .ယောကျ်ားယူသွားရတယ်လို့ နမြောတယ်ကွာ'

'မင်း ဘယ်နှစ်ခါ ပြန်ကြည့်လိုက်လဲ'

'နှစ်ခါပဲ ကြည့်လိုက်ပါတယ်ကွာ'

ထိုင်ခုံတွင် ထိုင်နေကြသော လူငယ်နှစ်ဦးက ပြောနေကြသည်။ သံဘားတန်းကို တင်းတင်းဆုပ်ကိုင်ကာ သူတို့ဘေးတွင်ရပ်နေသော ထားထားသည် ကိုယ်တတ်နိုင်သမျှ ကြံ့ထားရသည်။ အလယ်လမ်းက ကျဉ်းနေသဖြင့် မတ်တတ်ရပ်နေသူ အချင်းချင်း ဘယ်လိုမှ မရှောင်နိုင်ကြချေ။ တိုးမိတိုက်မိကြမြဲဖြစ်သည်။ သည်ကြားထဲ ထိုင်ခုံတွင် နေရာရသူများကပါ ပေါင်ကို ချဲကား၍ ထိုင်သောအခါ သူတို့၏ ပေါင်တစ်ဖက်သည် မတ်တတ်ရပ်သူများ ပိုင်ဆိုင်ရာ အလယ်လမ်း အတွင်းသို့ ဝင်လာတတ်လေသည်။ ယခုလည်း ထိုသို့ ကျူးကျော်နေသော ပေါင်တစ်ဖက်နှင့် တစ်ချိန်လုံး တွန်းမိတိုက်မိနေမည်ကို ထားထား စိုးရိမ်မိလေသည်။

'အလယ်နား တိုးကြပါ၊ ခရီးဝေးသူတွေ အလယ်တိုးစီးကြပါ'

ထားထားသည် ကျူးကျော်ပေါင်နှင့်ဝေးရန်အတွက် နေရာပြင်လိုက်သည်။ ကျပ်ခဲနေသော ကားတွင်း၌ ဝေးဝေးသို့ မရွှေ့နိုင်။ သို့ရာတွင် တစ်လှမ်းစာမျှကိုကား ခဲခဲယဉ်းယဉ်း ရွှေ့လိုက်နိုင်သဖြင့် လွတ်သွားသည်။

'ခြင်းတောင်း ပေးထားမလား'

'ကျေးဇူးပါပဲ'

www.foreverspace.com.mm

လူငယ်နှစ်ဦး၏ ရှေ့ခုံတွင် ထိုင်နေသော မိန်းမပျိုလေးကမူ မိန်းကလေး ချင်းမို့ ကိုယ်ချင်းစာဟန်ရှိသည်။ အပေါ်သို့ မြှောက်ကိုင်ထားရသော ခြင်း တောင်းကို လှမ်းယူသည်။ ထားထား လုံးဝမငြင်းဆန်မိပေ။ ကျေးဇူးတင် စွာနှင့် လှမ်းပေးလိုက်သည်။ လက်နှစ်ဖက်လုံးအားသွားသဖြင့် သံဘားတန်း ကို ပိုမိုအားပြုပြီး ကိုင်နိုင်သည်။

'လက်မှတ် လက်မှတ်လေး ဝယ်ကြပါ'

မှတ်တိုင် သုံးလေးတိုင်ကျော်ပြီးသောအခါတွင် လက်မှတ်ရောင်းသူ သည် ထားထား၏လက်တွင်းမှ ကျပ်တန်လေးကို လှမ်းယူလိုက်လေသည်။ ထားထား လက်ဝါးဖြန့်ထားစဉ် ငွေအကြွေများ ရေတွက်ပြီး ပြန်ထည့်ပေး လေသည်။

'တစ်မတ်၊ ငါးမူး၊ ခြောက်ဆယ်၊ ခုနစ်ဆယ့်ငါး ဟုတ်လား'

'လက်မှတ်ရော'

'ရမယ်'

ရမယ်ဟု ဆိုသော်လည်း တကယ့်တကယ်ကား ထားထား လက် တွင်းသို့ လက်မှတ်ရောက်မလာပေ။ လက်မှတ်ရောင်းသူသည် လက်မှတ် ဝယ်ကြရန် တစာစာအော်ဟစ်ရင်း သူ့အနားမှ တိုးကာဝှေ့ကာနှင့် အပေါက် ဝသို့ ထွက်သွားလေသည်။

ထားထားသည် ငွေအကြွေလေးများကို ဆုပ်ကိုင်ထားရင်း သူ့ရှေ့တွင် ရပ်နေသောသူ၏ ချိုင်းမှ ချွေးနံ့ကို မသက်မသာ ရှူနေရသည်။ ကားက ဝုန်းခနဲ ဘရိတ်ဆောင့်အုပ်လိုက်သောအခါ ကားတွင်း၌ အော်သံဟစ်သံများ ပေါ်လာကာ ယိုင်လဲကုန်သည်။ ကလေးငယ် သုံးဦးသည် ဝါးလုံးရှည်များ ကို မြှောက်ကိုင်ကာ ကားဘေးမှဖြတ်ပြီး ပြေးသွားကြသည်။

'တောက်. . .စွန်ကလေးတစ်ခုအတွက်နဲ့ သေကုန်တော့မှာပဲ'

www.foreverspace.com.mm

ကားမောင်းသူသည် တောက်ခေါက်လိုက်ရင်း ကားကို ဂူးခနဲ စက်ရှိန် ပြန်မြှင့်လိုက်သည်။ ရှေ့သို့ ကုန်းနေသူများ ဖြုန်းခနဲ နောက်သို့ လန်သွား ကြပြန်သည်။

'လက်မှတ်လည်း မရသေးဘူး'

ထားထားသည် သူ့ကို မျက်နှာလွှဲထားသည့် လက်မှတ်ရောင်း အား မသိမသာ လှမ်းကြည့်ရင်း တိုးတိုးလေး ညည်းလိုက်မိသည်။

'ဒီကောင်တွေ ဒီလိုပဲ၊ လက်မှတ်စစ်လာရင် တိုင်ပစ်'

ချွေးစော်နံနေသော လူကြီးက ဒေါသနှင့် ပြောသည်။ သူပြောသလို တိုင်ရန် စဉ်းစားမိသောအခါ ထားထားသည် ပိုပြီးစိတ်ညစ်သွားလေသည်။ ထိုလက်မှတ်ရောင်းသူ လုပ်ပုံကို လုံးဝမကျေနပ်သော်လည်း၊ ဒေါသဖြစ်မိသော် လည်း မိမိပယောဂကြောင့် သူတစ်ပါး ဒုက္ခရောက်မည် ထမင်းအိုး ကွဲမည် ကိုကား မလိုလားမိပြန်ချေ။

'လက်မှတ်ကလေး ဝယ်ကြပါ၊ ဝယ်ကြပါ'

လက်မှတ်ရောင်းသူ၏ အသံသည် တစာစာ ထွက်ပေါ်နေသည်။ ထား ထားသည် ထိုက်သင့်သောကားခ ပေးစီးပါလျက်နှင့် ရင်တဒိတ်ဒိတ်ခုန်နေ ရသည်။ ဘုရားသိကြားမသဖြင့် အပြာရောင် ယူနီဖောင်းဝတ် လက်မှတ်စစ် ကြီးများ တက်မလာပါစေနှင့်ဟု အထပ်ထပ် ဆုတောင်းမိလေသည်။

*　　*　　*

ဆုတောင်းတိုင်းသာ ပြည့်မည်ဟုဆိုလျှင် ဖော်လိုင်မြင့်သည် ထား ထားကို ရလိုပါ၏ဟု ဆုတောင်းမိမည်ဖြစ်သည်။ 'မင်း ထားထားကို ချစ် လား' ဟု သူ့ကိုယ်သူ မေးမိသည်ကလည်း အခါခါပင်။ အဖြေကိုကား

www.foreverspace.com.mm

ဇော်လှိုင်မြင့် အသေအချာ မသိချေ။ ချစ်သူဟူသည်မှာ မည်ကဲ့သို့နေ သနည်း ဇော်လှိုင်မြင့် ရေရေရာရာ ကွဲကွဲပြားပြား မခံစားတတ်သေးချေ။

သူဖတ်သော အနောက်တိုင်း စုံထောက်ဝတ္ထုများထဲတွင် ယောကျ်ား မိန်းမများ အတူအိပ်ကြသော်လည်း သူသိလိုသော အချစ် အကြောင်းကိုကား ရေးဖွဲ့ခြင်း မရှိခဲ့ပေ။

'ချစ်ခြင်းဆိုတာ ရင်ခုန်တာပဲတဲ့'

ထိုစကားကိုတော့ သူလက်ခံထားသည်။ ထားထားကို မြင်တိုင်း သူ့ရင်သည် အရှိန်ပြင်းပြင်း ခုန်လာတတ်လေသည်။ ထားထားကို သူ ချစ်, မချစ် မဝေဖန်တတ်သေးသော်လည်း အစွဲကြီး စွဲမိပြီကား သေချာသည်။ စွဲလမ်းတပ်မက်ခြင်းကို ချစ်ခြင်းမေတ္တာဟု သရုပ်ခွဲလျှင်ကား ဇော်လှိုင်မြင့် ဟူသည့် အလုပ်သင် အင်ဂျင်နီယာလေးသည် မူလတန်းပြ ဆရာမလေး ထားထားကို ချစ်သည်ဟုပင် ဆိုကြပါစို့။

'ထားထား'

'ဟင်. . .ကိုလှိုင်မြင့်'

ထားထားသည် ကားပေါ်မှ တိုးဝှေ့ဆင်းလာသည်။ ကားမှတ်တိုင် တွင် ရပ်စောင့်နေသော ဇော်လှိုင်မြင့်ကို တွေ့သောအခါ မျက်လုံး နက်နက် လေးတွင် နက်ရှိုင်းသော အရိပ်ကလေး ဖြတ်သန်းသွားလေသည်။

'ထားထား ပြန်တာ နောက်ကျလိုက်တာ'

'ကျောင်းမှာလည်း အစည်းအဝေး ရှိနေလို့ ပြီးတော့ ရုံးဆင်းချိန်နဲ့ တိုက်နေရော၊ ကားတွေက တက်မရဘူး ကျပ်လိုက်တာ'

'ထားထား ဟိုလူနဲ့ထိ၊ ဒီလူနဲ့ထိ ဖြစ်နေမှာပေါ့'

'ဩော်. . .ထိတာပေါ့၊ ဒီလောက် လဲမလို ယိုင်မလို ဖြစ်နေတာ မလဲအောင်တောင် မနည်းထိန်းနေရတာကြီးကို'

www.foreverspace.com.mm

'မကြိုက်ပါဘူး၊ သိက္ခာကျတာပေါ့'

ဇော်လှိုင်မြင့်သည် မျက်နှာထားမှုန်မှုန်နှင့် ပြောသည်။ မကျေမချမ်းဖြစ်နေသော သူ့မျက်နှာကိုကြည့်ရင်း ထားထား ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားလေသည်။ 'သဘောထား သေးသိမ်လိုက်တာ' ဟု တွေးနိုင်သော်လည်း မတွေးရက်ဘဲ 'ကြည့်စမ်း ငါ့ကို ချစ်လွန်းလို့ သဝန်တိုနေလိုက်တာ' ဟု ကိုယ်လိုရာ ဆွဲတွေးပြီး ကျေနပ်လှိုင်း ကလေး ရိုက်ခတ်သွားသည်။

'ကိုလှိုင်မြင့် လမ်းထိပ်ရောက်ရင် ပြန်တော့နော်'

'ဘာဖြစ်လို့'

'အဖေ သိမှာစိုးလို့'

'သိဘာဖြစ်လဲ၊ နားဖောက်ပြီးသားတောင် ဖြစ်သေး'

'အံမယ် သူ့ကို ဘယ်သူက လက်ခံသေးလို့လဲ'

'ဘာဖြစ်လို လက်မခံသေးတာလဲ'

'မယုံလို့'

'ဘာပြောတယ်'

'ကိုလှိုင်မြင့်ကို ထားထား မယုံဘူး'

ထားထားသည် ပင့်သက်လေးရှိုက်ကာ ပြောလိုက်သည်။ ရင်ထဲမှာ တဆတ်ဆတ် ခုန်နေသော နှလုံးသားကြောင့် လှိုက်မောသလို ဖြစ်လာသည်။ ဇော်လှိုင်မြင့်က တစ်ဆင့်တက်ပြီး–

'မယုံပေမယ့် ချစ်တယ် မဟုတ်လား' ဟု မေးလာလျှင်မူ မည်ကဲ့သို့ ဖြေရမည် မသိ။

ကလေးတို့ကို စာပြခဲ့သော ဆရာမလေးသည် သူနှင့်တွေ့သော အခါတိုင်း တပည့်ငယ်လေး ဖြစ်သွားရတတ်သည်။ လှည့်ကာပတ်ကာ မေးသော သူ့မေးခွန်းများကို မဖြေတတ်အောင် ဖြစ်သွားရတတ်သည်။

www.foreverspace.com.mm

'ဒီလောက်ဖြစ်တာ ကားတင်ပြေးဦးမယ်'

'အံမယ် မလုပ်နဲ့'

'တကယ် သတိသာထား'

'မလုပ်နဲ့နော်၊ အဲဒီလို လုပ်လို့တော့ လူကိုသာ ရရင်ရမယ်၊ စိတ်ကို မရဘူး'

'လူကို ရနေမှတော့ စိတ်ကိုပါ ရရမှာပေါ့'

'တစ်ခါတည်း သတ်သေပစ်လိုက်မှာ'

'မသေနိုင်အောင် အခန်းထဲ လှောင်ထားမှာပေါ့'

'ဩော်. . .ခက်ရချည်ရဲ့၊ ကိုလှိုင်မြင့် ဘာဖြစ်နေတာလဲ'

'ရူးနေတာ၊ ရူးနေတာ'

အရောင်တောက်နေသော သူ့မျက်လုံးများကို မော်ကြည့်ရင်း ထားထား ဒူးများပင် တုန်ချင်လာသည်။ ထို့ကြောင့် နောက်ထပ် မကြည့်ရဲဘဲ ခေါင်းကိုငုံ့ကာ ကတ္တရာလမ်းကိုသာ စူးစိုက်ကြည့်လာသည်။ ရင်ထဲမှ နှလုံးသားကိုမူ တီးတိုးလေး လှမ်းပြီးပြောနေမိသည်။ သူ 'ငါ့ကို တကယ်ချစ်တာနော်၊ ငါ သိပါတယ်၊ တကယ်ချစ်တာ'

*　　*　　*

'မြင်မြင်ချင်းပဲ . . . ချစ်မိတယ်၊ မြင်မြင်ချင်းပဲ . . . ကြိုက်မိတယ်၊ စေတနာ မောင့်အပေါ်ထားလို့...ပျိုမေ...သစ္စာရှိပါ့မယ်... ရေစက်ဟောင်း၊ ဆုတောင်းအကြောင်းပြည့်လို့ ထင်တယ် . . . ဒီဘဝမှာပဲ ချစ်မပြယ်'

ခင်မလတ်သည် သီချင်းကို တိုးတိုးလေးညည်းရင်း လမ်းမဘက်သို့ မသိမသာ ကြည့်နေသည်။ ရေချိုးစဉ်က ရေအနည်းငယ် စိုသွားသော

www.foreverspace.com.mm

ကြောင့် ထွေးထွေးအိအိ ဆံပင်များကို ကျောပေါ်တွင် ဖြန့်ချထားသည်။

'မောင်. . .ရယ်. . .ချစ်လက်စ မကုန်ဘူးကွယ် . . . မစားနိုင် မအိပ်နိုင်. . .ချစ်တဲ့စိတ္တဇရယ်. . .'

ခြေလှမ်းကျဲကြီးများနှင့် သူတို့အိမ်ရှေ့က ဖြတ်လျှောက်သွားသော အောင်ကိုကို တွေ့လိုက်ရသောအခါ သူ့အသံသည် အတန်ငယ်ပိုကျယ်ပြီး ပိုနွဲ့သွားသည်။ သနပ်ခါးသွေးနေသော ခင်မလတ်၏မောင် ဖိုးဂျင်သည် သူ့အစ်မကို လှည့်ကြည့်ပြီး မျက်စောင်းထိုးလေသည်။ ထို့နောက်မှ သနပ်ခါးကို လက်နှင့် ပွတ်သပ်ယူလိုက်ပြီး ပါးပေါ်တင်ကာ နာနာ ပွတ်လိုက်သည်။

'မမ. . .သနပ်ခါး သွားပွတ်တံရော'

'ရှိမှာပေါ့ဟဲ့၊ အဲဒီမှန်ဘောင်က ခွက်ကလေးထဲမှာ မတွေ့ဘူးလား'

'အေး. . .အေး. . .တွေ့ပြီ'

'ငါ့သနပ်ခါးတွေလည်း နင်လီမ်းတာနဲ့ ကုန်တော့မယ်'

ဖိုးဂျင်သည် ဘာမှပြန်မပြောဘဲ တို့ပတ်ပဝါနှင့် မျက်နှာကို ခပ်ကြမ်းကြမ်းရိုက်နေသည်။ တို့ပတ် တဖုန်းဖုန်း ရိုက်နေသံကို ဆိုင်းချက် လိုက်သလို မီးဖိုချောင်မှ ဆန်ပြာသံက တရှဲရှဲ ထွက်ပေါ်လာသည်။ အိမ်နောက်ဖေးတွင် သူတို့ အမေသည် သမဝါယမမှ ထုတ်လာသော ဆန်များကို ဆန်ကောဝိုင်းနှင့် ပြာနေလေသည်။

'သမီးရေ. . .မလတ် မဆာသေးဘူးလား၊ ဟင်းချိုအိုးလေး နွှေးလိုက်ပါလား'

ခင်မလတ်သည် နှုတ်ခမ်းလေး မသိမသာ စူလိုက်သည်။ ညနေစောင်းဆိုလျှင် ခင်မလတ်အိမ်ရှေ့တွင်ပင် နေချင်သည်။ အလျှိုအလျှို အိမ်ပြန်ရောက်လာကြသော ရုံးပြန် ကျောင်းပြန်များကို စောင့်ကြည့်ချင်သည့် အတွက်ဖြစ်၏။ ခြေရင်းခန်းမှ ထားထားလည်း ပြန်ရောက်မလာသေး။

www.foreverspace.com.mm

သူသည် အသားလေးဖြူဖြူနှင့် သွယ်နွဲ့သောကြောင့် ရုတ်တရက်ကြည့်လျှင် အသားညိုသော ခင်မလတ်ထက် ပိုလှဟန်ရှိသည်။ သို့သော် သူ့၌ ခင်မလတ်လို အဝတ်အစား မပေါ်များချေ။ ယနေ့လည်း သူကျောင်းကို ဘာအင်္ကျီဝတ်သွားသနည်း။ ခင်မလတ် သိချင်နေသည်။

ထားထားသည် အင်္ကျီဖြူနှင့် ကျောင်းလုံချည်စိမ်းကိုသာ ဝတ်ရသဖြင့် ဘယ်နေ့တွေ့တွေ့ တစ်ပုံစံတည်း ဖြစ်သည်။ လှိုင်းကြီး အင်္ကျီဖြူလေး နှစ်ထည်ကို လဲလှယ်ဝတ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ အင်္ကျီအရောင် ဖျော့ဖျော့လေးများ ဝတ်တတ်သည်။ သူတို့အိမ်ရှေ့ ကြိုးတန်းလေးတွင် ထားထားဝတ်နေကျ အင်္ကျီဖြူလေးနှစ်ထည်ကို လှမ်းထားသည်။ ထို့ကြောင့် သည်နေ့ သူအင်္ကျီအရောင်တစ်ခုခု ဝတ်သွားမည်မှာ သေချာသည်။

အရင်တစ်ပတ်ကမူ သူ့ကို လေဟာပြင်ဈေး အထည်တန်းတွင် တွေ့လိုက်ရသည်။ ထို့ကြောင့် သူဘာများ ဝယ်သနည်း။ ခင်မလတ် အပြင်းအထန် သိချင်နေသည်။ အင်္ကျီအသစ် ဝယ်သလား၊ လုံချည် အသစ် ဝယ်သလား အမျိုးမျိုး တွေးနေရသည်။ သည်နေ့ ဝတ်သွားသော အင်္ကျီသည် အသစ်ချုပ်သောအင်္ကျီ ဖြစ်နိုင်သည်။

'ဟဲ့. . .အမေ ခေါ်နေတယ်လေ၊ ထမင်းစားမယ်တဲ့'

'ခဏလေး'

ဖိုးဂျင်သည် အိမ်ပေါ်မှ ဆင်းသွားပြန်သည်။ အမေက နောက်တစ်ခါ ထပ်ခေါ်ပြန်သောအခါ ခင်မလတ်သည် နောက်ဖေးသို့ ဝင်လာရသည်။ ရေနံဆီ မီးဖိုမှ မီးဇာကိုမြှင့်ကာ မီးခြစ်ခြစ်လိုက်သည်။ ယမ်းနည်းသော မီးခြစ်ဆံများသည် ဟုတ်ခနဲ တောက်ကာ ချက်ချင်း ပြန်ငြိမ်းသွားသည်။ မီးခြစ်ဆံ ခြောက်ဆံလောက် ဖြုန်းပြီးသောအခါတွင်မှ မီးဇာတွင် မီးစွဲတော့သည်။

www.foreverspace.com.mm

'အမေရေ ဘာဆန်တုန်း'

'မီးဒုံးဟေ့၊ ဒီနေ့ပဲ ထုတ်ခဲ့တာ'

'ဟင် မီးဒုံးကြီး'

'မဆိုးပါဘူးကွယ်၊ စားပျော်ပါတယ်။ ဆန်ကွဲများတာ တစ်ခုပါပဲ၊ အမေဆန်ကွဲတွေ ပြာထုတ်နေတာ၊ ကြည့်ပါဦး အများကြီးပဲ'

'စပါးလုံးတွေရော'

'ရွေးထုတ်ရမှာပေါ့ သမီးရယ်'

ခင်မလတ်သည် အမေ့ဘေးတွင်ထိုင်ကာ ဆန်ထဲမှ စပါးလုံးများကို တဆတ်ဆတ်ကောက်ယူလိုက်သည်။ တစ်ခါတစ်ရံ ပုသိမ် ပေါ်ဆန်းမွှေးလို ဆန်ဖြူဖြူစင်းစင်းလေးများ စားချင်လှသည်။ သို့ရာတွင် ထိုကဲ့သို့သော ဆန်များကို သမဝါယမမှ ပေးနိုင်သည် မဟုတ်ချေ။ အပြင်ဈေး တစ်တင်း ၇၀ ကျပ်ဟုဆိုသည်။ လေယာဉ်မောင် တစ်ထည်စာရှိသည်။ သည်လိုဆို ပြန်တော့ ချက်ချင်း လက်တွန့်သွားရလေသည်။ သူတို့အိမ်ထောင်သည် အမေမုဆိုးမကြီး ဦးစီးသော မုဆိုးမ အိမ်ထောင်ဖြစ်သည်။ အဖေ့ ပင်စင်လစာ နှစ်ရာ၊ ခင်မလတ်၏လခ တစ်ရာ့ငါးဆယ်၊ စုစုပေါင်း သုံးရာ့ငါးဆယ်နှင့် ရပ်တည်နေရသည်။ သို့သော် ဖိုးဂျင်က ကျောင်းသားပင်ဖြစ်သော်လည်း အပိုဝင်ငွေ နှစ်ရာ ကျော်လောက် ရှာနိုင်သည်။ လဆန်းဆိုလျှင် လက်ထဲတွင် နှစ်ရာမျိုး သုံးရာမျိုးကိုင်ကာ မော်လမြိုင်ရထား သွားစောင့်တတ်သည်။ ရောက်လာသော ကုန်များကို ရထားအဆိုက်တွင် စောင့်ကောက်ပြီး လေဟာပြင်ဈေးသို့သွားကာ လက်လွှဲရောင်းလိုက်ရုံပင်ဖြစ်သည်။ တစ်နေ့ တစ်နေ့ သုံးလေးဆယ် ကိုက်လေသည်။ တစ်ခါတစ်ရံ အဖမ်းအဆီးနှင့် ကြုံလိုက်လျှင်ကား အမြတ်သာမက အရင်းပါပြုတ်သဖြင့် သိပ်တော့ မလုပ်ရဲချေ။

www.foreverspace.com.mm

'အစ်မရေ ဆာလိုက်တာ'

ခင်မလတ်သည် စပါးလုံးရွေးနေရာမှ ရုတ်ခနဲ ခေါင်းထောင်လိုက်သည်။ ထားထား၏အသံဖြစ်သည်။ နံရံတစ်ချပ်တည်းသာ ခြားသဖြင့် တစ်ဖက်ခန်းမှ အသံကို ကောင်းစွာ ကြားရတတ်သည်။ ထားထား ပြန်လာပေပြီ။

ရပ်ကွက်တွင်းရှိ သူတို့အိမ်များသည် နံရံချင်း ဆက်မတတ်ညပ်ပြီး ကပ်နေသည်။ တစ်ဖက်အိမ်မှ စကားပြောသံကိုပင် အခြားတစ်အိမ်က ကြားနိုင်သည်။ ထားထားတို့ မိသားစုနှင့် ခင်မလတ်တို့သည် အိမ်တစ်အိမ်ထဲတွင် ခေါင်းရင်းခန်း၊ ခြေရင်းခန်း ငှားရမ်းနေထိုင်သည်။ သည်တော့ တစ်အိမ်က လေသံကိုပင် အခြားတစ်အိမ်က ကြားရလေသည်။ ထားထားနှင့် ဘာလိုလို ဖြစ်နေသည့် အင်ဂျင်နီယာကလေး၏အကြောင်း အမေ့ကို ပြောပြလျှင် မနည်းအသံနှိမ့်ပြီး နှစ်ကိုယ်ကြားပြောရသည်။

'ဟူး . .ကားတွေကလည်း ကျပ်လိုက်တာ၊ အဖေရော ရောက်ပြီလား'

ခင်မလတ်သည် ထားထား၏အသံကို နားစွင့်နေရင်း သူဘာဝတ်ထားသနည်း စောင့်မကြည့်လိုက်ရဖြင့် စိတ်ထဲတွင် တိုချင်ချင် ဖြစ်နေ၏။

'သူဝတ်နေကြ တက်ထရွန်ဖောင်း အဝါနုလေးနေမှာပါ'

ခင်မလတ်သည် စိတ်တွင်းမှ ရေရွတ်ရင်း ဟင်းချိုအိုးထဲသို့ ဘူးသီးဖတ်လေးများ ထည့်လိုက်သည်။ ထို့နောက် အိမ်ရှေ့ဘက်သို့ ပြန်ထွက်လာသည်။ ဖိုးဂျင်ကို ထမင်းစားခေါ်ရန်ဖြစ်သည်။

လမ်းမပေါ်တွင် ဦးလူလု ကတော်ကြီးသည် မြေးငယ်ကို လက်ဆွဲရင်း လမ်းလျှောက်နေသည်။ ကလေးငယ်သည် အဘွားဖြစ်သူ၏ လက်တွင်းမှ ရုန်းထွက်ရန် ကြိုးပမ်းနေသည်။ ကလေးငယ်များသည် လက်တွဲမခံချင်ကြပေ။

www.foreverspace.com.mm

ဦးလူလှသည် ခြံဝတွင်ရပ်ရင်း ပွဲစားကြီးဦးမြနှင့် စကားပြောနေသည်။ စကားပြောနေသည် ဆိုခြင်းထက် နားထောင်နေသည်ဟုဆို ခြင်းက ပို၍ မှန်ကန်ပေမည်။ ဦးမြ၏ ရှုံ့လိုက် မဲ့လိုက် ဖြစ်နေသော မျက်နှာဝိုင်းဝိုင်းကြီးကို တွေ့ရုံနှင့် သူဆောက်နေသော အိမ်သစ်အကြောင်းကို ပြောနေပြီဖြစ်ကြောင်း ခင်မလတ် တိုက်ရိုက်သိလေသည်။ သစ်ဝယ်မရသည့်အတွက် ဦးမြသည် ချူသံပါအောင် ညည်းနေသည်။

ဦးလူလှသည် ပါးစပ်မှ ဣန္ဒြေမပျက် အင်းလိုက်နေသော်လည်း အိမ်ရှေ့ကပြင်တွင်ထိုင်နေသော သူ၏သားလတ် မောင်မောင်နိုင်ဆီသို့ မျက်စိ ရောက်နေသည်။ မောင်မောင်နိုင်သည် ဖိုးဂျင်နှင့် တစ်စုံတစ်ရာကိုကြည့်ပြီး သဘောတွေ့နေဟန်ရှိသည်။ ခေါင်းချင်းဆိုင်ပြီး ရယ်နေကြလေသည်။

ခင်မလတ်သည် ဖိုးဂျင်ကို ထမင်းစား မခေါ်မီ အိမ်ရှေ့တွင် စိုက်ထား သော ရွက်လှပင်များကို ရေလောင်းတိုက်သည်။ လမ်းနယ်မြေပေါ်တွင် ကျော်စိုက်ထားသော ရွက်လှပင် ဝါဝါများသည် ဝေဆာသန် စွမ်းလှချေသည်။

'ရှစ်သုံးလီ နှစ်ဆယ့်လေး၊ ရှစ်လေးလီ သုံးဆယ့်နှစ်၊ ရှစ်ငါးလီ လေးဆယ်၊ ရှစ်ခြောက်လီ လေးဆယ့်ရှစ်'

'လေသည် အရောင်မရှိ၊ အဆင်းမရှိ၊ အနံ့အရသာ မရှိ'

'အနောက်ရိုးမ တောင်တန်းတွင် ပတ်ကွိုင်တောင်၊ နာဂတောင်၊ ချင်း တောင်၊ ရခိုင်ရိုးမတောင်. . .'

ခင်မလတ်တို့ ထမင်းစားသောအခါ လျှပ်စစ်မီးများ လင်းနေပေပြီ။ လမ်းတိုလေးအတွင်းရှိ ကလေးများသည် မှတ်စုစာအုပ်များ ရှေ့ချကာ အသံ ကုန် ဟစ်အော်ကျက်မှတ်နေကြပြီ ဖြစ်၏။

*　　*　　*

www.foreverspace.com.mm

စာကျက်သောအလုပ်ကို အောင်ကို ငြီးငွေ့လှချေပြီ၊ လူမှန်း သိကတည်းက ကျက်လာရသော စာများသည် ခုထိမဆုံးနိုင်သေးချေ။ ဆရာဝန်ကလေး ဖြစ်ရမည့်အရေး ကျက်လိုက်ရသော စာများသည် များပဲ များနိုင်လွန်းသည်။ သည်လောက် ကျက်မှတ်နေရသည့် ကြားထဲက ရောကုန်ထွေးကုန်တတ်သေးသည်။

'သားက တော်သေးတာပေါ့ သားရယ်၊ ဖေဖေတို့ ကျောင်းဆရာတွေဆိုရင် ခုအသက်အရွယ် ပင်စင်ယူခါနီးအထိ စာထဲက မထွက်နိုင်သေးဘူး မဟုတ်လား၊ စာထဲမှာ ကြီးခဲ့ပြီး စာထဲမှာပဲ သေရမှာ'

'အာ. . .ဖေဖေတို့က ကျက်မှ မကျက်ရတော့ဘဲ'

'ဩော်. . .ကိုယ်မတတ်ဘဲ သူများကို သင်လို့ဖြစ်မလားကွယ့်၊ အဖေတို့က ကျက်ရုံတင်မကဘူး၊ အလွတ်ကို ရနေရတာ'

အောင်ကို၏ ဖခင်ကြီးသည် ဖတ်လက်စ ရာဇဝင်စာအုပ်ကြီးကို အသာချထားလိုက်ရင်း သားဖြစ်သူကို လှမ်းကြည့်သည်။ မျက်စိ အခိုးရိုက်သဖြင့် မှုန်သွားသော မျက်မှန်ကို ချွတ်ကာ ပုဆိုးစနှင့် ပွတ်နေသည်။ မျက်မှန်ချွတ်လိုက်သောအခါ စာကြည့်စားပွဲတွင် ထိုင်နေသော အောင်ကို၏သဏ္ဌာန်သည် သူ့မျက်စိထဲတွင် မပီပြင်တော့ဘဲ ဝါးသွားလေသည်။

'ဟဲ့. . .အငယ်ကောင် ကျူရှင်သွားတာ ကြာလှချေလား၊ ခုနစ် နာရီခွဲတောင် ကျော်ပြီ'

'မေမေကလည်း ပူတတ်လိုက်တာ လာမှာပေါ့'

'လာချိန်တန်ပြီဟဲ့၊ ခါတိုင်း ခုနစ်နာရီမထိုးခင် ရောက်တယ်'

'ဩော်. . .မေမေရယ်၊ ယောကျ်ားလေးပဲ စိုးရိမ်စရာ မရှိပါဘူး'

www.foreverspace.com.mm

အောင်ကိုသည် အစိုးရိမ်ကြီးသော သူ့အမေကို ပြုံးရယ် ကြည့်ရင်း ဝီခနဲ ဖြတ်သွားသော ခြင်ကို လက်နှစ်ဖက်နှင့် လှမ်းရိုက်လိုက်သည်။ အုတ်နံရံ နှစ်ဖက် သူ့ကို ဝိုင်းညှပ်လိုက်သည်ဟုသာ ထင်လိုက်နိုင်ပေမည်။ ကိုရွှေခြင် သည် ရုတ်ခြည်း ဇီဝိန်ကြွေသွားရှာသည်။ လက်ဖမိုးတွင် ကပ်သွားသော ခြင်းသေကောင်ကို အသာခွာယူပြီး စားပွဲပေါ်သို့ ချလိုက်သည်။

'တွေ့လား ခြင်ကျားကြီးတွေ'

ခြင်၏ ကိုယ်ထည်သည် အရစ်အရစ် ကျားနေသည်။ သွေးလွန် တုပ်ကွေး ဖြစ်စေတတ်သည့် ခြင်ကျားများဖြစ်သည်။ မည်သည့်နေရာက မည်ကဲ့သို့ စ၍ပေါက်ဖွားသည်ဟု ဇာစ်မြစ်ကို အသေအချာ မသိရသော်လည်း အောင်ကိုတို့ ရပ်ကွက်ကလေးသည် ခြင်များပေါလှသည်။ ကောင်းစွာ ရေများမစီးသော မြောင်းထဲမှလည်း ဖြစ်နိုင်သည်။ နောက်ဖေးလမ်းကြားရှိ ရွှံ့အိုင်၊ နွံ့အိုင်များမှလည်း ဖြစ်နိုင်သည်။ ရေသိုလှောင်ရာ တိုင်ကီတွေ၊ စဉ့်အိုးတွေကလည်း ဖြစ်နိုင်လေသည်။

အောင်ကိုသည် ဖြုန်းခနဲ အတွေးဖြတ်ကာ ရှေ့ဘက်တွင်ရှိ စာအုပ်ထဲသို့ စိတ်အာရုံကို နှစ်မြုပ်ထားလိုက်လေသည်။ ခြင်များသည် မည်သည့် နေရာကစ၍ ပေါက်ဖွားလာသည်ဖြစ်စေ သူ့ကို သည်လောက် ဒုက္ခမပေး။ သူ့ကို အမှန်တကယ် ဒုက္ခပေးနေသည်ကား စာမေးပွဲ ဖြစ်သည်။ စာမေးပွဲ နီးလှချေပြီ။

သူ့ရှေ့တွင်ရှိသော စာအုပ်ထဲတွင် နှလုံးသားသွေးကြောမျှင်များကို အကြီးချဲ့ ရိုက်ကူးထားသော ရောင်စုံပုံကြီး ရှိလေသည်။ နားမလည်သူ ကြည့်လျှင် နီနီတွေ ဖြူဖြူတွေကိုသာ တွေ့မည်။ ဘာပုံမှန်း သိလိမ့်မည် မဟုတ်ချေ။ သူသည် ထိုပုံကို ကြည့်ရင်း ကြည့်ရင်း ဝါးသွားသည်။ ညနေက တွေ့ခဲ့ရသော မိန်းကလေးသည် နှလုံးသွေးကြောနီနီ ကြားထဲတွင် ဝါး

www.foreverspace.com.mm

တားတားနှင့် မပီမပြင်လေး ပေါ်လာသည်။ မျက်နှာလေးက ဝါးနေသော်လည်း မျက်ရည်အဝိုင်းသားနှင့် အားကိုးတကြီး မော့ကြည့်နေသော မျက်လုံးညိုလေးများကိုမူ ထင်ထင်ရှားရှား တွေ့မြင်ရလေသည်။

'မောင်လေးက ဆေးရုံတက်နေရတာ'

ဟု ပြောသွားသည်။ မည်သည့်ဌာနတွင် တက်နေသနည်း။ မမေးလိုက်မိသဖြင့် ခုမှ စိတ်မကောင်း ဖြစ်မိသည်။

'ချိန်းတဲ့ . . .ညမှာ ပျော်ရသည်၊ စနေနေ့ည. . .ကိုးနာရီ၊ ကိုး နာရီ၊ အမေရေ တံခါးဖွင့်ပါ'

ညီအောင်သည် သီချင်းလေး တအေးအေးနှင့် တံခါးခေါက်နေသည်။ အမေက ဘုရားသောက်တော်ရေ လဲနေသဖြင့် အောင်ကို ခပ်မြန်မြန် ထဖွင့်ပေးလိုက်သည်။ အဖေကလည်း အထိုင်အထ အလွန်နှေးသည်။ ကွမ်းသီးစိတ်လေးများကို သေးသည်ထက်သေးအောင် ကွမ်းညှပ်နှင့် တဖျောက်ဖျောက် ညှပ်နေသော အဘွားကလည်း ထနိုင် လိမ့်မည် မဟုတ်ချေ။

'မင်း နောက်ကျလိုက်တာ အမေတောင် စိတ်ပူနေပြီ'

'ဟား. . .ဆရာက အချိန်ပို သင်နေလို့ အမေရဲ့၊ အမေ့သား ဘယ်မှ မလည်ဘူး'

အောင်ကိုက ခပ်ကျိတ်ကျိတ်လေး ဆူလိုက်သောအခါ ညီအောင်သည် မျက်စိလေးတစ်ဖက် မှိတ်ပြလိုက်သည်။ ထို့နောက် အမေ့ကို ရယ်ရွှန်းပတ်ရွှန်း လှမ်းပြောရင်း အဘွားကွမ်းအစ်ထဲမှ ကွမ်းသီးစိတ် လေးကောက်ကာ ပါးစပ်ထဲ ပစ်ထည့်လိုက်လေသည်။ အဖေက သူ့ မျက်မှန်ကြီးပေါ်မှ ကျော်ကာ ခပ်တည်တည် လှမ်းကြည့်သောအခါမှ ရုတ်တရက် မျက်နှာပိုး သတ်ကာ ဇက်ပုသွားလေသည်။

ညီအောင်သည် အမေ့ကိုချွဲကာ အမြဲအနိုင်ယူမြဲ ဖြစ်သည်။ မိန်းမများ

www.foreverspace.com.mm

အချွဲကြိုက်သည်ဟု ဆိုသည်မှာ ဟုတ်လေမလားတော့မသိ။ အမေသည် ညီအောင်ကို အလွန်ချစ်သည်။ အမေ့အမေ အဘွားကလည်း ညီအောင်ကို အလွန်ချစ်သည်။ အဘိုးဆုံးပြီး တစ်နှစ်ခန့်ကြာ သောအခါ ညီအောင့်ကို မွေးသည်။ အဘွားသည် သူ့ယောကျ်ားသည် သူနှင့်အတူ ပြန်လည်နေထိုင်ရန် ရောက်လာသည်ဟု အိပ်မက်,မက် သည်ဟု ဆိုသည်။ အဘိုးဝင်စားသည်ဟု ယူဆသဖြင့် ညီအောင်သည် ငယ်စဉ်ကတည်းက အဘွား၏ အချစ်တော် ဖြစ်ခဲ့သည်။

အမေနှင့် အဘွားသည် ညီအောင့်ဘက်မှ ထာဝစဉ်အကာအကွယ် ပေးခဲ့သည်။ အဖေကမူ ကျောင်းသားတစ်ရာ နှစ်ရာလောက်နှင့် ထာဝစဉ် တွေ့ထိနေရသူ ဖြစ်သဖြင့် ညီအောင့် ခြေလှမ်းကိုမြင်သည်။ ခုတလော ညီအောင်သည် ကျူရှင်ကအပြန် အမြဲနောက်ကျနေသည်။ စိတ်ထဲတွင် မကြိုက်သော်လည်း ဘာမျှမပြောသေး။ အသာစောင့်ကြည့်နေလေသည်။ အဖေက ပြောလျှင်လည်း အပေါ်ယံလေး ပြောလေ့မရှိ။ ချက်ပိုင်လက်ပိုင်နှင့် မလှုပ်နိုင်အောင် ပြောလေ့ရှိသဖြင့် ညီအောင်သည် အဖေ့ကို လန့်လေသည်။

'ညီအောင်. . .မင်းဆံပင်တွေ ရှည်လွန်းနေပြီ'

'အာ. . .သိပ်မရှည်သေးပါဘူး အဖေရဲ့'

'နက်ဖြန် မင်းဟာမင်း သွားညှပ်မလား၊ ငါ လိုက်ညှပ်ပေးရမလား'

'ကျွန်တော် သွားပါ့မယ်'

'အေး ဒီလိုဆို၊ ဟိုတစ်ခါတုန်းကလို အဖျားလေး တိတာတော့ မလိုချင်ဘူး'

ညီအောင်သည် အိမ်နောက်ဖေး လှည့်ဝင်ခဲ့ရင်း နှုတ်ခမ်းကိုမဲ့လိုက်သည်။ သူ့သူငယ်ချင်းများနှင့်စာလျှင် သူ့ဆံပင်သည် အများကြီး တိုနေသေးသည်။ ခုခေတ်တွင် ယောကျ်ားလေးများ ဆံပင်ကုပ်ဝဲသည်မှာ လုံးဝမဆန်း

www.foreverspace.com.mm

တော့ပေ။ တချို့တွေ ကုပ်သာမက ပခုံးပေါ်တွင် ဝဲနေကြပေပြီ။ ထိုကဲ့သို့သော ခေတ်ကြီးတွင် သူ့ဖခင်သည် သူ၏ဆံပင် ကုပ်မဝဲတဝဲလေးကိုပင် ထာဝစဉ် မျက်စိစပါးမွေး စူးနေလေသည်။ သူ့ဘက်က အစဉ်အမြဲ ရပ်တည်လေ့ရှိသော အဘွားပင် ဆံပင်ရှည်ကို တော့ မျက်စိနောက်ဟန်ရှိသည်။

'အောင်ကိုကို ကြည့်စမ်း၊ မင်းထက်အကြီး မင်းလို ပြောရမခက်ဘူး၊ ကိုယ့်အစ်ကို အတုများ နည်းနည်းပါးပါး ယူစမ်း'

မျက်မှန်ကို ပုဆိုးနှင့် ပွတ်သုတ်ရင်း အဖေသည် မီးဖိုဘက်ကို မျက်စောင်းနှင့် ကြည့်လေသည်။ ညီအောင်သည် ခြေထောက်ကို ရေဆေးနေရင်းမှ ခံပြင်းစိတ်များ ဆတက်လာသည်။ ထို့ကြောင့် ရေကို အားနှင့်ကြုံးခပ်ကာ ခြေထောက်ပေါ်သို့ တဝုန်းဝုန်း လောင်းချနေလေ သည်။

'ငါ့အစ်ကို ဘဲနာကလည်း စာအပြင် ဘာမှမသိဘူး၊ သူ စာကျက် လေငါ အဆူခံရလေ၊ တောက် ယောကျ်ားပီပီ နည်းနည်းပါးပါး ရှုပ်ပါလား၊ ပွေပါလား၊ ခုတော့ သူလိမ္မာတိုင်း ငါ့ချည်းပဲ ဖိအဆူခံနေရတာ'

ညီအောင်သည် နှုတ်မှ စူပွစူပွ ပြောနေရင်း ခြေကို အချိန်ဆွဲပြီး ဆေးနေလေသည်။ ထိုအချိန်တွင် အောင်ကိုသည် သူ့မျက်စိရှေ့တွင် ပေါ်ပေါ်လာနေသော မျက်လုံးညိုလေးများကို အတင်းကြိုးစားပြီး ဖျောက်ဖျက်နေရှာလေသည်။

*　　　*　　　*

ထားထား အိပ်ရာဝင်ရန် အိမ်တံခါးများ ပိတ်ချိန်အထိ အောင်ကို မအိပ်သေးပေ။ စာကြည့်စားပွဲတွင် ငြိမ်ငြိမ်သက်သက်ထိုင်ပြီး စာကြည့်နေလေသည်။

www.foreverspace.com.mm

ထားထားတို့ အိမ်နှင့် အောင်ကိုတို့ အိမ်သည် မျက်စောင်းထိုး ဖြစ်သည်။ ရွှေတောင်ကြားလမ်းထဲတွင် မျက်စောင်းထိုး တည်နေသော အိမ်နှစ်လုံးသည် အတန်ငယ် အလှမ်းကွာပြီး သီးသန့်လွတ်လပ်မှု ရှိနိုင်ပေသည်။ သို့သော်လည်း ထားထားတို့ ရပ်ကွက်ထဲတွင်မူ မျက်စောင်းထိုး အိမ်နှစ်အိမ်သည် နီးကပ်လှချေသည်။ အထဲဝင် အပြင်ထွက် အကုန်မြင်နေရသည်။ စကားကျယ်ကျယ်ပြောလျှင်လည်း အကုန်ကြား ရသည်။ တစ်ခါတစ်ရံ ဆရာဦးလှအောင်ကြီး သူ့သား ညီအောင်ကို ဆူပူနေသောအခါ၌လည်း ထားထားတို့အိမ်က အတိုင်းသား ကြားရလေသည်။

အောင်ကိုကို တွေ့သောအခါ ထားထားသည် ဇော်လှိုင်မြင့်အား သတိရမိလေသည်။ ဇော်လှိုင်မြင့်သည် အောင်ကို၏သူငယ်ချင်း ဖြစ်သည်။ အောင်ကိုဆီသို့ လာလည်ရင်း ထားထားကို သူ တွေ့သွားခြင်း ဖြစ်သည်ဟု သူ၏ပထမဆုံး စာထဲတွင်ပါသည်။ ထို့နောက်တွင်ကား သိပ်မခင်သော အောင်ကိုကို အရမ်းခင်ကာ မကြာမကြာ လာလည်လေသည်။ ဘယ်လိုစုံစမ်းသည်ပင် မသိ။ ထားထား၏ ကျောင်းအထိ လိုက်လာသည်။ စာသင်နေသော ထားထားကို ငေးကြည့်တတ်သည်။ စ,စချင်းတော့ ထားထား စိတ်အနှောင့်အယှက် ဖြစ်ရသည်။ ထို့နောက်တော့ သာယာလာသည်။ ခုတော့ သူ့ကို တွယ်တာလာမိပြီ ထင်သည်။

'ဟဲ့. . .ထားထား၊ တံခါးပိတ်တော့လေ ဘာငိုင်နေတာလဲ'

'လ,ရောင်လေးက လင်းနေလို့ပါ၊ ခြံကျယ်ကျယ်လေးသာရှိရင် ဖျာလေးခင်းပြီး ထွက်ထိုင်နေဖို့ ကောင်းတာ'

အစ်မဖြစ်သူ လှလှက တပ်လက်စကြယ်သီးတံကို ချထားပြီး ခြေတရွတ်ဆွဲ၍ ထွက်လာသောအခါ ထားထားသည် ပြောမိပြောရာ ပြောလိုက်သည်။ လ,ရောင်ကလည်း တကယ်ပင် ဝင်းပ ယှက်ဖြာနေ၍ တော်သေး

www.foreverspace.com.mm

သည်။ အိမ်ရှေ့ ဖိနပ်ချွတ်ထိ တိုးဝင်နေသော လ,ရောင်တွင် ထားထား၏ မျက်နှာလေးသည် နူးညံ့နေသည်။ ပန်းအိုးကလေးနှင့် စိုက်ထားသော စံပယ်ပင်မှ စံပယ်ဖူးလေး နှစ်ဖူးက တဖြည်းဖြည်း အာပြီး ပွင့်ရန် အရှိန်ယူနေသည်။

သူတို့ညီအစ်မ နှစ်ယောက်လုံး တံခါးကို ချက်ချပိတ်ကာ အိမ်ထဲ လှည့်ဝင်ခဲ့ကြသည်။ ခေါင်းရင်းခန်းက ခင်မလတ်တို့အိမ်ကလည်း တံခါးပိတ်သွားပေပြီ။ အပြင်ခန်းတွင်အိပ်သော ဖိုးဂျင်၏ ဟောက်သံက တစ်ချက်တစ်ချက် ကြားနေရသည်။ ထားထားတို့ ညီအစ်မသည် သူတို့ဖခင်၏အနီးမှ ခပ်ဖြည်းဖြည်းလျှောက်ကာ အခန်းထဲ ဝင်ခဲ့ကြ သည်။ အိမ်ရှေ့ခန်းတွင် ငူငူကြီးထိုင်နေသော ဖခင်သည် သူတို့ကို စောင်းကြည့်ပြီး မမြင်ဟန်ဆောင်ကာ ရှေ့တည့်တည့်သို့ ပြန်ကြည့်နေလေသည်။ သူသည် ဖဲရှုံးလာသော အခါများတွင် ထိုကဲ့သို့ ငြိမ်ငြိမ်ကြီး ထိုင်နေတတ်လေသည်။ ထိုသို့သော နေ့မျိုးတွင် သူတို့ညီအစ်မနှစ် ယောက်သည် အိပ်ရာသို့ စောစောဝင်မြဲဖြစ်သည်။ အစကမူ ဖခင်ဖြစ် သူနားကပ်ခါ 'ဖေဖေရယ် ဖဲမကစားပါနဲ့' ဟု ပြောထားသေးသည်။ သို့သော် မရခဲ့။ ခုတော့ ထားထား လုံးဝပြောချင်စိတ် မရှိတော့ပေ။ အဖေ ဖဲနိုင်သဖြင့် ခေါက်ဆွဲဝယ်လာလျှင်လည်း စားလိုက်သည်။ ဖဲရှုံး သဖြင့် လက်စွပ်ချွတ်ပေးဟု ဆိုကလည်း ပေးလိုက်သည်။ အဖေနှင့် ပတ်သက်၍ ခွင့်လွှတ်ထားလိုက်သည် ဘာကိုမျှလည်း မျှော်လင့်ချက် မထားတော့ပေ။

တစ်ခုပဲရှိသည်။ ထားထား အစ်မကိုတော့ သနားသည်။ သူ့ခမျာက မိမိကိုယ်မိမိ ကောင်းစွာ အားမကိုးနိုင်သော ဒုက္ခိတ ဖြစ်သည်။ အဖေ ဖဲကစားတတ်ကတည်းက အစ်မ စိတ်ညစ်ခဲ့ရသည်။ ယခုဆို လျှင် သုံးနှစ်ကျော်ပေပြီ။ အဖေ ကစားတတ်သည်ကလည်း ပြောရလျှင် ရှက်စရာလည်းကောင်း

www.foreverspace.com.mm

သည်။ ရင်နာစရာလည်းကောင်းသည်။ တော်ရုံ လူကြားလျှင် ယုံနိုင်မည်ပင် မဟုတ်။ ရုံးကနေ တတ်လာခြင်းဖြစ်၏။ အဖေတို့ရုံးသည် ကွန်ကရစ် အမိုး ပြားမိုးထားသော လေးထပ်ရုံးကြီး ဖြစ်လေသည်။ နေ့ခင်းဆိုလျှင် ထိုအမိုး ပေါ်တက်၍ ရုံးသားများ ဖဲကစားကြသည်။ အဖေတို့ ရုံးခန်းကလည်း အခန်း ကျယ်ကြီးတွင် အမှုထမ်းများကိုစီပြီး နေရာချထားခြင်းဖြစ်၏။ ဒီလောက် အခန်းကျယ်ကြီး တွင် အမှုထမ်း ဆယ့်လေးငါးယောက် ပျောက်နေ၍လည်း သီးသန့် အခန်းထဲတွင်ရှိသော အရာရှိက သိမည်မဟုတ်ချေ။ သိလည်း မသိခဲ့ ချေ။ ထို့ကြောင့် နေ့ခင်းပျင်းလျှင် ရုံးသားများ ခေါင်မိုးပေါ်တက်ကြသည် ဖဲကစားကြသည်။ အစကတော့ အဖေသည် အပျင်းပြေ ကြည့်ခြင်းသာဖြစ် သည်။ ကြည့်ရသည်ကို မရိုးမရွ ဖြစ်လာသောအခါ ဘေးမှနေ၍ ကပ်ထိုး သည်။ ထိုမှတစ်စတစ်စ စိတ်ပါလာကာ ခုတော့ ထမင်းချိုင့်ဆွဲကာ ရုံးသို့ ဖဲရိုက်ရန် သွားလေသည်။ လကုန်လျှင် အစိုးရလခကို ထုတ်ယူကာ ဖဲကြွေး ဆပ်လေသည်။

'တော်ပြီ တော်ပြီ၊ ဒီအကြောင်း မတွေးတော့ဘူး'

ထားထားသည် မျက်လုံးကို စုံမှိတ်လိုက်သည်။ အဖေ့ကိုလည်း ကောင်း၊ ခြေတစ်ဖက် ကောင်းစွာမသန်သော အစ်မကိုလည်းကောင်း ခေတ္တ မေ့ထားလိုက်သည်။ လက်ရှိကမ္ဘာလေးတစ်ခုကို အိပ်မပျော်မီ ဖန်ဆင်းကြည့် နေမိလေသည်။

ပွင့်မည့်ဟန်ပြင်နေသော စံပယ်နှစ်ပွင့်မှ တစ်ပွင့်ကို ခူးယူပြီး ခေါင်အုံး ပေါ် တင်ထားသဖြင့် သူ့ခြင်ထောင်ထဲတွင် စံပယ်ရနံ့ကမွှေး ပျံ့လာသည်။ ကြိုင်သင်းသောရနံ့ကို ရှူရှိုက်ရင်း ထားထားသည် ကမ္ဘာ သစ်ကလေးဆီသို့ ပြေးသွားမိသည်။

စိတ်ကူးယဉ်ကမ္ဘာလေးထဲရှိ ထားထားသည် လက်ရှိထားထား

www.foreverspace.com.mm

မဟုတ်တော့ပေ။ အဖေကလည်း ဖဲသမား မဟုတ်။ အစ်မကလည်း ဒုက္ခိတ မဟုတ်။ ထားထားတို့ ငယ်စဉ်တုန်းက ဆုံးသွားသော အမေ့ကိုလည်း နှပျို ရွှင်လန်းစွာ တွေ့ရသည်။ နောက်ပြီး ထားထားဘေးတွင် အန္တရာယ်ဒုက္ခ ဟူသမျှကို ကာကွယ်ပေးမည့် သူရဲကောင်းကြီးတစ်ဦးလည်း ရောက်နေ သည်။ ထားထားသည် သူရဲကောင်းကြီး ဇော်လှိုင်မြင့်၏ လက်မောင်းကို အားကိုးတကြီးနှင့် ဆုပ်ကိုင်ထားမိလေသည်။ ထို့နောက် ရင်ထဲမှ တီးတိုး လေး ပြောနေမိသည်။

'ကိုလှိုင်မြင့်ရယ် ထားထား အားကိုးပါရစေ၊ ယုံပါရစေ'

* * *

'နည်းနည်းမှ မယုံရဘူး နည်းနည်းလေးမှလည်း မျက်နှာမလွှဲရဘူး၊ ကြည့်စမ်း၊ တစ်အိမ်သားလုံး အိပ်ကြတော့မယ်၊ နောက်ဖေးတံခါးကြည့်၊ စေ့ရုံသာ စေ့ထားတာ ချက်ထိုးမထားဘူး၊ အားလုံး နမော်နမဲ့နဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ သူခိုးကို လက်ယပ်ခေါ်နေကြတာလား'

ဦးလူလှသည် တံခါးကို ဆောင့်ပိတ်လိုက်ကာ ရေရွတ်လိုက်လေ သည်။ တစ်အိမ်သားလုံး အိပ်ရာထဲတွင် ငြိမ်ကုပ်ကာ မကြားချင်ယောင် ဆောင်နေကြသည်။

'လူတွေကတော့ တစ်လှေကြီး၊ တစ်ယောက်မှ တာဝန်မသိဘူး'

ညဆယ်နာရီခွဲခန့် ရှိပြီမို့ တိတ်နေသော လမ်းကလေးတွင် သူ့အသံ သည်ဟိန်းကာ ထွက်ပေါ်နေသည်။ ပေါက်နေသော ကြောင်အိမ်ပေါက်ထဲ မှ ငရုတ်သီးတောင့် နီနီများကို ချီယူလာသော ကြွက်မည်း ကလေးသည်ပင် လန့်သွားဟန်ရှိသည်။ ထုပ်တန်းပေါ် ကမန်းကတန်း တက်ပြေးရာ ပါးစပ်

www.foreverspace.com.mm

တွင် ကိုက်ထားသော ငရုတ်သီးတောင့်လေး ပြုတ်ကျန်ခဲ့လေသည်။

ဦးလူလုသည် အခန်းထဲရှိ သားနှင့် ချွေးမတို့၏ခုတင်ကို စောင်းကြည့်သည်။ သူတို့တွေ မအိပ်သေးမှန်းသိသည်။ သို့သော် သူတို့သည် လုံးဝငြိမ်ပြီး အိပ်နေဟန် ဆောင်နေကြသည်။ နို့စို့ကလေးက တအီအီနှင့် ငိုမည့်ဟန်ပြင်သောအခါတွင်ကား ငြိမ်မနေနိုင်တော့။ စုတ်ထိုးပြီး ချော့နေသံကို ကြားလိုက်ရသည်။

'တောက်. . .အလကားကောင်'

အပေါ်ထပ်သို့ ခြေဆောင့်နင်းပြီး တက်လာသည်။ သစ်သားလှေကားအိုအိုသည် ကြမ်းတမ်းလှသော ခြေလှမ်းကို ညွတ်ပက်ညွတ်ပက်နှင့် အားတင်းပြီး ခံနေရသည်။

'ဘာဖြစ်နေလို့လဲ'

'နောက်ဖေးတံခါး ချက်မထိုးထားဘူးကွ'

ဇနီးသည်က ခြင်ထောင်တွင်းမှ လှမ်းမေးသောအခါ ဦးလူလုသည် မျက်နှာစူပုပ်ပုပ်ကြီးနှင့် ဖြေလိုက်သည်။

'သြော်. . .ဟုတ်ပါရဲ့၊ ခါတိုင်းတော့ ကြည့်မိတယ်။ ဒီနေ့တော့ သတိလစ်သွားတယ်'

ဦးလူလု ဘာမှပြန်မပြောချင်။ ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်ကာ စိပ်ပုတီး လှမ်းဆွဲလိုက်သည်။ အတန်ငယ် ဒေါသဖြစ်နေ သောကြောင့် စိပ်ပုတီးကို ချက်ချင်း မစိပ်နိုင်ပေ။ စိတ်ငြိမ်စေရန် အသက်မှန်မှန်ရှူရင်း လရောင်လဲ့လဲ့ လင်းနေသော လမ်းကလေးကို ဆီးပြီး ကြည့်နေမိလေသည်။ အိမ်များသည် တံခါးပိတ်ကာ တိတ်ကြချေပြီ။

ဦးလူလုတို့ လမ်းတိုလေးတွင် နှစ်ထပ်အိမ် သိပ်မရှိချေ။ ဦးလူလု တို့

www.foreverspace.com.mm

အိမ်နှင့် ပွဲစားကြီး ဦးမြတို့အိမ်သာ ရှိသည်။ ကျန်အိမ်များသည် လေးပင်သုံးခန်း တစ်ထပ်အိမ်လေးများသာ များသည်။

ဦးမြသည် အိမ်နှစ်လုံးပိုင်သည်။ နှစ်ထပ်အိမ်တွင် သူနေပြီး ကျန်တစ်ထပ်အိမ်လေးကို နှစ်ခန်းခွဲကာ ငှားစားသည်။ အိမ်ငှားများကို ဦးလူလုတစ်ခါမျှ ရင်းရင်းနှီးနှီး စကားမပြောဖူးပေ။ ဦးလူလုကတော်ကမူ ခြေရင်းခန်းတွင် စာရေးကြီးနှင့် သမီးနှစ်ဦးနေကာ၊ ခေါင်းရင်းခန်းတွင် မုဆိုးမမိသားစုနေသည်ဟုဆိုသည်။ ကျန်အိမ်များသည်ကား အများအားဖြင့် ကိုယ်ပိုင်အိမ်များ ဖြစ်လေသည်။ ခေါင်းရင်းအိမ်မှ ဆရာဦးလှအောင်နှင့် ဦးလူလု အလွမ်းသင့်သည်။ တစ်ဦးကိုတစ်ဦး လေးစားကြသည်။ တစ်ခါတစ်ရံ အားလပ်လျှင် စစ်တုရင် အတူထိုးဖြစ်သည်။ ဆရာဦးလှအောင်၏ သားဖြစ်သူ အောင်ကိုသည်ကား စာကျက်တုန်းဖြစ်မည်ထင်သည်။ နီယွန်မီးချောင်းရောင်သည် လမ်းမထိ ယှက်ဖြာပြီး ကျရောက်နေသည်။

'ခွေးကောင် ငနိုင်၊ အောင်ကိုလိုများ စာကြိုးစားရင် ဘယ်လောက်ကောင်းမလဲ၊ ခုတော့ မိန်းမယူဖို့၊ ကလေးမွေးဖို့ပဲ သိတယ်'

သူများ၏သားများ စာကျက်တိုင်း၊ စာတော်တိုင်း ဦးလူလုသည် သူ့သားကို သူမကျေမနပ် ဖြစ်ရလေသည်။ ဆယ်တန်းမအောင်မီ မိန်းမခိုးပြေးသော မောင်မောင်နိုင်သည် ကလေးအဖေဖြစ်ကာမှ တက္ကသိုလ် ရောက်လေသည်။ တက္ကသိုလ် ပထမနှစ်တွင်ပင် ကလေး နှစ်ယောက်အဖေ ဖြစ်လေသည်။ တောင်းဆိုး ပလုံးဆိုးသာ လွှင့်ပစ်နိုင် သည်။ သားသမီး ဟူသည်ကား မည်မျှဆိုးဆိုး ခံရပေတော့သည်။ ထို့ကြောင့် မောင်မောင်နိုင်သည် ဗိုလ်ကေလေး တသသနှင့် ကောလိပ် ကျောင်းတက်နေစဉ် ဦးလူလုသည် သား၊ ချွေးမနှင့် မြေးနှစ်ယောက်၏ တာဝန်ကို အစစယူထားရလေသည်။ လက်ရှိ သားသမီးငါးယောက်အပြင် ချွေးမနှင့် မြေးနှစ်ယောက် တိုးလာသော

www.foreverspace.com.mm

အခါ ဦးလူလှတို့ ဇနီး မောင်နှံတွင် သားသမီးရှစ်ယောက် ဖြစ်သွားလေသည်။

မောင်မောင်နိုင်ကိုက ဆိုးလွန်းခြင်း ဖြစ်သည်။ သူ့ထက်အကြီး မောင်မောင်ကြီးက လူအေးဖြစ်သည်။ စာကို မှန်မှန်ကျက်ကာ မှန်မှန် အောင်သွားသည်။ ဂုဏ်ထူးတွေ ဘာတွေမထွက်ဖူးသော်လည်း တစ်ခါမှလည်း စာမေးပွဲ မကျဖူးချေ။ သည်လိုနှင့် ဘီအက်စီအောင်ကာ သူ့ အမေတားနေသည့်ကြားထဲက ဗိုလ်သင်တန်း တက်ခွင့်လျှောက်လေသည်။ အောင်လိမ့်မည် မထင်သည့်အတွက်လည်း သူ့အမေက လျှောက်လွှာတွင် လက်မှတ်ထိုးပေးလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း မောင်မောင်ကြီး အောင်သွားလေသည်။

'စစ်သားဆိုတိုင်း သေဘေးနဲ့ နီးရမှာလားတဲ့၊ တရားသဘောနဲ့ ကြည့်စမ်းပါ၊ သေမင်းဆိုတာက စစ်သားနားမှာမှ မဟုတ်ဘူး။ မင်းတို့ ငါတို့ လူတိုင်းနားမှာ လက်တစ်ကမ်းအကွာ ရပ်နေတာကွ၊ ဆေးရုံကြီး သွားကြည့်စမ်းပါကွာ၊ တစ်နေ့တစ်နေ့ သေနေလိုက်ကြတာ အပြိုင်အဆိုင်ပဲ သူတို့တွေ စစ်တိုက်လို့ စစ်ထဲဝင်လို့ သေတာမဟုတ် ဘူးကွ နားလည်စမ်းပါကွယ်'

ဦးလူလှက အတန်တန် ဖျောင်းဖျခဲ့ရသည်။ ခုတော့ သားကြီးသည် စစ်ဗိုလ်ကြီးအဖြစ်နှင့် ရှေ့တန်းတစ်နေရာတွင် ရောက်နေချေပြီ။ မအားသည့်ကြားထဲမှ သူ့အမေ စိတ်မပူရန်အတွက် စာမှန်မှန် ရေးရှာသည်။

ဆိုးသည်က အလတ်ကောင် မောင်မောင်နိုင် ဖြစ်သည်။ စာတော်သော်လည်း ပျင်းသည်။ ဉာဏ်ကောင်းသော်လည်း ဝီရိယနည်းသည်။ မိန်းမငမ်းသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းမရသည်။ ထို့နောက် သူ့သား၊ သူ့မယားတာဝန်အားလုံးကို ဖခင်ကြီး ပခုံးပေါ်စုပြီး အထုပ် လိုက် တင်ထားလေသည်။

အငယ်များသည်ကား ငယ်သေးသည်။ အလတ်မလေး မစိုးနှင့် မတိုးသည် ယခုနှစ်မှ ဆယ်တန်းနှင့် ကိုးတန်းရောက်သည်။ အငယ်ဆုံး ဖိုးတာ

www.foreverspace.com.mm

သည် ရှစ်တန်းသာ ရှိသေး၏။ ဦးလူလှ ပင်စင်ယူရန်ကား လေးနှစ်သာ လိုတော့သည်။

'အဖေကြီး မအိပ်သေးဘူးလား'

ဇနီးဖြစ်သူက အိပ်ရာထဲမှ ထွက်လာသည်။ ထို့နောက် ဦးလူလှ ဘေးတွင် ဝင်ထိုင်လေသည်။ သူ့ကိုယ်မှ တောင်နံ့ကတိုးနံ့က သင်းသင်းလေး ဝေ့ပျံ့လာသည်။

'ဘာတွေများ စိတ်တိုနေတာလဲ'

'ကြည့်စမ်း၊ အောင်ကို စာကျက်နေလိုက်တာ၊ တစ်ခါတစ်လေကို တရေးနိုး ကြည့်ရင်လည်း မီးလင်းတုန်းပဲ'

'သြော် . . . သူက ဆေးကျောင်းသားပဲရှင် မကျက်လို့မှ မဖြစ်ဘဲ၊ ဒီပြင်လူတွေက သူ့ဆယ်ပုံတစ်ပုံ ကျက်ရင်လည်း ရတာပဲ၊ သူတို့လောက် ကျက်ဖို့မှ မလိုတာ၊ နောက်ပြီး မောင်နိုင်တို့က ကျောင်းပိတ်ထားတာပဲ၊ ဘာစာကျက်ရမှာတုန်း အဖေရယ်'

ဦးလူလှ၏ ဒေါသသည် သားဖြစ်သူ မောင်မောင်နိုင်ဆီသို့ ဦးတည်နေမှန်းသိသဖြင့် ဒေါ်ခင်ခင်သည် ဖြေပြောလေးပြောလိုက်သည်။ သည် အဖေနှင့် သည်သားသည် တစောင်းစေးနှင့် မျက်ချေးဖြစ်၏။ အဖေ၏ ကရုဏာဒေါသများကို အမေကြီးကပင် ထာဝစဉ် ဖြေလျှော့ပေးနေရသည်။ အိမ်ရှေ့ခန်း ဘုရားစင်အနီးတွင်အိပ်သော ဖိုးတာသည် အိပ်ပျော်နေရင်းမှ အံသွားတကျိကျိ ကျိတ်နေသည်။ ထို့နောက် သူ့နံဘေးမှ သစ်သားနံရံကို ဆောင့်ကန်လိုက်သည်။

'ဒီကောင် စာကျက်ချိန်မှာ မကျက်ဘဲ မက္ခရာစား ခိုးဖတ်နေတယ်၊ ခုတော့ အိပ်မက်ထဲမှာ မက္ခရာစားကိုင်ရင်း လက်တစ်ဖက်ပြတ် တရုတ်မင်းသား လေလီနဲ့ ဓားစွမ်းပြိုင်နေပြီထင်ရဲ့'

www.foreverspace.com.mm

တဝုန်းဝုန်း လှုပ်ခါသွားသော ဖိုးတာ၏ဇာခြင်ထောင်ကို လှမ်းကြည့်ရင်း ဦးလူလှသည် မသက်မသာ ပြုံးလိုက်မိသည်။ ထို့နောက် မျက်စိကို စုံမှိတ်ကာ စိတ်ကို ဖြေလျှော့လိုက်သည်။ ခေတ္တငြိမ်နေပြီး မှ ဂုဏ်တော်ကိုးပါး စတင်ရွတ်ဆိုကာ ပုတီးစိပ်သည်။

ခပ်ဝေးဝေးမှ သံချောင်းခေါက်သံသည် လေဟုန်စီးရင်း လွင့်ပျံ့လာသည်။ ဘုရားစာရွတ်ဆိုနေရင်းက သံချောင်းသံကိုလိုက်ပြီး ရေ တွက်နေမိသည်။ ဆယ့်တစ်ချက် ရှိလေပြီ။

* * *

နေ့ခင်း ဆယ့်တစ်နာရီခွဲလောက်ဆိုလျှင် ထားထားတို့ကျောင်းအနီးသို့ ဇော်လှိုင်မြင့် ရောက်လာတတ်သည်။ သူ့ကို စူးစမ်းသလိုကြည့်သော ကလေးတို့ကို ရယ်ပြုံးနှုတ်ဆက်တတ်သဖြင့် သူနှင့် ကလေးတို့ပင် ခင်မင်နေကြပေပြီ။ တစ်ခါတစ်ရံ သူရောက်မလာသေးသော်လည်း ကျောင်းသားလေးများသည် ထားထားဆီ ပြေးလာရင်း သတင်းပို့တတ်သည်။ သူ့ကို လမ်းထိပ်တွင် တွေ့ခဲ့သည်။ ကျောင်းဝတွင် တွေ့ခဲ့သည်ဟူသော သတင်းစုံများဖြစ်သည်။ ကလေးများနှင့်သာမက သူသည် ကျောင်းအုပ်ဆရာမကြီးနှင့်လည်း ပြေလည်သည်။ ဆရာမကြီးသည် သူ့ကို ငယ်စဉ်က သင်ခဲ့ဖူးသည့် သူ့ဆရာမ ဟု ဆိုလေသည်။

'ဘာလို့ ခဏခဏ လာနေတာလဲ'

'မကြိုက်ဖူးလား'

'ကလေးတွေ ရိပ်မိကုန်လိမ့်မယ်'

'ရိပ်မိပစေပေါ့၊ သူတို့က အားကျနေကြမှာ'

www.foreverspace.com.mm

'ကျပါလိမ့်မယ် အားကြီး'

'ဘာလဲ တို့ လာနေတော့ လာဘ်တိတ်မှာ စိုးလို့လား'

'ဒီလိုမပြောပါနဲ့'

'ထားထား ဘေးခန်းက ဆရာလေ တို့ကို ဂြိုဟ်ကြည့် ကြည့်တယ်၊ သူ ထားထားကို ပိုးနေလား၊ တစ်နေ့တုန်းက ထားထားနဲ့ စကားပြောနေလိုက်တာ ရယ်လို့ ပြုံးလို့'

'အို. . .မဟုတ်မဟုတ်၊ သူ့မှာ မိန်းမနဲ့ ကလေးနဲ့'

'ဒီလို လူတွေက ပိုဆိုးတာ'

'ခက်ရချည့်ရဲ့ ရှင်'

ထားထားသည် ပင့်သက်ကလေးရှိုက်လိုက်မိသည် ဇော်လိုင်မြင့်၏ မျက်လုံးကို စူးစိုက်ကြည့်ရင်း သူ့အတွင်းစိတ်ကို လှမ်းပြီးမှန်းဆ နေမိသည်။ သည်လို တွေ့ကရာလူနှင့် မထိတထိ ပြောခြင်းမျိုးကို ထားထား အနည်းငယ်မျှ မနှစ်မြို့ပေ။ ဝန်တိုစိတ်ကြောင့် ပြောခြင်းလော၊ ရန်ရှာလိုသဖြင့် ပြောခြင်းလော၊ စေ့စေ့ကြည့်တာတောင် မကြိုက်ဟူသည့် ချစ်မေတ္တာမျိုးကြောင့် ပြောခြင်းလော။ သို့တည်းမဟုတ် အချို့ ယောက်ျားများတွင် ရှိတတ်သည်၊ စကတည်းက နှိမ်ကာချုပ်ချယ်လို သည့်စိတ်နှင့် ပြောခြင်းလော။ မည်သို့သော စိတ်ဓာတ်နှင့် ပြောသည် ဖြစ်စေ၊ ထိုသို့ပြောတတ်သော သဘောထား၊ ထိုသို့ ထွက်တတ်သော ပါးစပ်ကို ထားထား ရွံမုန်းသည်။ ထားထား၏ သိက္ခာကို အထင်သေး လွန်းသည့် သဘောပါပေ။ သူ့တွင် ထားထားကို သည်လိုပြောနိုင်လောက်အောင် အခွင့်အာဏာ မရှိချေ။ မဆိုင်မီကပင် ပိုင်ချင်သည့် သဘောဖြစ်သည်။ မပိုင်မီကပင် နိုင်ချင်သည့်သဘောဖြစ်သည်။

'တို့ မှားသွားတယ်၊ တစ်ကျောင်းတည်းလုပ်တဲ့ သူငယ်ချင်း စကားတော့ ပြောမှာပေါ့၊ ဆောရီးကွာ'

www.foreverspace.com.mm

ဇော်လှိုင်မြင့်က မပြန်ခင် ပြောသွားသော်လည်း ထားထား၏စိတ်ထဲတွင် မတင်မကျနှင့် ခိုးလိုးခုလုကြီး ဖြစ်ကျန်ရစ်လေသည်။ ကိုယ့်ကိုယ်ကိုယ်မို့ ပြောသည်တော့မဟုတ်။ သည်အသက်အရွယ်အထိ ထားထားမှဲ့ တစ်ပေါက် မစွန်းခဲ့ချေ။ တစ်စုံတစ်ဦးကိုမျှလည်း ချစ်စိတ် မဝင်ခဲ့သေးချေ။ မိမိကိုယ်မိမိ အမှန်အတိုင်း ဖွင့်ဟဝန်ခံရလျှင် ဇော်လှိုင် မြင့်သည်သာ မိမိ၏ အချစ်ဦး ဖြစ်ခဲ့သည်။ သူ့ကို အထင်ကြီးခဲ့သည်။ အားကိုးခဲ့သည်။ ထို့နောက် ဖွင့်ဟဝန်မခံသေးသော်လည်း သူ့ကိုသာ ချစ်ခဲ့မိသည်။

'ဝန်တိုခြင်းကင်းသော အချစ်ကို အချစ်စစ် မခေါ်နိုင်' ဟူသော အင်္ဂလိပ်စကားပုံကို ထားထားကြားဖူးသည်။ သို့သော် ဇော်လှိုင်မြင့်လောက် သံသယမျက်စိများသူကိုကား ထိတ်လန့်သလို ဖြစ်လာသည်။ ထားထားကို သူသည်လောက်မှ မယုံကြည်လျှင်၊ သံသယရှိနေလျှင် ဘာကြောင့် ကြိုက်နေသေးသနည်း။ သူသည် ထားထားကို အမှန် တကယ် မေတ္တာစစ်နှင့်ချစ်ခြင်းဟုတ်ချင်မှ ဟုတ်မည်ဟူသော အတွေးကို စိုးရိမ်စွာ၊ ထိတ်လန့်စွာနှင့် ပထမဆုံးအကြိမ် တွေးလိုက်မိသည်။ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်းခြင်းတို့သည် ထားထား၏ နှလုံးသားကို တစ်ဖက်တစ်ချက်စီမှ ဆုပ်နယ်နေကြသည်။

'ထားထား စာအုပ်စာရင်းတွေ ပြီးပြီလား၊ ဆရာမကြီး ခေါ်နေတယ်'

'ဟင်. . .မပြီးသေးဘူး'

'ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလားဗျာ၊ မျက်နှာတွေနီလို့'

'ခေါင်းကိုက်နေတယ်'

ထားထားသည် ပြီးစလွယ် ဖြေလိုက်သည်။ စာရင်းများကို အယောင်ယောင် အမှားမှား စစ်ဆေးရင်း သည်ဆရာနှင့် စကားပြောသည်ကို ဇော်လှိုင်မြင့် တွေ့ပြန်ပါကလည်း မထိမခိုက် ပြောလေဦးမည်လားဟု စိတ်က အတွေးဆန့်နေမိလေသည်။

www.foreverspace.com.mm

ထိုနေ့တစ်နေ့လုံး ထားထားသည် ယောင်ကန်းကန်း ဖြစ်နေသည်။ တတ်နိုင်လျှင် ကျောင်းမှ ထွက်ပြေးပြီး တစ်နေရာရာတွင် တစ်ဦးတည်း ငေးငိုင်နေချင်သည်။

ထို့ကြောင့် ကလေးများကို ဆရာမ ခေါင်းကိုက်နေသောကြောင့် ငြိမ်ငြိမ်နေကြရန်ပြောပြီး လက်ရေးလှ ရေးခိုင်းထားရသည်။ ကြိုးစား ပမ်းစား လက်ရေးလှ ရေးနေကြသူလေးများကို ငေးကြည့်ရင်း ထားထားသည် သူ့စိတ်ကိုသူ ငြိမ်သက်ရန် ကြိုးစားနေမိသည်။

ထားထား၏ အသည်းနှလုံးတွင် ဇော်လှိုင်မြင့်၏အရိပ်သည် စွဲစွဲ မြဲမြဲ ထင်ဟပ်လျက် ရှိချေပြီ။ ထားထား၏ ဦးနှောက်ကမူ စိုးရိမ်ထိတ် လန့်စွာနှင့် ထိုအရိပ်ကို လှမ်းပြီးဖျက်ရန် ကြိုးစားနေမိသည်။

'ဟောတော့ မိုးရွာနေတယ်'

ညနေ ကျောင်းဆင်းသောအခါ မိုးဖွဲဖွဲ ရွာနေလေသည်။ မိုးကုန်ပြီမို့ ထားထား ထီးယူမလာမိခဲ့ချေ။ သဝေထိုးသော ကိုရွှေမိုးသည် ထွက်သွားပြီးမှ အလည်တစ်ခေါက် ပြန်လာချေသည်။

ထားထားသည် ကျောင်းအောက်တွင်ရပ်ရင်း မိုးအစဲကို စောင့်နေမိသည်။ အဖေကမူ နေပူကြောက်သဖြင့် ဆယ့်နှစ်ရာသီ ထီးဆောင်းလေ့ရှိသဖြင့် ကိစ္စမရှိပေ။ ထားထားကသာ ထီးသယ်ရမည်ကို ပျင်းသောကြောင့် ခုတော့ မိုးမိနေချေပြီ။ အိမ်နီးသော ကျောင်းသားကလေးများသည် လွယ်အိတ်ကိုပိုက်ကာ ဒုန်းစိုင်းပြေးကြသည်။ ထားထားသည် သူတို့ကို ငေးကြည့်ရင်း ငယ်စဉ်ဘဝကို သတိရမိသည်။ ထား ထား ငယ်စဉ်က ကျောင်းအဆင်း မိုးရွာလျှင် အမေသည် ထီးနှင့်လာ ကြိုတတ်သည်။ ထီးတစ်စင်းတည်းကို သားအမိနှစ်ယောက်ဆောင်းကာ အိမ်အတူပြန်ရသော နွေးထွေးမှုမျိုးကို ပြန်လည်တမ်းတနေမိသည်။

www.foreverspace.com.mm

'ထားထား'

ထားထားဘေးသို့ ဖယ်မလီယာ ကားပြာလေး ထိုးဆိုက်လာသည်။ ကားထဲမှ ဇော်လှိုင်မြင့်က ညင်သာစွာ ခေါ်လိုက်သည်။

'ထားထား မိုးမိနေမှာပဲဆိုပြီး ကိုယ်လာခဲ့တာ'

ဇော်လှိုင်မြင့်၏ ဖခင်သည် ပင်စင်စားအရာရှိကြီးဖြစ်သည်။ ပင်စင် မယူမီ ရုံးမှဖယ်မလီယာ ကားလေးကို စျေးချောင်ချောင်နှင့် ရလိုက်သည်။ သုံးနှစ်စေ့လျှင် ပြန်ရောင်းမည်ဟု ရည်မှန်းထားသောကြောင့် ကားကို ခြင် ထောင်ချထားလေသည်။ သို့ရာတွင် တစ်ခါတစ်ရံ တွင်ကား ဇော်လှိုင်မြင့် ထုတ်မောင်းလေ့ရှိသည်။

'လာလေ'

'နေပါစေ'

'မိုးမိနေလိမ့်မယ်'

'ခဏနေ စဲသွားမှာပါ'

'ဘာလဲ၊ ကိုယ့်ကို မယုံဘူးလား'

'မဟုတ်ပါဘူး'

'ဒါဖြင့် လာ'

ထားထား၏ ဦးနှောက်က ထားထားကို မလိုက်ရန် အပြင်းအထန် တားမြစ်နေသည်။ သို့သော်လည်း နှလုံးသားကမူ ထားထား၏ ခြေထောက် များကို ကားဆီသို့ တွန်းပို့နေလေသည်။ ထားထားသည် ဘာမှပြန်မဖြေ သာဘဲ တွေတွေဝေဝေလေး ရပ်နေမိလေသည်။

'လာပါ ထားထားရယ်၊ မိုးမိနေမှာ စိုးလို့ပါ'

သူက နောက်မှ တံခါးကိုဖွင့်ရင်း ထပ်ခေါ်သောအခါတွင်ကား ထား ထားသည် ကားထဲသို့ လှမ်းဝင်လိုက်မိလေသည်။ သူ့မျက်နှာသည် ပြုံးရွှင်

www.foreverspace.com.mm

ဝင်းပသွားသည်။ သည်လို ကြည့်ရှင်နေပြန်တော့လည်း နေ့ခင်းက သံသယ မျက်လုံးများနှင့် သုန်မှုန်နေသော သူသည် သူမှ ဟုတ်ပါလေစဟု ပြန်တွေး နေမိသည်။ ယုံနိုင်စရာ မရှိတော့ချေ။

'ကန်တော်ကြီးစောင်း ခဏသွားရအောင်'

'မလုပ်ပါနဲ့'

'ဗိုလ်တစ်ထောင်ဆိပ် သွားမယ်လေ'

'အို'

'ဟား. . .ဟား. . .ကြောက်တတ်လိုက်တာ'

ထားထားသည် ရင်တထိတ်ထိတ် ခုန်နေရင်းမှ ရဟတ်စီးသော အရသာမျိုးကို ခံစားနေရသည်။ ရင်လည်း ဖိုရသည်။ ကြောက်လည်း ကြောက်ရသည်။ ထို့နောက် ပျော်လည်း ပျော်ရသည်။

'ထားထားကို ပြန်ပို့ပါတော့'

'ခဏလေး နေပါဦးနော်'

* * *

'ဇော်လှိုင်မြင့် မင်း ကောင်မလေးကိုတော့ အတည်မဟုတ်ရင် မစပါ နဲ့ကွာ၊ ငါ မျက်နှာပူတယ်'

'ဘာဖြစ်လို့'

'အို ငါနဲ့ ရပ်ဆွေရပ်မျိုးကွ၊ ရိုးရိုးသားသား အေးအေးဆေးဆေး နေရှာတာ၊ ခင်မလတ်လို မိန်းကလေးဆိုရင် ငါ မပြောဘူး'

'ခင်မလတ်ဆိုတာ သူတို့ဘေးခန်းက ကောင်မလေး မဟုတ်လား၊ ညိုချောလေးလေ'

'အေး ဒါပေမဲ့ သူက နည်းနည်းပျံတယ်၊ ထားထားက အေးတယ်၊

www.foreverspace.com.mm

ရှိုးတယ်’

‘ငါ သိပါတယ် အောင်ကိုရာ၊ မင်းကလည်း မင်းနမကျနေတာပဲ စိတ်ပူနေလိုက်တာ’

‘အို ငါနဲ့ ပတ်သက်ပြီး မင်းတို့နှစ်ယောက် အဆက်အသွယ် ဖြစ်တာ မဟုတ်လား၊ ငါ့မှာ တာဝန်ရှိသလိုပဲ၊ မင်းတို့ နှစ်ယောက်လုံးကို ငါက အကြောင်းသိ’

‘ထားထားက မင်းကို ဘာပြောလို့လဲ’

ဇော်လှိုင်မြင့် ရုတ်တရက် စိတ်ပူသွားသည်။ ထားထားသည် အောင်ကိုကို အကြောင်းစုံများ ဖောက်သည်ချလိုက်လေပြီလားဟု ထူပူသွားသည်။ အကြောင်းစုံကိုသာ သိလျှင်တော့ ကောင်းကောင်းကြီး အဆဲခံရပေမည်။

‘ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ ငါက စိုးရိမ်လို့’

‘ဘာဖြစ်လို့’

‘ငါ ရှင်းရှင်းပဲပြောမယ် လှိုင်မြင့်၊ မင်းတို့နဲ့စာရင် ငါတို့က ဆင်းရဲသား၊ သူက ငါ့ထက်တောင် ဆင်းရဲသေးတယ်၊ ရိုင်းရိုင်းပြောရရင် အဖေက ဖဲသမား အမေက ဒုက္ခိတ၊ သူကိုယ်တိုင်က ရိုးရိုးစာရေးမလေး’

‘ငါ သိသားပဲ၊ ဖဲရိုက်တာများ ဆန်းလို့၊ တို့အဘိုးကြီးလည်း ရိုက်တာပဲ’

‘အေး ဒါပေမဲ့ သူက မင်းတို့လို ဝင်ဒါမီယာတို့၊ အင်းလျားစောင်းတို့ ရွှေတောင်ကြားတို့နား လုံးဝကပ်နိုင်တာ မဟုတ်ဘူးကွ၊ ဘီအေလည်း မဟုတ်၊ ဘီအက်(စ)စီလည်း မဟုတ်၊ မင်းတို့ ပတ်ဝန်းကျင်မှာရှိတဲ့ အင်ဂျင်နီယာမ၊ ဆရာဝန်မတွေလည်း မဟုတ်ဘူး သူငယ်ချင်းရဲ့၊ လုပ်သားကောလိပ်တက်ဖို့ ကြိုးစားနေတဲ့ မူလတန်း ဆရာမလေး၊ ကဲ မင်းတို့မိဘတွေက သူနဲ့ မင်းကို သဘောတူပါ့မလား၊ သူတို့ သဘောမတူရင် မင်းကရော သူတို့ကို ဆန့်ကျင်နိုင်မှာလား၊ အဲ. . မင်းက ဆန့်ကျင်ရဲပါပြီတဲ့၊ သူ့လိုရော

www.foreverspace.com.mm

အဆင်းရဲ ခံနိုင်မှာလား’

‘ငါ ယောကျ်ားပါကွာ’

ဇော်လှိုင်မြင့်သည် အသံမာမာနှင့် ပြောလိုက်သည်။ သူတို့အဖြစ် အပျက်အလုံးစုံကို အောင်ကို မသိသေးသဖြင့် စိတ်သက်သာသွားသည်။ အမှန်တကယ်တော့ သူအစိုးရိမ်ပိုမိခြင်းသာ ဖြစ်သည်။ ထားထားသည် မိန်းကလေးတန်မဲ့နှင့် သည်အကြောင်းကို မည်သည့်အခါမျှ ဖွင့်ဟပြောရဲလိမ့် မည် မဟုတ်ချေ။

အောင်ကိုသည် အေးစပြုနေသော လက်ဖက်ရည်ကို တစ်ရှိန်ထိုး ကျိုက်ချလိုက်ကာ အိတ်ထဲနှိုက်လိုက်သည်။ ဇော်လှိုင်မြင့်က လက်ကာ ပြပြီး ပိုက်ဆံကို ဦးအောင်ထုတ်လိုက်လေသည်။

‘နေပါကွ ကျောင်းသားရ၊ ငါက အလုပ်သမားပါ’

‘မင်း. . .အခု ဘယ်လောက်ရလဲ’

‘အလုပ်သင် ရှိသေးတာ၊ ဘိုးအေမှပဲ သုံးရာပေါ့ကွ’

‘ရရင် တော်သေးတာပေါ့၊ မင်းတို့နှစ်က အလုပ်မရသေးတဲ့ သူတွေမှ အပုံကြီး မဟုတ်လား’

‘ငါတို့အရင်က မောင်တွေတောင် တချို့ ထိုင်နေရသေးတာ၊ ငါက အဘိုးကြီးမျက်နှာရှိလို့’

‘ငါတို့တွေလည်းအောင်ရင် အလုပ်က ဘယ်လောက်ကြာအောင် စောင့်ရဦးမယ် မသိဘူး’

‘မရှိလို့လုပ်စား ဖြည်းဖြည်းပေါ့ကွာ’

‘ဖြည်းနေရင် ငတ်သွားမှာပေါ့ သူငယ်ချင်းရာ’

‘မငတ်ချင် မှောင်ခိုလုပ်ပေါ့။ ဆေးမှောင်ခိုလေ’

‘တော်စမ်းပါကွာ’

www.foreverspace.com.mm

အောင်ကိုသည် လှိုင်မြင့်အား လက်သီးနှင့် မနာမကျင် ထိုးလိုက်သည်။ ဇော်လှိုင်မြင့်သည် မချိတရိ ဖြစ်သွားသော အောင်ကို၏ မျက်နှာကို စေ့စေ့ ကြည့်ရင်း တဟားဟား ရယ်နေသည်။ ဆေးမှောင်ခို အကြောင်းပြောတိုင်း အောင်ကိုသည် ဣန္ဒြေမဆည်နိုင်အောင်ပင် မျက်နှာပျက်တတ်သည်။

'ကဲ. . .သွား အလုပ်သမားရေ၊ ရုံးချိန်နီးနေပြီ'

'သွားရဦးမယ် ကျောင်းသားကြီးရေ'

သူတို့နှစ်ဦးသည် လက်ဖက်ရည်ဆိုင်တွင်ပင် လမ်းခွဲလိုက်ကြသည်။ ဇော်လှိုင်မြင့်သည် ကားဂိတ်သို့ လျှောက်သွားကာ သူက အလှည့်ကျရာ ဆေးရုံကြီးဘက်သို့ လျှောက်လာခဲ့သည်။

ဗိုလ်ချုပ်လမ်းမတွင် လုံချည်စိမ်းနှင့် ကျောင်းသူလေးများသည် သစ်ရွက်စိမ်းလေးများလို ကြဲပြန့်နေသည်။ ကျောင်းချိန်အမီ ကျောင်းသို့ ခြေကျင် တသွယ်၊ ကားနှင့်တသွယ် တဖွဲဖွဲ စုဝေးလာနေကြသည်။ သူတို့သည် ဆေးရုံကြီးအရှေ့ဘက်ကျောင်းမှဖြစ်သည်။ ယခင်ကတော့ စိန့်ဂျွန်းကွန်ဗင့် ဖြစ်သည်။ ယခုတော့ အ.ထ.က နံပါတ်ဘယ် လောက်နည်း၊ အောင်ကို အသေအချာမသိ။ ဦးလူလု၏သမီးနှစ်ဦးဖြစ်သော မစိုးနှင့် မတိုးလည်း သည်ကျောင်းမှာပင် နေသည်။

'အံမယ်. . .ဒေါက်ချာကြီးပါလား'

'အသည်းလေး ကွဲနေတယ်၊ ဆက်ပေးပါလားကွယ်'

ကျောင်းသူလေးတစ်စုကို အမှတ်မထင် ဖြတ်ကျော်လိုက်ပြီးမှ နောင်တ ရသွားသည်။ သူတို့တွေက အင်အားတောင့်နေချိန်မို့ အောင်ကို အဟားခံ လိုက်ရသည်။ မိန်းကလေးဟူသည့် သတ္တဝါများသည် ယောကျ်ားတို့ အလည်တွင် ရောက်နေလျှင် မျက်လွှာလေးချပြီး နှုတ်ခမ်းလေး တင်းတင်း စေ့ထားတတ်ကြသည်။ တကယ့်ဣန္ဒြေရှင်ဟန် ဆောင်လေ့ရှိသည်။ သို့

www.foreverspace.com.mm

သော်လည်း သူတို့ကြားသို့ ယောကျ်ားကလေး တစ်ဦးတလေ အဖော်ကွဲပြီး ရောက်သွားလျှင်မူ ကစားစရာ အရုပ်ကလေးကို ကစားသလို တစ်ယောက် တစ်ပေါက်ဝိုင်းပြီး မွှေ့တတ်ကြသည်။

'ဟောတော့. . .မသိဘူးထင်တယ်၊ နောက်မှာ ပုဆိုးပေါက်နေတယ် ဒေါက်တာနဲ့ ခက်တော့တာပဲ၊ အို ပဲခူးဝန်ထောက်ကြီး' အောင်ကိုသည် ကျောဘက်မှ မီးစနှင့် အထိုးခံလိုက်ရသလို ကော့သွားသည်။ ခြေလှမ်း အယောင်ယောင် အမှားမှားနှင့် ဆေးရုံကြီးဝင်းထဲ ကွေ့ချိုးဝင်လိုက်သည်။ နောက်ဆုံး စကားကြောင့် ကျောထဲတွင် စိမ့်တက်လာကာ ဖင်မလုံ ဖြစ်သွား သည်။ ဝင်းဝတွင် ရပ်ထားသော ကားတစ်စီး အကွယ်တွင်ရပ်ပြီး ကမန်း ကတန်း ပုဆိုးကို လှည့်လိုက်သည်။

'ချီးမပဲ ခွေးမလေးတွေ'

လမ်းမပေါ်မှ ရယ်သံသဲ့သဲ့ကို ကြားရသည်။ အောင်ကို ပုဆိုးတွင် ဘာအပေါက်မှ မရှိချေ။ သက်သက်အကြောင်ရိုက်ခံလိုက်ရခြင်း ဖြစ်သဖြင့် တစ်မျက်နှာလုံး ပူရှိန်းသွားသည်။

'တောက်. . .သိမယ် ဟင်း'

အောင်ကိုသည် အရှက်ပြေ ဟန်မပျက် ပုဆိုးကို ပြင်ဝတ်လိုက်ရာမှ ကားဘေးလက်တစ်လှမ်းကွာလောက်ရှိ စကားပင်ခြေရင်းရှိ မိန်းကလေးကို အမှတ်မထင်တွေ့လိုက်ရသည်။ သူသည် အောင်ကို၏ အဖြစ်အပျက်ကို အစ အဆုံး မြင်လိုက်ဟန်ရှိသည်။ ဣန္ဒြေမဆောင်နိုင်ဘဲ သွားညီညီလေးများ ပေါ်အောင် ရယ်နေသည်။

'ဟော့ မင်းကိုး'

'ဟုတ်ကဲ့'

အောင်ကိုသည် ဝမ်းသာအားရ နှုတ်ဆက်လိုက်လေသည်။ သည်နေ့

www.foreverspace.com.mm

တော့ မိန်းကလေးသည် မျက်ရည်ရစ်ဝိုင်းသော မျက်လုံးလေးများနှင့် မဟုတ်တော့။ ပြုံးရယ်နေသည်။ ထို့ပြင် ဖိနပ်ဖြူဖြူ အသစ်ကလေး တစ်ရန်ကိုလည်း စီးထားလေသည်။

'ဟိုနေ့က ဘယ်လိုလုပ်လဲ'

'မောင်လေးဖိနပ် စီးသွားရတာပေါ့'

'မောင်လေးက ဆေးရုံတက်နေရသလား'

'ဟုတ်ကဲ့'

'ဘယ်အဆောင်လဲ'

'ဆယ့်တစ်၊ ဆယ့်နှစ်'

'အရိုးကျိုးလို့လား'

'ဟုတ်ကဲ့ ခြေကျိုးလို့၊ သစ်ပင်ပေါ်က လိမ့်ကျတာလေ'

'တော်တော် ဆော့တာပဲ၊ အစ်မနဲ့တူတယ် ထင်တယ်'

'အို. . .ဘာဖြစ်လို့'

'အစ်မကလည်း ဖိနပ်တစ်ဖက်လုံးပျောက်အောင် ဆော့တာကိုး'

'ဟင်. . .ဟုတ်ပဲနဲ့'

မိန်းကလေးသည် ခေါင်းကလေးငဲ့ကာ ရယ်လိုက်သည်။ သူ့ ဘေးတွင် သုံးဆင့်ချိုင့်လေး ချထားသည်။ ထမင်းလာပို့ခြင်း ဖြစ်ဟန်တူသည်။ လက်ထဲတွင် စကားပန်းဖြူဖြူလေး သုံးပွင့်ကို ကိုင်ထားသည်။ ခပ်ရှိုးရှိုး စုစည်းထားသော ဆံပင်ရင်းတွင်လည်း ပန်းလေး တစ်ပွင့်ကို သားရေကွင်းထဲ ထိုးထည့် ပန်ဆင်ထားသေးသည်။

ဆေးရုံကြီးရှေ့ မြက်ခင်းစိမ်းစိမ်းပေါ်တွင် ကြဲပြန့်နေသော ထို စကားပန်း ဖြူဖြူလေးများကို အောင်ကို တစ်ခါမျှ သတိမထားမိချေ။ ယခုမှ နှစ် သက်ဖွယ် ပန်းလှလှလေးများအဖြစ် မြင်လာသည်။

www.foreverspace.com.mm

'အခု ထမင်းလာပို့တာလား'

'ဟုတ်ကဲ့'

'တို့ အားရင် အရိုးဌာန လာခဲ့ဦးမယ်၊ လိုတာရှိ ပြောပေါ့၊ ကဲ ကျောင်းတက်လိုက်ဦးမယ်၊ သွားမယ်နော်'

အောင်ကိုသည် စာသင်ခန်းမဘက်သို့ ကွေ့လျှောက်ခဲ့ပြီး တစ်ဝက်လောက်ရောက်မှ သူ့အမည် မမေးခဲ့ရကြောင်း သတိရသည်။ တစ်ယောက်နှင့် တစ်ယောက် အမည်ပင် မသိသေးသော်လည်း ငယ်ပေါင်းကြီးဖော်လို စိတ်ထဲတွင် ရင်းနှီးနေသည်။

'ရုပ်ကလေးကလည်း လှတယ်၊ နာမည်လေးလည်း လှမှာပါ၊ ဂျမ်းပုံတို့၊ ငွက်ထော်တို့ ဆိုရင်တော့ဒုက္ခ'

* * *

အဘွားသည် ကွမ်းတမြုံ့မြုံ့ဝါးရင်း လက်ကလည်း ကွမ်းသီးစိတ်လေးများကို သေးသည်ထက်သေးအောင် ကွမ်းညှပ်နှင့် ညှပ်နေလေသည်။ အသက် ခုနစ်ဆယ်ကျော်ပြီ ဖြစ်သော်လည်း အဘွား၏ သွားများသည် ကွမ်းတမြုံ့မြုံ့ ဝါးနိုင်သေးသည်။ အဘွား၏မျက်လုံးများသည် ဝေသီလာပြီ ဖြစ်သော်လည်း သတင်းစာကိုတော့ ဖတ်နိုင်သေးလေသည်။ ယခင် သုံးလေးနှစ်တုန်းကမူ အဘွားသည် အပ်ပေါက်ပင် ထိုးနိုင်သေးသည်။ ယခုတော့ ထိုလောက်မျက်စိမကောင်းတော့ပေ။

'မတိုးနဲ့ မစိုး ဘယ်သူပိုလှသလဲ အဘွား'

ညီအောင်သည် အဘွား၏ ဘေးတွင်ရှိ သင်ဖြူးပေါ်တွင် လှဲအိပ်လိုက်ရင်း ပြုံးစစနှင့် မေးသည်။

'ဟဲ့ ညီအောင်၊ နင့်အသက် ဘယ်လောက်ရှိလို့ ဒါတွေ စဉ်းစားနေ

www.foreverspace.com.mm

တာလဲ'

'ဆယ့်ရှစ်နှစ်ရှိပြီ အဘွားရ'

'အေး အဲဒီအရွယ်ဟာ မိန်းမအကြောင်း စဉ်းစားစရာအရွယ်လား'

'အင်းပေါ့ အဘွားကလည်း၊ အဘိုးနဲ့အဘွား ယူကြတုန်းကရော၊ အဘိုးက အသက်နှစ်ဆယ်ဆို၊ အဘွားက သူ့တုန်းကတော့ ယူပြီး သူများ ရည်းစားလေးထားမှာကိုတော့ စိုးရိမ်တယ်၊ ညီအောင် ရည်းစား လိုချင်လှပြီ အဘွားရ'

အဘွား စကားပြန်မပြောတော့ပေ။ ဘာမှ မကြားသလိုလိုနှင့် အိမ်တံစက်မြိတ်တွင် ဆွဲထားသော စပါးတွဲကို ငေးကြည့်နေသည်။ အဘွား စိတ်ဆိုးသွားချေပြီ။ ညီအောင်ပျင်းလျှင် အဘွားကို မိန်းမအကြောင်း လာပြောလိုက်ရုံပင်။ သူ့မြေးကို ကလေးလိုထင်သော အဘွားသည် သား အကြောင်း မယားအကြောင်း စဉ်းစားတတ်သော အရွယ်အဖြစ် လုံးဝ လက်မခံနိုင်ရှာပေ။

'အဘွားကလည်း ညီအောင့်ကိုချစ်ရင် ရည်းစားလေးတစ်ယောက် တော့ ရှာပေးဖို့ ကောင်းပါတယ်'

'နင့်ဟာနင် ရှာပါလား'

'ဒါကြောင့် မေးနေတာပေါ့ အဘွားရယ်၊ မတိုးနဲ့ မစိုး ဘယ်သူလှ သလဲလို့၊ အဘွား ဘယ်သူနဲ့ အမျိုးတော်ချင်လဲဟင်'

'သေနာလေး'

'ဟင် ဘယ်က သေနာလေးနဲ့ အမျိုးတော်ချင်တာလဲ၊ သေနာလေး တော့ ကျွန်တော် မယူချင်ဘူး၊ ကိုကိုနဲ့ ပေးစား'

'ခွေးကလေးနော်'

'ဟောဗျ ကိုကို့ကို ခွေးကလေးနဲ့ ပေးစားဦးမှာလား၊ ဒုက္ခပဲ၊ အဲဒါ

www.foreverspace.com.mm

တော့ သူ့ခမျာ လိုချင်မှာ မဟုတ်ဘူး'

အဘွားသည် ညီအောင်၏ဆံပင်ကို လှမ်းဆွဲလေသည်။ သို့သော် မမိ။ ညီအောင်သည် လိုမ့်ရှောင်လိုက်ပြီး တဟားဟား ရယ်နေသည်။ အဘွားကို စရသည်မှာ ပျော်စရာကောင်းလှသည်။

အဘွားကို စ၊ ထို့နောက် ချော့ ချော့ပြီးသောအခါ မုန့်ဖိုးတောင်းလိုက်ရုံပင်။ သုံးလေးကျပ်တော့ အဘွား၏ ရင်ဖုံးအင်္ကျီအိတ်ထဲမှ ထွက်လာမြဲဖြစ်လေသည်။ အဘွားဆီက မုန့်ဖိုးရသောအခါများမှပင် ညီအောင် စီးကရက်သောက်နိုင်လေသည်။ အဖေ့အလစ်တွင် ဆေးလိပ် ခိုးခိုးသောက်ရင်း ညီအောင် စီးကရက် စွဲချင်နေပေပြီ။

'ဟော တွေ့လား၊ လမ်းမမှာ လျှောက်သွားကြတာ၊ နှစ်ယောက်လုံး လှတယ်နော် အဘွား'

မစိုးနှင့် မတိုးသည် ညီအောင်တို့အိမ်ရှေ့မှ ဖြတ်လျှောက်သွားကြသည်။ လက်ထဲတွင် ဝတ္ထုစာအုပ်လေးတွေ ကိုယ်စီကိုင်ထားကြသည်ကို တွေ့ရသဖြင့် လမ်းထိပ်ရှိ စာအုပ်အငှားဆိုင်သို့ သွားကြခြင်းဖြစ်ကြောင်း ညီအောင်တန်းပြီး သိလေသည်။ သူတို့သည် ညီအောင့်ကို မသိမသာလေး စောင်းကြည့်ပြီး ညီအောင်က ပြန်ကြည့်နေမှန်းသိသောအခါ မမြင်ချင်ဟန် ဆောင်သွားကြလေသည်။

'သူတို့ စာအုပ်သွားငှားကြတာ အဘွားရ'

'အဲဒါ နင်နဲ့ဘာဆိုင်လဲ'

'အဟက် အဘွားများ စာအုပ်ဖတ်ချင်သလားလို့ပါ၊ အခု ကုလားဘိုးတော်စာအုပ်ထွက်နေတယ် ဖတ်မလားဟင်၊ ဘယ်လောက် တော်တယ်မှတ်လဲ၊ ကျောက်ရောင်စုံ လက်စွပ်ကြီးကို လေနဲ့မှုတ်လိုက်တာ ကျောက်တွေကစုပြီး စိန်ကြီးတစ်လုံးတည်း ဖြစ်သွားရောတဲ့'

www.foreverspace.com.mm

'မြတ်စွာဘုရား ဘယ်သူပြောလဲ'

ညီအောင့်ကို တစ်ချိန်လုံး မျက်စောင်းခဲနေသော အဘွားသည် မျက်လုံးပြူးသွားလေသည်။ အဘွားသည် ဝိဇ္ဇာဇော်ဂျီများ၊ ဘိုးတော်၊ မယ်တော်များအကြောင်း နားထောင်ရသည်ကို အလွန်နှစ်သက်လေသည်။ အဘွားအကြောင်း ကောင်းကောင်းသိသော ညီအောင်သည် လက်ဝါးဖြန့်လိုက်သည်။

'စာအုပ်ထဲမှာ အသေအချာ ရေးထားတာပဲ အဘွားရဲ့ ဖတ်ချင်ရင် ပိုက်ဆံပေး ညီအောင် ရှာပြီး ဝယ်ပေးမယ်၊ အငှားဆိုင်တွေမှာတော့ မရဘူး'

'ဘယ်လောက်လဲ'

'သုံးဆယ့်ရှစ်ကျပ်'

အဘွားမျက်နှာသည် ရှုံ့မဲ့သွားသည်။ သူနားကြားများ လွဲရော့သလားဟု နားနောက်တွင် လက်ဝါးလေးနှင့် ကာထားပြီး ကိုယ်က ကိုင်းညွှတ်လာသည်။ ကြားရသော ဈေးနှုန်းကို အဘွား ယုံကြည်ဟန် မရှိချေ။

'သုံးဆယ့်ရှစ်ကျပ်တိတိ အဘွားရေ၊ အဲဒါ ညီအောင် ကော်မရှင် တစ်ပြားမှ မစားဘူး၊ ဈေးရင်း'

'အလိုလေးတော်'

'ဟော့ ညီအောင် မင်းတစ်ချိန်လုံး အမေ့နား အဘွားနား ကပ်ချွဲနေတာပဲ၊ အိမ်ရှေ့က ပန်းပင်တွေ ရေလောင်းပါဦးကွ'

ညီအောင်၏ဖခင် ဆရာဦးလှအောင်သည် အိမ်ထဲသို့ လှမ်းဝင်လာရင်း ပြောလေသည်။ သူ့ဆံပင်များသည် တိုကပ်ပြီး စာကလေး ခေါင်းပြောင်လေးလို ကြည့်ရဆိုးနေသည်။ သားဖြစ်သူက ဆံပင်ညှပ်ရမှာ ကြောက်သလောက် ဖခင်ဖြစ်သူသည်ကား အားအားနေ ဆံပင်ညှပ်ဆိုင်သွားပြီး ဆံပင်ညှပ်သမားကို လုပ်ကျွေးနေသည်ဟု စဉ်းစားရင်း ညီအောင်သည်

www.foreverspace.com.mm

သင်ဖြူးပေါ်မှ ပျင်းပျင်းရိရိ ထလိုက်သည်။

'အား. . .ထပါ အဘွားရ၊ ပန်းခြံထဲ လမ်းလျှောက်ရအောင်၊ အညောင်းပြေပေါ့'

'တော်စမ်း ညီအောင်ရယ်၊ အဘွားကိုပဲ တစ်ချိန်လုံး စ,နေတော့တာပဲ'

အဘွားကို ဆွဲထူနေသော ညီအောင်ကို အမေက မနေနိုင်တော့ဘဲ ဝင်အော်လေတော့သည်။ သူတို့ အိမ်ရှေ့တွင် ခြေသုံးလှမ်းစာမျှလောက်သော မြေပိုလေးရှိသည်။ အရှေ့နှင့်အနောက် ခြေသုံးလှမ်း တောင်နှင့် မြောက် ငါးလှမ်းစာမျှ လှမ်းရသော မြေပိုလေးထဲတွင် ပန်းအိုးများဆင့် ချကာ တတ်သမျှ မှတ်သမျှ အကုန်စိုက်ပျိုးထားသည်။ စံပယ်ပင်လည်းပါသည်။ မီးကွင်းဂမုန်းနှင့် မယ်တော်ကြီး ဂမုန်းလည်း ပါသည်။ လေးကျွန်းကြာခိုင် အနီပွင့်ကြီးများအပြင် မြေသစ်ခွများလည်း ရှိသေးသည်။ ထိုပွတ်သိပ်ထိုးနေသော ပန်းအိုးများကို ဆရာဦးလှအောင်က ညနေတိုင်း ရေလောင်းသည်။ တစ်ခါတစ်ရံလည်း ညီအောင် လောင်းရတတ်သည်။ အောင်ကို ကြုံလျှင်လည်း လောင်းသွားတတ်သည်။ ပန်းပင်များသည် ကောင်းစွာ ပန်းမပွင့်သော်လည်း ရေဝဝ သောက်သုံးရသဖြင့် ဝေဆာစိမ်းလန်းနေလေသည်။

ညီအောင်သည် အိမ်ရှေ့မထွက်မီ မှန်ရှေ့တွင်ရပ်ပြီး ခေါင်းဖြီးလိုက်သည်။ သူသည် အောင်ကိုလောက် အရပ်မမြင့်သော်လည်း ကျစ်ပြီး တောင့်တင်းလေသည်။ မျက်နှာသွယ်သွယ် ပိရိသောနှုတ်ခမ်းနှင့် ရယ်ပြုံးနေတတ်သော မျက်လုံးများကို ပိုင်ဆိုင်သည်။ မစိုးနှင့် မတိုးတို့က ညီအောင့်ကို ဒေးဗစ်ချန်းနှင့် တူသည်ဟု ပြောသည်ကို တစ်ဆင့်စကား ပြန်ကြားခဲ့ရလေသည်။ ဒေးဗစ်ချန်းသည် လက်တစ်ဖက် လူစွမ်းကောင်း ဓားသမားကားထဲမှ မင်းသားဖြစ်သည်။ အစတုန်းကတော့ သူ့ကိုယ်သူ တူသည်ဟု မထင်မိချေ။ မတိုးတို့ ပြောသောအခါ အူအမြူးကြီးမြူးပြီး ကိုယ့်ကိုယ်ကိုယ်

www.foreverspace.com.mm

မှန်ထဲ အသေအချာ ကြည့်ပြီးရင်း ကြည့်ရင်းနှင့် ကျေနပ်မဆုံးအောင် ဖြစ်ခဲ့ရသည်။ ထိုတရုတ်ကားကို သူ လေးငါးခါ ကြည့်ပြီးပြီ။ နောက်ထပ်လည်း ကြည့်ရဦးမည်။ ကိုယ် နှင့်တူသော မင်းသားကို ကိုယ်အားပေးရမည်။

အဖေက မျက်စောင်းထိုးသောအခါမှ ညီအောင်သည် ရေပုံးဆွဲပြီး အိမ်ရှေ့ ထွက်ခဲ့လေသည်။ ပုံးထဲမှ ရေများကို ကြုံးခပ်၍ ပန်းပင်များ ပေါ် ဖြန်းပြီး ပက်ဖျန်းလိုက်သည်။

'ဟော့. . .ကိုကို၊ ဘာလို့ နောက်ကျလာတာလဲ ထမင်းဆာပြီကွ'

ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်လာသော အောင်ကိုကို တွေ့သောအခါ မေးမေးပြောပြော ရေနှင့် မထိတထိ လှမ်းပက်လိုက်သည်။

'ဟကောင် နာရီစိုမယ်'

ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာသော အောင်ကိုလတ်သည် ဖြုန်းခနဲ လန့်သွားပြီး ခုန်လိုက်သည်။ ညီအောင်က နောက်ထပ် မထိ တထိ လှမ်းပက်ရင်း တဟားဟား ရယ်နေလေသည်။

'ရေစိုရင် ရေမြန်မြန်ချိုးဗျ၊ ထမင်းဆာပြီ၊ စောင့်နေရတာ အူကို လိမ်ချောက်နေပြီ'

'ကောင်းပါပြီ ခင်ဗျာ'

အောင်ကိုသည် အိမ်ပေါ်သို့ အပြေးအလွှား တက်လာခဲ့သည်။ ညီအောင် အူလိမ်သည် ဆိုသည်ကလည်း လိမ်လောက်ပေပြီ။ သည် နေ့ညနေ သူနောက်ကျသည်မှာ အမှန်ပါပေ။ အရိုးဌာနသွားနေသောကြောင့်ဖြစ်သည်။ လူလှသလို သူ့နာမည်လေးကလည်း လှသည်။ လေးနွယ်ဟူသော အမည်လေးသည် ခေါ်၍ကောင်းလှသည်။ မိသားစုစုံမှ ထမင်းစားလေ့ရှိသည်ကို သတိရသောကြောင့်သာ အပြေးအလွှား ပြန်ခဲ့ရသော်ငြားလည်း သူ့စိတ်အစိအစဉ်သည် ဆေးရုံတွင် ကျန်ခဲ့လေသည်။

www.foreverspace.com.mm

'ဤသံသရာ ဝဋ်ဘာထဲ ငဲ့. . .ငဲ့. . .ဝယ်
ကြုံလာပြန်တယ် လူ့လောကအလယ်
ကံစီမံရာကို မလွဲ ငဲ့. . .ငဲ့. . .ဖြစ်မယ်
ဆင်ခြင်ပြန်ပေါ့ကွယ် . . .'

ညီအောင်သည် ရေပုံးဆွဲကာ အိမ်ပေါ် ပြန်တက်လာရင်း သီချင်းတအေးအေး ဆိုလာသည်။ စိမ်းဆိုလန်းဆန်းသော သစ်ပင်လေးများကို ကြည့်ကာ ပြုံးနေသော ဦးလှအောင်၏ မျက်နှာသည် ရုတ်တရက် မဲ့သွားသည်။ ထို့နောက် သားငယ်ကို စောင်းကြည့်ရင်း မိုးချုန်းသံကြီးနှင့် အော်လိုက်သည်။

'ဟေ့ ကောင် ညီအောင် မင်းသီချင်းဆိုရင် ကောင်းကောင်းဆိုကွ'

'ဗျာ ကျွန်တော် ကောင်းကောင်း ဆိုနေတာပဲ ဖေဖေရဲ့'

'ဘာ ကောင်းကောင်း ဆိုတာလဲ၊ အဲဒီ သီချင်းထဲမှာ ငဲ့..ငဲ့ငဲ့.. ဆိုတာတွေက ဘယ်ကပါလာသလဲ၊ ထွတ်'

'ဖေဖေရဲ့ သူတို့ စ,ဆိုကတည်းက ပါတာ၊ ကျွန်တော်က သူတို့ ဆိုတဲ့အတိုင်း ဆိုတာ'

'ဘာ'

'အဟုတ်ပါ၊ ကံစီမံရာကိုမလွဲ ငဲ့. . .ငဲ့. . .ဖြစ်မယ် အဲဒီလိုပဲ'

ညီအောင်သည် မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ်နှင့် ယောင်နန ရပ်နေရင်းမှ လျှောက်လဲချက် ပေးနေသည်။ သူထွင်ကာ ကွန့်ဆိုခြင်း မဟုတ်။ မူရင်းအတိုင်း သီကျူးမိသည်ကို ဖခင်ဖြစ်သူက ဘာလို့များ စိတ်အလိုမကျ ဖြစ်နေရသည် မသိဟု တွေးရင်း ခေါင်းကုတ်လိုက်သည်။

'ဒီလိုပဲ ဆိုသလားဟ'

'အဟုတ်ပါတော်၊ သူ့နဂို သီချင်းကတည်းက ငဲ့. . .ငဲ့. . .ငဲ တွေ

www.foreverspace.com.mm

ပါတာ၊ တော်က ကျုပ်သားလေးကို ဘာလို့ ရန်ရှာနေရတာလဲ၊ မယုံရင် ဦးလူလှတို့အိမ်က ကက်ဆက်ကြီးဖွင့်တော့ သွားနားထောင်ကြည့် သူဆိုသလိုပဲ ကဲ'

'အေး အေး နားထောင်ကြည့်ရသေးတာပေါ့'

ဇနီးသည်က ညီအောင့်ဘက်မှ ရပ်တည်လာသောအခါ ဦးအောင်လှ မကျေမချမ်းနှင့် အလျှော့ပေးလိုက်ရလေသည်။ စိတ်ထဲကတော့ သိပ်မကျေနပ်ချင်။ ဒီကောင် ညီအောင် ထွင်ကာ ကွန့်ညွှန့်ပြီး တငဲ့.. ငဲ့ . . .လုပ်နေသည်ဟုသာ ထင်မှတ်နေမိသည်။

ရေချိုးခန်းထဲမှ အောင်ကိုသည် သူတို့အသံတွေကို အကုန်ကြားနေရသဖြင့် ရေဆက်မချိုးနိုင်သေးဘဲ တခစ်ခစ် ကျိတ်ရယ်နေမိလေသည်။ မျက်နှာများကို မတွေ့ရသော်လည်း ညီအောင်ခမျာ အူတူတူနှင့် သက်ပြင်းချလိုက်ရှာမည်ကိုလည်းကောင်း၊ အဖေကလည်း မကျေမနပ်နှင့် မျက်မှောင်ကုပ်နေမည်ကိုလည်းကောင်း အောင်ကို သိလေသည်။

ညီအောင်နှင့် အဖေ့ကြားမှာဖြစ်သော ပြဿနာလေးများသည် တစ်ခါတစ်ရံ ထိုကဲ့သို့ ကြားကလူ ကျိတ်ပြီး ရယ်နေရတတ်သည်။ အဖေသည် လူငယ်များနှင့် ထာဝစဉ် ထိတွေ့ဆက်ဆံနေရသော ကျောင်းဆရာတစ်ဦးဖြစ်သော်လည်း ခေတ်လူငယ် ညီအောင်ကိုကား ထက်ကြပ်မကွာ လိုက်မမီပေ။ သူတို့နှစ်ယောက်ကြားတွင် ကွာဟမှု လေးများ ရှိလေသည်။ ထိုကွာဟမှု အသေးအဖွဲလေးများသည် အဖေ့ ကိုရော ညီအောင်ကိုပါ မကြာခဏ စိတ်အနှောင့်အယှက် ပေးလေ့ရှိ သည်။

ညီအောင်သည် သူ့စိတ်ကြိုက် သီချင်းများကို မဆိုရဲတော့ချေ။ ပါးစပ်ကလည်း အငြိမ်မနေနိုင်သဖြင့် အဖေ့အကြိုက် တတ်သမျှ မှတ်သမျှ ရှေးသီချင်းများကို ဆိုနေပြန်သည်။

www.foreverspace.com.mm

အောင်ကိုသည် သီချင်းသံကို နားထောင်ရင်း ရေချိုးခန်းထဲတွင် တစ်ဦးတည်း ဗိုက်နှိပ်ပြီး ကျိတ်ရယ်မိပြန်လေသည်။ ညီအောင့် အသံသည် ဌာန်ကရိုဏ်း မကျလှချေ။ သို့သော် အဖေ့ဆူသံကိုမှ မကြားရ ပေ။

'မြမန်းဂီရိ သေလာတောင် . . .နန်းတည်ထောင် ဘုန်းရောင် နေသို့လင်း . . .ရာဆူ ဆူ ပြည်သူခဝပ်စင်း . . .'

*  *  *

ခင်မလတ်သည် ခပ်သဲ့သဲ့ ကြားရသော ညီအောင် သီချင်းသံကို ခေါင်းလေးငဲ့၍ စူးစိုက်နားထောင်သည်။ အံ့ဩစိတ်နှင့် မျက်ခုံးလေး နှစ်ဖက် ချီပင့်သွားသည်။ ဘိုးတော်ဘုရား လေးဘက်ထောက်တုန်းက သီချင်းဟောင်းကြီးကို ညီအောင်တစ်ယောက် ဘာစိတ်ကူးပေါက်၍ သီကျူးနေပါလိမ့်မည်ဟု တွေးနေမိသည်။

'သမီး မလတ် နေ့ခင်းက ဘယ်သွားသေးတုန်း'

ခင်မလတ်၏ မိခင်ဒေါ်ကျော့သည် သမီးဘေးတွင် ဝင်ထိုင်လိုက်ရင်း မေးသည်။

'ရုံးသွားတယ်လေ အမေရဲ့'

'ဟုတ်ပါဘူး၊ ရုံးကနေ အပြင်များ ထွက်သေးလားလို့'

'သြော် . . . သြော် . . .ဟုတ်တယ်၊ သမီး သူငယ်ချင်းတွေလာလို့ ဈေးခဏသွားပြီး မုန့်ကျွေးတယ်၊ ဘာဖြစ်လို့လဲဟင်'

'ဘာမှ မဖြစ်ပါဘူး၊ သမီး သူငယ်ချင်းတွေက ယောကျ်ားလေးတွေလား'

'သြော် . . . အမေရယ်'

www.foreverspace.com.mm

ခင်မလတ်သည် ခပ်ညည်းညည်းလေးပြောရင်း သက်ပြင်းချလိုက်သည်။ လူသားတို့ လကမ္ဘာကိုပင် ခြေချပြီးဖြစ်သည့် ဒုံးပျံဂြိုဟ် တုခေတ်ကို အမေတို့က ဘိုးတော်ဘုရားမျက်စိကြီးများနှင့် ကြည့်နေကြလေသည်။

'အမေရယ်. . .သမီး တက္ကသိုလ်မှာ နှစ်နှစ်နေခဲ့တာပဲ၊ အဖေဆုံးတော့မှ စီးပွားရေးကြောင့် အလုပ်ဝင်ရတာ မဟုတ်လား၊ သမီးမှာ သူငယ်ချင်းတွေ အများကြီးပေါ့၊ နောက်ပြီး သမီးက တက္ကသိုလ်မှာတုန်းက နာမည်ကြီး'

'အေး နာမည်ဆိုတာ နည်းနည်းကြီးရင် ကောင်းတယ်၊ သိပ်ကြီး ရင် မကောင်းဘူး မိရွှေလတ်ရဲ့'

ဆင်ငှေ့ရန်ရှောင် ပြောနေသော ခင်မလတ်ကို စေ့စေ့ကြည့်ရင်း ဒေါ်ကျော့သည် ခပ်တင်းတင်း ပြောလေသည်။ သူ့မျက်လုံးအိမ်တွင် မျက်ရည်များ ဝေ့ဝဲနေသည်။

ခင်မလတ်သည် အမေ့မျက်နှာထားကို မော်ကြည့်ရင်းရုတ်တရက် လန့်သွားသည်။ တစ်စုံတစ်ခုသော ကိစ္စကြောင့် အမေ စိတ်ထိခိုက်နေပြီကို သိသဖြင့် ခေါင်းငုံ့ကာ ငြိမ်နေလိုက်သည်။ မိခင်ဖြစ်သူကို သူ သည် သမီးမှာ သူငယ်ချင်းတွေ အများကြီးဟု ပြောခဲ့သည်။ စင်စစ် အားဖြင့် သမီးမှာ ချစ်သူတွေ အများကြီးဟုပြောမှ မှန်မည်ကိုလည်းသိသည်။ ခင်မလတ် နာမည်ကြီးသည်မှာ အမှန်။ ယောကျ်ားလေးများကို မွှေ့ကစားတတ်သော ချစ်သူ ထည်လဲပြောင်းတတ်သော ခင်မလတ်အဖြစ် သူနာမည်ကျော်ခဲ့သည်ကို အမေလည်း ရိပ်မိလောက်ပါသည်။

'ယောကျ်ားတွေနဲ့ ထည်လဲတွဲနေတာ ကောင်းတဲ့အလုပ် အောက်မေ့ နေလား၊ တော်ကြာ ဟိုနားက တစ်ယောက်တွေ့လာ၊ ဒီနားက တစ်ယောက် တွေ့လာ၊ ဟိုလူလာပြော ဒီလူလာပြော'

www.foreverspace.com.mm

'ရိုးရိုးသားသားမို့ သမီးက လူမြင်သူမြင် လူတောထဲသွားတာပေါ့ မရိုးမသားရင် ဒီနေရာတွေတောင် မသွားဘူး'

'အံမာ. . .ညည်းက'

'ဟုတ်တယ်လေ အမေရဲ့၊ လူဆိုတာ ပါးစပ်ပေါက်တွေ ပါနေတော့ မသေမချင်း အတင်းပြောနေမယ့် သတ္တဝါတွေ သမီးသိပါတယ်။ ဈေးထဲမှာ ဦးလူလှ ကတော်ကြီးကို သမီးတွေ့လိုက်သားပဲ၊ ကြည့်လိုက်တာ ပြူးလို့ အိမ်ရောက်ရောက်ချင်း အမေ့ကို လာပြောတယ် မဟုတ်လား၊ ရှင့်သမီးကို ကောင်လေးတစ်ကောင်နဲ့ တွေ့ပြန်ပြီလို့၊ ကဲ တွေ့တော့ ဘာဖြစ်လဲ၊ သမီးကိုပိုးတဲ့ လူတွေပေါတော့ ဘာဖြစ်လဲ၊ အလကား သူ့သမီး မစိုးနဲ့ မတိုးက သုံးမရတဲ့ ရုပ်တုံးလေးတွေမို့ ကြိုက်တဲ့လူ မရှိ၊ ပိုးတဲ့သူ မရှိတော့ သမီးတို့ကိုပဲ ပုံသလေး၊ ထ, သလေးနဲ့ မျက်စောင်းထိုးနေတာ၊ သမီးသူငယ်ချင်းတွေက ချမ်းချမ်း သာသာ ဂုဏ်သရေရှိတွေချည်းပဲ'

ခင်မလတ်သည် တရားခံကို အတတ်တွေးလိုက်မိသဖြင့် ရှူးရှူး ရှားရှားဖြစ်သွားသည်။ သူတို့ ကျောက်ကျောသောက်နေစဉ် ပြူးတူး ပြဲတဲ ကြည့်ကာ ဖြတ်သွားသော ဦးလူလှကတော်ကြီးသည် အမေ့ဆီသို့ ချက်ချင်း သတင်းပို့မည့်သူအဖြစ် ထိုစဉ်က မတွေးမိခဲ့ပေ။

'မိန်းမဆိုတာ အရှုံးဘက်ကချည်းပဲ၊ ယောကျ်ားနဲ့ မိန်းမဟာ ဆူးနဲ့ ဖက်လိုပဲ'

'အမေရယ် ခုခေတ်မှာတော့ ဖက်မာလို့ ကျိုးသွားတဲ့ ဆူးတွေ ပြည့်လို့'

ဒေါ်ကျော့သည် သက်ပြင်းရှည်ကြီး ချလိုက်လေသည်။ သူ့သမီးကို သူနိုင်အောင် မပြောနိုင်ချေ။ ခုမှမဟုတ်။ ငယ်စဉ်ကတည်းက ခေါင်း မာသော၊ စိတ်ကြီးသော၊ ထင်ရာ ဇွတ်လုပ်တတ်သော ခင်မလတ်သည် သူ့ အဖေကိုသာ အနည်းငယ် ကြောက်လေသည်။ အဖေ ဆုံးသွားသောအခါ

www.foreverspace.com.mm

ဤကမ္ဘာ လူ့လောက၌ ခင်မလတ် ကြောက်ရွံ့ အရေးထားရမည့် သူ တစ်ဦး တစ်ယောက်မျှ မရှိတော့ပေ။

ဒေါ်ကျော့ သက်ပြင်းချလိုက်သလို ခင်မလတ်သည်လည်း ပင့်သက် ရှိုက်လိုက်မိသည်။ ယောက်ျားလေးများနှင့် လက်ပွန်းတတီး ရင်းရင်းနှီးနှီး မသွားလာသင့်ကြောင်း၊ တစ်ခါတစ်ရံလည်း ခင်မလတ် တွေးမိသလိုလို ရှိသည်။ သို့ရာတွင် သူတို့ ချစ်လက်ဆောင်ပေးသော အင်္ကျီစ၊ လုံချည်စ၊ ပိုက်ဆံအိတ်လေးများက ခင်မလတ်ကို သူတို့ဆီ တွန်းပို့နေလေသည်။

'အလကား မိန်းမကြီး၊ သူများအတင်း ပြောဖို့လောက်ပဲ ကြည့်နေတာ၊ သူ့ယောက်ျားကြီးကလည်း ဆိုးလိုက်တာ၊ ဖြူရိုကရက် အပုပ် အစပ်ကြီးတဲ့'

ခင်မလတ်သည် ဦးလူလုတို့ အိမ်ကို မျက်စောင်းလေးနှင့် ကြည့် ရင်း စိတ်ထဲမှ မကျေမချမ်းနှင့် ရေရွတ်နေမိလေသည်။ ဦးလူလု ကတော်ကြီးကိုမူ မတွေ့ရပေ။ အိမ်ရှေ့ခန်းတွင်မူ မောင်မောင်နိုင်နှင့် ဖိုးဂျင်တို့ ထိုင်နေကြသည်။ မောင်မောင်နိုင်၏ ဂီတာကို ဖိုးဂျင်က တဒေါင်ဒေါင်နှင့် ခေါက်လျက်ရှိသည်။ ပေါက်ကရ တီးနေသော ဂီတာသံသည် တဂျောင်ဂျောင် ဂျင်ဂျင်နှင့် နား ထောင်၍ မကောင်းပေ။

ခုတလော မောင်မောင်နိုင်နှင့် ဖိုးဂျင်တို့ အလွန်အတွဲညီနေကြသည်။ တက္ကသိုလ်တွင် ဘာသာတွဲတူသဖြင့် တစ်ဦးနှင့် တစ်ဦး စာ ဆွေးနွေးသည် ဟုဆိုကြသည်။ ယခု တက္ကသိုလ်များ ရက်ရှည်ပိတ်နေ ပြန်သောအခါ၌ လည်း စာအုပ်များကို ချောင်ထဲ ထိုးထည့်ထားကြကာ အတွဲမပျက်ကြပေ။

ခင်မလတ်သည် မောင်မောင်နိုင်ကို သိပ်ပြီးကြည့်မရချေ။ကလေး သုံးယောက်အဖေ ဖြစ်သော်လည်း လူပျိုလို နေသည်။ သားတာဝန်၊ မယား တာဝန် ဘာကိုမျှ အရေးထား စဉ်းစားပုံ မရပေ။ သူ့အစား သူ့ အဖေက သူ့သား၊ သူ့မယား တာဝန်ကို ထမ်းနေရသည်။ သူ့ကြည့်လိုက်လျှင်တော့

www.foreverspace.com.mm

ထားဝစဉ် ကျော့မော့နေသည်။ သူ့ကလေးကိုပင် လူရှေ့ သူရှေ့ ချီပိုးလေ့မရှိ။ လူပျိုဘဝက အမေ၊ အဖေ ဝယ်ပေးထားသော ဂီတာအသံကွဲကြီးကိုလည်း တဒေါင်ဒေါင်ခေါက်ပြီး ဟန်ရေးပြ လေ့ ရှိသေးသည်။ သူ့ကို အားကျနေသည်ကတော့ ဖိုးဂျင်ဖြစ်သည်။ စားဖို့၊ ဝတ်ဖို့၊ နေဖို့ ဘာမှမပူရ။ မိန်းမယူလျှင် ကလေးမွေးလျှင်ပင် ကျွေးထားမည့် အဘိုးကြီးက မားမားမတ်မတ်ရှိသည်။ သည်လိုတမ်းသာဆိုလျှင် ဖိုးဂျင်တို့လည်း မိန်းမယူချင်စမ်းလှသည်ဟု ကုန်းပြီး ဟစ်လိုက်ချင်ပုံရနေလေသည်။

ခင်မလတ် ကြည့်နေစဉ်တွင်ပင် မစိုးနှင့် မတိုးတို့ ပြန်လာကြသည်။ ဖြန့်ချထားသော ဆံပင်များသည် သူတို့ပခုံးပေါ်တွင် ဝဲလွင့်နေသည်။ ဆံပင်ပုံစံအတူတူ၊ အရပ်အမောင်းနှင့် ရုပ်ချင်း မတိမ်းမယိမ်းရှိသော မစိုးနှင့် မတိုးသည် အင်္ကျီလုံချည် ဆင်တူဝတ်ထားပြန်သောအခါ အမြွှာညီအစ်မနှင့်ပင်တူနေသည်။ သူတို့၏ မျက်လုံးများသည် ဦးလှအောင်၏ အိမ်ဆီသို့ ဝဲသွားကြသည်ကို ခင်မလတ် သတိထားလိုက်မိလေသည်။

'မစိုးရေ ဘာစာအုပ် ငှားခဲ့လဲ'

ထားထားတို့ အိမ်ခန်းဆီမှ အသံထွက်လာသည်။ ခင်မလတ်သည် အိမ်အပြင်မှနေပြီး အသာငဲ့ကြည့်လိုက်မိသည်။ ထားထား၏ အစ်မလှလှသည် အိမ်ထဲမှ ခြေတစ်ဖက် တရွတ်ဆွဲ ထွက်လာရင်း လှမ်းမေးနေလေသည်။

'စာအုပ်အသစ် အစ်မရေ ဘာသာပြန်'

'ဆိုင်းဘာဘာ မရှိဘူးလားဟင်'

'မတွေ့ဘူး အစ်မရဲ့'

'အဲဒီစာအုပ် သိပ်ဖတ်ချင်တာပဲ၊ မိထားထားက အားလည်းမကိုးရဘူး'

www.foreverspace.com.mm

'အစ်မ မစိုး အင်္ကျီပြီးပြီလားဟင်'

'နက်ဖြန်မှယူ မစိုးရေ'

'မြန်မြန်နော် အစ်မ၊ သန်ဘက်ခါ ဝတ်ချင်လို့'

'အေးပါကွယ်'

လမ်းနှင့်အိမ်ပေါ် အမေးအဖြေ လုပ်နေကြသဖြင့် ခင်မလတ်သည် အကုန်ကြားရလေသည်။ လုလုသည် မိန်းမအင်္ကျီများကို အနည်းအကျဉ်း လောက် လက်ခံပြီး လက်ချုပ် ချုပ်ပေးလေ့ရှိသည်။ မစိုးနှင့် မတိုးသည် လုလုထံမှာပင် အင်္ကျီအပ်လေသည်။ ဗိုလ်ချုပ်ဈေးထဲတွင် တစ်ထည် ခုနစ်ကျပ် ယူသော်လည်း လုလုထံအပ်လျှင် လေးကျပ်ခွဲပင် ပေးရလေသည်။ ငွေကုန် သက်သာသော်လည်း အချိန်ကုန်ခံပြီး စိတ်တော့ရှည်ရသည်။ ဗိုလ်ချုပ်ဈေးတွင် တစ်ပတ်ကြာလျှင် အင်္ကျီရသော်လည်း စမ်းတဝါးဝါး လုပ်တတ်သော လုလုထံတွင်မူ အနည်းဆုံး နှစ်ပတ်စောင့်ရလေသည်။ အင်္ကျီချုပ်လျှင် မြန်မြန်ထက်ထက်ရပြီး မြန်မြန်ဝတ်ချင်သော ခင်မလတ်ကမူ လုလုကို ဝေးဝေးက ရှောင်လေသည်။

'အစ်မရေ မြန်မြန်နော်'

'အေးပါဟယ် အေးပါ'

မစိုးနှင့် မတိုးသည် သူတို့အိမ်ထဲ လှမ်းဝင်သွားကြသည်ထိ ခင်မလတ် လိုက်ပြီးကြည့်နေမိသည်။ သူတို့ကို လိုက်ကြည့်နေရ၍ မျက်စိ မအားသလို တစ်ဖက်ခန်းမှ စူပွစူပွ ပြောနေသော လုလု၏ အသံကို နားစွင့်နေရ၍လည်း နားက မအားရပေ။

'ဒီစာအုပ် ဖတ်ချင်ပါတယ်ဆိုမှ ဘယ်မှာမှ ရှာမရဘူး၊ မိထားထားက လည်း အားမကိုးရဘူး၊ ဘယ်တော့များမှ ဖတ်ရမှာလဲ မသိဘူး'

*  *  *

www.foreverspace.com.mm

ထားထားသည် အိပ်ရာပေါ်တွင် ခွေခွေလေး အိပ်နေရင်းမှ လှလှ၏ အသံကို လျစ်လျူရှုထားလေသည်။ နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထား သော်လည်း မျက်လုံးအိမ်တွင် စိမ့်အိုင်လာနေသော မျက်ရည်ပူများကို ပြန်ဝင် သွားအောင် မတတ်နိုင်ခဲ့ပေ။

မျက်နှာကို ခေါင်းအုံးထဲတွင် မြှုပ်ကာ အားရပါးရ ငိုပစ်လိုက်ချင်သော် လည်း လှလှ ရိပ်မိမည်စိုးသဖြင့် မနည်းစိတ်တင်းထားရသည်။

'ဟဲ့. . .ထားထား ဘာဖြစ်နေလဲဟင်၊ ကြည့်စမ်း မျက်ရည်တွေနဲ့ ပါလား'

'ခေါင်းကိုက်လို့ပါ မမရယ်'

'ဟင်. . .သိပ်ကိုက်နေလား'

'အရမ်းကိုက်တာပဲ'

ထားထားသည် ပြောရင်းဆိုရင်း မျက်ရည်များ သွန်ကျလာလေသည်။ လှလှသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ပျာယာခတ်သွားသည်။

'စောစောက ပြောရောပေါ့ဟယ် နင်ကလဲ၊ ကြည့်စမ်း ဘာဆေး သောက်ပြီးပြီလဲ'

'ခေါင်းကိုက်ပျောက်ဆေးပြားလေ၊ သောက်ထားပါတယ်'

ထားထားသည် လက်နှစ်ဖက်ကြားတွင် မျက်နှာလေးကို မသိမသာ ဝှက်လိုက်ရင်း ဖွတ်လိမ်လိုက်လေသည်။ စိုးရိမ်မှု ယှက်သန်းနေသော လှလှ ၏ အရိုးခံ မျက်နှာလေးကို မကြည့်ရဲ၊ မကြည့်ရက်ပေ။

'နင်က ထီးယူဖို့ အင်မတန် ပျင်းတာကိုး မိထားရယ်၊ နေပူမိတော့ ခေါင်းကိုက်တာပေါ့၊ မှန်းစမ်း နားထင်ကြောလေး နှိပ်ပေးမယ်'

'နေပါစေ ရပါတယ်'

ထားထားက ငြင်းပယ်သော်လည်း လှလှသည် ထားထား၏ ခေါင်း

www.foreverspace.com.mm

ကို အသာနိုပ်ပေးလေသည်။

လုလု၏ မျက်ဝန်းများကို ရင်မဆိုင်ရဲသောကြောင့် ထားထားသည် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

နှိပ်နယ်နေသော လုလု၏ လက်ချောင်း ထိပ်လေးများသည် မာကြမ်းနေသည်။

မွေးကတည်းက ခြေတစ်ဖက်သိမ်နေသဖြင့် လုလုခမျာ အိမ်ထဲက အိမ်ပြင်သို့ သိပ်ပြီး ထွက်လေ့မရှိပေ။ ခြေတစ်ဖက် မသန်သော်လည်း သူ့လက်ကလေး နှစ်ဖက်သည်ကား သန်မာအသုံးဝင်လှသည်။ ထမင်းချက်၊ ဟင်းချက်၊ အိုးတိုက်၊ အဝတ်လျှော်၊ အိမ်ရှင်မ အလုပ်များသာမက အားသောအချိန်များတွင် တကုတ်ကုတ်နှင့် အကျီချုပ်လေ့ရှိသည်။

'သက်သာရဲ့လား'

'သက်သာပါတယ် မမရယ် ထားထား ငိုက်လာတာပဲ၊ အိပ်လိုက်ရရင် ကောင်းမလား'

'ညနေစောင်းကြီး ထမင်းစားပြီးစကြီးကို'

'တစ်ဆက်တည်း အိပ်လိုက်တော့မယ်လေ'

'အေး အေး အိပ်ချင်ရင်လည်းအိပ်၊ နင့်ကျောင်းအလုပ်ကလည်း ပင်ပန်းတယ်ဟယ်၊ တစ်နေ့ တစ်နေ့ အသံပြာအောင် အော်နေရတာ၊ ခြင်ထောင်ချလိုက်မယ်နော်၊ ခြင်အားကြီးကိုက်တယ်'

'ဟုတ်ကဲ့'

ထားထားသည် အိပ်ချင်စိတ် ကြီးစိုးနေသူလို အသံသဲ့သဲ့လေးနှင့် ဖြေလိုက်သည်။

မျက်လုံးကို စုံးမှိတ်ထားသော်လည်း သူ့မျက်နှာကို ထင်းထင်းကြီး

www.foreverspace.com.mm

မြင်နေရသည်။ နာကျည်းစိတ်၊ ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ မကျေနပ်စိတ်တို့သည် နှလုံးသားထဲတွင် စုခဲနေကြသည်။

'အဲဒီ ဆိုင်းဘာဘာ ဆိုတာက ရောဂါအစုံ ကုနိုင်တယ်တဲ့၊ လမ်းမလျှောက်နိုင်တဲ့ သူတွေကိုလည်း လျှောက်နိုင်အောင် လုပ်ပေးသတဲ့'

'ဟုတ်ရဲ့လားဟာ'

'ဒါကြောင့် ဖတ်ကြည့်ချင်တာပေါ့ အဖေရဲ့'

'ဖတ်တော့ ဘာလုပ်မလဲ၊ တို့နဲ့ ဘာဆိုင်တာလိုက်လို့၊ သူက ဘာလုပ်ပေးမှာမို့လဲ'

'သြော်. . .အဖေကလည်း ကျွန်မခြေထောက်ကို ပြချင်လို့ပေါ့၊ ကျွန်မခြေထောက် အကောင်းအတိုင်း ဖြစ်သွားအောင် သူက ကုချင်ကု နိုင်မှာပေါ့'

အဖေနှင့် လှလှတို့၏ စကားသံကို ကြားသောအခါ ထားထားသည် တင်းတင်းဆုပ်ထားသော လက်များကို ဖြေလျှော့လိုက်သည် လှလှသည် သန်စွမ်းသော လူကောင်းတစ်ဦးလို သွားလာ လှုပ်ရှားလို စိတ်ပြင်းပြနေရှာပေသည်။ အဖေ၏ ပြန်ပြောသံကို မကြားရပေ။ လှလှကို ကြင်နာသည့် မျက်လုံးကြီးများနှင့် ကြည့်နေမည်ကို ထားထား သိလေသည်။

'မမရယ် ထားထားကိုလည်း အပျိုပြန်ဖြစ်အောင် လုပ်ပေးနိုင်ရင် သိပ်ကောင်းမှာ၊ ဒါသာဆိုရင် ထားထား နောက်တစ်ခါ မမိုက်တော့ပါဘူး၊ အယုံမလွယ်တော့ပါဘူး'

*　　　*　　　*

'မိန်းမတွေကို အလုပ်ခန့်တာတော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ကလေးတွေက တယ်မွေးတာကိုးဗျ၊ အလှည့်ကျ လှည့်ပြီးမွေးခွင့်ယူနေကြတာ၊ ရုံး

www.foreverspace.com.mm

အလုပ်တယ်ပျက်တယ်ဗျာ'

ဦးလူလှသည် ခပ်ပြုံးပြုံးပြောရင်း ခွင့်တင်ထားသူများ စာရင်းကို ဖတ်ကြည့်နေသည်၊ ခွင့်ယူသူ များပြားလှချေသည်။ တချို့သည်လည်း လုပ်သက်ခွင့်၊ ရှောင်တခင်ခွင့် အကုန် ကုန်ဆုံးနေပြီဖြစ်၍ လစာမဲ့ခွင့် များပင် ယူထားကြသည်။

'ခွင့်ယူတဲ့သူတွေ တယ်များပါလားဗျ'

'ဟုတ်ကဲ့'

သူ့ရှေ့တွင် ခပ်ရို့ရို့ရပ်နေသော ရုံးအုပ်ကြီးက သံယောင်လိုက်ကာ ခေါင်းညိတ်လေသည်။ သူသည် ဟုတ်ကဲ့ဟု ပြောလေ့မရှိပေ။ 'ဟုတ်ကဲ့' အစား 'ဟုတ်ပဲ့' ဟုပင် ထာဝစဉ်ပြောလေ့ရှိသည်။ ကြားကာစက ဆန်းသလိုလို ရှိသော်လည်း ယခုတော့ သူ့ဟုတ်ပဲ့က နားထောင်၍ ကောင်းလာသည်။ တစ်ခါတစ်ရံ ဦးလူလှနှုတ်သို့ပင် ဟုတ်ပဲ့ကြီး ကူးပါသွားတတ်သည်အထိ လွှမ်းမိုးလာလေသည်။

'ဘာလို့များ ဒီလောက်ခွင့်ယူကြပါလိမ့်ဗျာ'

'ဟုတ်ကဲ့၊ အပြင်စီးပွားရေးလေး ဘာလေး တစ်ဖက်တစ်လမ်းလုပ်ကြကိုင်ကြရလို့ ထင်ပါရဲ့ဗျ'

'ဘာတွေလဲဗျ'

'ဟုတ်ပဲ့၊ ကျွန်တော် သိသလောက်တော့ ဆန်လေး ဆီလေး ရောင်းကြ ဝယ်ကြ၊ အဝတ်အထည်လေး ဘာလေး ရောင်းကြ ဝယ်ကြ'

'ဒါတွေကို ရုံးချိန်မှာ လုပ်ကြသလားဗျာ'

'ဟုတ်ပဲ့'

ဦးလူလှက စိတ်ညစ်သံကြီးနှင့် မေးသောအခါ ရုံးအုပ်ကြီးက ခေါင်းကို တဆတ်ဆတ် ညိတ်လေသည်။

www.foreverspace.com.mm

'လစာမဲ့ ခွင့်ယူပြီး ဒါလုပ်တော့ နာတာပေါ့ဗျ'

'မနာပါဘူး ခင်ဗျ၊ အပြင်ကရတဲ့ငွေက ဖြတ်တဲ့ ငွေထက်များပါတယ်'

'သြော်. . .ဒါကြောင့်ကိုး'

'ဟုတ်ပ'

ဦးလူလုသည် သက်ပြင်းကြီး မှုတ်ထုတ်လိုက်ရင်း လက်ထဲမှဖိုင်တွဲကို ပြန်ပြီးကမ်းပေးလိုက်သည်။ ထို့နောက် အခန်းထဲမှ ခပ်ကုတ်ကုတ် ထွက်သွားသော ရုံးအုပ်ကြီး၏ နောက်ကျောကိုလှမ်းကြည့်ရင်း ဒုတိယမွိ သက်ပြင်း ရှိုက်လိုက်ပြန်သည်။

'ရုံးချိန်မှာ ဒီလိုလစ်နေတာ ခွင့်ယူချင်တိုင်း ယူနေတာကိုတော့ ကြည့်နေလို့ ဘယ်ဖြစ်မလဲ ဦးလူလုရဲ့၊ ကောင်းကောင်း ဝမ်နင်ပေးမှပေါ့'

'တစ်ခုခုတော့ လုပ်ရမှာပေါ့လေ'

'ဦးလူလုရှေ့တွင် ထိုင်နေသော အရာရှိကြီး တစ်ဦးက ပြောလေသည်။ အခန်းထဲသို့ ရုံးအုပ်ကြီး ဝင်လာကတည်းက သူရောက်နှင့်ပြီဖြစ်သည့် အတွက် ခွင့်ပြဿနာကို အစအဆုံး သိလိုက်ရသည်။'

'လူတွေကလည်း စားဝတ်နေရေး ကျပ်တည်းကြတယ်'

'ဘယ်လောက် ကြပ်ကြပ်ပေါ့ဗျာ၊ ဒါကို အလုပ်တာဝန်ပိုင်းနဲ့ မရောထွေးရဘူး၊ ရုံးချိန်မှာ ဆန်ဝယ် ဆီဝယ် လုပ်နေတာတော့ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူးဗျို့၊ ကျွန်တော့်ဌာနသာ ဒါမျိုးဆိုရင်တော့ မရဘူး၊ အပြန်မှ ခွင့်တွေ စစ်ကြည့်လိုက်ဦးမယ်'

အရာရှိကြီးသည် လက်ဖက်ရည်ကို ကျိုက်ချလိုက်သည်။ ဦးလူလုသည် ဧည့်သည်ကို လက်ဖက်ရည် ဝယ်တိုက်ထားသော်လည်း သူ ကိုယ်တိုင်ကမူ သောက်ပြီးလေဟန်နှင့် မသောက်ရှာပေ။ တစ်ကျပ် သက်သာလျှင်

www.foreverspace.com.mm

လည်း မနည်း။ ဧည့်သည် ပြန်သွားမှ ခေတ်ဘူးထဲရှိ ထန်းလျက်ကော်ဖီကို ခပ်မြန်မြန်လေး မော့ရမည်ဖြစ်သည်။

'သွားဦးမယ်ဗျာ'

'ဖြည်းဖြည်းပေါ့ဗျာ၊ ဘာအရင်လိုလို့လဲ'

'ကုန်သွယ်ရေး ဆရာကြီးတွေဆီကိုပေါ့၊ ကြယ်တစ်လုံး ငံပြာရည် သိပ်ကောင်းတယ်ဗျ၊ လျှောက်လွှာတင်ရတယ်၊ လျှောက်လွှာနဲ့မှ အလုပ်ဖြစ်တော့ အကုန်လျှောက်တာပဲ၊ အထဲဈေးနဲ့ရရင် အလကားရသလောက် အောက်မေ့တာ'

'ဒါဖြင့် ခင်ဗျား တစ်နေ့တစ်နေ့ လျှောက်လွှာပဲ ရေးနေတာပဲပေါ့လေ'

'ဒါပေါ့ဗျ၊ ဟဲ. . .ဟဲ'

သူသည် ရယ်သွမ်းသွေးရင်း ထွက်သွားလေသည်။ ဦးလူလှသည် သူ့ကျောပြင်ကို ငေးကြည့်ရင်း တတိယမြောက် သက်ပြင်းကြီး တစ်လုံးကို လေးပင်စွာ ချလိုက်မိပြန်သည်။

* * *

'အရှင်လောကပါလ နတ်မင်းကြီးဘုရား၊ ကျွန်တော်မျိုး ယမမင်း ရေးသားအစီရင်ခံအပ်ပါသည်။ လူ့ပြည်တွင် မကောင်းမှု ဒုစရိုက် လုပ်သူများပြားနေပါသဖြင့် ကျွန်တော်မျိုး စိုးစံရာ ငရဲကြီး ခြောက်ထပ်တွင် အသစ်အသစ် ရောက်လာသော ငရဲသားများသည် နေရာမလပ် ပြည့်ညပ်လျက်ရှိပါသည်။ ကရုဏာရှေ့ရှုပြီး ငရဲပြည်ကြီးကို တိုးချဲ့ ခွင့်ပြုပါရန် တင်ပြပါသည်။

www.foreverspace.com.mm

ထို့ပြင် လူ့ပြည်မှ လောလောလတ်လတ် ရောက်လာသော ငရဲသား လောင်းလျာတို့၏ အာခံတွင်းမှ အာပုပ်စော်နံလှသောကြောင့် ကျွန်တော်မျိုးကြီး ခေါင်းကိုက်ရောဂါ စွဲကပ်လျက်ရှိပါသည်။ အကြောင်းရင်းကို စုံစမ်းသောအခါ လူ့ပြည် လူ့ဘဝက သွားတိုက်ဆေး မသုံးခဲ့ကြသောကြောင့်ဖြစ်ပါသည်။

တစ်ဘူးလျှင် ရှစ်ကျပ်နှုန်းရှိသော ပက်ဆိုဒင့်ကို လျှော့ချပေးနိုင်ခြင်း မရှိလျှင် ကျွန်တော်မျိုးကြီးအား အေပီစီဆေးပြား စစ်စစ်ပေးသနားပါရန် အသနားခံအပ်ပါသည်ဘုရား။

မှတ်ချက်။ ။ မှောင်ခိုဈေးမှ ဆေးပြားများ မလိုချင်ပါဘုရား၊ အတုများ ဖြစ်နိုင်ပါသည်။

'ဟော့. . .ဘာလုပ်နေတာလဲ'

'အမယ်လေး'

မစိုးသည် အလန့်တကြားနှင့် ရေးလက်စ စာအုပ်ဖုံးကို ပိတ်လိုက်သည်။ ထို့နောက် လုမပြေးနိုင်စေရန် လက်ဖနောင့်လေးနှင့်တင်းတင်း ဖိထားလိုက်လေသည်။

'လန့်လိုက်တာ ဖိုးတာရယ် နင်ကလဲ'

'ဘာလဲ မမစိုးက ဝတ္ထုရေးနေတာလား'

'အေးပေါ့'

'ရေးမနေပါနဲ့'

'ဘာဖြစ်လို့လဲ'

'ပယ်မှာပါပဲ၊ ရွေးမှာ မဟုတ်ပါဘူး'

'အံမာ ဒီလိုပဲ ကြိုးစားရမှာပေါ့ဟ၊ ချက်ချင်းကြီးတော့ ဘယ်သူက နိုင်ငံကျော်ကြီး ဖြစ်ပါ့မလဲ၊ ငါက အခု ငရဲမင်းကြီးလို လုပ်ရေးနေတာ'

www.foreverspace.com.mm

'ဒီလိုဆို ဖတ်ကြည့်မယ်လေ'

'ဟဲ့ နင်နော်'

မစိုးသည် ဖိုးတာ လှမ်းဆွဲသော သူ့စာအုပ်ကို အထိတ်တလန့်နှင့် ပြန်ဆွဲလိုက်သည်။ မစိုးသည် ဝတ္ထုရူး၊ စာပေရူး ဖြစ်သော်လည်း သူရေး ထားသော စာများကို သူများဖတ်ပြီး ဟားမည်ကို သေမလောက် ကြောက် လေသည်။ ဖိုးတာသည် မစိုး ရေးပြီး ဝှက်ထားသမျှ စာတိုစာစများကို မရ မကရှာပြီး အကုန်ခိုးဖတ်လေ့ရှိသည်။ ထို့နောက် လူတော သူတောထဲကျမှ အော်ကြီးဟစ်ကျယ် ရွတ်လေ့ရှိသည်။ မစိုးခမျာ ဖိုးတာကြောင့် အရှက်ကွဲ ခဲ့ရသော အကြိမ်ပေါင်း မနည်းတော့ပြီ။ သူ့ညီမ မတိုးကမူ ကဗျာရူး ရူး သည်။ သံစဉ်မမှန်သော၊ ကာရန်မမိသော ကဗျာများကို အိပ်ရာထဲတွင် ဝမ်းလျားမှောက်ရင်း စပ်တတ်လေသည်။ သူ့ ကဗျာများ ဖတ်၍မကောင်း သောအခါများတွင် ကာရန်မဲ့ ကဗျာစပ်ထားခြင်းဖြစ်ကြောင်း ခုခံပြောဆို တတ်သည်။

'စာမကျက်ဘဲ ဝတ္ထုရေးနေတာ ဖေဖေနဲ့ တိုင်ပြောလိုက်မယ်နော် ဟင်း'

'တိုင်ပေါ့၊ နင်လည်း ကာတွန်းခိုးဖတ်နေတာ တိုင်ပြောမယ်'

'ကျွန်တော်က ခုမှရှစ်တန်း၊ မမစိုးက ဆယ်တန်း ပိုအရေးကြီးတယ်'

'ဟဲ့ . . .နင်တို့ရှစ်တန်းကမှ ဝိဇ္ဇာသိပ္ပံခွဲတာ၊ ငါက သိပ္ပံရပြီးသား၊ နင်တို့ အတန်းက ပိုအရေးကြီးတာ'

မစိုးနှင့် ဖိုးတာသည် ကြားက မတိုးခြားသဖြင့် တစ်ယောက်ခြား ဖြစ် သည်။ သို့သော် သူတို့နှစ်ဦးစလုံး တစ်ယောက်နှင့်တစ်ယောက် အရိုမသေ မရှိကြ။ ရွယ်တူတွေလို လုံးထွေးနေတတ်ကြသည်။ ကိုကိုမောင်နှင့် ကိုကိုနိုင် ကိုတော့ သူတို့က အကြီးလို တရိုတသေ ဆက်ဆံသည်။ အငယ်သုံးဦးသည် ကား ဖြုန်းခနဲကြည့်လျှင် မည်သူအကြီး မည် သူအငယ်မှန်းပင် မသိသာချေ။

www.foreverspace.com.mm

ဖိုးတာသည် အငယ်ဆုံးဖြစ်သော်လည်း ထွားသည်။ မစိုးနှင့် မတိုးသည်လည်း အသက်တစ်နှစ်သာကွာသည်။ ထို့ကြောင့် သူတို့သုံးဦး ဆက်ဆံပုံသည် သူငယ်ချင်း ဆက်ဆံပုံ မျိုး ဖြစ်သည်။

'ငရဲမင်းကြီးက ဘာတွေပြောနေတာလဲ'

'လှူပြည်မှာ သွားတိုက်ဆေး မရတဲ့အကြောင်း၊ နောက်ပြီး ကားကျပ်တဲ့အကြောင်း၊ ဆက်ပြောဦးမယ်'

'အံမာ ဘတ်စ်ကားကျပ်တာ မမစိုးက သိလို့လား၊ ဖေဖေ့ရုံးကား ကပ်စီးနေပြီး'

'ငါ ကျူရှင်သွားရင် ဘတ်စ်ကားစီးရသားပဲ၊ နောက်ပြီး ငါ့ သူငယ်ချင်းတွေကလည်း ပြောတယ်၊ နင် မာမာ့ကို သိတယ်မဟုတ်လား၊ သူနဲ့ ငါနဲ့ တိုင်ပင်ကြတာ၊ အခု ငါတို့နှစ်ယောက် အိမ်ကနေ တခြားစီ ရေးလာပြီး ကျောင်းကျမှ တိုက်ကြည့်ကြမယ်၊ နှစ်ယောက်ပေါင်းပြီးရေးရင် ပိုကောင်းမှာပေါ့၊ အခုရေးနေတာ ဖေတော့မောင်တော့ အချစ်ဇာတ်လမ်း မဟုတ်ဘူးဟ၊ တိုင်းပြည်ပြုပြင်ရေး သရော်စာလို့ခေါ်တယ်၊ အင်္ဂလိပ်လိုဆိုရင် 'ဆတားရား'တဲ့'

မစိုးသည် လေးနက်စွာပြောသည်။ စာစ၍ ဖတ်တတ်ကတည်းက တွေ့ကရာ မြင်ကရာ စာအုပ်ဟူသမျှကို မလွတ်တမ်း ဖတ်လာခဲ့သော မစိုးသည် အသက်သာ ဆယ့်ရှစ်နှစ် ရှိသေးသော်လည်း စာဖတ်သက် အတော်ရင့်နေပြီဖြစ်သည်။ ထို့ကြောင့် စာအုပ်တစ်အုပ်ကို ကောက်ကိုင်ပြီး နှစ်ရွက်သုံးရွက် လှန်လိုက်ရုံနှင့် စာရေးသူ၏ အရည်အသွေးကို အကဲဖြတ်တတ်နေပြီလည်းဖြစ်သည်။ ခုခေတ် မိန်းကလေးငယ်ငယ်များ ဖတ်တတ်သော အချစ်ဇာတ်လမ်းများကို သိပ်ခံတွင်းမတွေ့တော့ဘဲ နိုင်ငံရေး စာအုပ်များ အတွေးအခေါ်စာအုပ်များ၊ အတ္ထုပ္ပတ္တိစာအုပ်များကို ကြိုက်နှစ်သက်တတ်နေပြီဖြစ်

www.foreverspace.com.mm

သော မစိုးကို ဖိုးတာသည် သိပ်တော့ အထင်မသေးရဲပေ။ စာပေနှင့် ပတ်သက်လျှင် မစိုးသည် သူ့အရွယ်နှင့် မလိုက်အောင် နှံ့စပ်သည်ဟု သိထားပြီး ဖြစ်သည်။

'ငရဲမင်းကြီးလို လုပ်ရေးနေတာ ဘယ်မဂ္ဂဇင်းမှာမှ ထည့်မှာ မဟုတ်ဘူး၊ ဘာတဲ့ ဆ. . .တား. . .ရား. . .ဟုတ်လား'

'မထည့်နေပေါ့၊ ငါကလည်း ဘယ်မှမပို့ပါဘူး၊ ရေးပြီး သိမ်းထားလိုက်မှာပေါ့၊ ငါ နာမည်ကျော် စာရေးဆရာမကြီး ဖြစ်တော့မှ ငယ်မူလက်ရာဆိုပြီး အဲဒါတွေ ပြန်ထုတ်မယ်'

'ဟား . . .ဟား . . .ဟား'

ဖိုးတာသည် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ ထိုစဉ်တွင် သူတို့စာကြည့်စားပွဲရှိရာ အိမ်ပေါ်ထပ်သို့ လှမ်းတက်လာသော ခြေသံကို ကြားရသည်။ ခပ်လေးလေးနှင့် ဆောင့်နင်းလာသော ခြေသံကို ကြားရရုံနှင့် သူတို့ဖေဖေ ဦးလူလုဖြစ်ကြောင်း အတပ်သိသည်။ ဖိုးတာသည် လက်ထဲမှ ကာတွန်းစာအုပ်ကို စားပွဲအောက်သို့ ပစ်ချလိုက်ပြီး ရှေ့မှ မှတ်စုစာအုပ်ကို စိတ်ဝင်စားစွာ စိုက်ကြည့်နေလိုက်သည်။ မစိုးသည် ရေးလက်စ စာရွက်များကိုဝှက်ပြီး သချာ်တစ်ပုဒ်ကို ခပ်မြန်မြန်တွက်နေလိုက်သည်။ မတိုးတစ်ယောက်သာ ကျက်လက်စစာကို ဆက်ကျက်ရင်း ဣန္ဒြေမပျက်ရှိသည်။

ဦးလူလု၏နောက်တွင် ကိုကိုနိုင်၏ သားဦးလေး ဇော်ဇော် ပါလာသည်။ အသက်လေးနှစ်ရှိပြီမို့ သူ့ကို ကျောင်းထားရတော့မည်ဖြစ်သည်။

သူသည် ဦးလူလု၏ ပုဆိုးစကိုဆွဲကာ တတန်းတန်း လိုက်လာရင်း သူ့အမေ ညိုညို သင်ပေးထားသမျှ စာများကို တတ်သမျှ မှတ်သမျှ ရွတ်ဆိုလာသည်။

www.foreverspace.com.mm

'တကြီးတညစ်ပေမှာခြစ်၊ ထထွေးထရာ အတံတာ၊ ဒနယ် ဒနန်း ရေမှာဖမ်း၊ န နရုတ်ရှိမ်း ရှပ်ရှိန်းရှိန်း'

'ကကြီး၊ ခခွေး၊ ဂငယ်ပါ ဖော်ဖော်ရာ'

'တကြီး၊ ထထွေး၊ ဒနယ်'

ဦးလူလုက ပြင်ပေးသည်။ ကြိုးစားပမ်းစား လိုက်ဆိုသော်လည်း ဖော်ဖော်ခမျာ မပီရှာပေ။

စာကြည့်စားပွဲတွင် ငြိမ်သက်စွာ ထိုင်နေကြသူများကို အကဲခတ် ကြည့်ပြီး ဦးလူလု အခန်းထဲ ဝင်သွားလေသည်။ ဦးလူလု၏ နောက်ကျောကို မျက်လုံးထောင့်ကပ်ကြည့်ရင်း ဖိုးတာသည် စားပွဲအောက်မှ ကာတွန်းစာအုပ်ကို အသာလေး ကုန်းကောက်လေသည်။ မစိုးကမူ တွက်လက်စ သင်္ချာပုစ္ဆာတွင် စိတ်ဝင်စားသွားပြီ ဖြစ်သဖြင့် ဝတ္ထုဆက် မရေးချင်တော့ပေ။

မပီကလာ ပီကလာ ရွတ်နေသော ဖော်ဖော့်အသံလေးကို နားထောင်ရင်း မတိုးသည် သူတို့ ငယ်ငယ်တုန်းက အော်ဟစ်ရွတ်ဆိုခဲ့ရသည်များကို သတိရနေသည်။

'က ကန်စွန်းပင် ရေမှာရှင်'

ခ ခရမ်းသီး ဓားနဲ့လှီး

ဂ ဂဏန်းကောင် လက်မထောင်

က ကညစ်ပေမှာခြစ်

ခ ခရာအသံသာ

ဂ ဂဏန်းရေမှာဖမ်း . . .အို ဘာမှမထူးပါဘူးလေ၊ တို့တုန်းက တစ်မျိုးကျက်တယ်၊ ဖော်ဖော်တို့ကျတော့ တစ်မျိုးကျက်တယ်၊ ဆိုလို့တော့ ကောင်းတာကြီးပါပဲ၊ ကာရန်လည်းမိတာကြီးပါပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့ ကန်စွန်းပင်ကနေ ကညစ်ကို ပြောင်းလိုက်တာပါလိမ့်'

www.foreverspace.com.mm

မစိုးသည် သင်္ချာပုစ္ဆာ အဖြေထွက်လုနီးကာမှ လည်သွားသည်။ ခေါင်းကုတ်ရင်း အမှားရှာနေချိန်တွင် ဖိုးတာသည် ကာတွန်းဖတ်ပြီး သွားပြီး ဖြစ်သဖြင့် စာကုန်းကျက်နေသည်။ ဖိုးတာသည် တစ်နေ့စာ တစ်နေ့တော့ မှန်မှန်ကျက်တတ်သည်။ အကြွေးမထားတတ်။ သည်ထက်များ နည်းနည်း ပိုကြိုးစားလျှင် အစဉ်အမြဲပင် ပထမရနိုင်အောင် ဉာဏ်ကောင်းသည်။ သို့သော် သူသည် တတိယ၊ စတုတ္ထလောက်နှင့်ပင် ကျေနပ်နေလေသည်။

မတိုးသည် ဖိုးတာလောက် ဉာဏ်မကောင်းသော်လည်း ဝီရိယရှိသည်။ သွက်သည် အတန်းပိုင်ဆရာမ၏ အချစ်တော်လည်း ဖြစ်သည်။ အတန်းခေါင်းဆောင်လည်း ဖြစ်လေသည်။

'ကဲ ကညစ်ဖြစ်ဖြစ်၊ ကစွန်းပင်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ဘာလို့ခေါင်း ရှုပ်ခံနေလဲ၊ ကျက် ကိုယ့်စာကိုယ်ကျက်'

အတွေးနောက် ကောက်ကောက်ပါသွားသော စိတ်ကို ရုတ်ချည်း ပြန်ပြီးဆွဲခေါ်ကာ စာအုပ်ပေါ်သို့ ပြန်စိုက်ခိုင်းလိုက်သည်။ လမ်းမပေါ်မှ လေချွန်သံသဲ့သဲ့နှင့် သီချင်းသံကို ကြားရသောအခါတွင်ကား ရင်ထဲတွင် လှိုက်ခနဲဖိုကာ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

သူ့ကို ကြည့်ရသည်မှာ ဒေးဗစ်ချမ်းနှင့် တူလှသည်။ နှုတ်ခမ်းကို စေ့၍ မခိုးမခန့်ပြုံးပုံ၊ လမ်းလျှောက်ပုံမှအစ တူသည်။ မစိုးကတော့ ဒေးဗစ်ချမ်းကို မကြိုက်၊ တီလုံးကို ပိုကြိုက်သည်ဟုဆိုသည်။ တီလုံးသည် ဓားကားထဲမှ ဒုတိယမင်းသား ဖြစ်သည်။ သူက ပို၍ချောသော်လည်း မတိုးကမူ ဒေးဗစ်ချမ်းမှ ဒေးဗစ်ချမ်းဖြစ်သည်။ ဒေးဗစ်ချမ်းနှင့် တီလုံးတို့ နှစ်ဦးတွင် တီလုံးကို ပိုကြိုက်သူကို မတိုး မကျေနပ်ပေ။ သို့သော် မစိုးက တီလုံးကို ပိုကြိုက်သည်ကိုတော့ သူ တစ်မျိုးစိတ်အေးရသည်။ ညီအောင်သည် တီလုံးနှင့် မတူဘဲ ဒေးဗစ်ချမ်းနှင့် တူသဖြင့် တော်သေးသည်ဟု တွေးမိသေးသည်။

www.foreverspace.com.mm

'ချိန်းတဲ့ညမှာ ပျော်ရသည်၊ စနေနေ့ည ကိုးနာရီ ကိုးနာရီ ကိုးနာရီ အမေရေ. . .တံခါးဖွင့်ပါ'

ညီအောင့်အသံကို မသဲမကွဲ ကြားရသည်။ မတိုးသည် စားပွဲတင် နာရီလေးကို လှမ်းကြည့်လိုက်သည်။ ခုနစ်နာရီခွဲ။ ညီအောင် ကျူရှင်မှ ပြန်နေကျ အချိန်ပင် ဖြစ်သည်။

*　　*　　*

သွက်သွက်ကလေး လှမ်းလာနေသော ထားထား၏ခြေလှမ်းများသည် သူ့ကို လှမ်းမြင်ရသောအခါ နှေးကျသွားသည်။ မျက်လုံးလေးများက ပြုံးရယ်လာသော်လည်း ခေါင်းက အလိုလိုငုံ့သွားသည်။ သူ့ကိုမြင်လျှင် ဖြစ်နေကျအတိုင်း ရင်ကလည်း မသိမလာလေး အခုန်မြန်လာလေသည်။

'နောက်ကျလိုက်တာ ထားထားရယ်၊ ကိုယ်စောင့်နေတာ ကြာလှပြီ'

'အစ်မက ဘယ်သွားမှာလဲ မေးနေသေးတယ်၊ သူငယ်ချင်းအိမ် ဆွမ်းကျွေးရှိလို့ဆိုပြီး ညာထွက်ခဲ့ရတာ'

'ညာတတ်နေပြီပေါ့လေ၊ အညာမလေး'

'သြော်. . .ကို့အတွက် ညာတတ်လာရတာပါ'

ထားထားသည် တိုးတိုးလေး ပြောလိုက်သည်။ တနင်္ဂနွေနေ့မို့ ကားဆိပ်တွင် အတန်ငယ် လူရှင်းလေသည်။ နေပူထဲတွင် တစ်ချိန်လုံးရပ်၍ စောင့်နေရသောကြောင့် ထင်သည် ဖော့လိုင်မြင့်၏ မျက်နှာသည် နီနေသည်။ သူ့အသားသည် ဖြူသည့်အပြင် နုလေသည်။ နေပူခံရလျှင် ချက်ချင်းနီလာတတ်သည်။ အင်ဂျင်နီယာပင် ဖြစ်သော်လည်း သိပ်ပြီး အကြမ်းပတမ်း မခံနိုင်ပေ။ သူ့အမေက ပိုးလိုမွေးခဲ့သောကြောင့်ပင် ဖြစ်ပေလိမ့်မည်။

www.foreverspace.com.mm

'ကဲ ဘယ်သွားမှာလဲ'

'ဟိုး မိုးကုပ်စက်ဝိုင်းကြီး ဆုံးတဲ့အထိ လျှောက်သွားကြမယ်လေ ထားထား လိုက်မယ်မဟုတ်လား'

'လိုက်မှာပေါ့'

'ကဲ လျှောက်ကြစို့'

'သူတို့နှစ်ဦးသည် ပြိုင်တူ ရယ်လိုက်ကြသည်။ နေမင်းက ကျဲကျဲ တောက်အောင် ပူနေသော်လည်း သူတို့စိတ်ထဲတွင် လမင်းကြီး တစ်ရာနှစ်ရာ သာနေသလို ထင်နေသေးသည်။'

'ထားထား မျက်ခွံတွေမို့လို့'

'ငိုထားတာကို'

'ဘာလို့လဲကွယ်'

'စိတ်ညစ်လို့ပေါ့'

'ဘာဖြစ်လို့ စိတ်ညစ်စရာတွေကို တွေးနေတာလဲကွယ်'

'စိတ်ညစ်စရာ ဖြစ်ခဲ့တော့ စိတ်ညစ်စရာကိုပဲ တွေးရမှာပေါ့ ရှင်ရယ်၊ ထားထားလည်း ဘယ်စိတ်ညစ်ချင်ပါ့မလဲ'

ဇော်လှိုင်မြင့်သည် ထားထား၏ လက်ထဲမှ ထီးလေးကို လှမ်းယူကာ ဖွင့်လိုက်သည်။ ကျဲကျဲပူနေသော နေရောင်အောက်တွင် ထီးရိပ်က ကွက်ကွက်လေး ကျလာသည်။ ရှတ်ချည်းပင် မျက်ရည်များ ရစ်ဝဲလာသော ထားထားကို ကြင်နာစိတ်နှင့် ငေးကြည့်ရင်း ထီးမိုးပေးလိုက်သည်။

ထားထားကို သူချစ်ခင်စွဲလမ်းသော်လည်း အလောသုံးဆယ် လက်ထပ်ရန်ကိုကား မလိုလားသေးပေ။

'ကိုယ်ကတိပေးပါတယ်၊ နောက်ထပ် ဒီလို မဖြစ်စေရပါဘူး ထားထားရယ် စိတ်မညစ်နဲ့တော့နော်'

www.foreverspace.com.mm

ထားထားသည် မျက်ရည်များကို မျက်တောင် တဖျပ်ဖျပ်ခတ်၍ ထိန်းနေရင်းမှ မချိပြုံးလေး ပြုံးလိုက်မိလေသည်။

မှုန်ဝေနေသော မျက်လုံးလေးများနှင့် ကတ္တရာလမ်းပေါ်တွင် လွင့်နေသော ဗာဒံရွက်ကြွေလေးများကို စိုက်ကြည့်နေသည်။ အနီရောင် သန်းနေသော ရွက်ဝါများသည် သူတို့ပေါ်မှ ကားဖြတ်သွားတိုင်း လူးကာ လိမ့်ကာနှင့် ဝဲလွင့်နေကြသည်။

ထားထားသည် သူ့ကို မော်ကြည့်ရင်း သဲ့သဲ့လေး ပြုံးသည်။ နှုတ်ခမ်းလေးက ပြုံးသော်လည်း မျက်လုံးအိမ်တွင် မျက်ရည်များ ဝိုင်းလည်နေသည်။ သူ့ရင်ထဲတွင် အေးသွားသလို ခံစားရသည်။ လူကြားထဲတွင် မဟုတ်ပါက ထားထား၏နဖူးပေါ် ဝဲကျနေသော ဆံနွယ်လေးများကို သပ်တင်ပေးကာ ညင်သာစွာ ငုံ့ပြီးနမ်းမိမည်ဖြစ်သည်။

ကားတစ်စီး ထိုးဆိုက်လာသောအခါ သူတို့နှစ်ယောက်သား တိုးတက်ခဲ့သည်။ ကားဂိတ်တွင် ကြာရှည်ရပ်နေ၍ မကောင်းသောကြောင့် သာ တက်ခဲ့ရသော်လည်း ဘယ်နေရာကို သွားရမည်နည်း။ ရည်ရွယ် ချက် မရှိပေ။

'ဟေ့. . .ဇော်လှိုင်မြင့်'

'ဟာ. . .အောင်ကို'

သူတို့က အတက်၊ အောင်ကိုက ကားပေါ်မှအဆင်း ဆုံဖြစ်အောင် ဆုံလိုက်သေးသည်။ နှစ်ယောက်သား တွဲတက်လာသော ထားထားနှင့် ဇော်လှိုင်မြင့်ကို တွေ့သောအခါ အောင်ကို မျက်လုံးပြူးသွားသည်။ သူ့သူငယ်ချင်း ဘယ်အချိန်က စွဲလိုက်ပြီး၊ အခြေအနေတွေ တိုးတက်သွားပါသနည်းဟု အပြေးအလွှား စဉ်းစားနေမိသည်။ ဒီတစ်ချက်တော့ ဖိုးလှိုင်မြင့်တို့ လျှိုလိုက်ချေပြီဟု တွေးပြီး မကျေမနပ်လေး ဖြစ်သွားသည်။

www.foreverspace.com.mm

ထားထားကမူ အောင်ကိုကို မမြင်သလို မျက်နှာလွှဲထားရင်း ကား အလယ်ပိုင်းရောက်အောင် တိုးဝင်သွားသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသော အောင်ကို၏ မျက်နှာထားကြောင့် ရှက်စိတ်လေးများ တငွေ့ငွေ့ တက်လာသည်။ အိမ်မှ ညာထွက်လာပြီး ချစ်သူနှင့် ချိန်းတွေ့ခြင်းကို အဖေတို့ အစ်မတို့များသိလျှင် မျက်နှာကို ဘယ်လိုလုပ်ထားရမည်နည်းဟုပင် စဉ်းစား၍ မတတ်တော့ချေ။ ထားထား တစ်သက်လုံး အဖေနှင့် အစ်မကို ညာ၍ မပြောဖူးပေ။ တစ်သက်နှင့် တစ်ကိုယ် တစ်ခါမျှ မလိမ်ဖူးသော ထားထား။ သူနှင့်ကျတော့ လှည့်ပတ်လိမ်ညာပြီး ထွက်တတ်လာရချေပြီ။

'ထားထားရေ တစ်ခုခု စားရအောင်နော်'

'အင်း'

ကားမှတ်တိုင် ဘယ်နှမှတ်တိုင် ကျော်လွန်လာပြီး၊ ဘယ်နေရာ ရောက်လာမှန်းပင် သတိမထားမိအောင် ဖြစ်နေမိရာမှ တိုးတိုးလေး ကပ်ပြောလိုက်သော သူ့အသံကြောင့် သတိဝင်လာသည်။ ခေါင်းညိတ်ပြရင်း ကားပေါ်မှ တိုးဆင်းလာသည်အထိ ဘယ်နေရာ ရောက်နေသနည်း ကောင်းစွာ စဉ်းစား၍မရ။ ဦးနှောက်လည်း လည်နေသည်။ မျက်စိလည်း လည်နေသည်။

'ခေါက်ဆွဲကြော်ပဲ စားကြပါစို့နော်'

'အင်းလေ'

ထားထား ခေါင်းညိတ်လိုက်ပြန်သည်။ ထို့ကြောင့် တရုတ်ဆိုင်လေး ထဲရှိ ထောင့်စားပွဲလေးတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

ဆိုင်အနောက်ဘက်ရှိ တရုတ်ကြီးသည် အသားတုံးကို စဉ့်တီတုံးပေါ်တင်ကာ တဒုန်းဒုန်း ခုတ်နေလေသည်။ တရှဲရှဲ ကြော်နေသော ခေါက်ဆွဲကြော်နံ့က ညှော်ထွက်လာလေသည်။

'ညှော်တယ် ထားထား၊ နှာခေါင်းကို လက်ကိုင်ပဝါနဲ့ အုပ်ထားနော်'

www.foreverspace.com.mm

ကြင်နာစွာ ပြောသော သူ့ကို မော်ကြည့်ရင်း ထားထား ရင်ထဲတွင် တသိမ့်သိမ့် ဖြစ်လာသည်။ ဝမ်းနည်းပန်းနည်း ဖြစ်နေသော စိတ်တွင် သာယာကြည်နူးစိတ်ကလေးက ဆင့်ကဲလာပြန်လေသည်။

'ကိုယ် တစ်နေ့ကပဲ အလုပ်ထွက်လိုက်တယ်'

အတန်ကြာသောအခါမှ သူက တီးတိုး ပြောလေသည်။ ထားထား အံ့သြသွားသည်။ ထို့ကြောင့် သူ့ကို မျက်လုံးလေး အဝိုင်းသားနှင့် ကြည့်မိလေသည်။

'ဟင်. . .ဘာပြုလို့'

'နိုင်ငံခြားမှာ အလုပ်သွားလုပ်မလို့လေ'

'နိုင်ငံခြားမှာ အလုပ်သွားလုပ်မယ်'

'ဟုတ်တယ်လေ၊ ဒီမှာက အင်ဂျင်နီယာတွေ သိပ်မစားသာဘူး၊ နိုင်ငံခြားမှာဆို သိပ်စားသာတာ၊ တန်ဖိုးထားတာ ရတဲ့လခလေးနဲ့ ထမင်းတောင် အနိုင်နိုင်စားရမှာ တိုက်ဆောက်ဖို့ ကားစီးဖို့တော့ ဝေး ရော'

ထားထားသည် ဇော်လှိုင်မြင့်ကိုကြည့်ရင်း ရုတ်တရက် မျက်ရည် ဝဲလာလေသည်။ ထားထားသည် ပညာတတ်ကြီးတော့ မဟုတ်ပါ။ သို့သော် နိုင်ငံချစ်သောစိတ်တော့ အပြည့်အဝ ရှိသည်။ ထို့ကြောင့် ဒေါသကလေးနှင့် ပြောလိုက်မိသည်။

'ကိုယ့်ကို ပညာသင်ပေးထားတာက မြန်မာပြည်ကပါ'

'ဟုတ်တယ်လေ'

'ဒါပေမဲ့ ကိုယ်က သည့်ပြင်နိုင်ငံအတွက် သွားအလုပ်လုပ်ပေးမယ် ပေါ့လေ'

ဇော်လှိုင်မြင့်သည် သက်ပြင်းတစ်ချက်ချကာ ထားထား၏ လက်ကလေးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

www.foreverspace.com.mm

'လုပ်တော့ ဘယ်လုပ်ချင်ပါ့မလဲကွယ်၊ ဒါပေမဲ့ စဉ်းစားကြည့် စမ်းပါ ကလေးမလေးရယ်၊ ကဲ တစ်ဝမ်းတစ်ခါးဝဖို့တောင် ခပ်ခက်ခက် ဒီလို အချိန်မှာ လာပါ လာပါ လက်ကမ်းနေတဲ့ဆီကို သွားပြီး ငွေရှာတာ အပြစ်လား၊ သစ္စာဖောက်တာလား'

'ဟုတ်တယ် အပြစ်ပဲ၊ သစ္စာဖောက်တာပဲ'

ထားထားသည် ငိုသံပါလေးနှင့် ပြောလိုက်သည်။ ရင်ထဲတွင် ခိုတွယ်နေသော ကြည်နူးစိတ်ကလေးများ ပျောက်သွားကြသည်။ ဇော်လှိုင်မြင့်ကို နိုင်ငံခြားသို့ သွားရောက်မည့်သူအဖြစ် ဘာကြောင့်များ ယခင်က မတွေးခဲ့မိပါလိမ့်ဟု တွေးတော စဉ်းစားနေမိလေသည်။ ယခုလို တစ်ပုံတစ်ပင်ကြီး နိုင်ငံခြားသွား အလုပ်လုပ်ရေး ကြိုးပမ်းနေချိန်ဝယ် ထိုကဲ့သို့သော အသိုင်းအဝိုင်းမှ ဇော်လှိုင်မြင့်တစ်ယောက်သည် မြန်မာပြည်တွင် ရောင့်ရဲနေလိမ့်မည် မဟုတ်ဟု အစကတည်းက သိခဲ့ဖို့ ကောင်းပါသည်။

သူ့ရှေ့ရှိ ခေါက်ဆွဲကြော် အမျှင်လေးများကို ငေးကြည့်ရင်း ထားထား၏ ရင်ထဲတွင် ရှိုက်နေမိသည်။

'ကိုယ်တို့ မိဘတွေက သဘောတူလားဟင်'

'သိပ်တူတာပေါ့'

'ကို ပြန်လာမှာလား'

'အခြေအနေအရပဲ'

'လျှောက်လွှာ တင်ပြီးပြီလား'

'တင်လို့ အလုပ်က ထွက်လိုက်ရတာပေါ့၊ ပြီးရင် ငွေလျော်ရမယ်'

'ထားထား ဘယ်လိုနေခဲ့ရမှာလဲ'

ထားထား၏ အသံသည် အဖျားခတ်ကာ တုန်ယင်သွားသည်။ မျက်ရည်မကျအောင် မျက်တောင် တဖျတ်ဖျတ် ခတ်နေရင်းမှ ခေါက်ဆွဲမျှင်

www.foreverspace.com.mm

ကလေးများကို ခက်ရင်းနှင့် နေးကွေးစွာ ထိုးဆွနေမိသည်။

'လိုက်ခဲ့မလားဟင်'

'အဖေနဲ့ အစ်မတော့ရော'

'ဒါတော့ ထားခဲ့ရမှာပေါ့'

'အို'

ဇော်လှိုင်မြင့်သည် သိသိသာသာ ညှိုးငယ်သွားသော ထားထား၏မျက်နှာလေးကို ငေးကြည့်နေသည်။ ထားထားကို လက်ထပ်ခဲ့ပြီး သူ၏ဇနီးအဖြစ်နှင့် ခေါ်ယူနိုင်ပါသည်။ သူစုံမက်သော ထားထား၏ တာဝန်ကို ယူနိုင်သော်လည်း အစ်မနှင့် အဖေ၏တာဝန်ကိုကား ယူရန် မဖြစ်နိုင်ပေ။ ယူလည်း မယူလိုပေ။

'ဘယ်ဖြစ်မလဲ၊ အို ဘယ်ဖြစ်နိုင်မလဲ'

ခေါက်ဆွဲကြော် ပန်းကန်ထဲသို့ ထားထား၏မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာကုန်သည်။

'ပျော်လို့မဆုံး ပြုံးမဝသေးတယ်၊ ဒီအချိန်ဝယ် တစ်ရပ်တကျေး နယ်အဝေးရယ် သူသွားတယ်၊ ရတ်တရက်ကွယ် မခွဲစဖူး ခွဲရက်သူ ဘယ်လိုပင် ဟန်ဆောင်ပါလဲမလွယ်၊ မျက်ရည်များက ဝဲလို့သာလာ ပါတယ် . . .'

ခေါက်ဆွဲဆိုင်ဘေးရှိ ကြံရည်ဆိုင်ထဲမှ သီချင်းသံက လွင့်ပျံ့လာလေသည်။ သီချင်းသံနှင့်အတူ ကြံကြိတ်စက် လည်နေသောအသံ တဝေါဝေါကိုလည်း ကြားရသည်။ ကြံကြိတ်စက်တွင် ခေါင်းလောင်းလေးများ ချိတ်ဆွဲထားသဖြင့် သီချင်းသံနှင့် ခေါင်းလောင်းသံသည် ထွေးနေသည်။

ခေါက်ဆွဲကြော်နေသော တရုတ်ကြီးသည် ဒယ်အိုးကို ဇွန်းပြားနှင့် တဂျောင်ဂျောင်ခေါက်ကာ ဝက်အူချောင်းဖတ်ကလေးများ ပစ်ထည့်လိုက်သည်။ ဒယ်အိုးအောက်ရှိ လေမီးဖိုသည် ပြာလဲ့သော မီးစွယ်မီးညွန့်များ

www.foreverspace.com.mm

မှုတ်တင်ကာ တရှူးရှူးနှင့် အရှိန်ပြင်းစွာ မြည်နေလေ သည်။

ထားထားသည် မီးစွယ်မီးညွန့်များကို ငေးကြည့်ရင်း ရင်ထဲတွင် တင်းကြပ် ပူလောင်လာသည်။ အပြင်ဘက်ရှိ မီးများသည် သူ့ရင်ထဲသို့ ကူးပြောင်းပြီး တောက်လောင်နေကြရော့သလားဟု တွေးမိသည်။ ထားထား၏ ရင်ထဲတွင် အသည်းလည်း မရှိတော့ နှလုံးလည်း မရှိတော့၊ အဆုတ်တွေ ကလီဇာတွေလည်း မရှိတော့၊ ထိုအရာတွေအားလုံး အပြင်သို့ ရောက်ကုန်ပြီ ထင်သည်။ အသည်းနှလုံးနေရာတွင် မီး တောက်ကြီး ရောက်နေသည်။ ထို့ကြောင့် မချိပြုံးလေးပြုံးကာ တုန်ယင်စွာ ပြောလိုက်မိသည်။

'ထားထား မီးတွေ မျိုမိတယ် ထင်တယ်၊ ရင်ထဲမှာ မီးတောက်နေသလိုပဲ ပူလိုက်တာ'

* * *

နေမင်းက ကျဲကျဲတောက် ပူနေသည်။

ဆေးရုံကြီး ဆင်ဝင်အောက်တွင် ထမင်းလာရောက်ပို့သူတွေ ရောက်နေပေပြီ။ ထမင်းချိုင့်လေးများ ရှေ့ချကာ မတ်တတ်တစ်မျိုး ငုတ်တုတ်တစ်သွယ်နှင့် သံတံခါးကြီး ဖွင့်မည့်အချိန်ကို မျှော်နေကြသည်။

အောင်ကိုသည် ထိုလူအုပ်ထဲတွင် မျက်စိကစားကြည့်မိသည်။ လေးနွယ်ကို မတွေ့ရသေးချေ။ ထို့ကြောင့် ဆေးရုံထဲသို့ လှမ်းဝင်လိုက်သည်။ မျက်နှာထားတင်းတင်းနှင့် တံခါးစောင့်နေသော ဦးလေးကြီးသည် အောင်ကိုကို တစ်ဦးတည်း ဝင်သာရုံ တံခါးဆွဲဖွင့်ပေးသည်။ ထမင်းလာပို့သူများကို ဝင်ခွင့်မပေးသေးသော်လည်း ဆေးကျောင်းသူ၊ ဆေးကျောင်းသားများကိုကား ဝင်ခွင့်မပေး၍ မရချေ။

ထဘီနီ သူနာပြုတစ်ယောက်သည် သွေးပုလင်းကြီး ကိုင်ကာ အပြေး

www.foreverspace.com.mm

လျှောက်သွားသည်။ အခန်းသုံးထဲမှ ထဘီစိမ်းဝတ် စစ္စတာကြီး တစ်ယောက် ထွက်လာသည်။ ခြေလှမ်းကျဲကျဲနှင့် လေ့ခါးများကို ထစ်ကျော်တက်မည့်ဟန် ပြင်နေသော အောင်ကိုသည် အသာလေး ကိုယ်ရှိန်သတ်လိုက်ရသည်။ ထိုစစ္စတာကြီးများကိုတော့ သူတို့ ကြောက်ရသည်။ ထဘီစိမ်းကြီးများကို မပြောနှင့် ထဘီပြာများကိုပင် ကြောက်ရ သည်၊ ထဘီနီနှင့် သူနာပြုများကိုလည်းမလွတ် လန့်ရသည်သာ သူတို့နှင့် ပြေလည်သည်မှာ ထဘီနီဝတ်၊ သူနာပြုသင်တန်းသူ ငယ်ငယ်လေးများသာ ဖြစ်သည်။

အပေါ်ထပ်ရောက်သောအခါ အောင်ကိုသည် အရိုးကုဌာနထဲသို့ ကွေ့ချိုးဝင်လိုက်သည်။

'အမယ်လေး . . .အမေရေ၊ အမေ့ အမေရေ'

အခန်းလယ်ရှိ အမျိုးသမီးတစ်ဦးသည် အမယ်လေးတကာ ညည်းနေသည်။ သူ့ခုတင်ပေါ်တွင်လည်း ကြိုးတို့သည် ရက်ကန်းစင်သဖွယ် ရှုပ်ရှက်ခတ်နေသည်။ ခြေနစ်ဖက်ကိုထောင်ကာ အလေးနှင့် ပြန်ဆွဲ ထားသေးသည်။ ယမန်နေ့ညက ရောက်လာသော ကားတိုက်လာ သည့်လူနာ ဖြစ်ပေလိမ့်မည်။

'ဆရာမရေ ကိုက်တယ် အမေ့'

'ခဏတော့ သည်းခံဦးနော်၊ ဆေးချည်းပဲ ထိုးချင်နေလို့ ဘယ်ဖြစ်မှာလဲ၊ တော်ကြာ ဘိန်းစွဲသလို စွဲသွားတတ်တယ်'

ဆရာမလေးသည် ချော့ချော့မော့မော့ ပြောနေသည်။ အောင်ကို သည် ပင့်သက်ရှိုက်ရင်း မျက်နှာလွှဲလိုက်သည်။ နာကျင်ခြင်းကို တင်စားသောအခါ လူတို့သည် 'အရိုးခိုက်အောင် နာသည်' ဟု ပြောလေ့ရှိကြသည်။ အရိုးကို ခိုက်ရုံမက ကျိုးစေသောအခါတွင်ကား မည်မျှနာမည် မည်မျှကိုက်လိမ့်မည်နည်း။ စဉ်းစားကြည့်ရုံနှင့်ပင် ကျောချမ်း သေးသည်။ ထို့ကြောင့်လည်း

www.foreverspace.com.mm

အရိုးလူနာတို့သည် အနာအကျင် သက်သာပြီး မှိန်းသွားစေသော ပက်သဒင်း ကဲ့သို့သော ဆေးမျိုးကို ထာဝရ တမ်းတနေတတ်လေသည်။

'လက်ချမီး ပြီးပြီ၊ အိုး လာယူဟေ့ လက်ချမီး'

အခန်းထောင့်ရှိ ကလေးမလေးက အော်နေပြန်သည်။ သူ့ခြေထောက် နှစ်ဖက်စလုံးကို ကျောက်ပတ်တီး စီးထားသည်။ ပက်လက်ကပင် အပေါ့ အလေး သွားရသဖြင့် တံပျက်လှည်း လက်ချမီးကိုသာ အားကိုးရသည်။ ယခုလည်း လက်ချမီးက သူ့တင်ပါးအောက်သို့ အိုးထည့်ပေးပြီး ပျောက် သွားဟန်တူသည်။ ကိစ္စပြီးသော်လည်း အိုးကို မထုတ်နိုင်သဖြင့် တကျော် ကျော် အော်နေလေသည်။

'ဟေ့. . .လက်ချမီး လက်ချမီးရေ အိုး လာယူ'

အောင်ကိုသည် စိတ်မသက်မသာနှင့်ပင် ပြုံးမိရင်း အမျိုးသမီးခန်းကို ခပ်မြန်မြန် ဖြတ်ကျော်လိုက်သည်။ ကြီးသူနှင့် ငယ်ရွယ်သူအဖို့ မထောင်းတာ လှသော်လည်း အချို့အပျိုအရွယ်မိန်းကလေးများအတွက်မူ အခန်းကျယ် ကြီးတွင် ခုတင်ပေါ်၌ လူမြင်သူမြင် အပေါ့အလေးသွားရန် အတော်ပင် ကသိကအောက်နိုင်ရှာပေမည်။ ခန်းဆီး ဖြူဖြူပေးထားသဖြင့်သာ တော် တော့သည်။

'ဟော. . .လေးနွယ်'

အမျိုးသားခန်းထဲ ဝင်လိုက်လျှင်ပင် လေးနွယ်ကို လှမ်းတွေ့ရသည်။ သူ့မောင်ငယ်၏ ခုတင်ဘေးတွင်ထိုင်ရင်း ပြုံးပြုံးရယ်ရယ် စကားပြောနေ သည်။

'ဟေ့. . .စောလှချေလား၊ ဘယ်လိုလုပ် တက်လာသလဲ'

'ဒီတစ်ခါ လေးနွယ်က ပါးတာပေါ့၊ အစ်ကိုတို့ ကျောင်းသူတွေလိုပဲ ရှူးခပ်ကျကျဝတ်ပြီး ထမင်းချိုင့်နဲ့ မထည့်ဘဲ ဘူးနဲ့ထည့်ယူလာ တယ်လေ၊

www.foreverspace.com.mm

တံခါးစောင့် ဦးလေးကြီးက လေးနွယ်ကို ဆေးကျောင်းသူထင်ပြီး တံခါးကို ဂျိုင်းခနဲ ဆွဲဖွင့်ပေးလိုက်တာ ခပ်တည်တည် တက်လာခဲ့ရော'

'အံမာ တယ်ဟုတ်'

လေးနွယ်သည် ခပ်ရွှင်ရွှင်လေး ရယ်လိုက်သည်။ သူ့မောင်ငယ်သည် အစ်မရယ်သလို လိုက်ရယ်လေသည်။ သူတို့မောင်နှမနှစ်ဦးသည် ရုပ်ရည်ချင်း တော်တော်ဆင်လေသည်။ အသက်ကတော့ လေး ငါးနှစ် ကွာလိမ့်မည် ထင်သည်။ ချာတိတ်သည် ဆယ့်သုံးနှစ်ခန့်သာ ရှိသေးသည်။ လေးနွယ်ဆိုမှ ဆယ့်ရှစ်၊ ဆယ့်ကိုးခန့်ရှိပြီဟု ခန့်မှန်းရသည်။

'ချာတိတ် ဘယ်လို နေသေးလဲ'

'နာတာပဲဗျ'

'နက်ဖြန် ကျောက်ပတ်တီး စီးမှာနော်'

'သိပ်နာလားဟင်'

'မနာပါဘူးကွာ'

အောင်ကိုသည် ခြေသလုံးရိုးကို အသာအယာ စမ်းကြည့်ရင်း ဖြေသိမ့်လိုက်သည်။ ကျိုးပြီး ထပ်နေသော အရိုးကို နဂိုနေရာရောက်အောင် ဆွဲဆန့်ပြီး ကျောက်ပတ်တီး ကိုင်မည်ဖြစ်၍ အသည်းခိုက်အောင် နာမည်ကား အမှန်ပင်၊

'မင်း ယောကျ်ားပဲ ချာတိတ်ရ၊ နာရင်ကော ဘာဖြစ်သေးလဲ၊ ယောကျ်ားဆိုတာ နာရင်လည်း မအော်ရဘူး'

'အော်မှာပဲ'

'မင်းကလဲကွာ'

'အစ်ကို နက်ဖြန်လာမှာလား'

www.foreverspace.com.mm

'အေး အတန်းပြီးရင် လာခဲ့မယ်'

'စောစောလာနော် အစ်ကို'

ချာတိတ်က အားကိုးတကြီး ပြောလေသည်။ သူ့မျက်လုံးများသည် လေးနွယ်ကဲ့သို့ပင် အညိုရောင်ဖြစ်ပြီး မျက်တောင်အရှည်ကြီးများက ဘောင်ခတ်ထားလေသည်။

'အစ်မရာ အဖေက ဘာလို့မလာတာလဲ'

'ချာတိတ်ရယ်၊ နင်ကလည်း အဖေမှ မအားတာ'

'ဘာလဲ အရက်သောက်နေရလို့လား၊ သူ့မိန်းမနား ကပ်နေလို့လား'

နင်နော် ငရဲကြီးမယ်၊ အဖေကို ပြစ်မှားဖို့လောက်ပဲ ကြည့်နေတာပဲ၊ သူ့မိန်းမကလည်း နေကောင်းတာ မဟုတ်ဘူး၊ မနေ့ကလည်း တစ်ညလုံး ချောင်းတွေဆိုးနေတယ်၊ ထွေးထွေးကလည်း သွေးစတွေပါ လိုက်တာ'

'နှစ်ယောက်လုံး သေပါစေဗျာ'

'ချာတိတ်နော်၊ နင်ဟာလေ ပြောလေ ကဲလေပါလား'

လေးနွယ်သည် အောင်ကိုကို အားနာသလို လှမ်းကြည့်သည်။ နှုတ်ခမ်းလေးများက ပြုံးနေသော်လည်း မျက်လုံးညိုလေးများတွင် မျက်ရည် မသိမသာ ဝဲနေရှာလေသည်။

'ကျွန်မတို့အမေ ငယ်ငယ်ကတည်းက ဆုံးသွားတယ် အစ်ကိုရဲ့၊ လွန်ခဲ့တဲ့ လေးငါးနှစ်ကတော့ အဖေ နောက်မိန်းမ ယူတယ် ကျွန်မတို့လည်း ညီမလေးတစ်ယောက် ရတာပေါ့၊ ခုဆို သုံးနှစ်ရှိပြီ ချစ်စရာ လေးပါ၊ ချာတိတ်ကတော့ မျက်မုန်းကျိုးနေတာပဲ၊ ချာတိတ်ရယ် အဖေ့သွေးဟာ ငါတို့သွေးပဲပေါ့'

'သွေးဆိုရင်လည်း သွေးပေါ့၊ ဒါပေမဲ့ ချစ်တော့ ချစ်ပါဘူး'

ချာတိတ်သည် ကလေးသဖွယ် မျက်မှောင်ကြုတ်ကာ နှုတ်ခမ်း စူနေ

www.foreverspace.com.mm

လေသည်။ သူ့ကို ငေးကြည့်ရင်း အောင်ကိုသည် ညီအောင့်ကို ဖျတ်ခနဲ အမှတ်ရမိသည်။ အငယ်ဟူသည်မှာ ထိုကဲ့သို့ပင် ဂျစ်ပေပေလေးများ ဖြစ်တတ်သည်ထင်သည်။ ညီအောင်သည်လည်း လူပျိုကြီး ဖားဖားဖြစ်ချိန်ထိ အလိုမကျလျှင် ကလေးသဖွယ် နှုတ်ခမ်းစူလာတတ်လေသည်။ သူနှုတ်ခမ်းစူလာလျှင် အမေနှင့်အဘွားသည် မနေတတ် မထိုင်တတ် ဖြစ်တတ်ကြသည်။

'အလကား မိန်းမကြီး အစ်ကိုရ၊ အိမ်မှာနေရင်း အိညှို့ အိညှို့နဲ့ အဖေ့ကို ကပ်ပြီးချွဲနေတာ၊ အဖေကလည်း နွားပြာကြီး အောက်သွားမရှိ'

'ဟဲ့. . .နင်နော်'

လေးနွယ်သည် လက်လေးရွယ်ကာ ဟန့်လိုက်သည်။ မောင်ငယ် ၏ ထိပ်ကို ခေါက်လိုက်ချင်ဟန်နှင့် လက်ယားနေဟန် ရှိလေသည်။

မောင်နှမနှစ်ယောက်ကြားထဲတွင် အောင်ကိုသည် ပြုံးရမလို၊ မဲ့ရမလို ဖြစ်နေသည်။ တစ်ယောက်ကဖုံး တစ်ယောက်ကဖော်နှင့် သူတို့အိမ်တွင်းရေးများသည် တစ်စ တစ်စနှင့် အကုန်လုံး ပွင့်ထွက်နေသကဲ့သို့ ဖြစ်နေလေသည်။

'ကဲ ရော့၊ ထမင်းစားမှာစား စကားမများနဲ့'

ခေတ္တမျှ ငြိမ်နေကြပြီး လေးနွယ်သည် ထမင်းဘူးလေး ဖွင့်လိုက်လေသည်။ ပုစွန်တုပ်ကွေးကြီး နှစ်ကောင်မှ ရနံ့က သင်းပျံ့မွှေးလာသည်။ ထမင်းဖြူပေါ်တွင် ငါပိကြော် ပုံထားသည်။ ခရမ်းကြွပ်သီးလေးများနှင့် ပဲစောင်းလျားသီးလေးများလည်းပါသည်။ မကောင်း ကောင်းကြောင်း ချာတိတ်ကြိုက်သမျှလေးများ ထည့်ယူလာပုံရသည်။

ဟင်းနံ့ကျွေးနံ့ရသောအခါမှ ချာတိတ်သည် ထမင်းဆာလာဟန် ရှိသည်၊ ချာတိတ်မပြောနှင့် အောင်ကိုပင် ထမင်းဆာချင်ချင် ဖြစ်လာသည်။

www.foreverspace.com.mm

'အစ်ကိုရော အတန်းပြီးပြီလား'

'ဘယ်ပြီးဦးမှာလဲ၊ သွားရဦးမယ်'

'ဟင်. . .ချက်ချင်း'

'အင်း. . .နက်ဖြန်မှ လာခဲ့မယ်'

အောင်ကိုသည် ချာတိတ်၏ခေါင်းကိုပုတ်ကာ နှုတ်ဆက်လိုက်သည်။ လေးနွယ်ကို ပြုံးပြကာ လှည့်ထွက်ခဲ့သည်။

မနက်ကပင် အမေ ထည့်ပေးလိုက်သည့်အတွက် အိတ်ထဲတွင် ငါးကျပ်တန်နှစ်ရွက် ရှိနေသည်။ ထို့ကြောင့် သက်သာချောင်ချိရေးဆိုင်ဘက်သို့ သုတ်ခြေတင်မိသည်။ နံနက်စောစော ထမင်းကြမ်းနှင့် ပဲပြုတ်ကိုသာ နယ်စားခဲ့သောကြောင့် အခုတော့ ဆာပေပြီ၊ မုန့်ဟင်းခါးပြေးစားမှတော်ကာကျမည်။ အကြော်မပါသော မုန့်ဟင်းခါးတစ်ပွဲကိုပင် သုံးမတ်ပေးနေရသော ဤခေတ်ကြီးတွင် ဆေးရုံကြီး သက်သာ ချောင်ချိရေးဆိုင်သည် ပဲကြော်နှင့် အီကြာကွေးပါ ပါသောမုန့်ဟင်းခါး တစ်ပွဲကို ပြားကိုးဆယ်သာ ယူသည်။ ထို့ကြောင့်လည်း ဆိုင်ဖွင့်သည်နှင့် လူများအုံခဲကာ ပြိုက်ခနဲ ကုန်တတ်သည်။ ယခုလည်း ကျန်မှကျန်ပါ့မလားဟု တွေးရင်း သုတ်သုတ် လျှောက်မိသည်။

အောင်ကို၏ဗိုက်သည် အတန်ငယ် ဆာလာရုံနှင့် တဂွီဂွီ မြည်တတ်လေသည်။ တစ်ခါကလည်း ဒုက္ခများဖူးသည်။ ဆရာက လူနာများကို လှည့်စစ်ဆေးစဉ် အောက်ကိုလည်း လိုက်ပါသွားသည်။ လူနာတစ်ဦးချင်းကြည့်ကာ ရောဂါအခြေအနေလို ဆရာက ရှင်းပြနေသည်။ ဆရာက စိတ်ပါလက်ပါ ရှင်းပြနေသဖြင့် ခန့်မှန်းသည်ထက် အချိန်က ပိုကြာသွားသည်။ ထိုစဉ်တွင် ရွှေဗိုက်တော်က ဆန္ဒပြလာသည်။ ကွာကွာ ဂွီဂွီ မြည်လာသည်။ မမြည်အောင် ဘယ်လိုမှ မလုပ်တတ်။ ဘေးမှ သူငယ်ချင်းများ ကျိတ်၍

www.foreverspace.com.mm

ရယ်လာကြသည်အထိ ဂွီခနဲ ကွာခနဲ အော်မြည်နေခဲ့လေသည်။

'ဟေ့. . .အောင်ကို၊ လစ်ပြီလား'

'အေး. . .ဆာပြီကွ'

'ငါတို့လည်း လိုက်မယ်'

အဆောင် ၁၉ မှ ထွက်လာသော ကျောင်းသူများနှင့် အောင်ကို ပေါင်းမိသည်။ ထမင်းဘူးလေးများ ကိုယ်စီ ကိုင်ထားသော ကျောင်းသူတစ်စုကို သူတို့သည် ဖြတ်ကျော်လာခဲ့သည်။ မိန်းကလေးများ လမ်းလျှောက်သည်မှာ ဘယ်အတွက်များ တုံ့နှေး၊ တုံ့နှေး ဖြစ်နေရပါသနည်းဟု စဉ်းစားနေမိသေးသည်။

'ငါတော့ ချာလည်လိုက်နေတာပဲ၊ ကျက်ရင်း မေ့ရင်းနဲ့၊ စိတ်ညစ်တယ်ကွာ၊ ဆရာမေးနေတာတွေ အကုန်လုံး ငါကျက်ပြီးသားကွ၊ ဆရာ့ ရှေ့ကျတော့ တစ်လုံးမှ သတိမရတော့ဘူး'

'ငါတို့ သင်ရတာ ဘာသာတွေက အများကြီး၊ ကျက်ရတာကလည်း တစ်ပုံကြီး၊ ဒါပေမဲ့ ဆရာတိုင်း ဆရာတိုင်းက ဘာသာတစ်ခု တည်းရှိပြီး အဲဒီတစ်ဘာသာတည်းကို ငါတို့ ကျက်ရတယ် အောက်မေ့နေတာ'

ကျောင်းသားများသည် တစ်ယောက် တစ်ပေါက်ပြောနေသည်။ ဆရာ စာမေးလွှတ်လိုက်ရပုံသည်။ သူတို့ အခြေအနေကို ကြည့်ရုံနှင့် ကောင်းစွာ ဖြေဆိုနိုင်ခဲ့မည် မဟုတ်သည်ကို သိနိုင်သည်။ စာများသည့် အကြောင်းကို အောင်ကိုသည် ဝင်ပြီးညည်းလိုက်ချင်ပါသည်။ သို့သော် စားသောက်ဆိုင် မရောက်မီ ဗိုက်ထဲမှ ဂွီဂွီကွာကွာ အော်လာမည်ကို စိုးရိမ်ရသည့်အတွက် အသက်အောင့်ကာ ဗိုက်ကြောများ ရှုံ့ထားရသောကြောင့် စကားမများနိုင်ဘဲ ငြိမ်နေရလေသည်။

ထင်သည့်အတိုင်းပင် ဖြစ်သည်။ သူတို့ နောက်ကျသွားသည်။ ဆိုင်

www.foreverspace.com.mm

တွင် မုန့်ဟင်းခါး ကုန်ပေပြီ။ ထို့ကြောင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ကျောင်းသားတစ်စု ဆူညံ ဆူညံနှင့် လျှောက်ခဲ့ကြသည်။ လူ အပြည့်အသိပ် တင်လာသော နံပါတ် ၁၂ ကားတစ်စီးသည် သူတို့ ဘေးမှ ဝီးခနဲ ဖြတ်ကျော်သွားသည်။ အောင်ကိုသည် ရှေ့တူရူမှ လာနေသော ဟီးနိုးကို အမှတ်မဲ့ မော်ကြည့်လိုက်သည်။

ကားမောင်းသူ၏ ဘေးရှေ့ခုံတွင် ထိုင်နေသော ခင်မလတ်နှင့် အကြည့်ချင်းဆုံသွားသည်။ လည်ပတ်အင်္ကျီဝါဝါကို ဝတ်ထားသော ခင်မလတ်၏ အလှသည်ကား တစ်ကားလုံးကိုပင် ဝင်းနေစေဟန်ရှိသည်။ ဝင်းဝင်းပပ လှနေသော ခင်မလတ်နှင့် အောင်ကိုသည် အကြည့်ချင်းဆုံကာ အပြုံးချင်း ဖလှယ်လိုက်ကြသည်။

ဗိုလ်ချုပ်လမ်းမကြီးကို ဖြတ်ကျော်ရင်း အောင်ကိုသည် လက်မှနာရီကို ငုံ့ကြည့်မိသည်။ ဆယ်နာရီခွဲလုပေပြီ။ ခင်မလတ် သည်အချိန်ကျမှ ရုံးလာရသလားဟု တွေးရင်း လမ်းအကူးကောင်းသဖြင့် ရှေ့တည့်တည့်မှ လာနေသော ကားကိုပင် မမြင်။ ဝင်တိုက်တော့မည် ရှိသည်။ နောက်မှ ပါလာသော သူငယ်ချင်းက လှမ်းဆွဲလိုက်သဖြင့် အသည်း အေးလိုက်ရသည်။ အန္တရာယ်မဖြစ်လိုက်။ ကားမောင်းသူကမူ မကျေမနပ်နှင့် ခေါင်းထုတ်ကြည့်ရင်း ဆဲသွားလေသည်။

'မအူမလယ်နဲ့ သေသွားချင်သလား'

*　　*　　*

ဗိုလ်ချုပ်ဈေးရောက်သောအခါ ခင်မလတ်သည် ကားပေါ်မှ ဆင်းလိုက်သည်။ ဈေးထဲတွင် ဖိုးဂျင် ရှိလိမ့်မည်ထင်သည်။ ကျောင်းရက်ရှည်

www.foreverspace.com.mm

ပိတ်နေသော ဖိုးဂျင်သည် လေဟာပြင်ဈေးထဲသို့ ထာဝစဉ် ရောက်နေတတ်လေသည်။ သူ့သူငယ်ချင်းတစ်ယောက်သည် ဈေးထဲ၌ ဆိုင်ခန်းတစ်နေရာ ရထားသည်။ လေယာဉ်မောင်၊ ဖော့ဇာ၊ ခေါက်ထီး တောက်တိုမည်ရ အကုန်တင်လေသည်။ ဖိုးဂျင်သည် သူကြံဖန်၍ ရထားသော ပစ္စည်းများကို လက်လွှဲမရောင်းတော့ဘဲ ထိုဆိုင်ပေါ်တင် ရန် စိတ်ကူးနေလေသည်။

'အစ်မ. . .ဘာပါလဲ'

ဈေးဝတွင် ယောင်လည်လည် ရပ်နေသော ဘောင်းဘီရှည်နှင့် လူတစ်ယောက်က မေးသည်။ သူ့မျက်လုံးများသည် ခင်မလတ်ကို စုန်ချည်ဆန်ချည်ကြည့်ပြီး လက်ထဲမှ ခြင်းတောင်းတွင် ရပ်တုံ့သွားသည်။ မောင်ခို ပစ္စည်း တစ်ခုခုရောင်းရန် ပါလာသည်ဟု ထင်မှတ်ပုံရသည်။ ခင်မလတ်သည် မကြားဟန်ဆောင်ရင်း သူ့ကို ဖြတ်ကျော်လိုက်သည်၊ ခြင်းတောင်းထဲတွင် ရောင်းရန်ပါလာသည်ကား အမှန်ပင်။ သို့သော် သူမျှော်လင့်သလို အင်္ကျီစ လုံချည်စများ မဟုတ်ပေ။ ဓာတ်ခဲသုံး ရေဒီယိုငယ်လေး ဖြစ်သည်။

'စတီးမှ စတီးအစစ် ကြိုက်သလိုကြည့်၊ နှစ်ရာ့ငါးဆယ်က ဈေးကုန်ပဲ၊ အစ်မ ပေါပေါဆောင်းချင်ရင်တော့ ဒီအလူမီနီယမ်ကိုင်းတွေကို ယူပါလား'

ခေါက်ထီး ရောင်စုံများကို ဖွင့်ပြထားရာ ပန်းစုံပေါသည့် ဥယျာဉ်တောနှင့်ပင် တူနေသည်။ ဆိုင်ရှေ့တွင် ရပ်နေသော အမျိုးသမီးသုံးဦးသည် ထီးများကို ဖွင့်လိုက် ပိတ်လိုက်လုပ်ရင်း ကိုင်းကျိုး,မကျိုး အနာ အဆာ ပါ,မပါ အသေအချာ စစ်ဆေးနေကြသည်။

ထိုဆိုင်နှင့် ကျောချင်းကပ်အတန်းတွင် ဖိုးဂျင်ကို တွေ့ရလေသည်။ ဆိုင်ပေါ်တွင် ထိုင်နေသဖြင့် ဖြူ၊ နီ၊ ဝါ၊ ပြာ အရောင်စုံသော ဖော့များသည် သူ့ဘေးပတ်လည်တွင် ဝိုင်းနေသည်။ ဆိုင်ရှေ့မှဖြည်းဖြည်း ဖြတ်လျှောက်

www.foreverspace.com.mm

သွားသော ကပြားမလေးတစ်ဦးကို တငေးတမောကြည့်နေသဖြင့် ခင်မလတ်ကို မမြင်ပေ။ ခင်မလတ်ကလည်း အသာကလေးပင် ကျော်ခိုင်းလိုက်သည်။ မောင်နှမချင်းပင်ဖြစ်သော်လည်း ရုံးချိန်အတွင်း ဈေးခဏခဏလာသည်ကို ဖိုးဂျင် မသိစေလိုပေ။

'တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ တွေ့တဲ့အခါတိုင်း သူဆို၊ နောက်ကွယ်ကျရင် မေ့လို့နေတဲ့ ကိုလူပျို ဘဝင်မကျလို့ ကျွန်မ ရင်ကဖို၊ အရင်လိုမဟုတ်သူမောင့်ကို ကြည့်ရတာ ခြေလှမ်းပျက်သလို'

ကျယ်လောင်စွာ ဖွင့်လိုက်သော သီချင်းသံသည် ဈေးတန်းလေးကို လွှမ်းသွားလေသည်။ မြူးကြွသော တီးလုံးများနှင့်အတူ သီချင်းသံက နှစ်သက်စဖွယ် ဝဲလွင့်လာသည်။ ကျားသစ်ဆင် အထည်ကြီးများ လွှားထားသော ဆိုင်ခန်းမှဖြစ်သည်။

'အဲဒီ ကျားသစ်ဆင်တွေ ဘယ်လောက်လဲ'

'တစ်ကိုက် လေးဆယ့်ငါး'

ခင်မလတ်က သီချင်းသံကြားမှ အော်မေးလိုက်သည်။ သီချင်းသံကို တိုးမပစ်ဘဲ ဆိုင်ရှင်က အော်ပြီးဖြေသည်။ ခင်မလတ်သည် အစကို အသာလေး ကိုင်ကြည့်လိုက်သည်။ အဆင်သည် နှစ်ဖက်ပေါက်လည်းမဟုတ်။ အနံကြီးလည်းမဟုတ်။ ပိတ်စကို ဆေးရိုက်ထားခြင်းဖြစ်သည်။ တစ်ကိုက် လေးဆယ့်ငါး ဆိုသည်ကတော့ လွန်လွန်းသည်။ ပါးစပ်ထဲတွင် ဈေးဖြစ်နေသည်။ သူတို့ ပြောချင်သလို ပြောချင်ရာ ပြောချရေ့သလားဟုပင် တွေးမိသည်။

'လိုချင်ရင် ဆစ်ပေါ့၊ နည်းနည်းပါးပါး လျှော့မယ်၊ ဈေးတဲ့အောင်ပေး'

ခင်မလတ်သည် လှည့်ထွက်လာသောအခါမှ ဆိုင်ရှင်က လှမ်းအော်

www.foreverspace.com.mm

သည်။ သူ့အသံနှင့် သီချင်းသံသည် ရောထွေးသွားသည်။ သူ့အသံက နားထောင်၍ မကောင်းသော်လည်း ထိုသီချင်းကိုတော့ ခင်မလတ် ကြိုက်လေသည်။ ဦးလူလှတို့ အိမ်ကလည်း တော်တော် ကြိုက်ပုံရသည်။ သူတို့ အိမ်မှ ကက်ဆက်ဖွင့်လျှင် ထိုသီချင်းသံ ကြားရတတ်သည်။ ဖိုးဂျင်သည်လည်း ကက်ဆက်လိုချင်လိုက်သည်မှာ တစ်ပိုင်း သေနေသည်။ သူ့ငွေနှင့်သူ ရအောင်ဝယ်မည်ဟု မကြာခဏ ကြုံးဝါး တတ်လေသည်။ သူ့ဟာသူ ဝယ်မှပင် ရပေမည်။ ခင်မလတ်တို့အနေ နှင့် ကက်ဆက် ဝယ်လောက်အောင် ငွေမပိုပေ။

'ဝယ်ရင် ရောင်းတယ်၊ ရောင်းရင် ဝယ်တယ်၊ ရောင်းတယ် ဝယ်တယ်'

မျက်နှာချင်းဆိုင် ဆိုင်တန်းရှိ လူငယ်လေးနှစ်ဦးက စည်းဝါးကျကျ ခပ်အုပ်အုပ်လေး အော်နေကြသည်။ ခင်မလတ်သည် ခြင်းတောင်းထဲမှ ရေဒီယိုလေးကို သတိရသည်။ ရုံးမှအန်တီကြီးပစ္စည်းဖြစ်သည် အန်တီကြီးကိုယ်တိုင် အရာရှိ။ သူ့ယောကျ်ားသည်လည်း အရာရှိကြီး ဖြစ်လေသည်။ နိုင်ငံခြားသွားစဉ်က ပါလာသော ရေဒီယိုလေးဖြစ်သည်ဟု ပြောလေသည်။ ဓာတ်ခဲသုံး ရေဒီယိုဖြစ်၍ ဓာတ်ခဲ ဝယ်ရသည်မှာ ခက်ခဲလှသည်။ ထို့ကြောင့် ရောင်းပစ်သည်က အေးသည်ဆိုပြီး လည်လည်ဝယ်ဝယ်ရှိသော ခင်မလတ်လက်သို့ အပ်လိုက်သည်။ ခင်မလတ်သည် ဖိုးဂျင်ကိုပင် မလွှဲ၊ အန်တီကြီးပစ္စည်းမို့ ကိုယ်တိုင် ဈေးကိုလာသည်။ ကိုယ်တိုင်ပင် ဈေးအတိအကျ စုံစမ်းရပေမည်။ အန်တီကြီးနှင့် ခင်သောကြောင့် အန်တီကြီး မျက်နှာသာပေးသောကြောင့်သာ ရုံးတွင် ခင်မလတ် အနေချောင်ခြင်းဖြစ်သည်။ ထိုကဲ့သို့ပင် အသေးအဖွဲ လေးများကို မကြာခဏ ရောင်းပေးရလေ့ရှိသည်။ အန်တီကြီးက ထိုသို့ နိုင်ငံခြားပစ္စည်းများ ရောင်းလေ့ရှိကြောင်းကို အသိမခံချင်ပေ။ ထို့

www.foreverspace.com.mm

ကြောင့် ခင်မလတ်က နှုတ်လုံရလေသည်။ ခင်မလတ် နှုတ်လုံသလို ရှုံ့နောက်ကျခြင်း အပြင်ထွက်ခြင်း၊ စောစောပြန်ခြင်းများကိုလည်း တာဝန်ရှိသော အန်တီကြီးက မျက်နှာလွှဲနေတတ်လေသည်။

'ဟော့! ဘာလာလုပ်တာလဲ'

'အိုး. . .ကိုသက်'

ခင်မလတ် လက်မောင်းကို တစ်စုံတစ်ဦးသည် ရင်းရင်းနှီးနှီး ဆုပ်ကိုင်ပြီး နှုတ်ဆက်လိုက်သည်။

'ကြည့်. . .ရှုံ့ချိန်ကြီး လစ်နေတယ်ပေါ့'

'ဒါပေါ့'

'ခုနထဲက မြင်တယ်၊ ဟုတ်မှ ဟုတ်ရဲ့လားလို့'

'အမယ် သူများကို မမှတ်မိဘူးပေါ့လေ'

ခင်မလတ်သည် နှုတ်ခမ်းကို မသိမသာလေးစူကာ ပြောလိုက်သည်။ ယခုအချိန်အထိ သူ့လက်မောင်းကို ဆုပ်ကိုင်ထားဆဲဖြစ်သည့် လက်ချောင်းညိုညိုများကို မျက်နက်ထောင့်ကပ်ပြီး စောင်းကြည့်သည်။ ထိုအခါမှ သူသည် မရယ်ချင့်ရယ်ချင် ရယ်မောရင်း လွှတ်ပေးလိုက် သည်။

'ဘာလဲ. . .လုံချည်အဆင်တွေ လာရွေးနေတာလား'

'မဝယ်နိုင်သေးပါဘူး ကိုသက်ရယ်'

ခင်မလတ်သည် ခပ်တိုးတိုးနှင့် ခပ်နွဲ့နွဲ့လေး ပြောလိုက်သည်။ ကိုသက်က မကြားဟန်နှင့် ခါးကိုင်းကာ ခင်မလတ်မျက်နှာနားကပ်၍ နားထောင်လေသည်။ သူ့ခေါင်းမှ ဗင်နီးလီးယား ဆပ်ပြာနံ့ကိုပင် ခင်မလတ် ရှူလိုက်ရသည်။

'ကဲ. . .ဘယ်အဆင်ကြိုက်သလဲပြော'

'အံမာ. . .ဝယ်ပေးမလို့လား'

www.foreverspace.com.mm

'ဝယ်ပေးမှာပေါ့'

'တကယ်'

'တကယ်ပေါ့၊ ပြီးတော့သာ'

'ပြီးတော့ ဘာဖြစ်လဲ'

'လတ်ကလည်း ကိုယ်လိုချင်တာပေး'

'သွား'

ခင်မလတ်သည် နှုတ်ခမ်းလေးကို စွဲမက်စဖွယ် စူလိုက်ရင်း မျက်စောင်းထိုးလိုက်သည်။ ရေဒီယိုတန်း ကက်ဆက်တန်းဘက်သို့ ဦးတည်ထားသော ခြေလှမ်းကို ဆက်မလှမ်းဖြစ်ဘဲ ရပ်နေလိုက်မိသည်။ သူ ရေဒီယို သွားရောင်းသည်ကိုတော့ ကိုသက် မမြင်စေလိုပေ။ ထို့ကြောင့် နောက်ကြောင်း ပြန်လှည့်ရန် ဆုံးဖြတ်လိုက်သည်။ ညနေရုံးဆင်းမှ တစ်ခေါက်လာသည်က ပို၍ အဆင်ပြေမည်။

'ပြန်တော့မလို့လား'

'ဆယ့်တစ်နာရီတောင် ထိုးခါနီးပြီ၊ နောက်ကျလှပြီ ကိုသက်ရဲ့'

'ရုံးများ ခေါက်ထားလိုက်စမ်းပါ'

'ဘယ်ဖြစ်မှာလဲ၊ အလုပ်ပြုတ်သွားရင် ထမင်းငတ်သွားမှာပေါ့'

'ဒီလိုရုပ်ရည်နဲ့ ဘယ်တော့မှ ထမင်းမငတ်နိုင်ပါဘူး၊ မိန်းကလေး ရယ်၊ လက်ဖျားတောင် ငွေသီးနေဦးမယ် မဟုတ်ဘူးလား'

'ဘာလုပ်လို့ သီးရမှာလဲ ဘယ်သူက ငွေအလကား ပေးမှာမို့လဲ'

'ကိုယ်တို့လို လူတွေက ပေးမှာပေါ့၊ အလကားတော့ ဘယ်ဟုတ်မလဲ'

ကိုသက်က ခင်မလတ်၏ တစ်ကိုယ်လုံးကို သိမ်းကြုံးကြည့်ရင်း ရယ်ကျဲကျဲ ပြောသည်။ ခင်မလတ်သည် ရုတ်တရက် စိတ်ဆိုးသလို ဖြစ်သွားပြီး

www.foreverspace.com.mm

ထိမထင်သော ပေတေတေစိတ်က ခေါင်းထောင်ထလာသည်။ တစ်ချိန်က ယောကျ်ားသားများကို မွေ့ကစားခဲ့သည်။ ကစားရင်း ကစားရင်းနှင့် မိမိကိုယ်တိုင် ကစားစရာ ဖြစ်လာသည်ကို သူ့ခမျာ သတိမမူမိရှာပေ။ ကျား ဟူသည်မှာ သက်သတ်လွတ်စားသော သတ္တဝါမဟုတ်ပေ။ သက်သတ် လွတ် စားဟန်ဆောင်နေသော ကျားတို့ အလယ်တွင် ချေသူငယ်သည် မိမိကိုယ်မိမိ အထင်ကြီးစိတ်နှင့် ဝင့်ဝါနေသည်။ သူ၏ အသွေးအသားကို စားသောက်ရန် ကျားတို့ အစွယ်သွေးလျက် ရှိသည်ကို ဖြုန်းခနဲ မြင်လိုက်ရ သလို ရှိသည်။

'ကဲ. . .သွားမယ်နော်'

'ဘယ်အဆင်ကြိုက်လဲ ပြောဦးလေ'

'နေပါစေ၊ သွားတော့မယ်'

'ခင်မလတ် ဘာဖြစ်လို့လဲ၊ စိတ်ဆိုးနေလား၊ ကိုယ်စတာပါ၊ တောင်း ပန်ပါတယ်'

သူက တောင်းပန်လာသောအခါ ခင်မလတ်သည် ရုတ်ချည်းပင် ပျော့သလိုလို ဖြစ်သွားသည်။ တန်းလန်း ချိတ်ဆွဲထားသော ကိုရီးယား ဖော့ အနီကွက်တုံး အဆင်လေးကိုပင် ငေးကြည့်မိသွားသည်။

'ကဲ ကျေနပ်တော့နော်'

ခင်မလတ်သည် သူ့ကို မော်ကြည့်လိုက်သည်။ မျက်နှာက ဝမ်းနည်း ဟန် ဆောင်နေသော်လည်း သူ့မျက်လုံးများက တောက်ပြောင်နေသည်။ သိမ်မွေ့ပျော့ပျောင်းခြင်းကို လုံးဝမတွေ့ရပေ။ သူသည် တောင်းပန်စကားကို နှုတ်ဖျားလေးတွင် ပြောနေကြောင်း ခင်မလတ် သိလိုက်ရလေသည်။ သူ့ဆီ က လက်ခံထားမိသော အင်္ကျီစတစ်ထည်နှင့် လုံချည်စနှစ်ထည်ကို မက်မော သော်လည်း တောက်ပြောင်နေသော မျက်လုံးများကိုကြည့်ရင်း ကြောက်

www.foreverspace.com.mm

စိတ်နှင့် ဝမ်းနည်းစိတ်တို့သည် ခင်မလတ်၏ရင်ထဲတွင် လုံးထွေးလာသည်။ ယခင်က နူးညံ့ဟန်ရှိ သော ကိုသက်သည် ခင်မလတ်ကို လုံချည်နှစ်ထည် ဝယ်ပေးပြီးသည့် နောက်ပိုင်း ရဲတင်းလာသည်။ ပိုင်စိုးပိုင်နင်း ရှိလာသည်၊ သို့သော် သူ့ကို အပြစ်တင်ရန် မရှိကြောင်း ခင်မလတ် နားလည်သလိုလို ရှိသည်။

'သွားတော့မယ်နော်'

ခင်မလတ်သည် ထိုးဆိုက်လာသော ကားဆီသို့ ခပ်သွက်သွက် လေးလျှောက်လိုက်သည်။ ကိုသက်သည် သူ့နံဘေးတွင် ကပ်ပါလာလေသည်။

'တစ်ခုခု စားရအောင်ကွယ်'

'နောက်ကျနေပြီ'

'နက်ဖြန် လာမလား'

'ဟင့်အင်း၊ နက်ဖြန် အလုပ်တွေပုံလို့'

'ဒီနားက စောင့်နေမယ်လေ'

'ဟင့်. . .အင်းကွယ်'

ခင်မလတ်သည် ကားပေါ်သို့ တိုးတက်ခဲ့သည်။ နေရာမရသည့်အတွက် အလယ်ဘက်သို့တိုးကာ ရပ်နေလိုက်သည်။ ကိုသက်သည် ဘတ်စ်ကားဂိတ်၌ ကျန်ခဲ့လေသည်။ အလိုမကျ ဖြစ်နေသော မျက်နှာသည် ညိုနေသည်။ သူ၏ မျက်လုံးများမှတစ်ဆင့် သူ့ရင်တွင်းကို ခေတ္တခဏ လှမ်းမြင်လိုက်ရသည့်အတွက် ခင်မလတ်သည် သူ့အန္တရာယ်ကိုသူမြင်လာသည်။ မည်သည့်ယောကျ်ားလေးကိုမှ သူ အသေအချာ မချစ်သော်လည်း သူ့ကို တော့ ယောကျ်ားတိုင်းက ချစ်စေချင်သည်။ ကိုသက်သည် သူ့ကို ချစ်၍ ချဉ်းကပ်လာသည်ဟု အစပိုင်းက ထင်မိသည်။

ခုတော့ ပြတ်ပြတ်သားသား သိလိုက်ရသည်။ ကိုသက် လိုချင်သည်

www.foreverspace.com.mm

မှာ သူ့မေတ္တာ မဟုတ်ချေ။ သူ့ခန္ဓာကိုယ်သာဖြစ်သည်၊ ယောကျ်ားလေးများနှင့် တရင်းတနှီး နေတတ်သော်လည်း ခင်မလတ်သည် လူကိုတော့ မည်သည့်အခါမျှ အထိမခံပေ။ သို့သော် သူ့နေပုံ ထိုင်ပုံကြောင့် သူ့ကို ဦးလူလုကတော်လို မိန်းမမျိုးကြီးတွေက မေးငေါ့ချင်လေသည်။ အချင်းချင်းကလည်း အထင်သေးချင်ပြန်သည်။

တစ်လောကလုံးကိုပင် ခင်မလတ် မျက်မုန်းကျိုးချင်လာမိတော့သည်။ ကားထွက်လာသောအခါမှ အသာလေးငဲ့ပြီး မှတ်တိုင်ကို ထပ်ကြည့်မိသည်။ မျက်နှာထားညိုညိုနှင့် ကိုသက်သည် ဈေးထဲမှ ထွက်လာသော အိုမီဂါလေး နှစ်ဦးကို ငေးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

* * *

'ကျွန်မ အလိုကျအောင် ပြောရရင်ဖြင့် စိန်နားကပ်ကြီး ပန်ရမလို၊ စိန်နားကပ်ကြီး ပန်ရမလို'

မောင်မောင်နိုင်သည် ပက်လက်ကုလားထိုင်တွင် ကျောမှီပြီး မျက်စိကို မှိတ်ထားသည်။ ခြေထောက်ကမူ အချက်ကျကျ စည်းလိုက်နေသည်။ ထိုကုလားထိုင်သည် ဦးလူလု ထိုင်နေကျ ကုလားထိုင်ဖြစ်သည်။ သည်နေ့ ဦးလူလု ညစာစားပွဲ သွားရသည်။ သံရုံးဧည့်ခံပွဲဖြစ်သဖြင့် ညဆယ်နာရီလောက်မှ ပြန်လာမည်ဖြစ်သည်။ ထို့ကြောင့် မောင်မောင်နိုင်သည် ပက်လက်ကုလားထိုင်ကို အပိုင်စားရပြီး ကက်ဆက်ကို ဖိမ်နှင့် နားထောင်နိုင်သည်။ ဦးလူလု ရှိပါက ညပိုင်းတွင် ကက်ဆက်ဖွင့်ခွင့် မပေးချေ။

'ပေပေ. . .ရော့'

'ဘာလဲကွ'

www.foreverspace.com.mm

'သကြားလုံး'

ဇော်ဇော်သည် သကြားလုံးလေးကို မောင်မောင်နိုင်၏ လက်ထဲသို့ လာထည့်သည်။ သူ့ကို အဘွားက ပေးလိုက်ခြင်း ဖြစ်ဟန်တူသည်။ ဇော်ဇော်သည် သုံးနှစ်ကျော် လေးနှစ်နီးပါးသာသာ ရှိသေးသော်လည်း အလွန်သိတတ်သည်။ သူ့အဖေ မောင်မောင်နိုင်ကိုလည်း အလွန်ချစ်လေသည်။ သူရလာသမျှ မုန့်ကို ထာဝစဉ်လာပြီး ခွဲပေးလေ့ရှိသည်။ မောင်မောင်နိုင်အပြင် မည်သူမျှ တောင်း၍မရ။ သူ့အမေ ညိုညိုကိုပင် မပေးချေ။

'ကြည့်. . .သူ့အဖေများတော့ သိတတ်လိုက်တာ၊ မေမေ့ကို ပေးလေ သားရဲ့'

'အင်. . .ပေးဘူး'

'ခွေးကလေး'

မောင်မောင်နိုင်သည် ပြုံးရယ်ရင်း ဇော်ဇော့်ကို ပေါင်ပေါ် ဆွဲတင်လိုက်သည်။ ခွေးဟူသည်မှာ စကားပြောစမြပင် ဖြစ်ပေမည်။ တစ်အိမ်လုံး ဇော်ဇော့်ကို သည်းညည်းခံကာ အလိုလိုက်ကြ ချစ်ကြသည်။ မောင်မောင်နိုင်တစ်ယောက်သာ ဘာသိဘာသာ နေတတ်သူဖြစ်သည်။ သို့သော် ဇော်ဇော်ကမူ အဖေမှန်း သိလှသည်။ အဖေ့ပေါင်ပေါ် ရောက်သွား၍ ပြုံးချိုသွားသောမျက်နှာကလေးကို သူ့အမေညိုညိုက ကလေး နို့တိုက်ရင်းမှ ကြည်နူးစွာလှမ်းကြည့်နေသည်။

မောင်မောင်နိုင်သည် ချိုချဉ်စက္ကူလေးကို ခွာပြီး တစ်ဝက်ကိုက်ကာ ကျန်တစ်ဝက်ကို ဇော်ဇော်၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်လေ သည်။

'ကိုကိုနိုင် ပုလဲသီချင်းတွေဖွင့်ပါ၊ တစ်ခါလာလည်း ဒါပဲ၊ ဒီ သီချင်းတွေက ဖေဖေ ရှိရင်လည်း နားထောင်ရတာပဲ' စာရေးနေသော မစိုးက အော်လေသည်။ သူတို့ဖခင် ဦးလူလှ မရှိသောကြောင့် တစ်အိမ်လုံး လွတ်

www.foreverspace.com.mm

လုပ်ရေး ရနေသည်။ ဦးလူလုကတော် သူတို့ မိခင်ကြီးသည်လည်း မျက်စောင်းထိုးမှ ပွဲစား ဦးမြအိမ်သို့ အလည်သွားသည်။ ထုတ်ပြသမျှ လက်စွပ်များ၊ လက်ကောက်များကို လက်ဖက်စားရင်း ခေါင်းတညိတ်ညိတ် ကြည့်နေမည် ဖြစ်လေသည်။ ဦးမြတို့လင်မယားသည် သူတို့ဆီမှ လက်စွပ်တစ်ကွင်း လက်ကောက်တစ်ရန်တော့ ဦးလူလု ကတော် ဝယ်ကောင်းရဲ့ဟု မျှော်လင့်ကြသည်။ သို့သော် ဦးလူလု ကတော်သည် ဌာနဆိုင်ရာ အကြီးအကဲ ကတော်ကြီး လုပ်နေသော်လည်း ယနေ့ထက်တိုင် လက်ကောက်တစ်ရန် မဆိုထားနှင့် လက်စွပ်တစ်ကွင်းပင် ဝယ်ရန်အရိပ်အယောင် မပြသေးပေ။

'ဘယ်မှာလဲ နင့်အခွေတွေ'

'ဒီမှာ. . .ဒီမှာ'

မစိုးသည် ဗီရိုထဲမှ ကက်ဆက်ခွေလေးကို လှမ်းပေးသည်။ ကက်ဆက်သည် သူတို့ပိုင်ကက်ဆက် မဟုတ်ပေ။ ဦးလူလုကို ရုံးမှပေးထားခြင်းဖြစ်သည်။ ရုံးကိစ္စ အလိုရှိပါက အသုံးပြုရန်ဆိုသော်လည်း စင်စစ်အားဖြင့် အိမ်သုံးရန်ပေးထားသည့် သဘောပါပေ။ ထို့ကြောင့်လည်း မောင်မောင်နိုင်တို့၊ ညိုညိုတို့၊ မစိုးတို့၊ မတိုးတို့၊ ဖိုးတာတို့သည် စတူရီယိုသီချင်းများကို စိတ်ကြိုက်နားထောင်နိုင်ခဲ့ကြလေသည်။ သို့သော်လည်း ဦးလူလု အိမ်တွင်ရှိပါက ရေဒီယိုမှတစ်ဆင့် သွင်းထားသော တင်တင်မြတို့နှင့်ကိုအံ့ကြီး သီချင်းများကိုသာ နားထောင်ရသည်။ သူတို့ ဖခင်နှင့် မိခင်တို့သည် သူတို့လို စတူရီယိုတေးများကို အရသာ မခံတတ်ပေ။

## ကိုကိုမောင်

နေကောင်းရဲ့လား၊ ကိုကိုမောင့်ဆီက စာမလာတာ နည်းနည်း တောင်ကြာသွားပြီ၊ မေမေကတောင် စိတ်ပူနေလို့၊ စာ အသွားအလာ ကြာတာပါ၊

www.foreverspace.com.mm

စိတ်မပူပါနဲ့လို့ ပြောထားရတယ်။ မေမေ့အကြောင်းလည်း သိသားနဲ့၊ စာရေး မပျင်းပါနဲ့ ကိုကိုမောင်ရယ်၊ မစိုး မတိုး ဖိုးတာရော ကိုကိုနိုင်ပါ အခု စာကြိုးစားကြပါတယ်၊ မေမေနဲ့ ဖေဖေလည်း နေ ကောင်းတယ်၊ မေမေက နေ့ခင်းတုန်းကတောင် ကိုကိုမောင့်ဆီကို စာထိုင်ရေးနေသေးတယ်၊ အရှည်ကြီးပဲ . . .

မကြာမီ သီချင်းသံသည် မြူးကြွစွာ ထွက်ပေါ်လာသည်။ မစိုးသည် ရေးလက်စ စာကိုရပ်လိုက်ပြီး စားပွဲကို လက်ညှိုးလေးနှင့် ခေါက်ကာ စည်းလိုက်နေသည်။ ထို့နောက် ရှေ့တွင်ချထားသော တစ်မတ်တန် ဆီးယိုအစပ်ထုပ်ကို ဖောက်လိုက်သည်။ မစိုးသည် တစ်လုံးသာ နှိုက်စားရသေးသည်။ အထုပ်အဖောက် စောင့်နေသော ဖိုးတာက လက်ငါးချောင်းနှင့် လှမ်းနှိုက်သည်။ သူ့လက်ချောင်းများထဲ တွင် ဆီးယိုတစ်ဝက်ခန့် ပါသွားလေသည်။

'နင်ကလည်း လောဘကြီးပဲ'

'အံမာ . . .နည်းနည်းလေးများ'

ဖိုးတာက ပြုံးစပ်စပ်နှင့်ပြောကာ ပေသွားသော လက်ထိပ်များကို စုပ်နေသည်။ ထို့နောက် မစိုး၏စာကို မိုး၍လိုက်ဖတ်နေသည်။

'ဟဲ့ . . .လက်မစုပ်နဲ့'

'မမစိုးရ ကျွန်တော်လည်း စစ်ထဲဝင်မယ်လို့ ကိုကိုမောင့်ကို ပြောလိုက်စမ်းပါ'

ဖိုးတာသည် ပြောပြောဆိုဆိုနှင့် နောက်တစ်ခါ ထပ်နှိုက်သည်။ မစိုးကမန်းကတန်း ဦးအောင်နှိုက်လိုက်၍ ဆီးသီးတစ်လုံး ထပ်စားရသည်။ ဖိုးတာ နှစ်ခါနှိုက်သောအခါ တစ်ထုပ်လုံး ကုန်သွားလေတော့သည်။

'ဟဲ့ . . .မတိုးတောင် မစားရသေးဘူး'

ကုန်သောအခါမှပင် မတိုးကို သတိရတော့သည်။ မတိုးသည် ကိစ္စ

www.foreverspace.com.mm

မရှိပါဘူး ဆိုသည့်သဘော ခေါင်းခါပြလိုက်သည်။ မျက်တောင်လေးများ စင်းငိုက်ကာ မျက်လုံးလေးများ ဝေနေသော မတိုးသည် အငြိမ်ကြီးငြိမ်ကာ အမှုအရာ ပျက်နေသည်ကို သူတို့ သတိမထားကြပေ။

'ကိုကိုနိုင် စာမရေးတော့ဘူးလား၊ ကိုကိုမောင့်ဆီကိုလေ'

'ရေးမှာပေါ့ဟ'

မစိုးတို့ အငယ်သုံးဦး အတွဲညီသလို သူတို့အကြီးနှစ်ယောက်ကလည်း အလွန်ချစ်လေသည်။ တစ်ယောက်သည်းညည်း တစ်ယောက်ခံကာ တစ်ယောက်အပြစ် တစ်ယောက် ဖုံးပေးတတ်ကြသူများ ဖြစ်သည်။ မောင်မောင်နိုင် မိန်းမခိုးပြေးစဉ်က မောင်မောင်ကြီးသည် တစ်အိမ်လုံးနှင့် ဆန့်ကျင်ကာ ညီဖြစ်သူဘက်မှ ရပ်တည်ခဲ့သည်။ ဒေါသထွက်နေသော အဖေနှင့် အမေကို တတ်အားသမျှ ဖျောင်းဖျခဲ့လေသည်။

တစ်ယောက် တစ်ပေါက် ဆူညံနေသော ပတ်ဝန်းကျင်တွင် မတိုးတစ်ယောက်သာ ငြိမ်နေသည်။ မတိုးသည် အတန်ကြာငြိမ်နေပြီးမှ အိမ်သာဘက်သို့ ထွက်ခဲ့သည်။ လွယ်အိတ်ထဲမှ စာလေးတစ်စောင်ကိုလည်း ဝှက်ပြီး ယူခဲ့ရသေးသည်။

အိမ်သာတံခါးကို ချက်ချပိတ်ပြီးသောအခါမှ စာရွက်ပြာခေါက်လေးကို ခပ်မြန်မြန် ဖွင့်ရသည်။ အိမ်သာထဲသို့ တစ်ဆင့်ဝင်နေသော ရေချိုးခန်းမီးက မှိန်နေသော်လည်း စာလုံးများကို သဲကွဲစွာ မြင်ရသည်။ သဲသဲကွဲကွဲ မမြင်ရလျှင်လည်း အရေးမကြီး။ အခေါက်ပေါင်းများစွာ ဖတ်ထားပြီးပြီမို့ စာကိုပင် အလွတ်ရမတတ်ရှိသည်။ သို့သော်လည်း ထပ်ခါထပ်ခါတော့ ဖတ်ချင်နေသေးသည်။

**အတိုး**

ညီအောင် စာရေးလိုက်တယ်၊ အိပ်မပျော်လွန်းလို့ ထရေးတာပေ

www.foreverspace.com.mm

မယ့် ဘယ်ကဘယ်လို စပြောရမယ်ဆိုတာ မသိတော့ပါဘူး အတိုးရယ်၊ အတိုးကို ချစ်မိပြီ ဆိုတာကိုပဲ လွယ်လွယ် ရှင်းရှင်း ပြောပါရစေတော့၊ အတိုးရော ညီအောင် ဆိုတဲ့သူကို ချစ်နိုင် ပါမလားဟင် အဖြေပေးပါလား။

ထာဝရ

**ညီအောင်**

စာသည် တိုသဖြင့် ခဏလေးနှင့် ဆုံးသွားသည်။ မတိုး၏ရင်သည် တဆတ်ဆတ် ခုန်နေလေသည်။ စာကလေးကို ဖွဖွလေးကိုင်ထားရင်းမှ အားအင်တွေ ကုန်ခန်းသွားသလိုလို၊ အားသစ်တွေပင် ရုတ်ချည်းတိုးလာ သလိုလို နွမ်းဟိုက်ခြင်းနှင့် ရွှင်ပျော်ခြင်းတို့ကို ဆန့်ကျင်ဘက် တစ်လှည့်စီ ခံစားနေရလေသည်။

* * *

နှင်းမှုန်များသည် အုံ့ဆိုင်းပြီး ဝေ့နေသည်။

ဆောင်းဦးပေါက်ပေပြီ။

ဒေါ်ကျော့သည် နှင်းမှုန်များ ပါလာသော လေကို မော့ပြီး တဝရှူ လိုက်သည်။ စိမ့်ခနဲ အေးသွားသဖြင့် အနွေးအင်္ကျီရင်ပတ်ကို ဆွဲပြီး စေ့ကာ ခပ်သုတ်သုတ်လေး လျှောက်လိုက်လေသည်။

'ကာတွန်းထဲကလို မေးရဦးမယ်၊ ဒီနေ့ ဈေးမှာ ဘာတွေရှားသတုန်း'

ဒေါ်ကျော့၏ရှေ့တွင် ဆွဲခြင်းကိုင်ရင်း အသုတ်ကလေး လျှောက်သွား

www.foreverspace.com.mm

နေသော အိမ်ရှင်မတစ်ဦးက ဈေးမှပြန်လာသူတစ်ဦးကို မေးလိုက်သည်။ သူ့မေးခွန်းကို ကြားသောအခါ ဒေါ်ကျော့သည် အတော်လေး ရယ်ချင်သွားလေသည်၊ မေးသူကလည်း မေးတတ်သည် ဖြေသူကလည်း ဖြေတတ်သည်။

'ကြက်သား ဝက်သား ရှားတယ်တော့'

'ငါး ပုစွန်ရော'

'ရှားတာပေါ့'

'အသီး အရွက်ရော'

'ဘယ်ပေါလိမ့်မလဲ'

သူတို့နှစ်ဦးသည် သံပြိုင်ရယ်လိုက်ကြလေသည်။ မြန်မာလူမျိုးတို့သည် အရာရာကို ဟာသမျက်စိနှင့်ကြည့်ကာ ရယ်မောပစ်တတ်ကြသောသူများ ဖြစ်သဖြင့် အလွန်ချစ်စရာကောင်းသော လူမျိုးဖြစ်သည်ဟု စာတစ်အုပ်ထဲတွင် ဖတ်ရဖူးလေသည်။ ဒေါ်ကျော့သည် ပညာသိပ်မတတ်သော်လည်း စာအလွန်ဖတ်လေသည်။ သတင်းစာ မှန်မှန်ဖတ်သည့် အလေ့အကျင့်လည်းရှိသည်၊ အချို့လူများသည် သတင်းစာဖတ်လျှင် ခေါင်းကြီးအရင်ဖတ်သည်။ အချို့သည် နာရေး အရင်ဖတ် သည်။ အချို့သည် သာရေးကို ဦးစားပေးကြည့်သည်။ ဒေါ်ကျော့သည်ကား ကာတွန်းကို အရင်ဆုံးရှာသူဖြစ်သည်။ သတင်းစာထဲတွင်ပါသော ကာတွန်းလေးများကို ဒေါ်ကျော့ အလွန်သဘောကျလေသည်။ လူတစ်ဦးက သားငယ်ကို လက်ဆွဲသွားပြီး မှောင်ခိုဆိုင်ကလေးရှေ့တွင် ရပ်ကာ 'ကဲ. . .ဒါက သကြား၊ ဒါက နို့ဆီ၊ သေချာကြည့်ထား' ဟုပြောနေသော ကာတွန်းလေးကိုမူ သဘောကျလွန်းသဖြင့် ခင်မလတ်ကိုပင် ညှပ်ပြီး သိမ်းထားရန် ပြောမိသေးသည်။

'အဆီ ပုစွန်ကြီးတွေနော်၊ အဆီတွေကို အိလို့ခဲလို့ ကောင်းကောင်း

www.foreverspace.com.mm

စားချင်သလား’

‘ဘယ်ဈေးတုန်း’

‘ဆယ့်ရှစ်ကျပ်’

ပုစွန်တုပ်ကြီးများသည် စိမ်းပြီး လတ်နေသည်။ တစ်ကောင်လျှင် ငါးကျပ်သားမက စီးမည်ဟု မှန်းမိသည်။ ခင်မလတ်သည် ထမင်းချိုင့် ထည့်နေသူမို့ ဟင်းကောင်း ကျွေးကောင်း ထည့်ချင်သည်။

အိမ်တွင် ဟင်း ချေးမများသော်လည်း အများနှင့် ဝိုင်းစားသော ထမင်းဝိုင်းတွင်မူ ကောင်းကောင်းမွန်မွန် ထည့်ချင်သည်ဟု မကြာခဏ ပြောလေ့ရှိသဖြင့် ဈေးဝယ်ရာတွင် ဒေါ်ကျော့သည် အတော်လေး သတိထားရသည်။ ပုစွန်ဟင်းချက်လျှင် တစ်ယောက်ကို မနက်တစ်ကောင် ညတစ်ကောင်တော့ စားမိမည်သာဖြစ်သည်။

ဖိုးဂျင်ဆိုလျှင် တစ်ကောင်နှင့် ဝမည်မဟုတ်။ ခင်မလတ်ကလည်း ထမင်းချိုင့်ကို ပုစွန်တစ်ကောင်နှင့် ကျေနပ်လိမ့်မည် မဟုတ်ချေ။ ညမနက် ရှစ်ကောင်လောက် ဝယ်ရမည်။ ရှစ်ကောင်ဆိုလျှင် လေးဆယ်သားခန့် ရှိမည်။ လေးဆယ်သားဆိုလျှင် ခုနစ်ကျပ်နှင့် ပြားနှစ်ဆယ်ကျမည်။ ဟင်းသီးဟင်းရွက် တို့စရာအစုံ လုံးဝမပါသေးချေ။

ဒေါ်ကျော့သည် သက်ပြင်းချလိုက်သည်။ တွက်ချေမကိုက်လှချေ။ သူတို့အိမ်ထောင်တွင် ဈေးဖိုးကို ငါးကျပ်မှ ခုနစ်ကျပ်အတွင်း တွက်ပြီး သုံးနေရသည်။ တစ်ခါတစ်ရံ သည့်ထက်လျှော့နိုင်က လျှော့ရမည်သာဖြစ်သည်။ ပိုသုံး၍ မဖြစ်ချေ။

ဒေါ်ကျော့သည် သက်ပြင်းချကာ ပုစွန်တုပ်ကြီးများကို မျက်နှာလွှဲလိုက်သည်။ တစ်ခါတစ်ရံ ဆယ့်ခြောက်ကျပ်လောက်ထိ ဈေးကျတတ်သည်။ ထိုအခါများမှပင် ခင်မလတ်တို့ ဖိုးဂျင်တို့ကို ကျွေးရပေတော့မည်။

www.foreverspace.com.mm

'ကြက်သား နှစ်ဆယ့်နှစ်'

'ဝက်သား နှစ်ဆယ့်သုံး'

'ဆိတ်သား နှစ်ဆယ့်ငါး'

'ငါးမြင်း နှစ်ဆယ့်ငါး'

ဒေါ်ကျော့သည် အမယ်လေး ဘလေးတရင်း အကုန်လုံးကို ကျော ခိုင်းလိုက်သည်။ ထို့နောက် ငါးဖယ်ခြစ် ဆိုင်ရှေ့သို့ ရောက်သွားသည်။ သူလည်း သက်သာလှသည်မဟုတ်။ နှစ်ဆယ့်ငါးကျပ်ဈေးနှင့် မိုးပျံနေသူ ဖြစ်လေသည်။ သို့သော် ကြက်သား ဆိတ်သား နှစ်ဆယ်သားသည် အစား မခံလှချေ။ ငါးဖယ်ခြစ် နှစ်ဆယ်သားဆိုလျှင်မူ တန်တန်လေးလုံးလျှင် အလုံးနှစ်ဆယ်ခန့် ရမည်ဖြစ်၍ ညမနက် လောက်သွားမည်ဖြစ်သည်။

'ဒေါ်ကျော့ ဘာဝယ်ခဲ့တုန်း'

'ငါးဖယ်ခြစ်ပဲ အစ်မကြီးရေ'

ဦးလူလုကတော်သည် သားငါးတန်းထဲ လှမ်းဝင်လာသည်။ သူ့နောက်တွင် ဆွဲခြင်းကိုင်လိုက်လာသော ဖိုးတာကို တွေ့ရလေသည်။ ဖိုးတာသည် လက်တစ်ဖက်က ဆွဲခြင်းဆွဲထားပြီး လက်တစ်ဖက်က ခေါက်မုန့်ကို ကိုင်ထားသည်။ သူ့အမေနောက်သို့ ဆွဲခြင်းကိုင်လိုက်တိုင်း ခေါက်မုန့် တစ်မတ်တန် တစ်ချပ် စားရသဖြင့် ကျေနပ်နေလေသည်။

'ဘာဝယ်ရမလဲတောင် မသိပါဘူးရှင်'

'ကျွန်မတို့ ငယ်ငယ်တုန်းက လုပ်သလို နံကြားကို လက်နဲ့ ထောက်တာမျိုးလေ၊ ကျန်တဲ့ ဆိုင်ကိုသာ စွတ်ပြီးဝယ်လိုက်ပေတော့ အစ်မကြီးရေ၊ ဈေးကတော့ ကြီးတာကြီးပဲ'

သူတို့ ခြင်းတောင်းထဲတွင် ဘာမှမတွေ့ရသေးပေ။ ခြင်းတောင်း အောက်ခြေတွင် ခင်းထားသော အင်ဖက်သည် နွမ်းပြီး မည်းနေသည်။

www.foreverspace.com.mm

ဒေါ်ကျော့သည် သားတန်း ငါးတန်းမှ မြန်မြန်လေးထွက်ကာ ဟင်းသီးဟင်းရွက်တန်းဘက်သို့ ဦးတည်လျှောက်လိုက်သည်။ အရည်တည်ဘူးသီးနုနုလေးများတွေ့၍ တစ်စိတ် တစ်မတ်နှင့် နှစ်စိတ် ဝယ်လိုက်သည်။ ဈေးဖိုး ငါးကျပ်ခွဲသာ ရှိသေး၍ ကိုင်းခရမ်းချဉ်သီး တစ်ဆယ်သားပါ ဝယ်လိုက်သည်။ ခါတိုင်း တစ်ဆယ်သား ငါးမတ် ရောင်းသည်။ သည်နေ့တော့ ကံကောင်းသဖြင့် ပြားရှစ်ဆယ်နှင့် ရလိုက်သည်။ ထိုသို့ ဈေးသက်သာသည့်တိုင်အောင် ခရမ်းချဉ်သီး ခြောက်လုံးကို ပြားရှစ်ဆယ်ကျသဖြင့် တစ်လုံးကို ဆယ်ပြားမကတန် နေသေးလေသည်။

ဈေးဖိုးခြောက်ကျပ် ကျော်သွားပြီ ဖြစ်သဖြင့် ဒေါ်ကျော့သည် ဈေးကိုကျောခိုင်းလိုက်သည်။ ထို့နောက် အိမ်ကို ခပ်သုတ်သုတ်လေး ပြန်လာလေသည်။ သမီး၏ ရုံးအမီ ချက်ရပြုတ်ရပေဦးမည်မို့ အချိန်ကို တွက်တတ်သောသူ့ခြေထောက်များသည် အလိုလိုမြန်နေလေသည်။

'ပဲပြုတ်'

'ပဲပြုတ် လာပါဦး'

ဒေါ်ကျော့ အိမ်နားရောက်သောအခါ ဆရာဦးလှအောင်တို့အိမ်မှ ညီအောင် ထွက်လာသည်။ လက်ထဲတွင် သံပန်းကန်လေး ကိုင်ထားရင်း ပဲပြုတ်သည်ကို လှမ်းခေါ်သည်။

'ဒေါ်ဒေါ်ကျော့ ဈေးက ပြန်လာပြီလား'

'အေးကွယ်'

'အမေတော့ ခုမှ သနပ်ခါးလိမ်းတုန်း၊ ဈေးနောက်ကျမှသွားပြီး ဟင်းမမီဘူး မမီဘူးနဲ့၊ ကျွန်တော်တို့ကို ပဲပြုတ်နဲ့ချည်းပဲ ကျွေးလွှတ်နေတာပဲ သိလား ဒေါ်ဒေါ်ကျော့ရဲ့'

'ဟဲ့. . .ညီအောင်နော်'

www.foreverspace.com.mm

ဆရာ ဦးလှအောင်ကတော် ဒေါ်ခင်ခင်သည် အိမ်ထဲမှ ဆွဲခြင်းကိုင်ကာ ထွက်လာရင်း ညီအောင့်ထိပ်ကို မနာအောင်ခေါက်ရင်း ရယ်နေလေသည်။ ညီအောင်သည် မနာသော်လည်း အရမ်းနာသွားသလို တအားရှုံ့လိုက်ပြီးမှ ဖြုန်းခနဲ ရယ်လိုက်သည်။

ညီအောင့်ဆီမှ အရှင်ဓာတ် ကူးသွားသဖြင့် ဒေါ်ကျော့သည်ပင် လိုက်ရယ်လိုက်မိသည်။ ညီအောင်သည် အောင်ကိုနှင့် မတူပေ။ အောင်ကိုသည် လူကြီးများကို နေရာပေးကာ ရိုရိုသေသေ ဆက်ဆံတတ်သည်။ ညီအောင်သည်ကား နှုတ်သွက် လျှာသွက် ရှိလှသည်။ အောင်ကိုသည် တည်ငြိမ် အေးသည်ဟု ဒေါ်ကျော့ အကဲခတ်မိသည် ညီအောင်သည်ကား ပျော်တတ်ပြီး လူပျို လူရွှင်ဖြစ်သည်။

'ဘာဝယ်ခဲ့လဲ မမကျော့ရေ'

'ငါးဖယ်ခြစ်ပဲ ဆရာကတော်ရေ့'

ဒေါ်ကျော့သည် အဖြေပေးရင်း အိမ်ထဲသို့ ချိုးဝင်လိုက်သည်။ တံမြက်စည်းလှည်းနေသော ခင်မလတ်က တံမြက်စည်းကိုချကာ ခြင်းတောင်းကို ဆီးယူသည်။

'ငါးဖယ်ခြစ်လား အမေ'

'အေး'

သူတို့သည် မီးဖိုချောင်သို့ တန်းပြီးဝင်ခဲ့ကြသည်။ တစ်ဖက်ခန်းမှ ငရုတ်သီးထောင်းသံသည် တဒုန်းဒုန်းနှင့် စည်းချက်မှန်မှန် ထွက်ပေါ်နေသည်။ လှလှ ငရုတ်သီးထောင်းနေခြင်း ဖြစ်ပေသည်။

ဒေါ်ကျော့သည် ရေအိုးစင်ဆီသို့ ဦးတည်လျှောက်သွားပြီး ရေတစ်ခွက်ပြည့်ပြည့် ခပ်ကာ မနားတမ်း သောက်ချလိုက်မိသည်။ အမောလည်းပြေသည်၊ အဆာလည်းခံသည်။ ဖိုးဂျင်သည် စားပွဲဝိုင်းတွင် ငုတ်တုတ်

www.foreverspace.com.mm

လေးထိုင်ရင်း ထမင်းရည်ပူပူကို ဆားခတ်ပြီး သောက်နေလေသည်။

'ထမင်းရည် သောက်မလား အမေ၊ ဗီတာမင်အပြည့်ပါတယ်၊ ဟော လစ်ထက် ကောင်းတယ်၊ ဒါက မိတ်အင်ဘားမား ဟောလစ်'

ဖိုးဂျင်က သူ၏ပြည်တွင်းဖြစ် ဟောလစ်ကို ကြော်ငြာနေစဉ် ဒေါ်ကျော့သည် လက်ဆွဲခြင်းထဲမှ ဘူးသီးစိတ်များကို ထုတ်လိုက်သည်။ ငါးဖယ်အရင်ချက်ရမည်လား၊ ဘူးသီးချဉ်ရေ အရင်ချက်ရမည်လား စဉ်းစားရင်း ရေနံဆီမီးဖိုကိုဖွင့်ကာ ငါးပိရည်အိုးကို ရေထိုးပြီး ထပ်ကျိုလိုက်လေသည်။

* * *

'အဖေ. . .နေမကောင်းဘူးလား'

'ခေါင်းထဲက အရမ်းအုံ့တာပဲ'

ထားထားသည် အဖေ့ခြင်ထောင်ကို ဆွဲတင်လိုက်သည်။ ပြတင်းပေါက် ဖွင့်လိုက်သောအခါ နေရောင်က စူးရှစွာ တိုးဝင်လာလေသည်။ ခွေခွေလေး အိပ်နေသော အဖေသည် နေရောင်ကို မျက်စိကျိန်းဟန်နှင့် မျက်လုံးကို စုံမှိတ်ထားလိုက်သည်။

'ခေါင်းကိုက်တာလား အဖေ'

'အုံ့နေတာပဲ၊ မျက်ခွံတွေလည်း လေးလိုက်တာ'

'ဖျားများ ဖျားလား မသိဘူး'

'ချမ်းတော့ မချမ်းပါဘူး'

အဖေ့နဖူးတွင် ချွေးစလေးများကိုပင် တွေ့ရသည်။ အဖေသည် သူ့နဖူးကို စမ်းကြည့်နေသော သမီးအား မော်ကြည့်ရင်း နှစ်သိမ့်ပြုံးလေး ပြုံးလိုက်သည်။ အဖေ့အသားသည် အဖျားသွေး ရှိသလို ပူမနေပေ။ မျက်လုံး

www.foreverspace.com.mm

များသည်ကား အရောင်ညှိုးမှိန်ကာ အားနည်းနေဟန် ပေါက်နေလေသည်။

'အေ-ဗီ-စီ သောက်မလား အဖေ၊ ရေနွေးလေးနဲ့သောက်ပြီး ချွေးထုတ်လိုက်ရင် ကောင်းမလား မသိဘူး'

'အောင်ကိုက ပြောဖူးတယ် အေ-ဗီ-စီက အားကုန်တယ်တဲ့၊ အဖေက နဂိုထဲက အားမရှိရတဲ့အထဲ ရင်ထဲမှာမောတယ် သမီး'

ထားထားသည် အဖေ့ကို စိတ်မကောင်းစွာနှင့် ငေးစိုက်ပြီး ကြည့်နေမိလေသည်။ အဖေ အသက်ကြီးပေပြီ။ သာမန်အားဖြင့်ဆိုလျှင် ခြောက်ဆယ်ကျော်ပြီမို့ ပင်စင်ယူရတော့မည်ဖြစ်သည်။ အဖေသည် သက္ကရာဇ်ငါးနှစ်ခန့် ဖြိုထားသဖြင့်သာ ခုချိန်အထိ အလုပ်လုပ်နေရခြင်း ဖြစ်သည်။ တစ်ခါတစ်ရံတော့ ထားထားသည် အဖေ့ကို မြန်မြန်ထက်ထက် ပင်စင်ယူစေချင်သည်။ သို့မှသာ ဖဲဝိုင်းနှင့်ဝေးပေမည်။ ခုတစ်လောတော့ အဖေသည် ဖဲဝိုင်းအကြောင်း သိပ်မပြောတော့ပေ။ အဖေ့အသက်သည် ဘုရားကျောင်းကန်သွားပြီး ဥပုသ်ဆောက်တည်ကာ သီလစုသင့်သော အရွယ်ဖြစ်ကြောင်း သူ့ကိုယ်သူလည်း အနည်းအကျဉ်း သတိထားမိလာဟန်ရှိသည်။

'အဖေ သကြားရည်လေး သောက်မလား၊ အမောပြေလေ'

'သကြားရှိလို့လား'

'ဟိုတလောက သမဝါယမက ဆယ့်ငါးကျပ်သား ထုတ်ရတယ်လေ'

'ကျန်သေးလို့လား'

'သြော်. . .အဖေရယ်၊ ထားထားတို့အိမ်က ကော်ဖီမှ မသောက်တာ၊ သကြား ဘယ်သွားသုံးမလဲ သုံးချင်လည်းသုံးရမှာ မဟုတ်ပါဘူး၊ အဖေ့သမီးကြီး မမလှက ကျစ်ကျစ်ပါအောင်ထုပ်ပြီး သိမ်းထားလေရဲ့၊ နောက်ပြီး ပြောနေသေးတယ်။ ဘုရားစင်တင်ပြီး ရှိခိုးကြရအောင်တဲ့၊ လူ့ပြည်က

www.foreverspace.com.mm

သကြားမင်းဟာ နတ်ပြည်က သိကြားမင်းထက် တောင် ဘုန်းကြီးနေပြီတဲ့၊ အပြင်မှာ တစ်ပိဿာ ငါးဆယ်ကျော်နေပြီ ကိုး အဖေရဲ့'

'ကြံကြံဖန်ဖန်ဟယ် မိလုကလဲ'

အဖေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်ရာမှ တံတွေးသီးပြီး ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။ သူ့သမီးကြီး လုလုသည် ထိုကဲ့သို့ ကြံကြံဖန်ဖန်များကို တွေးလည်း တွေးတတ်၊ ပြောလည်း ပြောတတ်လေသည်။ တစ်နေ့တစ်နေ့ အိမ်ထဲတွင်ပင် အချိန်ကုန်ရရှာ သူမို့ သူ့အတွေးအမျှင်များကို တတ်နိုင်သမျှဆွဲဆန့်ကာ မီးခိုးမဆုံးမိုးမဆုံးတွေးပြီး အတွေးပင်လယ်ထဲ မျောပါတတ်သူ ဖြစ်သည်။

ချောင်းဆိုးရသဖြင့် မောသွားသော အဖေသည် သူ့ရင်ဘတ်ကို လက်နှင့် ဖိထားသည်။ သူ့လက်ချောင်းများ အောက်တွင် ခပ်ပြင်းပြင်း ခုန်နေသော နှလုံးသားက လှုပ်ရှားနေလေသည်။ သူ့ကိုယ်သူ အားနည်းနေကြောင်း သတိထားမိသည်မှာ ကြာချေပြီ။ တစ်ခါတစ်ရံလည်း ခေါင်းထဲတွင် ထိုးကိုက်လာကာ ကိုယ်တွေ လက်တွေ ကျဉ်နေတတ်သည်။ အိမ်မှနေ၍ ဘတ်စ်ကားဂိတ်သို့ လျှောက်ရသည်ကိုပင် မောချင်သည်။

'အဖေ ဘာဖြစ်လို့လဲ'

ခြေတစ်ဖက်ဆွဲနေသော ခြေသံနှင့် စိုးရိမ်မကင်း မေးသံကို အရင်ကြားရသည်။ ထို့နောက် ဖြူလျော်သော လုလု၏မျက်နှာလေးကို တွေ့ရလေသည်။ လုလုသည် သကြားရည်ခွက်ကလေးကိုကိုင်ကာ အခန်းထဲ ဝင်လာသည်။

'အဖေ မောလို့ဆို၊ ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲ မသိပါဘူး သမီးရယ်၊ အသက်က စကားပြောလာတာ ထင်ပါရဲ့၊ အလကားနေရင်း မောဟိုက်ဟိုက် အုံ့တုံ့တုံ့နဲ့'

www.foreverspace.com.mm

အဖေသည် လက်တစ်ဖက်ထောက်ကာ အားယူထလိုက်သည်။ ချိုမြမြ သကြားရည်ကို တစ်ကျိုက်ချင်း သောက်လိုက်သောအခါ ရင်ထဲတွင် အေးပြီး အမောပြေသွားသယောင်ရှိသည်။ ကောင်းစွာ မကြေသေးသော သကြားမှုန်လေးများ ဖန်ခွက်အောက်ခြေတွင် အနည်ထိုင်နေရာ အဖေသည် ဖန်ခွက်ကို လှုပ်ခါရင်း အကုန်မော့ချလိုက်သည်။

'အဖေ ရုံးမတက်ဘူးလား၊ ရှစ်နာရီ ထိုးပြီ'

'ဒီနေ့တော့ မတက်တော့ဘူးကွယ်၊ ထားထားကို ခွင့်စာ သွားပေးခိုင်းမှပဲ'

အဖေသည် အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်သည်။ ခေါင်းထဲတွင်မူ အုံနေသေးသော်လည်း ဟိုက်တိုက်တိုက်နှင့် မောနေခြင်းသည်ကား သက်သာသွားဟန်ရှိသည်။

ထရံကွယ်မှ သနပ်ခါး သွေးနေသော အသံသည် နံနက်ခင်း သတင်းကြေညာသံနှင့်အတူ အဖေ့နားထဲသို့ ပြေးဝင်လာသည်။ ထားထား တစ်ယောက် ကျောင်းသွားရန် ပြင်ဆင်နေပေပြီ။

'ဖိုးဂျင်ရေ ငါ့တို့ပတ်ပဝါရော ဘယ်သွားထားလိုက်ပြန်လဲ'

တစ်ဖက်ခန်းမှ ခင်မလတ်၏ အော်သံကို ကြားလိုက်ရသည်။ အဖေသည် မျက်စိကို စုံမှိတ်ထားရင်းမှ ပြုံးနေလိုက်မိသည်။ ထိုအသံ ကို ရက်ခြားကြားရတတ်သည်ကို ပြုံးရင်းမှ သတိရနေသေးသည်။

'အဖေ ခွင့်စာ ရေးဦးနော်'

ထားထား၏ သတိပေးသံ ကြားရသောအခါ အိပ်ရာမှ တစ်ခါ ထရပြန်ကာ လုလု၏ စာရင်းစာအုပ် တစ်အုပ်ထဲမှ အလယ်စာရွက်ကို ဆုတ်ရသည်။ အဖေ ခွင့်စာ ရေးနေသောအချိန်တွင် ထားထားသည် ထမင်းကို

www.foreverspace.com.mm

ခပ်မြန်မြန် စားနေသည်။ အဖေ့ရုံးကို သွားကာ ခွင့်စာပေးရဦးမည် ဖြစ်သဖြင့် ခါတိုင်းထက် စောထွက်မှ ကျောင်းမီမည်ဖြစ်သည်။

အဖေသည် အိပ်ရာပေါ်တွင် ပုတီးစိပ်ရင်း မျက်စိထဲတွင် ပေါ်ပေါက်နေသော ဂျက်၊ ကွင်း၊ ကင်းများကို ကြိုးစားပမ်းစား ဖျောက်နေချိန်တွင် ထားထားသည် ခြင်းတောင်းလေးဆွဲကာ ထွက်ခဲ့သည်။ ခါတိုင်းထက် စောသဖြင့် ကားဂိတ်တွင် လူသိပ်မကျပ်သေးပေ။

ထားထားသည် ကားဂိတ်တွင် ရပ်ရင်း သူ့ကို သတိရနေသည်။ အဖေနှင့် စကားပြောနေရသော်လည်း၊ အစ်မနှင့် စကားပြောနေရသော်လည်း ရုံးအလုပ် လုပ်နေရသော်လည်း ထားထားသည် သူ့ကို မည်သည့်အခါမှ မမေ့ပေ။ အသည်းထောင့် တစ်နေရာမှ သူ ထာဝစဉ်ပင် တမ်းတသတိရနေမြဲဖြစ်သည်။

ဗာဒံရွက်ကြွေ နီဝါဝါများကို ငေးကြည့်ရင်း သူနိုင်ငံခြားသွားရန် လျှောက်လွှာတင်ထားသည့် အကြောင်းကိုတွေးပြီး ဝမ်းနည်းစိတ်က လှိုင်းထလာသည်။ သူတို့သည် အခြေအနေအားဖြင့် ထားထားတို့ထက် ဆယ်ဆမက သာလေသည်။ ထားထားတို့ မော်ကြည့်နေရလောက်အောင် ချမ်းသာသူများဖြစ်သည်။ ထို့ပြင် တောင့်တင်းပါလျက် အဘယ်ကြောင့် ပစ္စည်းဥစ္စာများကို ထပ်ကာထပ်ကာ လိုချင်နေပါ သနည်းဟူသော ပုစ္ဆာကို ထားထား အဖြေရှာနေမိလေသည်။ ရည်မှန်းချက်မရှိသော လူအညံ့စားဟုပင် ဆိုလိုက ဆိုစေတော့။ သူတို့၏ ဆယ်ပုံတစ်ပုံ ချမ်းသာလျှင်ပင် ထားထားသည် ရောင့်ရဲတင်းတိမ်စွာနှင့် ပျော် ပျော်ရွှင်ရွှင် နေထိုင်နိုင်မည် ဖြစ်သည်။

'ထားထား ကိုယ့်ကိုချစ်ရင် လိုက်ခဲ့ပေါ့၊ ကိုယ် ဟိုကနေ ခေါ်ယူမယ်လေ'

သူက ထားထား၏မျက်နှာကို ရွှန်းရွှန်းစားစားကြည့်ကာ ပြောခဲ့လေ

www.foreverspace.com.mm

သည်။ ထားထား တွေးမိရုံနှင့်ပင် အသက်ရှူကျပ်လာလေသည်။ သူ့ကို ထားထား ချစ်ပါသည်။ အလွန်ချစ်ပါသည်။ ထိုမျှမက ထားထားတွင် ချစ်စရာတွေက များသည်။ အဖေနှင့် အစ်မကိုလည်း ချစ်ပါသည်၊ ကိုယ့်တိုင်းပြည်က မြေကြီးကိုလည်း ချစ်ပါသည်။ ဆန်ကိုလည်း ချစ်သည်။ မုန့်ဟင်းခါးကိုလည်း ချစ်သည်။ ငါးပိနှင့် ပုစွန်ချဉ်ကိုလည်း ချစ်သည်။ ပေါင်မုန့်၊ အမဲသားကင်နှင့် ချီးစ်တို့ကိုကား ထားထား ကြာရှည်ချစ်နိုင်လိမ့်မည် မဟုတ်ချေ။

ထားထားသည် ထိုးဆိုက်လာသော ကားပေါ်သို့ တိုးပြီးတက်ခဲ့သည်။ ကံကောင်းထောက်မသဖြင့် တစ်မှတ်တိုင်သာ ရပ်လိုက်ရသည်။ ဘေးမှ ထိုင်နေသူတစ်ဦး ဆင်းသွားသောကြောင့် နေရာရလေ သည်။ ထားထားသည် သက်သက်သာသာထိုင်ရင်း သူ့အကြောင်း ဆက်တွေးနေမိပြန်သည်။

အရှိန်ပြင်းပြင်း မောင်းနေသော ဘတ်စ်ကားကို ကားပြာလေး တစ်စင်းက ကျော်တက်သွားလေသည်။ ထားထားသည် အမှတ်မဲ့နှင့်အပြင်ကို ငေးကြည့်နေမိရာမှ ကားနံပါတ်ကို မြင်သောအခါ ရင်တဒိန်းဒိန်း ခုန်သွားသည်။ သူတို့အိမ်မှကား ဖြစ်သည်။

ကားမောင်းသူက သူကိုယ်တိုင် ဖြစ်သည်၊ ထားထားကိုယ်တိုင် တစ်ခါက ထိုင်ခဲ့ဖူးသော သူ့ဘေးတွင် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်သည်။ သူ့ညီမများ၏ ဓာတ်ပုံကို မြင်ဖူးသဖြင့် ထိုမိန်းကလေးသည် သူ့ညီမ မဟုတ်ကြောင်း ထားထား သိသည်။ သူစိမ်း မိန်းကလေးနှင့် သူသည် ရယ်မောစကား ပြောသွားကြရာ ရယ်သံလေးများပင် လွင့်ကျန်ခဲ့ဟန် ရှိသည်။

ထားထားသည် ပေါင်ပေါ်တင်ထားသော ခြင်းတောင်းလေးကို လက်

www.foreverspace.com.mm

နှစ်ဖက်နှင့် တင်းတင်းဆုပ်ထားလိုက်မိရင်း အောက်နှုတ်ခမ်း လေးများကိုပင် သွားနှင့် ဖိကိုက်လိုက်မိသည်။ တဖြည်းဖြည်း ဝေးသွားသော ကားနောက်ကျောကို မှုန်ဝေသော မျက်လုံးလေးများနှင့် မျှော်ကြည့်ရင်း ရင်ထဲတွင် ဖြောင်းဆန်နေသည်။

ထားထား၏ ကိုယ်ခန္ဓာသည် ဘတ်စ်ကားပေါ်တွင် ရှိနေသော်လည်း စိတ်ဝိညာဉ်သည်ကား သူ့နောက်သို့ ပြေးလိုက်သွားသည်။ ထို့နောက် သူ့ကို တွန်းခွာကာ အဝေးကို ပြေးပြန်သည်။ နက်ရှိုင်းသော ရေအောက်သို့ ငုပ်လျှိုးဝင်ရောက်သွားသလို ပိန်းပိတ်အောင် မှောင်ကာ ပြာဝေသွားလေသည်။

ထားထားသည် ကားခကိုပင် မပေးမိဘဲ ကျောက်ရုပ်ကလေးလို တောင့်တင်းပြီး ခေတ္တခဏမျှ ဝိညာဉ်မဲ့သွားသယောင်ရှိသည်။ စိတ်ဝိညာဉ်နှင့် ခန္ဓာကိုယ်တို့ ပြန်လည်ဖွဲ့စည်းမိချိန်တွင် သက်ပြင်းတစ်ချက်ချကာ ကားပေါ်မှ တိုးပြီးဆင်းခဲ့သည်။

အမှန်တကယ် ဆင်းရမည့် မှတ်တိုင်ထက် နှစ်မှတ်တိုင်ပင် ကျော်လွန်လာပြီဖြစ်၏။

ထားထားသည် ကားပြန်မစီးတော့ဘဲ နေပူကျဲကျဲတွင် ခေါင်းလေးငုံ့ပြီး ကားလမ်းတစ်လျှောက် ပြန်လျှောက်လာသည်။

အပြင်ဘက်တွင် နေက ကျဲနေအောင် ပူနေသည်။

ထားထား၏ ရင်ထဲတွင်လည်း မီးလောင်နေသည်။

နှလုံးသား မီးလောင်ပြင်က အငွေ့ပျံသောအခါ မျက်ရည်မိုးများ ရွာလိမ့်မည် ထင်သည်။

* * *

'ဆောင်းဝင်စ ရှိသေးတယ်၊ အေးလိုက်တာဗျာ ဒီနှစ် အတော်အေးမယ် ထင်တယ်ဗျ'

www.foreverspace.com.mm

ဦးလူလုသည် လက်ကလေးပိုက်ကာ ခပ်ကုပ်ကုပ် လျှောက်လာသော ရုံးအုပ်ကြီးကို နှုတ်ဆက်လိုက်သည်။ ရုပ်အင်္ကျီပေါ်မှ ဆွယ်တာအင်္ကျီ ဝတ်ထားပြီး အပေါ်မှ တိုက်ပုံထပ်ဝတ်သည့်တိုင် ဦးလူလု ချမ်းနေသေးသည်။ လက်ဖျားများ အေးနေသေးသည်။ ခါတိုင်းနှစ် နိုဝင်ဘာလလောက်ဆိုလျှင် သည်လောက် မအေးသေးပေ။

'ဟုတ်ပ၊ အေးလိုက်တာလွန်ရော အဟွတ် အဟွတ်'

ရုံးအုပ်ကြီးသည် နှာသံလေးနှင့် ပြန်ဖြေရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေလေသည်။ ဆောင်းဦးလေး ပေါက်လာသည်နှင့် နှာစေးရသည်မှာ သူ့ဝတ္တရားဖြစ်သည်။ အအေးပိုလာပါက ချောင်းပါဆိုးတတ်သည်မှာ နှစ်စဉ်ပင်။

'ကျန်းမာရေးလည်း ဂရုစိုက်ဦးနော်၊ ဦးတင်ရဲ့'

'ဟုတ်ပ'

ဦးလူလုသည် သူ့အခန်းထဲသို့ တန်းဝင်ခဲ့သည်။ မှုန်ပျပျ အလင်းရောင်လေးသာ တိုးဝင်နေသဖြင့် အခန်းသည် မှောင်ရိပ်သန်းနေသည်။ လျှပ်စစ်မီးများကိုဖွင့်ကာ ပြတင်းပေါက်ကို တွန်းဖွင့်လိုက်သည်။ ပြတင်းပေါ်တွင် မှီတွယ်ရင်း အိပ်ငိုက်နေသော အိမ်မြှောင်တစ်ကောင်သည် ဦးလူလု လက်ပေါ်သို့ ဖုတ်ခနဲ ပြုတ်ကျလာသည်။ လက်ကို ယမ်းခါလိုက်သောအခါမှ အလန့်လန့် အဖျန့်ဖျန့်နှင့် အခန်းထောင့်သို့ ပြေးသွားလေသည်။

ကိုးနာရီ ဆယ့်ငါးမိနစ်သာ ရှိသေးသည်မို့ ဦးလူလု၏ရုံးလုလင် လေး ရောက်မလာသေးပေ။ သူသည် ရုံးချိန်ကို လေးစားစွာနှင့် အချိန်မှန်မှန် လာတတ်သူဖြစ်သည်။ ကိုးနာရီခွဲလျှင် ရောက်လာမည် ဖြစ်သည်။ ဦးလူလုသည် ကိုးနာရီမခွဲမီ ရုံးရောက်လေ့ ရှိသူဖြစ်၍ သူ့ရုံး လုလင်လေးထက် သူက ဝီရိယ ပိုနေလေသည်။ သူ မရောက်မီ ရုံးသို့ အချိန်အနည်းငယ်စောရောက်

www.foreverspace.com.mm

ပြီး သူ့အခန်းကို လှည်းကျင်းဖုံခါထား နိုင်မည်ဆိုပါက ဦးလူလှ အလွန်ပင် ကျေနပ်နှစ်သိမ့်လိမ့်မည် ဖြစ်သည်။ သို့သော် ထိုသို့ လုပ်မပေးနိုင်ပါက လည်း လာရမည်ဟု မပြောလိုချေ။ အာဏာမပေးလိုချေ။ ဦးလူလှသည် အချို့သူများကဲ့သို့ ရုံးကို ဆယ်မိနစ် ဆယ့်ငါးမိနစ် နောက်ကျခံပြီး လာ တတ်မည် ဆိုပါက ဘာပြဿနာမှ ရှိမည် မဟုတ်ပေ။

'အစ်ကိုကြီး ရောက်ပြီလား'

'အေးဗျ'

လက်ထောက် ညွှန်ကြားရေးမှူး တစ်ဦးသည် အခန်းတွင်းသို့ ခေါင်းပြူ ကြည့်ရင်း နှုတ်ဆက်သည်။ ပြည့်ဝိုင်းသော သူ့မျက်နှာတွင် ထူအမ်းသော နှုတ်ခမ်းများက ထင်ရှားနေသည်။ သူ့လက်ထဲတွင် စက္ကူနှင့် ပတ်ထားသော ဘူးတစ်ဘူး ကိုင်ထားလေသည်။

'ကျွန်တော့်မစ္စစ် လားရှိုးဘက်က ပြန်လာလို့ လက်ဆောင်ပါ အစ်ကို ကြီး'

'ဘာများလဲဗျ'

'နက်စ်ကဖေးလေး တစ်ဘူးတည်းပါ၊ နောက်ပြီး အစ်မကြီး ကြိုက် တတ်လို့ ဆီတို့ဟူးလေးပါ'

'ဒုက္ခရှာလို့ဗျာ'

ဦးလူလှက ခပ်အေးအေး ပြောလိုက်သည်။ သူ့ဇနီး ဆီတို့ဟူး ကြိုက် တတ်ကြောင်းကို ဘယ်အချိန်ကများ သိသွားပါလိမ့်ဟု စဉ်းစားနေစဉ်တွင် လက်ထောက်ညွှန်ကြားရေးမှူးသည် စက္ကူအိတ်ကို စားပွဲပေါ်သို့ လှမ်းတင် လိုက်သည်။

'ကျွန်တော်တို့မှာ အစ်ကိုကြီးနဲ့ အစ်မကြီးကိုပဲ မိဘလို သဘော ထား ပါတယ်၊ ခိုင်းစရာရှိလည်း ခိုင်းပါ'

www.foreverspace.com.mm

'အေးဗျာ မရှိသေးပါဘူး'

နောက် နှစ်လလောက်ကြာလျှင် ရာထူးတက်စရာအကြောင်း ရှိသည်။ ရာထူးက တစ်နေရာတည်း ဖြစ်သော်လည်း ရည်ရွယ်သူက လေးငါးယောက် ဖြစ်လေသည်။ ထိုအကြောင်းကို ဦးလူလု သိသလို သူလည်း သိမည်သာဖြစ်သည်။ ရှားပါးလှသော နက်စ်ကဖေး ကော်ဖီမှုန့်ကို မိဘလို သဘောထားသောကြောင့် ပေးခြင်းမဟုတ်ကြောင်း မွေးစကလေးငယ်လေးပင် သိနိုင်မည် ဖြစ်သော်လည်း ဦးလူလုက မသိသလိုပင် ခပ်အေးအေးနေလိုက်သည်။

အုပ်ချုပ်ရေးလောကတွင် ဒါမျိုးတွေက မဆန်းလှချေ။ အသေးအဖွဲသာ ဖြစ်သည်။ အရင်တုန်းကလည်း ရှိခဲ့သည် ယခုလည်း ရှိနေဆဲပင်ဖြစ်သည် နောင်လည်း ရှိလိမ့်ဦးမည်ဟုသာ ထင်မှတ်မိသည်။ ဤကမ္ဘာ ဤကာလကြီးတွင် လူဟူသော သတ္တဝါများ ရှိနေသေးသမျှ ကာလပတ်လုံး ရှိနေမည့် အမူအကျင့်များ ဖြစ်လေသည်။ 'ခင်ဗျား ပစ္စည်းတွေ ပြန်ယူသွား' ဟု အော်ထုတ်လိုစိတ် သူ့တွင် မရှိချေ။ အခြားသူများလည်း သူ့လိုပင် အော်ချင်စိတ်ရှိမည် မဟုတ်ချေ။ တစ်ခါကတော့ ကြားဖူးသည်။

ငါးပိတွဲ ငါးခြောက်တွဲများ လာပို့သော အင်းသူကြီးကို အရေးပိုင်က စိတ်ဆိုးမာန်ဆိုး အော်ငေါက်လွှတ်သည်ဟု ဆိုသည်။ အင်းသူကြီးသည် ကြောက်ကြောက်လန့်လန့်နှင့် ထွက်လာရသည်။ ထိုစဉ်တွင် အရေးပိုင်မင်း၏ လူယုံက သူ့နားသို့ တိုးတိုးလေး ကပ်ပြောသည်။ 'ခင်ဗျားက အိမ်ရှေ့က တက်ပေးတာကိုး၊ ဒါမျိုးဆိုတာ နောက်ဖေးပေါက်က ပေးရတာမျိုးဗျ' ဟု သတည်း။

ဦးလူလု အသက်ငါးဆယ်ကျော်ပေပြီ။ ခေတ်အဆက်ဆက် ကြုံဖူးသည်။ ခေတ်ပြောင်းလာသည်နှင့်အမျှ လူတို့သည် အဝတ်အစားနဲ့ အတွေး

www.foreverspace.com.mm

အခေါ်များ ပြောင်းလဲလာကြသည်။ သို့သော်လည်း အကြီးအကဲ အရာရှိကြီးများ ဟူသည် လာဘ်သပကာ ရှင်မြဲဖြစ်သည်။ ကူညီလိုသူ ကန်တော့လိုသူတွေ ပေါလှသည်။

ပေးလိုသူတို့ကလည်း သူတို့၏ အခွင့်အရေးကို ဝယ်ယူရန် အတွက် ပေးရန် အချိန်နှင့်အချက်ကို စောင့်နေကြသည်။ ထိုအမူအကျင့်အား ရိုသေထိုက်သူကို ရိုသေခြင်း၊ ကိုးကွယ်ဆည်းကပ်ထိုက်သူကို ကိုးကွယ်ခြင်း စသော ဘုရားဟောစကားများနှင့် အကာအကွယ်ယူ ထားကြလေသည်။

ဦးလှုလှသည် စက္ကူအိတ်ကိုကြည့်ကာ တစ်ဦးတည်း ပြုံးလိုက်မိသည်။ သူ့လိပ်ပြာကိုတော့ သူသန့်သည်။ သူသည် မည်သူ့ဆီက မည်သည့်ပစ္စည်းမှ မျှော်ကိုးသူ မဟုတ်ချေ။ ထို့ကြောင့်လည်း ယနေ့ထိ တိုက်မဆောက်နိုင်သေးဘဲ တစ်လ တစ်လ အကြွေးမတင်ရန်ပင် မနည်းကြိုးစားနေရသူဖြစ်သည်။

မနေနိုင် မထိုင်နိုင် လာပေးသော ပစ္စည်းများအတွက် သူသည် ကျေးဇူးတင်စကား ပြောလေ့မရှိပေ။ သူ့ကို ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အလုပ်ကိစ္စတွင်ကား အလုပ်သဘောအတိုင်း ဆုံးဖြတ်မည်သာဖြစ်သည်။ ထိုသူ ရသင့်ပါက ရစေရမည်။ မရသင့်ပါက ရစေရန် တစ်ခွန်းတစ်လေပင် ဖေးမပြီး ပြောလိမ့်မည် မဟုတ်ချေ။ သူ တစ်ခါမျှ မမြင်ဖူးသူနှင့် သူ့အိမ်သို့ နို့ဆီ၊ သကြား၊ ငါးပိ ငါးခြောက် လာပို့သူကို ချိန်ခွင်လျှာ အတူတူထား၍ စဉ်းစားမည်သာ ဖြစ်လေ သည်။ ထို့ကြောင့်လည်း သူ့သိက္ခာကို လေးစားသူများသော်လည်း လူချစ်လူခင်ကား မပေါလှပေ။ လူမုန်းပင် များလေသေးသည် အထက်ကလည်း မကြိုက်၊ အောက်ကလည်း မကြိုက်လှချေ။ သူ့ကို ကွယ်ရာတွင် ဦးလှုဝှဟုပင် ခေါ်ကြကြောင်း ပြန်ကြားခဲ့ရလေသည်။

'ကလင်. . .ကလင်. . .ကလင်'

www.foreverspace.com.mm

ဦးလူလုသည် တယ်လီဖုန်း စကားပြောခွက်ကလေးကို မ,ယူ လိုက်သည်။ ရင်းနှီးသူတစ်ဦး ဖြစ်ပေမည်၊ သူ ရုံးစောစော လာတတ်သည်ကို သိသဖြင့်သာ ကိုးနာရီမခွဲမီ တယ်လီဖုန်းဆက်ခြင်း ဖြစ်ရမည်။

'ဟုတ်ကဲ့ လူလု ပြောနေပါတယ်'

'အဖေလား၊ ကျွန်တော်ပါ၊ မောင်နိုင်ပါ'

တစ်ဖက်မှ ပြောနေသူသည် မောင်မောင်နိုင်ဖြစ်သည်။ သည်ကောင် ရုပ်ရှင်လက်မှတ်များ တောင်းခိုင်းဦးမလို့များလားဟု ဦးလူလု တွေးမိသည်။

'ဖေဖေ ဟို. . .ဟို'

'ဘာလဲ၊ ဘာဖြစ်လို့လဲ'

မောင်မောင်နိုင်၏ အသံသည် တုန်ယင်နေသည်။ ဦးလူလု ရင်ထဲတွင် ဒိန်းခနဲဖြစ်ပြီး စိတ်ပူသွားလေသည်။

'ကိုကိုမောင် ဖေဖေ ကိုကိုမောင် ဒဏ်ရာရလို့တဲ့၊ မင်္ဂလာဒုံ စစ်ဆေးရုံမှာ'

'ဟင်'

ဦးလူလုသည် ဟိုက်ခနဲ ဖြစ်သွားသည်။ စကားပြောခွက်ကို ယောင်ယမ်းပြီး လွှတ်ချလိုက်တော့မည်ကဲ့သို့ ရှိသည်။ ထစ်ထစ်ငေါ့ငေါ့ ပြောနေသော မောင်မောင်နိုင်၏ အသံက နားထဲသို့ ဆက်ဝင်လာသည်။

'ခုပဲ လာပြောတယ်၊ ဒဏ်ရာက ရင်ဘတ်မှာ မှန်တာတဲ့'

'ရင်ဘတ်မှာ'

'မသေနိုင်ပါဘူးတဲ့ ဖေဖေ'

ဦးလူလုသည် အက်ကွဲသော အသံကြီးနှင့် ပြောလိုက်စဉ် မောင်မောင်နိုင်က အသံမြှင့်ကာ အော်လိုက်သည်။ ရုံးခန်းထဲတွင် ဦးလူလု စိတ်ပူလွန်ပြီး သတိလစ်သွားမည်ကို စိုးရိမ်ဟန်ရှိသည်။

www.foreverspace.com.mm

'မစိုးရိမ်ပါနဲ့ ဖေဖေ၊ သိပ်ကိစ္စမရှိပါဘူး၊ ဖေဖေ ပြန်လာနိုင်ရင် အခု လာခဲ့ပါလား'

အဖေ့ကို အားပေးနေရသော်လည်း မောင်မောင်နိုင်၏ အသံသည် အက်ကာ တုန်နေသည်။ သူကိုယ်တိုင် အလွန်အမင်း စိတ်ဆင်းရဲနေကြောင်း ကိုကား သူ့ခမျာ မဖုံးကွယ်နိုင်ပေ။

'ခဏ ဖေဖေ၊ ခဏလေးကိုင်ထား'

မောင်မောင်နိုင်၏ အသံပျောက်သွားပြီး အခြားအသံ တစ်သံက အစား ဝင်လာသည်။

'ကျွန်တော် ဗိုလ်မောင်မောင်ကြီး တပ်ကပါ၊ ရှေ့တန်းမှာ သူဒဏ်ရာ ရခဲ့တာပါ၊ ဟယ်လီကော့ပတာနဲ့ သယ်လာလို့ ဆေးရုံပေါ် ရောက်နေပါပြီ၊ သွေးနည်းနည်းလွန်သွားမှာ စိုးရိမ်ရတာကလွဲလို့ သူမသေနိုင်ပါဘူး'

ဦးလူလှသည် သက်ပြင်းကြီးတစ်ချက် ချလိုက်မိသည်။ သူတို့ အမေ ရော'

'ရှိပါတယ် ဦး'

'အေး အေး၊ အမြန်ဆုံးလာခဲ့မယ်'

ဦးလူလှသည် စကားပြောခွက်ကိုချကာ နှုတ်ခမ်းကို တင်းတင်း စေ့ ထားလိုက်မိသည်။ မျက်လုံးများသည် မှုန်ဝေကာ မှုးလာသလို ရှိသည့် အတွက် စားပွဲစွန်းကို လက်နှင့်တင်းတင်း ဆုပ်ထားလိုက်သည်။

တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းလေးများကို ငေးကြည့် ပြီး တံတွေးတစ်ချက် မျိုချလိုက်လေသည်။

*　　*　　*

www.foreverspace.com.mm

'ဘုရားရေ. . .မောင်မောင်ကြီး ဒဏ်ရာရသတဲ့လား'

အဘွားသည် သူ့ရင်ဘတ်ကို သူလက်နှင့် ဖိထားလိုက်သည်။ မျက်လုံး ကျဉ်းကျဉ်းလေးသည် အပြင်သို့ ပြူးထွက်လာလေသည်။

'ဟုတ်တယ် အဘွား၊ ဒေါ်ဒေါ်ခင် ဒေါ်ဒေါ်ခင်ရဲ့၊ အမေ့ဆီ လာစမ်းပါ၊ အမေ တက်နေလို့'

ညိုညိုသည် ညီအောင်တို့အမေ ဒေါ်ခင်ခင်ရှိရာ အိမ်နောက်ဖေးသို့ ပြေးဝင်သွားရင်း အော်သွားသည်။ ငါးကြော်နေသော ဒေါ်ခင်ခင်သည် သံယောင်းမကြီးကိုင်ရင်း ပြူးတူးပြဲတဲ ထွက်လာသည်။ ထို့နောက် လက်ဆွဲခေါ်နေသော ညိုညိုနောက်သို့ ဒုန်းစိုင်း လိုက်သွားလေသည်။

'ဟဲ့. . .ညိုညို နေဦး၊ အဘွား လိုက်ခဲ့မယ်'

အလွန်အထိုင်အထနှေးသော အဘွားသည်ပင် ခပ်မြန်မြန် ထလိုက်နိုင်သည်။ ထို့နောက် ဖိနပ်ကို ကျွဲတစ်ဖက် နွားတစ်ဖက် ကောက်စီးကာ လိုက်ခဲ့သည်။

'မေမေ. . .မေမေ သတိထားပါ၊ ကိုကိုမောင် ဘာမှမဖြစ်ပါဘူး'

မောင်မောင်နိုင်သည် သူ့အမေကို ပွေ့ထားသည်။ ပွဲစားကြီး ဦးမြ၏ မိန်းမနှင့် ဒေါ်ကျော့တို့သည်လည်း ပျာယာခတ်နေကြသည်။

'ဖေဖေလည်း အခုပဲ လာမှာပါ မေမေ၊ ဖေဖေ လာတော့ ဆေးရုံကို သွားတာပေါ့၊ မေမေ အိပ်ရာထဲ ခဏလှဲနေလိုက်ဦးနော်'

'ဒီလောက် စိတ်ပူစရာ မရှိပါဘူး အန်တီ၊ စစ်သားဆိုတာ ဒဏ်ရာရတာ မဆန်းပါဘူး၊ ကျွန်တော်ကိုယ်တိုင်လည်း နှစ်ခါတောင် သေတွင်းက ထွက်လာခဲ့တာပဲ၊ အန်တီက ဒီလောက်စိတ်ပူပန်ပြီး တက်ချက်သွားတာ သူသိရင် စိတ်ကောင်းမှာ မဟုတ်ပါဘူး။ စစ်သားမိခင်ဆိုတာ စိတ်မပျော့ရဘူး အန်တီရဲ့ မာရတယ်'

www.foreverspace.com.mm

'မမာနိုင်ပါဘူးကွယ်'

လာရောက်အကြောင်းကြားသော စစ်သားလေးက နှစ်သိမ့်စကားပြောသည်။ သူ့သားထက် ပိုငယ် ပိုနုသော စစ်သားလေးကို ငေးကြည့်ရင်း ဦးလူလှကတော် အသက်ရှူမှန်လာသည်။

'မေမေ. . .ဖေဖေက နည်းနည်းကြာဦးမယ် ထင်တယ် ကျွန်တော်သူနဲ့ လိုက်သွားမယ်၊ မေမေ ဖေဖေနဲ့မှ လိုက်ခဲ့ပေါ့'

'မေမေ အခုလိုက်မယ်'

'ဖေဖေ့ကို စောင့်ပါ မေမေ'

'မေမေ လိုက်မယ်သား'

'ဖေဖေနဲ့မှ လိုက်ခဲ့ပါ၊ ဒေါ်ဒေါ်ခင်၊ ဒေါ်ဒေါ်ကျော့၊ မေမေ့ကို ပြောကြပါဦး၊ ညီညီ့ မေမေ့နားမှာနေ ကိုယ်လိုက်သွားမယ်'

တာဝန် ဝတ္တရား ဟူသမျှကို ခေါင်းရှောင်ကာ ပေါ့ပေါ့နေလေ့ရှိသော မောင်မောင်နိုင်သည် ချက်ချင်းပင် လူကြီးတစ်ယောက်အသွင် ပြောင်းသွားကာ တိတိကျကျ ဆုံးဖြတ်လိုက်လေသည်။ သူ့ခေါင်းသည် မော်ပြီး ခါးသည် ပိုမတ်လာဟန်ရှိသည်။ သူ့အမေ ဘာမှထပ်မပြောနိုင်မီ စစ်သားလေးကို မျက်ရိပ်ပြပြီး အိမ်ပေါ်မှ ဆင်းခဲ့သည်။

'ဘယ်လိုဖြစ်တာလဲ'

ကားထွက်လာသောအခါမှ မောင်မောင်နိုင် အသေအချာမေးနိုင်တော့သည်။

'တိုက်ပွဲမှာ ဒဏ်ရာရတာပဲပေါ့ဗျာ၊ ဒဏ်ရာက ရင်ဘတ်ဆိုတော့ အသက်နဲ့နီးတယ်၊ နှလုံးတော့ လွတ်ကောင်းရဲ့လို့ ဆုတောင်းရတာပဲ၊ ဆေးရုံကို ချက်ချင်းမပို့နိုင်လို့ သွေးလည်းတော်တော်လွန်တယ်လို့ ပြောတယ်'

www.foreverspace.com.mm

'သတိတော့ ရရဲ့လားဟင်'

'အစပိုင်းကတော့ သတိကောင်းကောင်းရပါတယ်တဲ့၊ နောက်ပိုင်းတော့ သတိလစ်သွားတယ်'

'အခုရော'

'အခုဆိုရင် ခွဲခန်းထဲမှာ ကျည်ဆန်ထုတ်နေရမှာပေါ့၊ တစ်ခါတည်း ခွဲစိတ်ခန်းထဲ တန်းခေါ်သွားတာပဲ၊ ကျွန်တော်လည်း ဗိုလ်ကြီး သတိရရင် သူ့အိမ်သားတွေ တွေ့ချင်မှာပဲဆိုတာ စဉ်းစားမိတယ်'

'ကျေးဇူးတင်ပါတယ်'

မောင်မောင်နိုင်သည် သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် အဖြေကို မကြားဝံ့ မကြားရဲသလို ခပ်တိုးတိုး မေးသည်။

'အသက် မစိုးရိမ်ရဘူးဆိုတာ တကယ်လားဟင်'

စစ်သားလေးသည် အဖြေရခက်သလို သူ့ကို မချိပြုံး ပြုံးပြီးကြည့်လေသည်။ အရှိန်ပြင်းပြင်း မောင်းနေသော ကားရှိန်ကြောင့် သူ့ဆံပင်များသည် နောက်ဖက်သို့လန်ပြီး လွင့်နေသည်။ သူ့နားထင်စပ်တွင် တစ်လက်မခန့် ရှည်သော အနာရွတ်တစ်ခုကို တွေ့ရသည်။

'ကျွန်တော် ဆရာဝန် မဟုတ်တော့ အသေအချာ မသိပါဘူး၊ ဒါပေမဲ့ သွေးသိပ်မလွန်ဘူး ဆိုရင်တော့ အသက်မစိုးရိမ်ရဘူးလို့ ပြောရဲပါတယ်'

မောင်မောင်နိုင်သည် အေးစက်တုန်ယင်နေသော လက်နှစ်ဖက်ကို အချင်းချင်း တင်းကြပ်စွာ ကိုင်ထားလိုက်သည်။ စစ်မြေပြင်တွင် ရန်သူနှင့် စစ်ခင်းလာခဲ့သော သူ့အစ်ကိုသည် ခွဲစိတ်ခန်းထဲတွင် ဆက်လက်၍ သေမင်းနှင့် စစ်ခင်းလျက် ရှိနေလေသည်။ သူ့မိခင်ကို ထားခဲ့နိုင်သဖြင့် တော်သေးသည်။ ကိုကိုမောင်၏ အခြေအနေသည် ဆိုးနေမည်ဆိုပါက သူတို့အမေနှင့် ချက်ချင်းမတွေ့သည်က ကောင်းပေမည်။

www.foreverspace.com.mm

သူတို့ကားသည် စစ်ဆေးရုံတွင်းသို့ အရှိန်လျှော့ပြီး ချိုးဝင်လိုက်သည်။ ကားရပ်ရပ်ချင်း စစ်သားလေးနှင့်အတူ မောင်မောင်နိုင်သည် ခွဲစိတ်ခန်းဘက်သို့ အားကုန်ပြေးသွားမိလေ၏။ ယခုအချိန်တွင် မောင်မောင်နိုင်သည် အဖေကိုလည်း မေ့၊ အမေကိုလည်း မေ့သည်။ သူ့ဇနီး ညိုညိုနှင့် သားသမီးနှစ်ဦးကိုပင် သတိမရ။ ကုန်ကုန်ပြောရလျှင် သူ့ကိုယ်သူပင် အခိုက်အတန့်မေ့သွားသည်။ သူ့အာရုံထဲတွင် ဝေဒနာ ခံစားနေရသော ကိုကိုမောင်ကသာ ကြီးစိုးနေလေသည်။ သူ့ရင်ထဲတွင် ပူပန်စိတ်တို့ကသာ အပြည့်အသိပ် နေရာယူထားလေသည်။

သူတို့ရောက်ပြီး မရှေးမနှောင်းပင် ခွဲစိတ်ခန်းတံခါးပွင့်ကာ ဝတ်ရုံဖြူဝတ်ထားသော ဆရာဝန်တစ်ဦး ထွက်လာသည်။ သူ့ဝတ်ရုံရှေ့ပိုင်းတွင် နီရဲသောသွေးများ စွန်းပေလျက်ရှိသည်။ မောင်မောင်နိုင်သည် သူ့ဆီသို့ အမောတကော တိုးသွားမိသည်။

'ဗိုလ်မောင်မောင်ကြီး အိမ်ကလား'

'ဟုတ်ပါတယ်၊ သူ သူရော'

'သိပ်ကံကောင်းတယ်၊ ကျည်ဆန် ထုတ်ပြီးပြီ၊ နလုံးရောက်ဖို့ တစ်လက်မလောက်ပဲ လိုတယ်၊ သူ သေတွင်းက ထွက်ပါပြီ'

မောင်မောင်နိုင်၏ စိတ်တို့သည် ပေါ့ပါးကာ လေတွင် ပျံသွားသော်လည်း လူကိုယ်တိုင်ကမူ ကျောက်ရုပ်ကြီးလိုပင် မတုန်မလှုပ်ကြီး ဆက်ရပ်နေရင်း မျက်ရည်များ ရစ်ဝဲလာလေသည်။ ထို့နောက် သွေးများပေနေသော လက်အိတ်ကိုပင် မချွတ်ရသေးသော ဆရာဝန်၏လက်ကို ဆုပ်ကိုင်လှုပ်ရမ်းနေမိသည်။

'ကျေးဇူး . . .ကျေးဇူး . . .သိပ်တင်တာပဲ ဆရာရယ်'

'သူ့ကံကိုက ကောင်းတာပါဗျာ၊ ခင်ဗျားအစ်ကိုလား'

www.foreverspace.com.mm

'ဟုတ်ကဲ့. . .ကျွန်တော့်အစ်ကိုပါ'

'သွေးတော့ တော်တော်လိုတယ်၊ ကျွန်တော်တို့ သွေးသွင်းထားတယ်၊ နောက်ထပ်လည်း လိုဦးမှာပဲ'

'ကိုကိုမောင်နဲ့ ကျွန်တော် သွေးချင်းတူတယ် ဆရာ၊ ကျွန်တော့် သွေးကို လိုသလောက်ယူပါ'

ဆရာဝန်သည် ပြုံးရယ်လိုက်သည်။ စိတ်အားထက်သန်စွာ ပြောသော လူငယ်ကိုကြည့်ရင်း သူ့ရင်တွင်းမှ ချစ်ခြင်းမေတ္တာကိုပါ လှမ်းမြင်လိုက်ရလေသည်။

ခွဲစိတ်ခန်းတံခါးသည် ပွင့်လာပြီး လက်တွန်းလှည်း တစ်ခုပေါ်လာသည်။ မောင်မောင်နိုင်သည် ရုတ်တရက်ခုန်ပြီး ပြေးကပ်သွားသည်။

'ကိုကိုမောင်'

သူသည် ကောင်းစွာ သတိမရသေးပေ။ မုတ်ဆိတ်ကျင်စွယ်များ ထိုးထိုးထောင်ထောင် ရှိနေသော မျက်နှာသည် ဖြူလျော် ဖျော့တော့လှသည်။ သွေးပုလင်းကို မြှောက်ကိုင်ထားသော သူနာပြုလေးက ဘေးမှထိန်းပြီး လိုက်လာသည်။

သေတွင်းထွက် အစ်ကိုကြီးကို ကြုံးပြီးဖက်လိုက်ချင်သော်လည်း တကယ့်တကယ်တော့ ထိပင်မထိရဲချေ။ သူ ထိလိုက် ကိုင်လိုက်ခြင်းအားဖြင့် သူ့အစ်ကို၏ ဝေဒနာသည် ပိုပြီး တိုးသွားမည်ကို ကြောက်ရွံ့နေသည်။

ဆရာဝန်သည် သူတို့ ညီအစ်ကိုအား ခေတ္တမျှ ငေးကြည့်နေပြီးမှ ခွဲစိတ်ခန်းထဲ ပြန်ဝင်သွားသည်။ ခွဲစိတ်ခုံပေါ်တွင် နောက်ထပ် လူနာတစ်ဦးက သူ့အား အဆင်သင့် စောင့်ဆိုင်းနေလေသည်။

*          *          *

www.foreverspace.com.mm

'အစ်ကိုတို့ စာမေးပွဲနီးလှပြီဆို'

'အင်း. . .ဒီဇင်ဘာလထဲမှာစစ်မှာ၊ ရှေ့လပဲ'

'ဒီလောက်စာတွေကို ဘယ်လိုကျက်လဲ အစ်ကိုရယ်၊ လေးနွယ် ဆိုရင် ကျက်နိုင်မှာ မဟုတ်ပါဘူး'

'ဘာလို့ မကျက်နိုင်ရမှာလဲ'

'လေးနွယ်က ဒီလောက်ဖျင်းတာ၊ ဆယ်တန်းတောင်ကျတာ သုံးခါရှိပြီ၊ ဒီနှစ်ပါဆိုရင် လေးခါ'

'ဟောဗျာ၊ ဒီနှစ်က ဖြေတောင် မဖြေရသေးဘူး၊ အကျတွက်နေပြီလား'

'ကျမှာပါ အစ်ကိုရယ်၊ ကျောင်းတက်ပြီး ဖြေတုန်းကတောင် မအောင်တာ၊ အခုလို အလွတ်ဖြေတာက အောင်နိုင်ပါ့မလား၊ လေးနွယ်မှာ ပညာပါရမီ မပါဘူး ထင်ပါရဲ့၊ ဒါကြောင့် မောင်လေးကို သိပ်ပြီး ပညာတော်စေချင်တာ၊ သူက ဉာဏ်ကောင်းတယ်၊ သူ့ကို အစ်ကိုတို့လို ဆေးကျောင်းသားကြီး ဆရာဝန်ကြီး ဖြစ်စေချင်လိုက်တာ'

လေးနွယ်သည် တမ်းတမ်းတတလေး ပြောလေသည်။ စိတ်ကူးထဲတွင်ပင် သူ့မောင်ငယ်ကို ဆရာဝန်ကြီးအသွင် ဖော်ကြည့်ပြီး ကြည်ကြည်နူးနူးလေး ဖြစ်သွားလေသည်။

'သူ ဉာဏ်ကောင်းတယ်ဆို အမှတ်ကောင်းကောင်းနဲ့ အောင်မှာပါ၊ နောင်ဆယ်နှစ်လောက်ဆို သူဆရာဝန် ဖြစ်ရောပေါ့'

'စာတော်တိုင်း ဖြစ်ရရောလား အစ်ကိုရယ်၊ ဆရာဝန်လိုင်းက ပိုက်ဆံသိပ်ကုန်တာဆို၊ အဖေက ထားနိုင်ပါ့မလား၊ စိတ်ညစ်ပါတယ်'

အောင်ကိုသည် မျက်လုံးညိုညိုလေးများကို ငေးကြည့်နေမိသည်။

www.foreverspace.com.mm

မျက်တောင်ရှည်များ ဘောင်ခတ်ထားသော မျက်လုံးလေးများတွင် ဝမ်းနည်းရိပ်ကလေး ယှက်သန်းနေသည်။

လေးနွယ်သည် သူ့ကို ကရုဏာနှင့် ကြည့်နေသော အောင်ကိုကို သတိမမူမိဘဲ သူ့ခြင်းတောင်းထဲမှ ဖော့စနှင့် လုပ်ထားသော ပန်းလေးများကို ငုံ့ကြည့်နေသည်။ အင်္ကျီချုပ်ရာမှပိုသော အစလေးများကို အပ်ချုပ်ဆိုင်မှ တစ်ဆင့် ပြန်ဝယ်ကာ ပန်းလေးများ ပြုလုပ်ထားခြင်း ဖြစ်သည်။

'ပန်းလေးတွေက လှသားပဲ၊ အကုန်လုံး လေးနွယ် လုပ်တာပဲလား'

'ဘယ်ဟုတ်မလဲ၊ အမေလည်း နည်းနည်းပါးပါး ကူလုပ်ပါတယ်၊ အရင်းက ပြားခြောက်ဆယ်လောက်ပဲ ကျတာလေ၊ တစ်ကျပ်နဲ့ သွင်းရတယ်။ သူတို့ပဲ ပြန်ရောင်းတော့ နှစ်ကျပ် ဖြစ်သွားရော'

လေးနွယ်သည် အပြုံးလေးနှင့် ရှင်းပြရင်း သူ့ခြင်းတောင်းထဲမှ ခရမ်းရောင် ဖော့ပန်းခိုင်လေး တစ်ခိုင်ကို ကောက်ယူလိုက်သည်။

'အစ်ကို ပေးစရာလူရှိရင် ယူသွားလေ၊ လေးနွယ်ကတော့ ခရမ်းရောင်ကြိုက်တယ်၊ ဒီအခိုင်လေး မလှဘူးလားဟင်'

အောင်ကိုသည် သူ့ကို အကဲခတ်ကြည့်နေသော မျက်လုံးညိုလေးများကို သတိပြုမိသဖြင့် ရွှင်ပျစွာ ရယ်လိုက်မိလေသည်။ ဆေးရုံကြီးဝင်းထဲတွင် မြက်ခုတ်နေသူတစ်ဦးက သူ့ရယ်သံကြောင့် နောက်ပြန် လှည့်ကြည့်သည်။ သူ့ရယ်သံသည် အတန်ငယ် ကျယ်သွားသောကြောင့် ဖြစ်ပေမည်။

'ပန်စေချင်တဲ့သူတော့ အရှိသားပဲ'

'ယူသွားပါ အစ်ကို'

'ယူစရာမလိုပါဘူး၊ လေးနွယ်ပဲ နက်ဖြန်ပန်ခဲ့ပေါ့'

'အို'

လေးနွယ်သည် မျက်လုံးလေး ဝိုင်းသွားသည်။ ဝိုင်းသွားသော မျက်

www.foreverspace.com.mm

လုံးလေးသည် ကြည်နူးမှုကြောင့် အရောင်တလဲ့လဲ့ ဖြာထွက်လာ ဟန်ရှိသည်။ သူတို့သည် ဘာစကားမျှ ဆက်မဆိုဖြစ်ဘဲ ခေတ္တခဏမျှ တိတ်ဆိတ်သွားကြသည်။ ခေါင်းလေး မသိမသာ ငုံ့သွားသော လေးနွယ်ကိုကြည့်ရင်း အောင်ကို ရင်ထဲမှ နှလုံးသားက အခုန်မြန်လာလေသည်။

'လေးနွယ် ဒီကနေပဲ လမ်းလျှောက်သွားတော့မယ် အစ်ကို၊ ကားမစီးတော့ဘူး၊ ပန်းတွေက ဗိုလ်ချုပ်ဈေးမှာသွင်းမှာ'

ဆေးရုံကြီးဝင်းထဲမှ ထွက်မိသောအခါ လေးနွယ်သည် သူ့ကို အပြုံးလေးနှင့် နှုတ်ဆက်ပြီး ဆက်လျှောက်သွားသည်။ အောင်ကိုသည် ကျောင်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။

သူတို့နှစ်ဦးသည် ကျောခိုင်းကာ ခွဲခဲ့သော်လည်း၊ စိတ်ကမူ တစ်ဦးနောက်သို့ တစ်ဦး ပြေးလိုက်သွားကြသလို ခံစားရသည်။ ဘာလိုလိုနှင့် လေးနွယ်ဟူသည့် မိန်းကလေးကို သူသံယောဇဉ် တွယ်မိပြီလေဟု စဉ်းစားရင်း အောင်ကိုသည် သက်ပြင်းရှိုက်လိုက်မိသည်။ သူ့အနေနှင့် မည်သူ့ကိုမျှ သံယောဇဉ်မထားဘဲ အေးဆေးစွာပင် နေသင့်သေးသည်။ နောက်တစ်နှစ်လောက်ဆိုလျှင် အဖေပင်စင်ယူပေတော့မည်။ အဖေ ပင်စင်ယူလျှင် လစာတစ်ရာ့ငါးဆယ်ခန့်သာရတော့မည်ဖြစ်သဖြင့် တစ်အိမ်ထောင်လုံး၏ တာဝန်ကို သားကြီးအောင်ကိုက ပခုံးပြောင်း၍ ထမ်းရမည်ဖြစ်သည်။ တစ်သက်လုံး ထမ်းလာခဲ့ရသော အဖေခမျာ မောပန်းလှချေပြီ။ ကျောင်းဆရာ လခလေးနှင့် သူ့သားကြီးကို ဆရာဝန်ဖြစ်အောင် သင်ပေးခဲ့ပြီးပေပြီ၊ သားငယ် ညီအောင်သည်ကား ဆယ်တန်းပင် မအောင်သေးပေ။ သူ့ညီငယ် ပညာတတ်ဖြစ်ရန်ကား အောင်ကိုသည် သူ့တာဝန်လုံးလုံးဟုပင် သဘောပိုက်ထားသည်။

'ဟေ့. . .ညီအောင်'

www.foreverspace.com.mm

အောင်ကိုသည် အော်ခေါ်လိုက်မိသည်။ ညီအောင့် အကြောင်း တွေးနေစဉ်မှာပင် ညီအောင့်ကို ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့သည်။ ကျောင်းလွယ်အိတ်ကို စလွယ်သိုင်းလွယ်လျက် လမ်းတစ်ဖက်ရှိ မိန်းကလေး ကျောင်းဝင်းထဲသို့ ငေးနေလေသည်။ သူ့လက်မောင်းကို သူ့အစ်ကိုက ဖျန်းခနဲ ရိုက်လိုက်သည်ထိ သူသည် အငေးကောင်းနေ သည်။

'ဟော့. . .မင်းဘာလာလုပ်တာလဲ'

'အာ. . .ကိုကို'

'မင်း ကျောင်းက လစ်လာတယ်ပေါ့လေ ကြည့်စမ်း၊ ခုမှ ဆယ့်တစ်နာရီခွဲ၊ မင်း ကျောင်းပြေးတယ်ပေါ့'

'တစ်ခါတလေပါ ကိုကိုရာ၊ အဖော်ကောင်းလို့ ရုပ်ရှင်လစ်မလို့ပါ၊ ကိုကိုကလည်းကွာ တစ်ခါတလေ တစ်လတစ်ခါလောက် ကျောင်းပြေးတာပါ၊ ဖေဖေ့ကို မတိုင်ကြေးနော်'

ညီအောင်သည် လန့်ဖျပ်ပြီး မျက်နှာပျက်သွားသော်လည်း ချက်ချင်းမျက်နှာလေးပြင်လိုက်သည်။ ရယ်ကျဲကျဲနှင့်ပြောရင်း အောင်ကို၏ အကျႌပေါ်တွင် တင်နေသော မန်ကျည်းရွက် ဝါဝါလေးကို တောက်ထုတ်လိုက်သည်။ အောင်ကိုသည် တစ်ချက်ရယ်လိုက်ပြီး ညီအောင်၏လက်ကို ဖမ်းဆုပ်ကာ မျက်နှာကို စေ့စေ့ကြည့်ရင်း ထပ်မေးသည်။

'ကဲ ဒီလိုဆို မင်းအဖော်တွေ ဘယ်မှာလဲ'

'အာ. . .သူတို့က ရုပ်ရှင်ရုံသွားနှင့်ပြီ'

'သူတို့က ရုပ်ရှင်ရုံသွားနှင့်တော့ မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ'

'ဟဲ. . .ဟဲ ဆေးရုံကြီးနားရောက်တော့ ကိုကို့ကို သတိရတာနဲ့ ငါ့အစ်ကိုကြီးများ တွေ့မလားဆိုပြီး ဆင်းခဲ့တာ၊ ကျွန်တော် ဆုတောင်း ပြည့်လိုက်တာ၊ ဟား ဟား'

www.foreverspace.com.mm

ညီအောင်သည် အတည်ပေါက်ပြောရန် ကြိုးစားရင်း တဟားဟား ရယ်နေသည်။ မတိုးကို တွေ့ရလို တွေ့ရငြား ကျောင်းဝင်းအပြင်ဘက်မှ မျှော်ကြည့်နေခြင်း ဖြစ်ကြောင်းကို အောင်ကို စဉ်းစားတတ်လျှင် ချက်ချင်းပင် တွေးမိမည်ဖြစ်သည်။ ညီအောင် ပေါက်ကရ ပြောနေခြင်းဖြစ်ကြောင်း သိသော်လည်း အဖြေကို မသိသေးသည့်အတွက် အောင်ကို မျက်မှောင်ကြုတ်နေလေသည်။

'ကဲ. . .သွား၊ ကျောင်းပြန်သွား'

'အင် ကွာ ကိုကိုကလည်း၊ ဒီအချိန်ကြီးကျမှ ကျောင်းခန်းထဲဝင်လို့ ဆရာကြီးက ဖင်လှန်တီးတော့မှာပေါ့'

'တီး တီးကွာ'

'မလုပ်ပါနဲ့ ကိုကိုရာနော်၊ ညနေ ကျွန်တော် ကျောင်းချိန်အတိုင်း ပြန်ခဲ့ပါ့မယ်၊ ဖေဖေ့ကို ပြန်မပြောနဲ့နော်၊ နော် ကိုကို ၊ ငါ့အစ်ကိုက လိမ္မာပါတယ်ကွာ၊ မတိုင်နဲ့နော်၊ နောက် ကျောင်းမပြေးတော့ပါဘူး၊ စာမေးပွဲလည်း နီးလှပြီ'

'အေးလေ၊ စာမေးပွဲလည်း နီးလှပြီ၊ ခွေးကောင်'

ညီအောင်သည် ခေါင်းပုသွားသည်။ သူသည် အောင်ကိုထက် ခြောက်နှစ်ခန့် ငယ်သော်လည်း အောင်ကိုထက် အစစအရာရာ ပညာစုံသည်။ အရက်လည်း ခိုးသောက်ဖူးသည်။ ဆေးလိပ်လည်း သောက်သည်။ ရည်းစားထားရန်လည်း ကြိုးစားနေပြီ ဖြစ်လေသည်။

'အေး နောက်တစ်ခါ ကျောင်းပြေးတာ မိရင်တော့ အသေပဲ၊ အဖေကိုလည်း ပြောမယ်၊ ကျောင်းမှာလည်း တိုင်မယ်'

'မပြေးတော့ပါဘူး ကိုကိုရာ'

အောင်ကိုသည် မျက်နှာထားတင်းတင်းနှင့် ကြိုးစား၍ ကြိမ်းမောင်း

www.foreverspace.com.mm

လိုက်ရင်း လှည့်ထွက်လာခဲ့သည်။ သည်ကောင် ညီအောင် သည်နားမှာ ဘာလာလုပ်နေသနည်းဟု တွေးရင်းက ခေါင်းရှုပ်နေသည်။ တစ်နာရီခန့် ကြာသောအခါ ဦးလူလု၏သမီး မစိုးနှင့် မတိုးတို့သည် ညီအောင် ငေးကြည့်နေသော မိန်းကလေးကျောင်းတွင်နေကြောင်း ဖျတ်ခနဲ သတိရသည်။ သူတို့သည် ညီအောင့်ကို ဒေးဗစ်ချန်းနှင့် တူသည်ဟု ပြောကြသဖြင့် ညီအောင်တစ်ကောင် အူအမြူးကြီး မြူးလျက်ရှိသည်ကို တွေးမိရင်း ခေါင်းကုတ်လိုက်လေမိလေသည်။

'ခွေးကောင် ညီအောင်၊ ဘယ်သူ့ကိုချိန်ပြီး လာပြီးတော့ ဟန်ရေးပြနေပါလိမ့်၊ မစိုးလား၊ မတိုးလား၊ အမယ်လေးဟ၊ အတော်လာတဲ့ကောင်'

* * *

'ဟော့ . . .ကိုနိုင်အစ်ကိုကြီး ဒဏ်ရာရလို့တဲ့'

'အေး အမေပြောတယ်၊ နေ့ခင်းတုန်းက ဦးလူလုကတော်ကြီး တက်သွားလိုက်တာ အမေတို့ မနည်းနှိပ်ချရတယ်တဲ့'

သတင်းထူး သတင်းဦးကို ခင်မလတ် သိပြီးသား ဖြစ်နေ၍ ဖိုးဂျင် မကျေမနပ် ဖြစ်သွားသည်။ မီးဖိုပေါ်မှ ကြော်လက်စ ဂေါ်ဖီကြော်ကို တစ်ဖတ်ကောက်စားလိုက်သည်။ ပူကျက်နေသဖြင့် လျှာကို ဟိုသိမ်း သည်သိမ်းနှင့် ဂူးဂူးဝါးဝါး ဖြစ်သွားလေသည်။

'ကောင်းတယ်၊ စားဦးစားဖျား နှိုက်ချင်ဦး'

ခင်မလတ်သည် မျက်စောင်းခဲကာ ပြောလိုက်သည်။ ဖိုးဂျင်သည် ပါးစပ်စည်းကမ်းမရှိဘဲ တစွတ်စွတ် စားချင်သူဖြစ်သည်။ မီးဖိုထဲ ရောက်လျှင် ဟင်းအိုးထဲမှ ဟင်းတစ်ဖတ်လောက် ကောက်စားပြီးမှ ပြန်ထွက်တတ်

www.foreverspace.com.mm

သူ ဖြစ်လေသည်။ နောက်ဆုံး စားစရာမရှိလျှင် ပဲသီးစိမ်းဖြစ်ဖြစ်၊ ကန်စွန်းရွက်စိမ်းဖြစ်ဖြစ် တကျွတ်ကျွတ် ကောက်ဝါးတတ် လေသည်။

'အမေရော'

'အိမ်လခ သွားပေးတယ်'

'ရွှေနန်းတော်ပိုင်ရှင်ကြီး ဦးမြတို့အိမ်မှာပေါ့'

ဖိုးဂျင်သည် သရော်သလိုပြောသည်။ အိမ်လခ တစ်လခြောက်ဆယ်နှင့် နှစ်ခန်း ခွဲငှား၍ တစ်လ တစ်ရာ့နှစ်ဆယ် ရလေသည်။ သို့သော် ယခုအခါ နေရေးထိုင်ရေး ခက်ခဲကြသူများ တစ်နေ့တခြား များပြားနေသည်။ ငှားလက်စမို့ တစ်လခြောက်ဆယ်နှင့် ဆက်ထားနေရသော်လည်း လူသစ်ကို ငှားပါက တစ်လတစ်ရာ ရနိုင်ကြောင်း ဦးမြတို့ တွက်မိသည်။ စပေါ်လည်း တိုးမြှင့်ပြီး တောင်းနိုင်သဖြင့် ပွဲစားလုပ်ငန်းတွင်လှည့်ပြီး သုံးနိုင်လေသည်။ ထို့ကြောင့် တတ်နိုင်လျှင် သူတို့ မိသားစုကို ပြောင်းစေချင်သည်။ လူသစ်တင်ချင်ကြောင်း အရိပ်အယောင်ပြသည်။ ထို့ကြောင့် ဖိုးဂျင်သည် ဦးမြကို 'လောဘအိုးကြီး'ဟု ကင်ပွန်းတပ်ထားပြီး အချဉ်ကြီး ချဉ်နေလေသည်။

'ထမင်းစောစော စားမယ်ကွာ၊ သွားစရာရှိတယ်'

'နင်နော် အားအားရှိ လည်နေတာပဲ'

'မလည်လို့ ဘာလုပ်ရမှာလဲ တို့ကျောင်းတွေ ဒီလောက်အကြာကြီး ပိတ်ထားတာ၊ စာကျက်နေရဦးမှာလား'

ဖိုးဂျင်သည် ပြောပြောဆိုဆို ဂေါ်ဖီကြော်တစ်ဖတ် နှိုက်စားလိုက် ပြန်သည်။ မီးဖိုပေါ် ကုန်းလိုက်သောအခါ ကုပ်တွင်ဝဲနေသော သူ့ဆံပင်များသည် ငိုက်ပြီးဝဲကျလာသည်။ ဖိုးဂျင်၏ ဆံပင်သည် လမ်းထဲတွင် အရှည်ဆုံးဖြစ်သည်။ သူ့ဆံပင်ကိုတော့ သူအလွန်မြတ်နိုးသည်။ လုံးဝအထိမခံဘဲ

www.foreverspace.com.mm

ရှည်သထက်ရှည်အောင် မွေးခဲ့သည်။ ဆံပင်ရှည်များကို ဖမ်းပြီးညှပ်သည်ဟု ကြားစဉ်က ဖိုးဂျင်တစ်ယောက် အိမ်ထဲကအိမ်ပြင်သို့ ယောင်လို့မျှပင် မထွက်ဘဲ အလွန်အိမ်မြဲခဲ့လေသည်။ ထို့ကြောင့် သူ့ဆံပင်သည် ဘေးမသီ ရန်မခဘဲ သက်ဆိုးရှည်ခဲ့ရသည်။

'ကိုနိုင် သွေးလှူခဲ့တယ်တဲ့'

'ဘာအတွက်လဲ'

'ကိုမောင် သွေးလိုလို့လေ၊ သွေးကတော့ လိုတုန်းပဲတဲ့၊ အောင်ကို တို့ ညီအောင်တို့ကလည်း လိုရင် သူတို့သွေးပါ လှူမယ်တဲ့၊ တို့လည်း လိုရင် တစ်ပုလင်း လှူလိုက်မယ်ကွာ၊ သနားပါတယ် တို့ဆီမှာ သွေးတွေအများကြီးပါ'

ဖိုးဂျင်သည် သူ့လက်ကောက်ဝတ်တွင် ပေါ်နေသော သွေးပြန် ကြောစိမ်းစိမ်းကို လက်နှင့်ဖိကြည့်ရင်း ပြောသည်။ ကိုမောင်ကို ရင်းရင်းနှီးနှီးကြီး မခင်လှသော်လည်း လေးစားစိတ် အပြည့်ရှိသည်။ သူ ဒဏ်ရာရသည်ဟု ကြားရသော ဖိုးဂျင်သည် စိုးရိမ်ပူပန်သွားမိလေသည်။

'ဘုရားမလို့ ပြန်ကောင်းပါစေဟယ်'

'အေးကွာ ပြန်ကောင်းပါစေ'

ခင်မလတ်သည် ဂေါ်ဖီကြော်များကို ပန်းကန်လေးထဲ ခပ်ထည့် နေရင်းမှ လိုက်လှဲစွာ ဆုတောင်းမိသည်။ တစ်ဆက်တည်းပင် လေဟာပြင်ဈေးတွင် ကိုသက်နှင့် တွေ့ခဲ့ရသည်ကို ပြန်လည် အမှတ်ရမိလေသည်။ ကိုသက်နှင့် ကိုမောင်သည် အသက်ချင်း မတိမ်းမယိမ်းရှိမည်ဖြစ်သည်။ တစ်ဦးက မြို့ပေါ်မှ ငွေကို ရေလိုသုံးသော အထက်တန်းစား အမည်ခံ တစ်ဦးဖြစ်သည်။ အလုကြိုက် အလှမက်သော မိန်းကလေးများကို သူ့ဆန္ဒအရ အသုံးပြုရန်အတွက် အဝတ်အထည်လက်ဆောင်များနှင့် သွေးဆောင်ခဲ့သူ။

www.foreverspace.com.mm

သွေးဆောင်နေဆဲ။ နောင်လည်း ဆက်လက် သိမ်းသွင်း သွေးဆောင်နေဦးမည့်သူသာဖြစ်သည်။ တစ်ဦးကမူ တိုင်းပြည်၏ရန်ဆူးရန်ငြောင့်များကို ကာကွယ်ရင်း ဒဏ်ရာရလာခဲ့သူဖြစ်သည်။ လူချင်းတူသော်လည်း၊ ရှုသောလေချင်းတူသော်လည်း အသက်ချင်းတူသော်လည်း၊ တန်ဖိုးချင်း ကွာခြားလှချေသည်။

'ကဲ. . .ခင်မလတ်၊ နင်ကရော နင်ကိုယ်တိုင်ရော ဘယ်လောက်တန်ဖိုးရှိလို့လဲ၊ ကိုယ့်မျက်ချေး ကိုယ်မြင်အောင် ကြည့်စမ်း'

ခင်မလတ်သည် သူ့ကိုယ်သူ ပြန်မေးလိုက်မိသောအခါ ရင်ထဲတွင် ပြင်းပြစွာ တုန်လှုပ်သွားလေသည်။ သူသည် ကိုသက်လိုလူမျိုးထံမှ လက်ဆောင်များကို မျှော်ကိုးကာ မထိတထိ ဆက်ဆံနေသူဖြစ်သည်။ သူ့စိတ်ကို အတင်းငြင်းပြီး လက်မခံသည့်ကြားထဲမှ သူ့တန်ဖိုးကို သူမြင်နေသည်။ သူ့တန်ဖိုးသည် ကိုသက်ထက် မပိုပေ။

ခင်မလတ်သည် ပင့်သက်ရှည်ကြီးရှိုက်ကာ ဂေါ်ဖီကြော် ပန်းကန်ကို စားပွဲဝိုင်းလေးပေါ် ချလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် လက်မခံနိုင်သော အမှန်တရားကို သိနေသော စိတ်ကိုသာ အပြစ်တင်ဖို့သာ ရှိတော့သည်။

ထမင်းပွဲ ပြင်ပြီးသည်အထိ အမေ ပြန်ရောက်မလာသေးသည့်အတွက် အုပ်ဆောင်းလေးနှင့် အုပ်ခဲ့ကာ သူတို့ မောင်နှမနှစ်ဦး မီးဖိုချောင်မှ ထွက်ခဲ့ကြသည်။ ဦးလူလု အိမ်ထဲသို့ ဝင်သွားသော အမေ့ကိုလှမ်းတွေ့ရသည်။ ကိုမောင်၏ သတင်းဝင်မေးခြင်း ဖြစ်ပေမည်။

ခင်မလတ်သည် အိမ်နောက်ဖေးမှ ရေပုံးတစ်ပုံး ခပ်လာကာ ရွက်လှပင်များကို ပက်ဖျန်းလိုက်သည်။ သူတို့ အိမ်ရှေ့တွင် အုန်းပင်တစ်ပင်လည်း ရှိသည်။ အသီးများ ပွတ်ခဲနေအောင် သီးသော်လည်း ကိုယ်ပိုင်အပင် မဟုတ်၍ တစ်လုံးမျှ မစားရပေ။ ရူးချိန်တန်လျှင် ဦးမြသည် အုန်းတက်ကုလား

www.foreverspace.com.mm

ခေါ်ကာ တက်ခိုင်းပြီး အခိုင်လိုက် သယ်ချသွားလေ့ရှိသည်။ ခင်မလတ်သည် အုန်းပင်ကို မော်ကြည့်ပြီး အသီးများကို စိတ်ထဲမှ ရေတွက်နေမိသည်။ အချို့ အလုံးများ ခြောက်နေသော်လည်း အခိုင်နုများ ရှိသေးသောကြောင့် ဦးမြတို့ အုန်းသီး မချသေးပေ။

'ခင်မလတ်'

ခေါ်သံတိုးတိုးကို ကြားရသည်။ ခင်မလတ် လှည့်ကြည့်လိုက်သောအခါ ထားထား၏အစ်မ လှလှကို တွေ့ရသည်။ လှလှသည် တံခါးဝတွင် ရပ်ရင်း လက်ယပ်ခေါ်လေသည်။

'နေ့ခင်းက အုန်းသီးတစ်လုံး ကြွေတယ်သိလား'

'ဟုတ်လား'

လှလှက ခပ်တိုးတိုးပြောကာ အခန်းထောင့်တွင် ချထားသော အုန်းသီးကို လက်ညှိုး ထိုးပြသည်။ ခြောက်နေသောအခိုင်မှ အုန်းသီးပင် ဖြစ်ရပေမည်။ အညှာခြောက်ပြီး ကြွေကျခြင်းဖြစ်သည်။

'ဦးလူလှကတော်ကြီး တက်လို့ လူတွေ ဝိုင်းနေတာ၊ ဒေါ်ဒေါ်ကျော့လည်း အဲဒီအိမ်ပေါ် ရောက်နေတယ်လေ၊ အဲဒီတုန်းမှာ ကြွေကျတာမို့ ကောက်ထားလိုက်တယ်'

'ဟန်ကျတာပေါ့ မမလှရဲ့၊ စားပစ်လိုက်ပေါ့၊ လောဘအိုး ဦးမြကြီးတော့ မသိစေနဲ့၊ သိရင်တော့ ကြည်မှာမဟုတ်ဘူး'

'စားလို့ ကောင်းပါ့မလား'

'ဘာလို့ မကောင်းရမှာလဲ၊ မမလှက အုန်းသီး မကြိုက်လို့လား'

'ကြိုက်တာပေါ့၊ ဒါပေမဲ့ သူများပစ္စည်းယူရင် အဒိန္နဒါနာကံ ထိုက်တယ်လေ'

လှလှသည် ကြောက်ရွံ့သလိုပြောသည်။ ရိုးသားပြီး အပြစ်ကင်းလှ

www.foreverspace.com.mm

သော သူ့မျက်လုံးများကိုကြည့်ရင်း ခင်မလတ်သည် ရင်ထဲတွင် လှိုင်းထသွားလေသည်။ သည်လိုခေတ်ကြီးတွင် သည်လိုမိန်းကလေးလည်း ရှိသေးသကိုးဟု တအံ့တသြသာ မှတ်ချက်ချလိုက်ချင်တော့သည်။ ခင်မလတ်ကိုယ်တိုင်သာဆိုလျှင် ကောက်ရလျှင်ရချင်း ခွဲစားပစ်လိုက်မည်ဖြစ်သည်။ လှလှပြောသည့် အဒိန္နဒါနာကို ယောင်၍ပင် စဉ်းစားမိမည် မဟုတ်ပေ။ အဆီတွေ အသားတွေ တစ်ရစ်ပြီးတစ်ရစ် တက်နေသော ပွဲစားကြီး၏ ကြွေကျသော အုန်းသီးခြောက် တစ်လုံးကို စားမိရုံမျှနှင့်တော့ ကြီးကျယ်သော အပြစ်ဖြစ်လိမ့်မည်ဟု မထင်ပါ။

'သြော် . . . မမလှရယ် သူ အခိုင်လိုက်လာပြီး သယ်နေတာ ကျွန်မတို့ကို တစ်လုံး ပေးစားဖူးလို့လား၊ ဒီအုန်းသီးခြောက်တစ်လုံး သွားပြန်ပေးလို့လည်း ဒီလောက် ချမ်းသာတဲ့သူတွေအတွက် ဘာမှမထူးပါဘူး၊ ကိုယ်နဲ့ထိုက်လို့ရတာ စားသာပစ်'

'အေး. . .အေး တို့အတူတူ စားကြတာပေါ့'

လှလှသည် စိတ်သက်သာရာ ရသွားသူကဲ့သို့ သက်ပြင်းချရင်း ပြောသည်။ အိမ်ပြင် သိပ်ထွက်လေ့ မရှိသဖြင့် သူ့အသားသည် ထားထားထက် ပိုပြီး ဖြူဟန်ရှိသည်။ မျက်ခုံးထူထူ၊ မျက်လုံးဝိုင်းဝိုင်း၊ နှုတ်ခမ်းပါးပါးလေးနှင့် လှလှသည် ရုပ်ချောသူဖြစ်သည်။ မျက်နှာလေးကိုချည်း ဖြတ်ကြည့်လျှင် လှလှသည် ထားထားထက် ပိုပြီးချောလေသည်။ သို့သော် ခြေတစ်ဖက်သိမ်ကာ တရွတ်ဆွဲသောအခါ ရှိသမျှအလှအပလေးများ ပျောက်သွားရရှာလေသည်။ မွေးကတည်းက သိမ်နေသော ခြေထောက်မို့လည်း ကုသရန် မလွယ်ခဲ့ပေ။ သူတို့ကလည်း ငွေကုန်ကြေးကျခံကာ ကြိုးကြိုးစားစား မကုခဲ့ကြပေ။

'ထားထားရော မလာသေးဘူးလား'

'ခေါင်းကိုက်လို့တဲ့၊ စောစောစီးစီး အိပ်နေလေရဲ့၊ အဖေလည်း နေ

www.foreverspace.com.mm

မကောင်းဘူး’

‘ဘာဖြစ်လို့လဲဟင်’

ခင်မလတ်သည် နောက်ဆုံးလက်ကျန်ရေကို အပေါ်မှ ပုံးလိုက်လောင်းချလိုက်ရင်း စိတ်ဝင်တစား မေးသည်။ တစ်ဦးတည်း ပျင်းနေသော လှလှသည်လည်း စကားပြောဖော်ရသဖြင့် ကျေနပ်နေဟန်ရှိ သည်။

‘ခေါင်းလည်း မူးတယ်၊ မောလည်း မောတယ်၊ ဗိုက်ထဲကလည်း တစ်ခါ တစ်ခါ ထိုးထိုးပြီး နာတယ်တဲ့’

‘ဟင် ရောဂါကလည်း စုံလို့’

‘အေး စုံလို့ပဲ၊ ခုတော့ အိပ်ပျော်နေတယ်၊ နေ့ခင်းက ရုံးမတက်နိုင်ဘူး’

‘ဟိုအိမ်က ဆရာဝန်ကြီး ခေါ်မပြဘူးလား’

ခင်မလတ်သည် အောင်ကိုတို့ အိမ်သို့ မေးငေ့ါပြသည်။ အောင်ကိုသည် ဆရာဝန်မဖြစ်သေးသော်လည်း လမ်းထဲရှိသူများက အားပေးကြသည်။ သွေးချိန်တိုင်းချင်လျှင်လည်း အောင်ကို၊ ဓာတ်မှန် ရိုက်ချင်လျှင်လည်း အောင်ကို၊ ဆေးရုံပြချင်လျှင်လည်း အောင်ကို၊ အလကားမတ်တင်း အားပေးကြလေသည်။ ထို့ကြောင့်ပင် အောင်ကိုက ပြောဖူးသည်။ သူ ဆရာဝန်ဖြစ်၍ လမ်းထဲ၌ ဆေးခန်းဖွင့်လျှင်မူ ပညတ်နှင့် ဓာတ်သက်လိုက်ဖက်စေရန်အတွက် ‘ဒေါက်တာ အလကားမတ်တင်း’ ဟု ဆိုင်းဘုတ်ဆွဲရမည်ဟု ပြောလေသည်။

‘မပြသေးဘူး၊ သိပ်မှ မဆိုးဘဲ’

လှလှသည် သူ့အိမ်ရှေ့ရှိ စံပယ်ပင်မှ စံပယ်ပွင့်လေးများကို ခူးယူလိုက်သည်။ ပွင့်ဖတ်များသော စံပယ်ပွင့်လေးများသည် ကြိုင်နေအောင် မွှေးလေသည်။

www.foreverspace.com.mm

'မမလှတို့ဆီက အကိုင်းယူစိုက်ဦးမှပဲ၊ အဲဒီစံပယ် သိပ်မွှေးတာပဲနော်၊ အပြင်မှာ ပွင့်ရင် အိမ်ထဲထိ မွှေးတယ်'

'ပန်ချင်ရင် ယူပန်ပါလား'

'နေပါစေ မမလှရဲ့'

ပါးစပ်ကသာ နေပါစေ ပြောနေသော်လည်း လှလှ လှမ်းပေးသော စံပယ်ပွင့်လေးများကို ဝမ်းသာအားရ လှမ်းပြီးယူလိုက်မိသည်။ ခင်မလတ်သည် ပန်းတကာ့ပန်းတွင် စံပယ်ပန်းကို အနှစ်သက်ဆုံး ဖြစ်လေသည်။ ပန်းသာကြိုက်သော်လည်း လက်ဆိပ်မရှိသဖြင့် သူစိုက်သော အပင်များသည် ရှင်ခဲလှသည်။ စံပယ် သုံးလေးခါ စိုက်ဖူးသော်လည်း စိုက်ပုံပင် ဟန်မကျ၍လောတော့ မသိရပေ။ သေကုန်သည်သာ များသည်။

'မောင်မောင်ကြီး သတိရလာပြီတဲ့'

'ဟုတ်လား'

ဦးလူလှအိမ်မှ ပြန်လာသော ဒေါ်ကျော့သည် သတင်းကောင်းကို ခပ်ကျယ်ကျယ် ပြောလိုက်သည်။ ခင်မလတ်ရော လှလှပါ ဝမ်းသာသွားကြသည်။

'ကုသိုလ်ကံ ကောင်းလိုက်တဲ့ ကလေးကွယ်၊ ကျည်ဆန်က နှလုံးကို ရောက်ဖို့ တစ်လက်မလောက်ပဲ လိုတော့တာတဲ့'

ဒေါ်ကျော့သည် ပြောပြောဆိုဆို အိမ်ထဲ တန်းဝင်သွားသည်။ သားနှင့် သမီးတို့ ထမင်းဆာလောက်ပြီကို သိသဖြင့် ခပ်သုတ်သုတ် ပြန်လာခြင်း ဖြစ်လေသည်။ ဖိုးဂျင်သည် ဂေါ်ဖီကြော်ကို တစ်ဖတ်ပြီး တစ်ဖတ် နှိုက်စားရင်း ထမင်းစား စောင့်နေသည်။

'အုန်းသီးကို တနင်္ဂနွေနေ့ကျမှ တို့အတူတူ တစ်ခုခု လုပ်စားကြတာ

www.foreverspace.com.mm

ပေါ့နော်’

ခင်မလတ် အိမ်ထဲဝင်သောအခါ လှလှက ခပ်အုပ်အုပ်ကလေး လှမ်းပြောလိုက်လေသည်။

*　　*　　*

‘ထားထားကလည်းကွယ်၊ ကိုယ့်ကို ဘာလို့မယုံရတာလဲ၊ သူနဲ့ ကိုယ်နဲ့က ရိုးရိုးခင်တာပါ၊ သူ့နာမည်က ဖလော်ရာတဲ့၊ ဆေးကျောင်းမှာ တက်နေတာပဲ၊ သူ့မိဘတွေနဲ့ ကိုယ့်မိဘတွေက သိပ်ခင်တာ၊ သူနဲ့ ကိုယ်နဲ့ကလည်း ရိုးရိုးခင်တာပေါ့’

‘ရိုးရိုးခင်တာကလည်း ကားကိုနှစ်ယောက်တွဲစီးပြီး မိုးမမြင် လေမမြင် ရယ်မောပြီး ပျော်နေကြတာပဲလား’

ထားထားသည် အသံမှန်လေးနှင့် မေးရန် ကြိုးစားသော်လည်း နောက်ပိုင်းတွင် အဖျားခတ်ကာ တုန်ယင်သွားသည်။ သူတို့နှစ်ယောက် ရယ်သွားကြသော ရယ်သံသဲ့သဲ့လေးကို ခုထိပင် ကြားယောင်နေမိသေးသည်။ ဇော်လှိုင်မြင့်သည် သက်ပြင်းတစ်ချက်ချရင်း ထားထား၏ လက်ကလေးများကို လှမ်းပြီး ဆုပ်ကိုင်လိုက်သည်။

‘ဒီနေရာလေ၊ အခု ထားထားထိုင်တဲ့နေရာ ကိုယ့်ဘေးမှာပေါ့ သူထိုင်နေတာ၊ ကဲ ဟိုတစ်နေ့က သူထိုင်တယ်၊ အခု ထားထား ထိုင်နေတယ်၊ နက်ဖြန်ကျတော့ရော ဘယ်သူ ထိုင်ဦးမှာလဲ၊ ဒီလို ကားလေး တစ်စင်း တစီစီနဲ့ မိန်းကလေးထည်လဲ တွဲနေရတာကိုက ဂုဏ်ယူစရာကြီး အောက်မေ့နေသလား’

‘သြော်. . .ထားထားရယ်’

www.foreverspace.com.mm

'ကိုယ် မရှက်ပေမယ့် ထားထား ရှက်တယ်'

'ခက်ရချည်ရဲ့ကွယ်'

'ကိုယ့်ရဲ့ နံပါတ်အများကြီးထဲက တစ်ယောက်ဖြစ်ရတာလည်း ရှက်တယ်၊ ကိုယ် ဘယ်လိုလူစားမျိုးလဲ ထားထား သိပါပြီး၊ အို. . . ထားထား သိပါပြီ၊ အိုင်တွေ့တိုင်း ခြေဆေးမယ့် ယောကျ်ားမျိုးပါ'

'တော်တော့ ထားထား၊ ကိုယ့်ကို ဒီလောက်ထိတော့ မပြောပါနဲ့'

ဇော်လှိုင်မြင့်သည် လေသံမာမာနှင့် ပြောလိုက်သည်။ သည်လောက်ထိ ပြောလာသည်ကိုမူ သူ လက်မခံနိုင်ပေ။

ထားထားသည် ရုတ်တရက် လန့်သွားသလို သူ့ကို မော်ကြည့်သည်။ ထို့နောက် ရုတ်ချည်းပင် မျက်ရည်များ ခုန်ပေါက်ဆင်းလာတော့သည်။ ယုံကြည်စိတ်နှင့် မယုံကြည်စိတ်။ အထင်သေးစိတ်နှင့် အားကိုးစိတ်။ ချစ်စိတ်နှင့် မုန်းစိတ်။ ကြင်နာသောစိတ်နှင့် နာကျည်းသောစိတ်။ ဆန့်ကျင်ဘက်များသည် ထားထား၏ ရင်ထဲတွင် အကျိတ်အနယ် ပဋိပက္ခ ဖြစ်နေကြသည်။ သူ့ရင်ခွင်တွင်းဝင်ကာ ချုံးပွဲချ ငိုကြွေးလိုသော စိတ်လည်း ဖြစ်ပေါ်နေလေသည်။ တစ်ချိန်တည်းမှာပင် ရိုက်ပုတ်ပြီး သတ်ဖြတ်ကုတ်ဆွဲပစ်လိုက်ချင်စိတ်လည်း ဖြစ်ပေါ်နေပြန်လေသည်။

'ကဲ. . . ကိုယ်ပြောပြမယ်၊ ရှင်းရှင်းပဲပြောမယ်၊ သူက ကိုယ့်ကို ကြိုက်နေတယ်'

'ကိုကရော'

'ကိုယ် သူ့ကိုကြိုက်ရင် ထားထားနောက်ကို ဒီလောက် အသဲအမဲ လိုက်ပါ့မလားကွယ်၊ စဉ်းစားကြည့်ပါဦး'

'ဒါဖြင့် ဘာလို့ သူနဲ့ သွားလာနေရလဲ'

'ထားထား၊ စိတ်မကောင်းတော့ မဖြစ်နဲ့နော်၊ ကိုယ့်မိဘတွေက ရော၊

www.foreverspace.com.mm

သူ့မိဘတွေကရော ကိုယ့်ကို သူနဲ့ အရမ်းသဘောတူနေတာ'

'အို'

'ဒီတော့ အလိုက်အထိုက်တော့ ဆက်ဆံရတာပေါ့၊ ကဲ ကျေနပ်ပြီလား'

ဇော်လှိုင်မြင့်သည် တလိမ့်လိမ့် ကျလာသော မျက်ရည်များကို ပဝါဖြူနှင့် သုတ်ပေးသည်။ အင်းလျားစောင်းသည် ချစ်သူတို့ ခိုလှုံရာ ဖြစ်သည်။ ကားထဲတွင် ထိုင်နေကြသော သူတို့နှစ်ဦးကို အပြင်မှလူသည် ခေါင်းလေးသာ မြင်ရမည်ဖြစ်သည်။

'ကို. . .နိုင်ငံခြားသွားဖို့ရော ဘယ်အခြေအနေလဲဟင်'

'အတော်လေးနီးပါပြီ ဆိုပါတော့လေ'

'သွားတော့မယ်ပေါ့နော်'

'ဒါပေါ့၊ စောင့်တော့ စောင့်ရဦးမှာပါ၊ ထားထား လိုက်မယ် မဟုတ်လားဟင်'

ဇော်လှိုင်မြင့်သည် ငုံ့နေသော ထားထား၏ မျက်နှာလေးကို ဆွဲမော့လိုက်သည်။ နှုတ်ခမ်းလေး တဆတ်ဆတ် တုန်ယင်ကာ မျက်ခွံလေး မို့ပြီးနီနေသော ထားထားသည် သူ့အမေးကို မဖြေချေ။

'ဖလော်ရာရော ဒီအကြောင်း သိလားဟင်၊ ကို နိုင်ငံခြားသွားမယ့်အကြောင်းလေ'

'သိတာပေါ့'

'သူကရော ဘာပြောလဲ ဟင်'

'သူကလား၊ သူကတော့ သိပ်သဘောတူတာပေါ့၊ သူကိုယ်တိုင်လည်း ဆရာဝန်ဖြစ်ရင် နိုင်ငံခြားထွက်မှာပဲ၊ မာမီကတောင် ပြောတယ်၊ မင်းတို့နှစ်ယောက်စလုံး စိတ်တူသဘောတူတဲ့၊ ဒီပြည်ကြီးကလည်း နေချင်

www.foreverspace.com.mm

စရာ၊ စီးပွားရှာစရာမှ မကောင်းတာ၊ သွားသာ သွားကြတဲ့၊ ကိုယ်သွားမှာကို ထားထားတစ်ယောက်တည်းပဲ သဘောမတူတာ'

'ထားထားက သဘောမတူဘူးလို့ ပြောဖူးလို့လားဟင်'

ထားထားသည် လေသံသဲ့သဲ့လေးနှင့်မေးရင်း ခေါင်းကိုမော့လိုက်သည်။ မျက်လုံးအိမ်ထဲမှ မျက်ရည်များသည် ရုတ်တရက် ခန်းခြောက်သွားပြီး နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားလိုက်သည်။

'ဒီလိုဆို သဘောတူတယ်ပေါ့၊ ဟုတ်လား'

ဇော်လှိုင်မြင့်သည် ပြုံးရယ်ရင်း မေးသည်။ ထားထားသည် သူ့မျက်လုံးများကို စိုက်ကြည့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက် သည်။

'ကိုရယ် ကို့ရည်မှန်းချက် ကို့ယုံကြည်ချက်၊ ကိုချထားတဲ့ လမ်းစဉ်ကို ထားထားက ဘာလုပ်နိုင်မှာလဲ၊ ထားထား သဘောတူတူ၊ မတူတူ ကိုက သွားမှာပဲ မဟုတ်လား၊ ဆုံးဖြတ်ရမှာက ထားထားပါ၊ လိုက်မလား၊ နေမလား၊ ထားထား မလိုက်နိုင်လို့ကတော့ ကိုက မသွားဘဲ နေမှာမှ မဟုတ်တာ၊ ထားထားရဲ့ သဘောထား၊ ထားထားရဲ့ ယုံကြည်ချက်က ကို့အတွက် ဘာမှထည့်စဉ်းစားစရာ မလိုဘူး ဆိုတာကို ထားထား နားလည်ပါတယ်'

'ဆရာမလို့ မပြောရဘူး၊ စကားတတ်လိုက်တာ လွန်ရော'

'တကယ့် တကယ်တော့ ထားထားတို့ မတွေ့ခဲ့ကြရင်ကောင်းမှာနော်၊ ကို့ဘဝလည်း ကိုယ့်ပဟာကို ဖလော်ရာနဲ့ သာယာနေမှာ'

'ဒီလိုမပြောနဲ့ကွယ်'

လေပြည်အေးက ကားမှန်ပေါက်မှနေပြီး တိုးဝင်လာသည်။ ဆည်းဆာရောင်ကို ငေးကြည့်နေသော ထားထား၏ မျက်လုံးလေးများသည် ရီဝေနေလေသည်။ ကန်ရေပြင်တွင် ရွက်လှေဖြူဖြူလေးများ မျောပါနေသည်။ ကောင်းကင်ပြာတွင်မူ စွန်ကလေးနှစ်ကောင်က တငြိမ့်ငြိမ့် ဝဲနေသည်။ ဝဲ

www.foreverspace.com.mm

နေသော စွန်လေးများကို ထားထားသည် အားကျစိတ်နှင့် ငေးကြည့်နေမိလေသည်။ လူမဖြစ်ဘဲ စွန်သာဖြစ်ခဲ့ လျှင် အခု သူ သောကကို ခံစားရမည် မဟုတ်ပေ။ အရင်တုန်းက ချစ်တယ်ဆိုတာ ဘယ်လိုနေလဲကို အသေအချာ မသိဘူး။ ဒါပေမဲ့ ခုသိပြီ။

'ထားထားကို တကယ်ချစ်ပါတယ်ကွယ်'

'ထားထား ယုံပါတယ်'

'ထားထားရော ကိုယ့်ကို တကယ်ချစ်ရဲ့လား'

'ကိုဟာ ထားထားရဲ့ အချစ်ဦးမို့ အချစ်ဆုံးပါ'

'ဒီလိုဆိုရင်'

'ဒါပေမဲ့ ကို ထားထားဆီ မလာပါနဲ့တော့'

'ဘာပြောတယ်'

ဇော်လှိုင်မြင့်သည် ခပ်ကျယ်ကျယ်လေး အော်လိုက်မိသည်။ ထားထား၏ လက်မောင်းကို တင်းတင်းဆုပ်ကိုင်ကာ သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။

'ကိုရယ် ချစ်တယ်ဆိုတာ အတူတူနေမှ ချစ်တာ မဟုတ်ပါဘူး။ ကို့ကို ထားထား သိပ်ချစ်ပါတယ်။ ဒါပေမဲ့ အဖေနဲ့ အစ်မကိုလည်း ပစ်မထားရက်ဘူး၊ နောက်ပြီး ထားထား မြန်မာပြည်ကိုလည်းချစ်တယ်၊ သူများတိုင်းပြည်မှာ သွားမနေချင်ဘူး၊ သွားမသေချင်ဘူး၊ ကို့နောက်ကို ထားထား မလိုက်နိုင်ဘူး၊ ထားထား ကိုယ့်ပြည်မှာပဲနေမယ်၊ ကိုယ့်မြေပေါ်မှာပဲ သေမယ်'

ထားထား၏ လက်ဖျားလေးများသည် အေးစက်နေသည်။ ထို အေးစက်နေသော လက်ချောင်းလေးများကို အချင်းချင်း တင်းကြပ်စွာ ဆုပ်ကိုင်ထားမိလေသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်ထားသဖြင့် လေးထောင့်ကျ

www.foreverspace.com.mm

သော မေးရိုးလေးသည် တင်းနေသည်။

'ထားထားရယ်၊ တကယ်ပြောတာလား'

ဇော်လှိုင်မြင့်သည် အက်ကွဲသောအသံကြီးနှင့် မေးလိုက်သည်။ သူ ခေါ်ရာသို့ ထားထား ပါလာရမည်ဟု တစ်ထစ်ချ ယုံကြည်ထားခဲ့မိလေသည်။ သူ့ကို ထားထား ငြင်းဆန်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပေ။

'ကိုရယ် ထားထားကို နောက်ထပ် မနှိပ်စက်ပါနဲ့တော့၊ ထားထားကို ချစ်တတ်အောင် သင်ပေးခဲ့တဲ့ ကိုရယ်၊ မုန်းတတ် မေ့တတ်အောင်လည်း သင်ပေးပါဦး'

'ထားထားရယ် တစ်ကယ်ပဲလား'

သူက ထပ်ပြီး မေးလိုက်မိပြန်သည်။ စွန့်လွှတ်ရတော့မည်ဟူသော အသိက သူ့ရင်ကို သွက်သွက်ကြီး ခါသွားစေလေသည်။ သူ့ မျက်ဝန်းများသည် နီကျင်လာပြီး လည်ချောင်းဝတွင် တစ်ဆို့နေသည်။ သူသည် ကြေကြေကွဲကွဲ ညည်းလိုက်မိရင်း ထားထားကို ရုတ်တရက် သိမ်းဖက်လိုက်ပြီး တရှိုက်မက်မက် နမ်းလိုက်မိသည်။

မငိုဘူးဟု တင်းထားသော ထားထားသည် ရုတ်တရက် ပျော့ခွေသွားသည်။ မျက်ရည်ပူများ ဒလဟော ကျလာပြီး တရှိုက်ငင်ငင် ဖြစ်လာသည်။ ထို့နောက် သူ့လည်ပင်းကိုဖက်ကာ သူ့ပါးကို ပထမဦးဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်နမ်းပြီး ဗလုံးဗထွေး ငိုသံလေးနှင့်ပြောလေသည်။

'ကိုရယ် သွားပါတော့၊ မြန်မြန်သွားပါတော့၊ ထားထားကို မေ့လိုက်ပါတော့၊ ထားထားကိုလည်း အတိတ်မေ့စေတဲ့ ဆေးတွေ ပေးခဲ့ပါတော့'

* * *

www.foreverspace.com.mm

'သူ့ကို ငါ အတည်ကြံတာပါ အောင်ကိုရာ၊ ငါ တကယ် ချစ်တာပါ'

'ဇော်လှိုင်မြင့်သည် ကြေကွဲစွာ ပြောလိုက်သည်။ သူ့ကို စူးစူးဝါးဝါး ကြည့်ကာ အကဲခတ်နေသော အောင်ကို၏ မျက်လုံးများကို ရင်မဆိုင်ရဲသဖြင့် ခင်မလတ်တို့ အိမ်ရှေ့မှ ရွက်လှပန်းများကို ငေးကြည့်နေမိလေသည်။'

'မင်း ငါ့ကို မယုံဘူးလား'

'အေး. . .မယုံဘူး၊ မင်းတို့ ပြေလည်သွားတယ်၊ နောက်ပြီး တစ်လ မကြာဘူး ကွဲကြတယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ထားထားကိုလည်း မနေ့ ကပဲ တွေ့လိုက်တယ်၊ သိပ်ညှိုးတာပဲ၊ မင်းတို့ ဘာဖြစ်ကြတာလဲ'

ဇော်လှိုင်မြင့်သည် သက်ပြင်းချရင်း ထားထားတို့ အိပ်ခန်းလေးကို စူးစိုက်ကြည့်နေမိပြန်သည်။ ထားထား၏ အရိပ်ကလေးကို ရိပ်ခနဲ တွေ့လိုက် ဟန် ရှိသော်လည်း အိမ်ရှေ့သို့ ထွက်မလာပေ။

'ငါ နိုင်ငံခြားသွားပြီး အလုပ်လုပ်ဖို့ လျှောက်လွှာတင်တယ်ကွာ၊ ဟို မှာလည်း အလုပ်က အဆင်သင့်ပဲ'

'အင်း ဒီတော့'

'ထားထားကို ငါက လိုက်ခဲ့စေချင်တယ်၊ သူက မလိုက်နိုင်ဘူးတဲ့၊ ပြဿနာ အရင်းအမြစ်ကတော့ ဒါပါပဲကွာ၊ နောက်ပြီး ဖလော်ရာလေ၊ မင်း သိတယ် မဟုတ်လား၊ မင်းတို့ကျောင်းကပဲ၊ ငါ့အိမ်က သူနဲ့ သဘောတူ တယ်ကွ၊ တစ်နေ့ ငါတို့နှစ်ယောက် ကားနဲ့သွားတာ ထားထားက လှမ်း တွေ့လိုက်တယ်၊ အဲဒါကိုလည်း စိတ်မကောင်း ဖြစ်သွားပုံရတယ်'

'ဖြစ်မှာပေါ့ကွ၊ ဒါ သူ့အလွန်လား'

အောင်ကိုသည် ပဲကြီးလှော် တစ်ဇွန်းကို တကျွတ်ကျွတ် ဝါးစားလိုက် ရင်း ငေါက်ဆတ်ဆတ် ပြောလေသည်။ ဇော်လှိုင်မြင့်ကို သူနဂိုကတည်းက မယုံခဲ့ပေ။ စိတ်ကောင်း သဘောကောင်းရှိသူ၊ ခင်မင်စရာ ကောင်းသူအဖြစ်

www.foreverspace.com.mm

သတ်မှတ်ထားသော်လည်း လူတန်းစားမတူသောအခါ ခံယူချက်ချင်းလည်း ကွဲပြားသွားရတတ်သည်။

ထားထားကို တမ်းတမ်းစွဲစွဲ ကြိုက်နေသော်လည်း သူ့ လူတန်းစားကို ပစ်ပယ်ပြီး ထားထားနှင့် လက်တွဲလိမ့်မည်ဟု မထင်မှတ်မိခဲ့ပေ။ သူ၏ ချစ်ခြင်းမေတ္တာသည် အမြင့်မှဆွဲခေါ်လိုသော မေတ္တာဖြစ်သည်။ အောက်သို့ ဆင်းပြီး တွဲလိုသော မေတ္တာမျိုး မဟုတ်ဟု အောင်ကို ယူဆခဲ့သည်။

'သူ့ အလွန်လို့ မပြောပါဘူးကွာ၊ ဒါပေမဲ့ ဖလော်ရာကို ငါ လုံးဝ မကြိုက်ပါဘူး၊ သူ့ကိုလည်း ရှင်းပြပြီးပါပြီ'

'သူက လက်ခံလား'

'လက်ခံပါတယ်၊ ဒါပေမဲ့ ငါ့နောက်ကို မလိုက်နိုင်ဘူးတဲ့၊ သူ့ အဖေနဲ့ သူ့အစ်မကို သိပ်ချစ်တာ၊ မထားခဲ့နိုင်ဘူးတဲ့၊ ငါကလည်း သူတို့နှစ်ယောက် ကိုတော့ ဘယ်ခေါ်နိုင်ပါ့မလဲ'

သည်တစ်ခါတော့ သက်ပြင်းချရသူက အောင်ကိုဖြစ်သည်။ မည်သူ့ ကိုမျှ အပြစ်မတင်ချင်တော့ပေ။

'မင်း ဒီလိုထွက်ဖို့ စဉ်းစားထားတာတော့ ကြာရောပေါ့'

'အင်း . .ဆိုပါတော့'

'ဒါဆိုရင် သူလိုက်နိုင် မလိုက်နိုင် စဉ်းစားခဲ့ဖို့တော့ ကောင်းတယ်ကွာ၊ ခုတော့ နှစ်ယောက်စလုံး စိတ်ဆင်းရဲစရာ ဖြစ်လာတာပေါ့'

'ငါက ငါ့ကို တကယ်ချစ်ရင် ငါ့နောက်လိုက်မှာပဲလို့ တွက်ထားမိ တာကိုး'

'အဲဒါ မင်းမှားတာပေါ့၊ သူ့အဖေနဲ့ ဒုက္ခိတ အစ်မကို သူဘယ်ပစ်ထား ခဲ့နိုင်မှာလဲ၊ မင်းလည်း သူ့နေရာကနေ ခဏလေးဝင်ပြီး စဉ်းစားကြည့် ပါလား'

www.foreverspace.com.mm

ဇော်လှိုင်မြင့်သည် ဘာမှပြန်မပြောဘဲ ပဲလှော်ခွံလေးများကို လက်သည်းနှင့် ကုတ်ခွာနေသည်။

သူ့ရှေ့တွင် ချထားသော ရေနွေး ကြမ်းပန်းကန်လေးမှာကား အေးစက်၍ပင် နေချေပြီ။ မည်သူမျှ ကောက်ယူ၍ မသောက်မိကြချေ။

'မင်း ပြန်လာမှာလား'

'အခြေအနေအရပဲ၊ ငါးနှစ်ပြည့်ရင် ဟိုမှာ နိုင်ငံသားခံယူလို့ရတယ်'

'မင်း ပြန်လာမှာ မဟုတ်ပါဘူး'

'ဒီလို မပြောပါနဲ့ကွာ၊ တိုင်းပြည်ချစ်စိတ်ဆိုတာ ငါ့မှာလည်း ရှိပါတယ်၊ ဒါပေမဲ့ လူဆိုတာ အတ္တသမားပဲကွ၊ ကိုယ့်ကိုကိုယ်လည်း ချစ်တာပဲ၊ ကောင်းကောင်းနေ၊ ကောင်းကောင်းစားချင်တာပဲ၊ ကောင်းကောင်းဝတ်ချင်တာပဲ၊ တိုင်းပြည်ကြီး ချစ်လိုက်တာဆိုပြီး မြေကြီးကို ကုန်းဖက်ပြီး ထမင်းကြမ်း စားနေရမှာလား'

အိမ်တံခါးဝတွင် ထားထား၏အစ်မ လှလှပေါ်လာသည်။ လှမ်းထားသော ငရုတ်သီးခြောက်ဇန်းကလေးကို ထွက်ပြီးသိမ်းခြင်းဖြစ်သည်။ အိမ်ရှေ့ကပြင်တွင် ထိုင်နေသော အောင်ကိုနှင့် ဇော်လှိုင်မြင့်တို့ကို တစေ့တစောင်း ကြည့်သွားသည်။

ဇော်လှိုင်မြင့်ကို ထားထားပြဖူး၍ သူသိနေသည်။ သူ့ညီမကို ကြိုက်နေသော အင်ဂျင်နီယာလေးအဖြစ် သိထားသည်။ သို့သော်လည်း လွန်ခဲ့သော တစ်လအတွင်း သူ့ညီမက ပြန်ကြိုက်ခဲ့သည်ကိုရော ပြန်ပြီး ကွဲသွားကြသည်ကိုပါ သူမသိလိုက်ရှာပေ။

'ငါတို့ အိမ်ထောင်ဟာ ဆင်းရဲသားအိမ်ထောင် ဆိုပါတော့ကွာ၊ ငါ့အဖေကြီးက သူရသမျှလခလေးနဲ့ ငါ့ကို ဆရာဝန်ဖြစ်အောင်ချို့ချို့ငဲ့ငဲ့

www.foreverspace.com.mm

သင်ပေးခဲ့တယ်၊ ကဲ . . .ငါဆရာဝန်ဖြစ်လာတဲ့ တစ်နေ့ကျတော့မှ အဖေနဲ့ နေရတာ ဆင်းရဲလိုက်တာဆိုပြီး ယောက္ခမအိမ် လိုက်သွားရင် ငါတရားပါ့မလား’

‘ဘယ်တရား . . .ဟာ အောင်ကို မင်း မင်း ခွက်စောင်း ခုတ်တာပဲ’

တဟားဟား ထရယ်သော အောင်ကိုကို ဇော်လှိုင်မြင့်က တွန်းလိုက်သည်။ နာသာခံခက်နှင့် ကျွဲမြီးတိုသွားလေသည်။ ဘာပြန်ပြောရမှန်း မသိသည့်အတွက် ပဲလှော်များကိုသာ တကျွတ်ကျွတ် ကောက်ဝါးပြီး အေးစက်နေသော ရေနွေးကြမ်းကို မော့ချလိုက်သည်။

‘အေးလေ. . .စဉ်းစားဦးပေါ့ကွာ၊ ထားထားကရော၊ မင်းကို မသွားပါနဲ့လို့ မပြောဘူးလား’

‘မပြောဘူးကွ၊ မြန်မြန်သွားပါတဲ့၊ သူ့ကိုလည်း မေ့လိုက်ပါတဲ့ သူကလည်း မေ့နိုင်အောင် မေ့ဆေးပေးခဲ့ပါတဲ့၊ ငါ. . . ငါ စိတ်မကောင်းပါဘူးကွာ’

ဇော်လှိုင်မြင့်သည် ထားထားကို တွေ့ရနိုးနှင့် သူတို့အိမ်ဝကို စူးစိုက်ပြီး ကြည့်နေမိသည်။ အရိပ်အယောင်လေးကိုပင် ထပ်မမြင်ရတော့ပေ။ သူ ရောက်နေမှန်း သိသဖြင့် အခန်းထဲ ဝင်ပြေးခြင်း ဖြစ်ဟန်တူသည်။ ထားထား၏ အရိပ်ကလေးကိုပင် မတွေ့ရသော်လည်း ကတုန်ကယင်နှင့် မျက်ရည်ရစ်ဝဲနေရှာမည်ကို တွေးပြီးသိနေလေသည်။

‘မင်း အကြံမပေးတတ်တော့ဘူးလားကွာ’

‘ငါ ဘာအကြံပေးရမှာလဲ၊ မင်းကို မသွားပါနဲ့ကွာလို့ ပြောတော့ရော မင်းက လက်ခံမှာမို့လား၊ ကိုယ်တိုင်းပြည်နဲ့ ကိုယ့်မိသားစု ကိုယ်ချစ်တဲ့သူကိုရော၊ မချစ်နဲ့ လိုက်သွားလို့များ ပြောစေချင်သေးလား ဟင်၊ တကယ့်တကယ်တော့ ငါ့ပယောဂပဲ၊ မင်းတို့နှစ်ယောက် နဂိုကတည်းက မဆုံဆည်း

www.foreverspace.com.mm

ခဲ့ကြရင် ကောင်းမှာ'

'သူက ဒီလိုပဲ ပြောတယ်'

ဖော်လှိုင်မြင့်သည် အိမ်ပေါက်ဝတွင် ပေါ်လာပြန်သည့် ထားထား၏ အဖေ ဦးအုံးကျော်ကို ငေးကြည့်နေမိပြန်သည်။ ဆံပင်များ ကွက်တိ ကွက်ကျားဖြူကာ ခါးလည်း မသိမသာကိုင်းနေပြီဖြစ်သည်။ သူ့လက်ထဲတွင် ခြင်းတောင်းတစ်ခု ကိုင်ထားသည်။ အမှိုက်ခြင်းတောင်း ဖြစ်ဟန်တူသည်။ အိမ်ထဲမှထွက်ပြီး လမ်းထိပ်အမှိုက်ပုံသို့ တလှုပ်လှုပ် လျှောက်သွားလေသည်။

'ဟော. . .အစ်ကိုလှိုင်မြင့်၊ ဘယ်တုန်းက ရောက်လဲ'

ညီအောင်သည် အိမ်ပေါ်သို့ ခုန်တက်လာသည်။

'အတော်လေးတောင်ကြာပြီ၊ မင်း လျှောက်လည်နေတာလား'

'မလည်ပါဘူး အစ်ကိုရာ၊ စာမေးပွဲနီးလို့ အဖေက အချိန်အားတိုင်း တုတ်မိုးပြီး စာကျက်ခိုင်းနေတာ၊ အခု မင်္ဂလာဒုံစစ်ဆေးရုံက ပြန်လာတာ၊ ဟိုဘက်အိမ်က ကိုနိုင့်အစ်ကိုကြီး ကိုမောင်လေ ဒဏ်ရာရလို့၊ အခုတော့ တဖြည်းဖြည်း သက်သာလာပါပြီ၊ သွေးလိုလို့ ကျွန်တော်တောင် သွေးလှူရသေးတယ်၊ အဘွားရေ ကျွန်တော် မတိုးတို့နဲ့အတူ ပြန်လာတာ သိလား ဟား. . .ဟား'

ညီအောင်သည် သူ့ဟန်အတိုင်း ရွှင်ပျစွာ ရယ်နေသည်။ ဖော်လှိုင်မြင့်သည် အလိုက်အထိုက် ပြုံးနေသော်လည်း ညီအောင် ဘာတွေ ပြောနေသနည်း။ မကြားတစ်ချက် ကြားတစ်ချက်နှင့် စိတ်ပျံ့လွင့်နေသည်။

သူ့စိတ်ထဲတွင် ထားထားကို ဖလော်ရာ့နေရာတွင် သွင်းကြည့်လိုက်မိသည်။ သို့တည်းမဟုတ်၊ ဖလော်ရာ့လို စိတ်ဓာတ်မျိုး ထားထား၏ ကိုယ်ထဲ စိမ့်ဝင်သွားစေချင်သည်။

www.foreverspace.com.mm

'မင်းတို့နှစ်ယောက် အခြေခံချင်းကိုက မတူပါဘူးကွာ၊ ဖြစ်သင့်တာကတော့ မင်းနဲ့ အဆင့်အတန်းတူ၊ ခံယူချက်တူတဲ့ ဖလော်ရာနဲ့ယူဖို့ပဲ'

'တော်စမ်းပါကွာ၊ သူ့ကိုမှ ငါမကြိုက်တာ'

ဇော်လှိုင်မြင့်သည် ငေါက်ဆတ်ဆတ်ပြောရင်း ရေနွေးပန်းကန်ကို ကောက်ပြီး မော့ချလိုက်သည်။ အသစ်ဖြည့်ထားသော ရေနွေးဖြစ်သဖြင့် ပူနေသည်။ ကမန်းကတန်း ထွေးထုတ်လိုက်သော်လည်း အချိန်မမီတော့ပေ။ လျှာတစ်ပြင်လုံး ပူကျက်သွားလေသည်။ ထိုတစ်ခဏလေးတွင်ပင် 'ထားထား မီးတွေ မျိုမိတယ် ထင်တယ်၊ ရင်ထဲက ပူလိုက်တာ' ဟု ငိုမဲ့မဲ့လေး၊ ပြောခဲ့သော သူ့စကားကို ကြားယောင်နေမိသေးလေသည်။

*　　　*　　　*

ဖိုးဂျင်သည် ဗိုလ်ချုပ်ဈေး လမ်းတစ်လျှောက် ခပ်အေးအေး လျှောက်လာသည်။ ထွက်နေကျမို့ အိမ်က ထွက်လာခြင်း ဖြစ်သော်လည်း ဘယ်ကို သွားရမည်နည်း၊ ရေရေရာရာ မစဉ်းစားရသေးပေ။ သူ့ခြေထောက်များကမူ ထုံးစံအတိုင်း လေဟာပြင်ဈေးဘက်သို့ ဦးတည်လျက်ရှိသည်။

'အစ်ကိုကြီး၊ အစ်မကြီးတို့၊ ထမင်းဖိုးလေး ငါးပြားလောက် စွန့်ကြဲခဲ့ကြပါ အစ်ကိုကြီးတို့'

အဆုတ်ရောဂါကု ဆေးရုံရှေ့အရောက်တွင် ထိုအသံကို ကြားရလေသည်။ ခုနစ်နှစ်ခန့်သာ ရှိဦးမည့် ကလေးငယ်လေးဖြစ်သည်။ဒန်ခွက်အပိန်လေးကို ရှေ့သို့ချကာ လက်နှစ်ဖက်ကို ရှိခိုးဦးချသကဲ့သို့ မြှောက်မြှောက်ပြီး အော်နေလေသည်။ ဖိုးဂျင်သည် ဂျာကင်ဝတ်ပြီး လက်နှစ်ဖက်လုံးကို ဂျာကင်အိတ်ထဲ ထည့်ထားရသည်။ လက်များထုံကာ အေးနေသောကြောင့်ဖြစ်

www.foreverspace.com.mm

သည်။ သည်နှစ်ဆောင်းသည် ခါတိုင်း နှစ်ထက် ပိုအေးလေသည်။ ကိုနိုင် ကမူ ကမ္ဘာကြီး အနည်းငယ်စောင်း သွားသောကြောင့် အာရှတိုင်းပြည်များ အအေးပိုမည် ဖြစ်သည့် အကြောင်း ဖတ်လိုက်ရသည်ဟု ပြောသည်။

တိုင်း(မ်)လား၊ နယူးဝိ(ခ်)လား၊ ရီးဒါးဒိုင်ဂျက်(စ်)လားတော့ ဖိုးဂျင် အသေအချာ မမှတ်မိပေ။ သူပြောတာ ဟုတ်လား၊ မဟုတ်လားတော့မသိ။ ကိုနိုင်သည် တစ်ခါတစ်ရံလည်း လူပြောသူပြောနှင့် ဖြီးတတ်လေသည်။ သို့သော်လည်း သည်နှစ်ဆောင်းတွင်း အအေးပို သည်ကတော့ အမှန်ပင်။ ထိုသို့သော နံနက်ခင်းတွင် လမ်းဘေးမှ ကလေးငယ်သည် စုတ်ပြဲနေသော အင်္ကျီကို တစ်ထပ်တည်း ဝတ်ဆင်ထားသည်။ နေပူထဲတွင် ထိုင်နေသော် လည်း အချမ်းဒဏ်ကြောင့် ကုပ်ကုပ်ကလေး ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံး လည်း ဝဲလား၊ ပွေးလား၊ ဘာတွေလည်းတော့မသိ။ ညှင်းလို အဖြူစက်တွေ ကိုလည်း မျက်နှာပေါ်တွင် တွေ့ရသေးသည်။

'ထမင်းဖိုးလေး ငါးပြားလောက်ပါ အစ်ကိုကြီးရယ်'

ဖိုးဂျင်သည် အိတ်ထဲ စမ်းကြည့်လိုက်သည်။ အကြွေဆို၍ မတ်စေ့ တစ်စေ့သာ ရှိလေသည်။ အတန်ငယ် နှမြောသော်လည်း သူ့ကို မော့ကြည့် နေသော မျက်လုံးလေးများကို ကြည့်မိသောအခါ တစ်မတ်လုံး၊ ခွက်ထဲသို့ ပစ်ထည့်လိုက်လေသည်။

သူထွက်လာသောအခါမှ ကလေးငယ်သည် ခွက်ကလေးကို လှမ်း ဆွဲပြီး ငုံ့ကြည့်နေသေးသည်။

'အို. . .အို. . .အေး အိပ်ပါဆို၊ ငါးပြားလောက်ပါ အစ်ကိုကြီးရယ်'

မီးပွိုင့်မှ ဖြတ်ကူးမည်ပြုစဉ် ဖိုးဂျင် ခြေလှမ်းတုံ့သွားပြန်သည်။ မိခင် သည် သားငယ်ကို တေးဆို၍သိပ်ရင်း ပိုက်ဆံတောင်းနေသည်။ သားလား၊ သမီးလားတော့ မသိရချေ။ အဝတ်များ ထွေးပိုက်ထားသော ကလေးငယ်

www.foreverspace.com.mm

လေးသည် သုံးလေးလခန့်မျှသာ ရှိဦးမည် ထင်ရသည်။ အသားဖြူဖြူဖွေးဖွေး ပါးဖောင်းဖောင်းလေးနှင့် နက်မှောင်သော ဆံပင်လေးများသည် ထွေးအိ နေသည်။ သူ့မိခင်ရင်ခွင်ထဲမှနေပြီး အပြင်လောကကြီးကို စူးစမ်းသလို လှမ်းပြီးကြည့်နေလေသည်။

'ဟင်း'

ဖိုးဂျင်သည် သက်ပြင်းကြီး တစ်ချက်ချကာ မျက်နှာလွှဲလိုက်သည်။ ကလေးငယ်လေးကို တဖပ်ဖပ် ပုတ်နေသော မိခင်၏လက်တွင် လက်ချောင်း လေးများ မရှိတော့ပေ။ မျက်နှာသည်လည်း ထုအမ်းပွ ယောင်းလျက်ရှိ သည်။

မလှမ်းမကမ်းတွင် နောက်တစ်ဦးကို တွေ့ရပြန်သည်။ သူကတော့ လက်နှင့် ခြေထောက်များကို အဝတ်များနှင့် ပတ်ထားလေသည် ထို့နောက် ချွဲချွဲပျစ်ပျစ် အော်လျက်ရှိသည်။

ဖိုးဂျင် အိတ်ထဲသို့ စမ်းပြန်သည်။ အကြွေလုံးဝ မရှိတော့ပေ။ ထို့ကြောင့် သူတို့ကို ကျော်ခိုင်းပြီး လမ်းကို ခပ်သွက်သွက်ကလေး ဖြတ်ကူးလိုက်လေ သည်။

ခေါင်းလောင်းဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီနှင့် ဆံပင်ကုပ်ဝဲနေ သော ဖိုးဂျင်သည် မြန်မာတစ်ယောက်နှင့် မတူပေ။ အရပ်မြင့်မြင့်နှင့် ရင်အုပ် ကျယ်သောကြောင့် အသားလေး မမည်းလျှင် နိုင်ငံခြားဇာတ်လိုက်နှင့်ပင် တူနိုင်သည်။ သို့သော် သူ့မျက်နှာပေါ်တွင် မထင့်တထင် လိမ်းထားသည့် သနပ်ခါးနှင့် လက်သည်းရှည်ကြီးများကြောင့် ပျက် သွားသည်။ ဖိုးဂျင်ကမူ သနပ်ခါးနှင့် လက်သည်းကြောင့် ပိုပြီးကြည့် ကောင်းနေသည်ဟုပင် ထင်နေ လေသည်။

လေဟာပြင်ဈေးသည်ကား ထုံးစံအတိုင်း စည်ကားလျက်ရှိသည်။

www.foreverspace.com.mm

လဆန်းစ ဖြစ်သဖြင့် လူပို၍ ရှုပ်လေသည်။ 'ကဲ ဗိုလ်ချုပ်ဈေး၊ လေဟာပြင် ထိုင်းဈေးခင်ဗျ၊ လမ်းသုံးဆယ် ဒီကဆင်း'

နံပါတ် ၁၂ ကား အတွင်းမှ စပယ်ယာ၏အော်သံကို ကြားလိုက်ရသည်။ ဖိုးဂျင်သည် တစ်ဦးတည်းပြုံးရင်း ဈေးထဲကွေ့ဝင်ခဲ့သည်။ သူတို့ပြောသည်မှာလည်း ဟုတ်သလိုလိုပင် တစ်ဈေးလုံး ထိုင်းပစ္စည်းနှင့် ပြည့်နေသည်။ ထိုင်းတွေ ဘယ်လောက် ခေတ်ထနေသလဲ မပြောတတ်ချေ။ မြန်မာပြည်တွင် စိုက်သော ဆီးသီးကြီးများကိုပင် ထိုင်းဆီးသီး၊ ချိုချဉ်က ထိုင်းချိုချဉ်၊ ကိတ်မုန့်က ထိုင်းကိတ်မုန့်၊ ခေါက်ဆွဲက ထိုင်းခေါက်ဆွဲ၊ ဟင်းချိုက ထိုင်းဟင်းချို၊ နောက်မကြာမီ ထိုင်း မုန့်ဟင်းခါး၊ ထိုင်မုန့်လက်ကောက်၊ ထိုင်းကောက်ညှင်းပေါင်းတွေများ ပေါ်လာဦးမည်လားတော့ မပြောတတ်ချေ။

ဈေးအတွင်း ရောက်သောအခါ သူသည် သွားနေကျ သူ့သူငယ်ချင်းဆိုင်ဘက်သို့ ဦးတည်လိုက်သည်။

'တီးဆက်တစ်စုံ ငါးရာ့ငါးဆယ်ဆိုတော့ အကျိုးနည်း၊ ငါတို့ နှစ်လခ ရှိတယ်၊ အဲဒါ တစ်စုံဝယ်ချင်ရင် နှစ်လ လုံးဝအငတ်ခံရမယ်'

'ဘာဖြစ်တုန်းကွ၊ ဝယ်သာဝယ်၊ နောက်ပြီး အဲဒီကော်ဖီကရားထဲကို ဘုံပိုင်က ရေထည့်၊ နို့ကရားထဲကို သောက်ရေအိုးထဲက ခပ်ထည့်၊ နှစ်လလုံးလုံး ငုံ့ငုံ့ပြီး သောက်ကြပေါ့'

'မင်း ဘိုးအေမှပဲ'

ဖိုးဂျင် ပြုံးမိပြန်သည်။ ရှေ့ဆက်လျှောက်ရင်း ဆိုင်ခန်းများပေါ်တွင် ချိတ်ဆွဲထားသော ဆွယ်တာရောင်စုံများကို ငေးကြည့်လာသည်။ တစ်ထည်ကို နှစ်ရာ့ငါးဆယ်အောက်ထစ် ရှိပေမည်။ ခုနတုန်းကလူတွေ ပြောသလို

www.foreverspace.com.mm

ဆိုလျှင် ဆွယ်တာတစ်ထည်ဝတ်ပြီး တစ်လလုံး အငတ်ခံရဦးမည်ဖြစ်၏။

'ဖျံမကွ၊ သိပ်လည်တာ'

'ဘယ်ဖျံပဲဖြစ်ဖြစ် ဘယ်လောက်ဖျံနိုင်မှာလဲကွာ'

'သူကတစ်မျိုး မထိတထိပဲ၊ ဒီ့ထက်ပိုမရဘူး၊ ကိုသက်တောင် အင်္ကျီစ လုံချည်စတွေသာ ပါသွားတယ်၊ ဘာမှ မရလိုက်ဘူးတဲ့ကွ၊ တကယ်ဖျံမ'

ဆွယ်တာများကို ငေးကြည့်နေသော ဖိုးဂျင်သည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ့နောက်ဘက်တွင် သူကဲ့သို့ပင် ခေါင်းလောင်း ဘောင်းဘီနှင့် လူသုံးဦး ရပ်နေသည်။ သူတို့ပြောနေသော အကြောင်း အရာကို ဖိုးဂျင် စိတ်ဝင်စားသည်။ သူတို့ပြောသည့် ဖျံမကို သိချင်လာသည်။ သည်ခေတ်တွင် သည်လို မိန်းကလေးတွေပေါသည်။ သူတို့ ဘယ်လောက် လည်သလဲ။ ဖိုးဂျင်တို့ကရော ဘယ်လောက်လည်သလဲ။ စိန်ခေါ်ချင် သော စိတ်ကလေးလည်း ဝင်လာသည်။

'ရုပ်ကတော့ ဖြူးတယ်ဆရာ'

'အေးပေါ့၊ အဲဒီရုပ်ပဲ ပြစားနေတာ၊ တစ်နေ့နေ့တော့ ထိမယ်'

သူတို့ကြည့်ရာသို့ လိုက်ကြည့်လိုက်သော ဖိုးဂျင်သည် ဟိုက်ခနဲ ဖြစ်သွားလေသည်။ တစ်ကိုယ်လုံး တောင့်တောင့်တင်းတင်းကြီးဖြစ်ကာ သွေး လှည့်ပတ်မှုသည် ရုတ်တရက် ရပ်ဆိုင်းသွားသည်ဟု ထင်လိုက်မိသည်။

ခင်မလတ်။ ဖိုးဂျင်၏ တစ်ဦးတည်းသောအစ်မ ခင်မလတ်သည် သူ့ကို မျက်လုံးကြီး အပြူးသားနှင့် ငေးကြည့်နေသော ဖိုးဂျင်ကို လုံးဝ သတိမမူမိဘဲ ခြင်းတောင်းလေးဆွဲကာ ကြွကြွရွရွလေး လျှောက်သွားလေသည်။

*　　*　　*

www.foreverspace.com.mm

'အမေ၊ အမေ့သမီး ကြည့်ပြောဦး'

'ဟဲ့. . .ဘာဖြစ်လို့လဲ'

နဂိုအသားမည်းသော ဖိုးဂျင်၏မျက်နှာသည် ပြာနေသည်။

'ဘာဖြစ်ရမှာလဲ၊ ဟိုဟာ ဖြစ်လိမ့်မယ် သိလား၊ ဟင်း. . .ဒီလိုပုံနဲ့ ဒီခေတ်ကြီးမှာ အဲဒါဖြစ်လိမ့်မယ်၊ ဟင်း'

'အလိုလေး. . .ဘာဖြစ်လို့လဲ'

ဒေါ်ကျော့သည် လက်ထဲမှ ဆန်ဇန်းကြီးကို တွန်းထုတ်လိုက်သည်။ ရင်က ဒိန်းဒိန်းခုန်ကာ မျက်လုံးလည်း ပြာသွားသည်။ ကျော်မကောင်း ကြားမကောင်း တစ်ဦးတည်းသော သမီးလေး ဘာတွေများ ဖြစ်ကုန်ပြီလဲဟု စိတ်ထဲတွင် ယောက်ယက်ခတ်သွားသည်။

'ဈေးထဲမှာ သူ့ကို ပြောနေကြတယ် အမေ၊ ဖျံမတဲ့၊ အလည်မတဲ့၊ ယောကျ်ားတွေကို နှပ်စားနေတာတဲ့၊ ဒီလို ဒီလို ဈေးထဲရောက်တော့ သူတို့ဟာ သူတို့ပြောနေတာ၊ ကျွန်တော့်ကို သူတို့ မသိဘူး'

ဖိုးဂျင်သည် အကြီးအကျယ်ပျက်သွားသော သူ့အမေ၏ မျက်နှာကို တွေ့သောအခါမှ အသံကိုထိန်းလိုက်သည်။ မျက်နှာထားကို ပြင်လိုက်ကာ လေသံအေးအေးနှင့် ရှင်းပြရန် ကြိုးစားလေသည်။ တစ်ဦးတည်း ကျိတ်မှိတ်ပြီး ရက်ဒေါသ ဖြစ်ခဲ့ရသမျှ အမေ့ကို ခွဲပေးလိုက်ရ၍ ရင်ထဲတွင် အတန်ငယ်ပေါ့သွားသည်။

'ပြောဦး အမေ၊ သူ့ကို ကြည့်ပြောဦး'

ဖြစ်ကြောင်းကုန်စင် ပြောပြပြီးသောအခါ ဖိုးဂျင်သည် ခြေပစ် လက်ပစ်ကြီး ဖြစ်သွားလေသည်။ သူတို့ သားအမိ နှစ်ဦးစလုံး တစ်ဦးနှင့်တစ်ဦး စကားမဆိုနိုင်ဘဲ ငိုင်နေမိကြသည်။ ရင်ထဲတွင် ကရုဏာ ဒေါသက တငွေ့ငွေ့ လောင်ကျွမ်းနေလေသည်။

www.foreverspace.com.mm

'ဟော. . .ပြန်လာပြီထင်တယ်'

တံခါးတွန်းဖွင့်သံနှင့်အတူ ပေါ့ပါးသော ခြေသံဖွဖွလေးကို ကြားရလေသည်။ စနေနေ့ ဖြစ်သဖြင့် နေ့တစ်ဝက် ပြန်လာခြင်းဖြစ်သည်။ သို့သော် ခါတိုင်း စနေနေ့များတွင် ခင်မလတ် ရုံးစောစောဆင်းသော်လည်း အိမ်သို့ စောစောပြန်လေ့မရှိပေ။ သွားစရာ၊ လာစရာ၊ ဝယ်စရာ ခြမ်းစရာ အကြောင်း အမျိုးမျိုး ရှိနေတတ်သဖြင့် သုံးနာရီ လေးနာရီမှပင် အိမ်သို့ ပြန်ရောက်တတ်သည်။ သည်နေ့တော့ ဘာစိတ်ကူးပေါက်သည် မသိ။ စောစောစီးစီး ပြန်လာသည်။

'အား. . .နေကပူလိုက်တာ တအားပဲ'

ခင်မလတ်သည် နောက်ဖေးသို့ တန်းဝင်လာပြီး ရေအိုးစင်မှ ရေ ပြည့်ပြည့်တစ်ခွက် ခပ်လိုက်လေသည်။ ရေကို မော့သောက်ရင်းမှ ခေါင်းချင်းဆိုင်ကာ ငိုင်နေကြသော အမေနှင့် ဖိုးဂျင်ကို လှမ်းကြည့်ရင်း စိတ်ထဲတွင် ထင့်သွားသည်။

'ဘာဖြစ်နေကြတာလဲ ဟင်'

အမေသည် ခင်မလတ်ကို ဒေါသငွေ့ငွေ့နှင့် လှမ်းကြည့်သော်လည်း ဖိုးဂျင်ကမူ ဆန်ဗန်းထဲရှိ စပါးလုံးညိုညိုလေးများကိုသာ ငေးကြည့်နေသည်။ အမေသည် ဆိုင်းမဆင့် ဗုံမဆင့် ငိုသံကြီးနှင့် ပြောလိုက်သည်။

'ညည်းကိုယ်ညည်း ဘာဖြစ်နေတယ်ဆိုတာ ညည်းသိရဲ့လား၊ မိရွှေလတ်ရဲ့ ဟင် ညည်းကိုယ်ညည်း သိရဲ့လား'

'သမီးက ဘာဖြစ်လို့၊ ဘာကို သိရမှာလဲ'

ခင်မလတ်သည် ရုတ်တရက် မျက်လုံးပြူးသွားပြီး ခပ်ဆတ်ဆတ် လေး ပြန်ပြောသည်။ မြွေမကလေးလို ရှူးခနဲ ဖြစ်သွားပြီး ပါးပျဉ်းထောင်လာ

www.foreverspace.com.mm

သည်။ သူ့ကိုယ်သူ ကာကွယ်ရန် အသင့်ပြင်ထားလိုက်သည်။

'အစ်မကို ဘာတွေပြောနေကြသလဲ၊ သိရဲ့လား'

'ဘယ်သူက ပြောတာလဲ၊ ဘာပြောတာလဲ'

'ဘယ်သူလဲတော့ မသိဘူး၊ ဈေးထဲက ငနာတွေပဲ၊ ဖျံမတဲ့၊ အလည်မတဲ့၊ ရုပ်ကလေးပြပြီး စားနေတာတဲ့ သိရဲ့လား၊ ဟင်း သိရဲ့ လား၊ ရှက်ဖို့ကောင်းလိုက်တာ'

'အောင်မာ. . .သူတို့က'

'အင်း. . .သူတို့က ပြောနေကြတာပဲ၊ ကိုသက်ဆီကလည်း မြှူချသွားသတဲ့၊ ကဲ. . .ကဲ ပြောစမ်းပါဦး၊ အဲဒီ ကိုသက်ဆိုတာ ဘယ်က အကောင်တုန်း'

ဖိုးဂျင်သည် စားပွဲဝိုင်းလေးကို လက်သီးနှင့် တအားထုလိုက်သည်။ သူ့မျက်နှာသည် ရှုံ့မဲ့နေပြီး မျက်လုံးကြီး နီနေသည်။ သူများနှမကို စခဲ့၊ ပြောင်ခဲ့၊ နောက်ခဲ့ဖူးသော်လည်း ကိုယ့်နှမကိုတော့ ဘယ်သူမှ မစစေချင်၊ မနောက်စေချင်ပေ။ ရွှေစင်ဆယ်တင်း လဲမရသော ဣန္ဒြေရှင်ကလေးသာ ဖြစ်စေချင်သည်။ ခုလို ပြောဆိုနေသည်ကို ကြားခဲ့ရ သောအခါတွင်ကား မချိအောင် နာနေမိသည်။

'ညည်းနာမည်က ကြီးလှပါလား မိရွှေလတ်ရယ်'

အမေသည် တုန်ယင်စွာပြောရင်း မျက်ရည်များ စီးကျလာလေသည်။

ခင်မလတ်သည် ရုတ်တရက် အစွယ်ချိုးခံလိုက်ရသော မြွေကလေး လိုဖြစ်ပြီး ခေါင်းငိုက်စိုက် ကျသွားသည်။ ဖိုးဂျင်၏ မျက်နှာထားကို ကြည့်ရုံနှင့် သူ အမှန်တကယ် ကြားခဲ့ခြင်းဖြစ်ကြောင်း သိနိုင်သည်။ အမေ့မျက်ရည်ကို မြင်ရသောအခါ၌ ထိမထင်သော ပေတေတေ စိတ်ကလေးက ငုပ်လျှိုးသွားလေသည်။ ယခင် တစ်ပတ်လောက်ကတည်းက မကြာခဏ အတွေး

www.foreverspace.com.mm

ထဲ ဝင်ရောက်လာလေ့ရှိသော အမှန်တရားကို သိမြင်စိတ်က ဆူတက်လာလေသည်။ ဖော့ဇာများ၊ တက်ထရွန်များ၊ လေယာဉ်မောင်စများသည် သူ့နာမည်ကို ရေစုံမျောစေခဲ့လေပြီ။

'အစ်မ ဒီလိုပုံသာ ဆက်သွားရင် ငါ တစ်နေ့နေ့ လူသတ်မှုကျူး လွန်ရလိမ့်မယ်၊ သိလား'

'အံမာ. . .နင်က ဘယ်သူ့ကို သတ်မှာလဲ'

'နင့်ကိုလည်း သတ်မယ်၊ အဲဒီငနာတွေကိုလည်း သတ်မယ်'

ဖိုးဂျင်သည် အစ်မကို နင်လုံး ငါလုံး ရိုက်ကာပြောရင်း စားပွဲဝိုင်းလေးကို လက်သီးနှင့် တအားထုလိုက်ပြန်သည်။ စားပွဲပေါ်တွင် တင်ထားသော အမေ၏ဆေးလိပ်ခွက် သံပန်းကန်ပြားသည် အပေါ်သို့ မြောက်တက်ပြီး အဖိတ်ဖိတ်အစင်စင် ပြန်ကျလာသည်။ ဆေးလိပ်ပြာများသည် လေထဲတွင် လွင့်သွားပြီး သောက်လက်စ ဆေးပေါ့လိပ် တိုသည် မီးဖိုအောက်သို့ လိမ့်ဝင်သွားသည်။

ခင်မလတ်သည် ပင့်သက်ရှိုက်ရင်း ဖိုးဂျင်၏ ရှေ့တည့်တည့်သို့ လျှောက်လာသည်။

'ဒီမှာ ဖိုးဂျင်၊ ငါ့ကို ကြည့်စမ်း၊ ငါက ကာယကံရှင်ပါ၊ ဒီလို အပြောခံရတာကို နင့်ထက် ငါက ပိုနာတာပေါ့၊ ဘယ်သူက ဒီလို အပြောခံချင်မှာလဲ'

'ဒါဖြင့် ဘာလို့. . .'

'အေး ဒီလိုနေမိတာ၊ ဒီလို အပြောခံရလိမ့်မယ်လို့ လေးလေးနက်နက် မတွေးမိခဲ့လို့ပဲ၊ ငါ ဘယ်လောက်အလှကြိုက်သလဲ၊ နင်သိတယ်၊ လခလေးက တစ်ပဲခြောက်ပြား၊ မှောင်ခိုဈေးကြီးက ဟည်းထနေတယ်၊ ဝယ်ချင်စရာ ဝတ်ချင်စရာတွေ အများကြီး ဝယ်နေ ဝတ်နေတဲ့ လူတွေ ကလည်း ဝယ်ကြ၊ ဝတ်ကြ၊ ပကြ လွှားကြ၊ သူများဝတ်တော့ ငါ ဝတ်ချင်တာပဲ၊ ဒီတော့ ငါ့

www.foreverspace.com.mm

ကို လက်ဆောင်ပေးရင် ငါယူမိတာပေါ့၊ ဒါပေမဲ့ ဒီမှာ စေ့စေ့ကြည့်စမ်း ဖိုးဂျင်၊ ဒီနေ့ထိ ငါ မဲ့တစ်ပေါက်မစွန်းသေးဘူး၊ အဲဒါကို နင်သိထား၊ အေး. . .ထားပါတော့၊ ငါ နေပုံထိုင်ပုံ မှားခဲ့တယ်၊ အမှားရှိရင် အမှန်ရှိရမယ်၊ ကဲ ငါပြင်မယ်'

ဖိုးဂျင်သည် သူ့အစ်မကို ပါးစပ်အဟောင်းသားနှင့် မော်ပြီးကြည့်နေမိလေသည်။ သူ့အစ်မသည် တစ်သက်လုံး ခေါင်းမာခဲ့သူဖြစ်သည်။ ပေပေတေတေနှင့် တဇွတ်ထိုးလုပ်တတ်သည်။ သူမှန်သည်ထင်လျှင် မည်သူမှ တားမရပေ။ ယခုလည်း စကားအခြေအတင်နှင့် ရန်ဖြစ်ရတော့မည်ဟု မျှော်လင့်ထားခဲ့မိသော်လည်း ပြောင်းပြန်ဖြစ်သွားသည်။ သူ့အစ်မကို ဒီလောက် ရှင်းရှင်းလင်းလင်း၊ ပြတ်ပြတ်သားသား ပြောတတ်လိမ့်မည် မြင်တတ်လိမ့်မည်ဟု မထင်ထားခဲ့ပေ။

'အမေရော ကျေနပ်ပြီလား၊ သမီး ကိုယ့်ကိုယ်ကိုယ် ပြင်ပါ့မယ်၊ ယောက်ျားလေးနဲ့ မိန်းကလေးဆိုတာ ဆူးနဲ့ဖက်လိုပဲလို့ အမေပြောခဲ့တာ သမီး နားလည်ပါပြီ'

ဒေါ်ကျော့သည် ဖျတ်ခနဲ ဝမ်းသာသွားပြီး မျက်ရည်များကျလာပြန်သည်။ မျက်လုံးတွင် မျက်ရည်များ အိုင်နေသောကြောင့် မတ်တတ်ကလေး ရပ်နေသော ခင်မလတ်ကို ခပ်ဝါးဝါးသာ တွေ့ရလေသည်။ ခင်မလတ်သည် ဖိုးဂျင်နှင့်မတူ၊ စိတ်ထက်သည် အစွဲအမှတ်ကြီးသည် ပြောလျှင် ပြောသည့်အတိုင်း လုပ်တတ်သည်ကို ဝမ်းနှင့်လွယ်ပြီး မွေးခဲ့ရသော အမေက ကောင်းစွာသိလေသည်။

သူတို့သားအမိ သုံးဦးစလုံး ဘာစကားမျှ ဆက်မဆိုဘဲ ခေတ္တမျှ ငြိမ်သက်သွားကြလေသည်။ ထို့နောက် နွေးထွေးသော မေတ္တာအရိပ် အယောင်လေးက မီးဖိုခန်းလေးထဲတွင် ပျံ့လွင့်လာဟန်ရှိသည်။

www.foreverspace.com.mm

သူ့ကို စိုက်ကြည့်နေသော အမေနှင့် မောင်၏မျက်လုံးအစုံကို ရဲဝံ့စွာ ရင်ဆိုင်ရင်း ခင်မလတ်သည် ပင့်သက်ကလေး ရှိုက်လိုက်မိသည်။ သုံးယောက်စလုံး၏ ရင်ထဲတွင် နာနာကျင်ကျင်ကလေး ဖြစ်နေလေသည်။

ထိုနေ့ညက သူတို့သုံးဦးလုံး စောစောအိပ်ရာဝင်ကြသော်လည်း ညဥ့်နက်မှ အိပ်ပျော်ကြလေသည်။

*　　*　　*

'ဇော်ဇော် မေးလိုက်လေ၊ ကိုကိုမောင် နေကောင်းပြီလားလို့ ဘာစားချင်သလဲလို့'

ဦးလူလုသည် အသားအရေ ပြန်ပြီးပြည့်လာသော သားကြီးကို ငုံ့ကြည့်နေသည်။ မောင်မောင်ကြီးသည် ဦးလူလုထက် ဆံပင်ပိုသန်ကာ နှုတ်ခမ်းပါးသည်က လွဲ၍ ဦးလူလုနှင့် တူလေသည်။ မောင်မောင်နိုင်သည် အမေတူဖြစ်၍ မောင်မောင်ကြီးသည် အဖေတူဖြစ်သည်။

'တိုတိုမောင် နေတောင်းပြီလား'

'အေး. . .ကောင်းပါပြီကွာ'

ဇော်ဇော်သည် ခုံလေးပေါ်တက်၍ မတ်တတ်ရပ်ရင်း မောင်မောင်ကြီး၏ ပါးပြင်ကို လက်ကလေးနှင့်လှမ်းပြီး စမ်းသည်။

မောင်မောင်ကြီးသည် ဇော်ဇော်၏ လက်ကလေးကို ဖမ်းကိုင်လိုက်ပြီး ဆုပ်ထားလိုက်သည်။

'တိုတိုမောင် အနာပေါက်လို့ချို'

'ဒါပေါ့ကွ'

'အကြီးကြီးလားဟင်'

www.foreverspace.com.mm

'အေးပေါ့'

'ဂျော်ဂျော် ကြည့်ချင်တယ်'

'မင်း လန့်သွားမှာပေါ့ ဇော်ဇော်ရ၊ ဖိုးတာကိုတောင် မပြဘူး'

'ကိုတာက ကြီးလာရင် ချစ်ဖိုလ်ကြီး လုပ်မှာ၊ ဂျော်ဂျော်လည်း ချစ်ဖိုလ်ကြီး လုပ်မှာ'

'တော်ပါတော့ ဇော်ဇော်ရယ်၊ သားတစ်ယောက် စစ်ထဲရှိတာ တောင် သူ့အမေ ဒီလောက်စိတ်ပူနေတာ သုံးယောက်စစ်ထဲရောက်သွားရင် မင်း အဘွား နှလုံးရောဂါနဲ့ သေမှာပဲ'

ဦးလူလုသည် ဇော်ဇော့်ကို ထိုင်ခုံပေါ်မှ ပွေ့ချလိုက်ကာပြောသည်။ ဇော်ဇော်သည် မောင်မောင်ကြီးကို သူ့အဖေ ခေါ်သလို ကိုကိုမောင်ဟုပင် ခေါ်သည်။ ဖိုးတာကိုပင် သူ့အဖေကဲ့သို့ ဖိုးတာဟု သွားသွားခေါ်တတ်၍ မကြာခဏ အခေါက်ခံရတတ်သည်။ ဖိုးတာသည် အိမ်တွင် အငယ်ဆုံးဖြစ်၍ ခပ်ဆိုးဆိုး ဖြစ်သည်။ သူက ဦးလေးတာဟု အခေါ်ခံချင်သူ ဖြစ်လေသည်။

'ကျွန်တော် နောက်အပတ်လောက် ဆင်းနိုင်မလား မသိဘူး၊ ဆေးရုံမှာ နေရတာ ပျင်းတယ်၊ အိမ်မှာရော ကျွန်တော့်ခုတင်လေး ရှိသေးရဲ့လား၊ ဖိုးတာ အပိုင်စီးသွားပြီလားဟင်'

'ရှိပါတယ်ကွာ၊ ဖိုးတာက အဲဒီခုတင်လေးကို အကျအနဆေးသုတ်ပြီး ပြင်ဆင်နေလေရဲ့ ကိုကိုမောင် ဆေးရုံကဆင်းရင် အိပ်ဖို့တဲ့၊ မင်းအမေက လည်း မင်းကို အိမ်ခေါ်ချင်လှပြီ၊ ဒါပေမဲ့ တကယ့် တကယ်က ဆေးရုံမှာ ပိုကောင်းပါတယ်၊ အရေးအကြောင်းဆို ဒီက ချက်ချင်းကုနိုင်တာပေါ့'

'ကျွန်တော် နေကောင်းပါပြီ ဖေဖေရဲ့'

မောင်မောင်ကြီးသည် အပြုံးနှင့်ဖြေရင်း ဦးလူလု ပေါင်ပေါ်မှ သူ့ကို မျက်တောင်မခတ် ငေးကြည့်နေသော ဇော်ဇော့်ကို မျက်လုံးတစ်ဖက် မှိတ်ပြ

www.foreverspace.com.mm

လိုက်သည်။ ဇော်ဇော်က ပြန်၍ လျှာထုတ်ပြလေသည်။

'မေမေရော ဘာလို့ မလာလဲဟင်'

ဦးလှုလှသည် ချက်ချင်းမဖြေဘဲ ပြုံးနေသည်။ မောင်မောင်ကြီးသည် သူ့အမေ လာနေကျမို့ သည်တစ်ခါ ပါမလာသည်ကို ထူးဆန်းနေပုံရသည်၊ 'ဒီနေ့၊ ဒီရက်၊ ဒီအချိန် ဘုရားမှာ မင်းအတွက် သပြေ၊ သက်စေ့၊ ရေသက်စေ့ ကပ်ရမယ်ဆိုပြီး ဘုရားသွားတယ်၊ ဘုရားရင် ဘတ်မှာလည်း ရွှေချရဦးမယ် တဲ့၊ ရွှေချရင် စနေသားက ချပေးရမှာမို့ မောင်နိုင်ပါသွားလေရဲ့၊ သပြေကို တော့ မင်းနဲ့ နေ့နံတူတဲ့သူက ကပ်ရမယ်ဆိုလို့ ဦးလှအောင် မိန်းမ ဒေါ်ခင်ခင် ကို ခေါ်သွားတယ်၊ ရေကိုတော့ သူကိုယ်တိုင်ကပ်ပြီး ဆုတောင်းမယ်တဲ့'

'မေမေကတော့ လုပ်မယ်'

သားအဖ နှစ်ဦးသား ရယ်မောလိုက်ကြမိသည်။ ကွယ်ရာတွင် ရယ် သော်လည်း ရှေ့တွင်တော့ အမေကြီးကို သူတို့ မလွန်ဆန်ဝံ့ကြပေ။ ဦးလှုလှ ၏ တိုက်ပုံအင်္ကျီအိတ်ထဲတွင် ပိတ်ဖြူနှင့် ထုပ်ထားသော မတ်စေ့သုံးစေ့ကို အမေကြီး သဘောကျ အမြဲဆောင်ထားရသည်။ မောင်မောင်ကြီးတို့ ညီ အစ်ကို တစ်စုသည်လည်း စာမေးပွဲဖြေတိုင်း အုန်းရွက်၊ သပြေရွက်၊ ညောင် ရွက်၊ ဆီးရွက် စသည်များကို အိတ်ထဲ ထည့်သွားရ တတ်လေသည်။ မစိုး နှင့် မတိုးတို့ ညီအစ်မနှစ်ယောက်သည်လည်း ညောင်ရွက်၊ ဆီးရွက်ကလေး များကို ပန်းနှင့်ဖုံးကာ ပန်ဆင်သွားရ တတ်သည်။

'အိမ်မှာရော ငွေရေး၊ ကြေးရေး အဆင်ပြေရဲ့လား ဖေဖေ'

'ဆိုပါတော့ကွာ၊ မင်းညီ ငနိုင်ကိုတော့ နောက်ထပ်ကလေး မမွေးနဲ့ဦး လို့ ဝမ်နင်ပေးထားရတယ်၊ သူ့မယားနဲ့ သူ့သားကို ငါက ရှာကျွေးနေရတာ ကွ၊ ဦးလှအောင် ပြောသလိုပေါ့၊ ဦးလှုလှတို့ကတော့ဗျာ မယားနှစ်ယောက် ဝန် ထမ်းနေရတယ် ဆိုတာလေ၊ တစ်ယောက်က ငါ့မယား၊ တစ်ယောက်

www.foreverspace.com.mm

က သားရဲ့မယား၊ ဟား. . .ဟား. . .ဟား'

မောင်မောင်ကြီးသည် ဖခင်၏အပြောကို သဘောကျသွားသည်။ ပြော မယ့်သာ ပြောနေသော်လည်း မောင်မောင်နိုင်သည် ဦးလူလု၏ အချစ်တော် ဖြစ်သည်။ တားမရ ဆီးမရ ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းမ ယူသွားသော ကြောင့်သာ နောက်ပိုင်းတွင် မျက်နှာကြောမတည့် ဖြစ်သွားရခြင်းဖြစ်သည်။

'ကျူရှင်တွေကလည်း မယူရင် မဖြစ်ဘူးကွ၊ မစိုးရော မတိုးရော ဖိုးတာ ရော တကျူရှင်ထဲ ကျူရှင်နေကြတာ၊ ဖော်ဖော်လို ပိစိကွေးလေးကိုတောင် မင်းအမေက အိမ်ရှေ့အိမ်က ဆရာမလေးဆီမှာ ကျူရှင်ပေးချင်တယ်တဲ့၊ သူကလည်း ကျူရှင်ခေတ်ထဲမှာ လိမ့်ပါပြီး ကျူရှင် ရောဂါ ထနေတာပဲကွ'

'ဘယ် ဆရာမလေးလဲ'

'ဟို. . .ကလေးမလေကွာ၊ ထားထား၊ သူ့အဖေက စာရေးကြီးလေ၊ ဦးမြတို့အိမ်မှာ ငှားနေတာပါရော'

'သြော်. . .ဟုတ်သားပဲ'

ထားထားတို့ လမ်းထဲရောက်လာသည်မှာ နှစ်နှစ်ခန့်သာ ရှိသေးသဖြင့် မောင်မောင်ကြီး အကျွမ်းတဝင် မသိလှပေ။

'ကျူရှင်တွေက မယူလို့ မဖြစ်ဘူးလား၊ ကျွန်တော်တို့တုန်းက ဘာ ကျူရှင်မှ မယူခဲ့ပါဘူး၊ အောင်လာတာပဲ'

'အေးပေါ့ကွ၊ ဒါပေမဲ့ အခုတော့ မယူမဖြစ်ဘူးတဲ့၊ ကျောင်းကသင် တာနဲ့ မလုံလောက်ဘူးတဲ့၊ တစ်ယောက်က စပြီး၊ ကျူရှင်လိုက်တာ တစ်နိုင်ငံ လုံး ကျူရှင်နေတာပဲ၊ တစ်လတစ်လ ကျူရှင်ဆိုပြီး အစိတ်တန်လေးတွေ လျှောခနဲ၊ လျှောခနဲ ထွက်သွားတာကိုပဲ သေချာသိတယ်၊ မတတ်နိုင်ဘူး သားရေ၊ ဖေဖေတို့ကလည်း ကြီးပြီ၊ ခေတ်ကို မနည်းကြီး မျက်စိပြူးပြီး အမီလိုက်ကြည့်နေရတယ်၊ တစ်ခါတစ်ခါ တော့ လိုက်မမီဘူး၊ ဖေဖေတို့က

www.foreverspace.com.mm

ဦးတင်မောင်တို့ မေရှင်တို့ခေတ်က လူတွေ၊ သီချင်းဆိုလည်း သက်ဝေတို့ ချစ်ဒုက္ခတို့ဆို အသေအလဲ ကြိုက်တာ၊ ဒီခေတ်မှာ ကြိုက်လှရင် တင်တင်မြပဲ၊ ကိုအံ့ကြီးပဲ၊ မင်းညီတွေ ညီမတွေကတော့ ညိုးညိုးညံညံမှ ဒေါင်ဒေါင် ဒင်ဒင်မှ မြန်မာသီချင်းတဲ့၊ ဆိုတာကလည်း မြန်မာတဲ့၊ ဖေဖေ လိုက်နားထောင်တာပဲ၊ နားကြီးသာ နှစ်ဖက်လုံး ကားထွက်လာမယ်။ သီချင်းသာ ပြီးသွားရော၊ တစ်ခါတစ်လေ တစ်လုံးမှ နားမလည်ဘူး၊ အေး. . .ဖေဖေကသာ နားမလည်လိုက်တာ၊ သူတို့ကို မေးကြည့်၊ သူတို့ကတော့ နားလည်တယ်’

ဦးလှလှသည် လေရှည်ကြီးပြောသည်။ သူသည် သားသမီးများနှင့် အရောတဝင် ဆက်ဆံလေ့ မရှိခဲ့ပေ။ သို့သော် သားကြီးဖြစ်သူ မောင်မောင်ကြီးကိုကား လူကြီးအရာထားကာ တိုင်တိုင်ပင်ပင် ပြောလေ့ရှိသည်။

‘ဆံပင်ဆိုလည်းကြည့်၊ ဖေဖေတို့တုန်းက ဆံပင်ကို ကော့စမစ်တစ်နဲ့ တောင့်နေအောင်၊ ပြောင်နေအောင် ဖြီးတာ၊ ဆံပင်ပေါ်မှာ ခြင်နားမိရင် နားတဲ့ခြင် ချော်လဲမယ်၊ ခုတော့ ကြည့်စမ်းကွာ၊ ဆံပင်ကို ဆီမထည့်ဘူး၊ ရှည်လိုက်တာကလည်း တရားလွန်၊ ညှင်းစိုးစိုးနဲ့၊ ဖိုးတာ ဆိုတဲ့ကောင် ဆံပင်ညှပ်ခိုင်းတော့ ဘာပြောတယ် အောက်မေ့လဲ၊ ‘အာ အဖေကလည်း၊ ကေတိုရင် ဆော်မကြည့်ဘူး’ တဲ့ကွ၊ ဒီကောင့် ပါးစပ်က ထွက်တာလေ၊ ကေဆိုတာ ဆံပင်ကွ၊ ဆော်ဆိုတာ မိန်းကလေးကို ပြောတာတဲ့’

ရှုံ့မဲ့သွားသော ဦးလှလှ၏မျက်နှာကိုကြည့်ရင်း မောင်မောင်ကြီးသည် ခပ်သဲ့သဲ့ ရယ်လိုက်မိလေသည်။ သူ စစ်မြေပြင်သို့ ရောက်နေသော အချိန်ကာလများတွင် ရန်ကုန်ရွှေမြို့တော်ကြီး၌ ပြောင်းလဲမှုတွေ တော်တော်များနေလောက်ပေပြီ။ ထူးထူးခြားခြား လူရှင်းနေသော ညနေတွင် သားအဖနှစ်ယောက် စကားပြော၍ ကောင်းနေသည်။

‘အဲ. . .ပြောရဦးမယ်၊ မစိုးနဲ့ မတိုးကရော ဘာပြောတယ် အောက်

www.foreverspace.com.mm

မဲ့လဲ၊ ဖိုးတာဆံပင် မရှည်ပါဘူးတဲ့၊ ဒီထက်တိုရင် စာကလေးခေါင်း ပြောင်သလို နေမှာပေါ့တဲ့၊ ဒီအနေကြည့်ကောင်းတယ်တဲ့၊ သူတို့ ကြည့်ကောင်းတယ်ဆိုလည်း အနေက ကုတ်ထောက်တော့မယ့်အနေ၊ ငါ့နှယ်ကွာ တစ်ခုတော့ ကောင်းတာပေါ့ကွာ၊ ခေတ်ယောကျ်ားလေးတွေ ဆံပင်ညှပ်ခလည်း မကုန်တော့ပါဘူး၊ ခေါင်းလိမ်းဆီဖိုးလည်း မကုန်တော့ဘူး၊ လူတွေကသာ မှင်စာရုပ်ပေါက်တာ’

‘ဒါကတော့ ခေတ်ပဲ ဖေဖေရဲ့၊ ပြောလို့မရဘူး၊ လူကြီးနဲ့ လူငယ် ဆိုတာ ဒီလိုပဋိပက္ခ ဖြစ်နေကျပဲ၊ ဟိုးအရင် သျှောင်ထုံးခေတ်က ဗိုလ် ကေခေတ်ကို ပြောင်းတုန်းကလည်း ဒီလိုပဲနေမှာပေါ့၊ ဗိုလ်ကေခေတ်ကနေ ဗလင်တီနိုတွေ ဘာတွေဖြစ်လာကြသေးတာ၊ ဒီကနေတစ်ခါ ဆံရှည်ဖြစ်လာပြန်ရော၊ နောက်တစ်ခေတ်မှာ သျှောင်ကြီးဖွေတွေ ပြန်မဖြစ်ဘူးလို့ မပြောနိုင်ပါဘူး၊ အရေးကြီးတာက သူ့ရဲ့ရင်ထဲက စိတ်ကလေးပါ၊ သူ့ရင်ထဲမှာ တာဝန်သိတဲ့စိတ်၊ တိုင်းပြည်ချစ်တဲ့စိတ်၊ စာကြိုးစားတဲ့စိတ် ရှိသလား၊ မရှိဘူးလားဆိုတာကိုပဲ ဆန်းစစ်ရမှာပါ၊ ခေတ်လူငယ်ဟာ ခေတ်လိုပဲ ပြင်မှာပဲ၊ ဝတ်မှာပဲ၊ ဖေဖေတို့ ခေတ်တုန်း ကလို ဆံပင်ကို ကော့စမစ်တစ် အတောင့်နဲ့ဖိပြီး ပြားကပ်အောင် ဖြီး သွားရင် သူ့ကို လူထူး လူဆန်းဆိုပြီး ဝိုင်းကြည့်ကြမှာပေါ့၊ ဒီနေရာမှာ လူကြီးတွေ အမြင်မှားနေတယ်လို့ပဲ ကျွန်တော် ပြောချင်တယ်၊ အရေးကြီးတာကို မဆုပ်ကိုင်မိဘဲ အပေါ်ယံ အရေခွံကို တိုက်ဖျက်နေတယ်၊ ဆံပင်ရှည်တိုင်း လမ်းသူရဲမဟုတ်ဘူး ဖေဖေ၊ တိုင်းပြည်မချစ်တာလည်း မဟုတ်ဘူး။ သူ့ဆံပင်ကြီးကို ညှပ်ပစ်လိုက်လို့ သူ့စိတ်က ချက်ချင်း မြန်မာဆန်လာရောတဲ့လား၊ အရေးကြီးတာက သူတို့ရဲ့ ခံယူချက်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ပေါ်မှာထားတဲ့ စေတနာ၊ ဒါတွေကို လမ်းမှန်ရောက်အောင် ပြပေးရမယ်၊ လူတစ်ယောက်ဟာ ခံယူချက်သာ မှန်ပါစေ၊ မျိုးချစ်စိတ်သာ

www.foreverspace.com.mm

ရှိပါစေ ဆံပင်ရှည်ရှည်၊ တိုတို၊ သျှောင်ကြီး ဖွဲဖြစ်ဖြစ်၊ ကတုံးထားထား အရေးစိုက်စရာ မလိုပါဘူး၊ ခေတ် အလျောက် ပြောင်းလဲလာနေတဲ့ အဆင် အပြင်တွေထက် သူတို့ရင်ထဲက စိတ်ဓာတ်ကို အရေးထားပြီး ပြုပြင်ဖို့လို တယ်၊ သူတို့တွေ ဆံပင်ကိုရော ကြာကြာရှည်မယ် အောက်မေ့လို့လား၊ ရိုးသွားရင် နောက်တစ်မျိုး လာမှာပဲ၊ ဒီအဆင်အပြင်တွေကတော့ အမြဲပြောင်း နေမှာပဲ၊ ဆန်းသထက် ဆန်းတာကို ရှာနေကြမှာပဲ'

လေရှည်ကြီး ပြောလိုက်ရသဖြင့် မောင်မောင်ကြီးသည် မောသွားသည်။ ရင်ဘတ်ထဲမှ အောင့်သလို ဖြစ်သွားသည်။ သည်လောက် စကားအရှည်ကြီး ပြောနေသည်ကို ဆရာဝန်သိလျှင် ကြိုက်မည်မဟုတ်ပေ။ သူသည် လူကြီး နှင့်လူငယ် ပဋိပက္ခတွင် ကြားနေရာ၌ ရပ်တည်နေသည်။ လူငယ်လည်း မကတော့ ဦးလူလှတို့လို လူကြီးလည်း မမည်သေး။ ခေတ်ကို မြင်နေရ သည် လူကြီးကိုလည်း နားလည်သည်၊ လူ ငယ်ကိုလည်း နားလည်သည်။

'အေး. . .ဖိုးတာကလည်း ဆံပင်ရှည်သာ ထားချင်တာ၊ စာတော့ တော်သားကွ၊ အိမ်မှာလည်း သူ့အမေကို သိပ်ကူတယ်'

'အဲဒါပေါ့ ဖေဖေရဲ့၊ ဖေဖေတို့ လုပ်သင့်တာက မင်းကို ဆံပင်ရှည် ထားခွင့်ပေးမယ်၊ ဒါပေမဲ့ အိမ်ကိုတံမြက်စီး လှည်းရမယ်၊ သောက်ရေအိုး ရေထည့်ရမယ် စသဖြင့်ပေါ့၊ စာမေးပွဲမှာ အဆင့်သုံးထက် အောက်မကျ စေရဘူး၊ အဲဒီထက်အောက်ကျရင် မင်းဆံပင်ကို တိုကပ်နေအောင် ညှပ်ပြစ် မယ်လို့ ပြောလိုက်၊ ဒီလိုဆို ဒီကောင် ပထမတောင် တန်းရသွားဦးမယ်'

'အဟေး. . .ဟေး ဟုတ်တယ်၊ ဟား ဟား ဒီနည်းကောင်းတယ် ကွ၊ ဟား. . .ဟား'

ဦးလူလှသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ရယ်လိုက်သည်။ သူ့ပေါင်ပေါ် တွင် ထိုင်နေသော ဇော်ဇော်ကပါ ဘုမသိ၊ ဘမသိ လိုက်ရယ်နေ လေသည်။

www.foreverspace.com.mm

'ဖိုးတာနဲ့ ညီအောင် ဆံပင်ရှည်တာ တူတူလောက်နေမှာပါ ဖေဖေရဲ့'

'ဒီဆံပင်များ ရှည်သလား ကိုမောင်ရာ၊ ဒီခေတ်မှာ ဒီထက်ဆံပင်တိုရရင် အမွေးရိတ်ထားတဲ့ ဘဲနာလေးနဲ့ တူနေတော့မှာပေါ့'

ဖိုးတာသည် သူ့ဆံပင်ထိလာသောအခါ မျက်နှာမဲ့သွားသည်။ စောစောက စကားလက်စရှိသော ဦးလူလုနှင့် မောင်မောင်ကြီးတို့ကမူ တစ်ဦးကိုတစ်ဦး လှမ်းကြည့်ရင်း ခပ်သဲ့သဲ့ ရယ်မိကြလေသည်။

'ဘာတွေများ သဘောကျနေကြတာလဲ'

စကားသံနှင့်အတူ အခန်းထဲ ဝင်လာသော ဦးလှအောင်ကို တွေ့ရသည်။ သူ့နောက်ဘက်တွင် ညီအောင်လည်း ပါလာသည်။ လက်ထဲတွင် နှစ်ဆင့်ချိုင့်လေးကို ကိုင်ထားလေသည်။

'အဘွား လုပ်ပေးလိုက်တာ ကိုမောင်ရဲ့၊ ငါးပေါင်းထုပ်တဲ့'

ညီအောင်သည် ချိုင့်လေးကို ဗီရိုလေးပေါ် လှမ်းတင်လိုက်ရင်း မမေးမီက ဖြေလိုက်သည်။

'မောင်မောင်ကြီးရယ်၊ မသေကောင်း မပျောက်ကောင်း'

ဦးလှအောင်သည် မောင်မောင်ကြီး၏ လက်ကို ညှစ်ကိုင်ကာ ပြောသည်။ မောင်မောင်ကြီး ဒဏ်ရာရသည်ဟု ကြားသည့်နေ့က သူ့ နေရာတွင် အောင်ကိုသာဖြစ်လျှင် မည်သို့နေမည်နည်း။ စဉ်းစား၍ပင် မကြည့်ရဲချေ။ သားချင်း စာနာသောစိတ်နှင့် ထိုနေ့ညက ဦးလှအောင် အိပ်၍ပင်မပျော်ခဲ့ပေ။

*　　*　　*

'မမလှ မစိုးတို့ အကျီရပြီလားဟင်'

'အေး . . .အေး ခဏလေးစောင့်၊ ကြယ်သီးတပ်နေပြီ၊ တစ်လုံးပဲ လို

www.foreverspace.com.mm

တော့တယ်'

မစိုးနှင့် မတိုးသည် လှလှ၏ဘေးရှိ သင်ဖြူးဖျာပေါ်တွင် ဝင်ထိုင်ကြသည်။

'မတိုးအင်္ကျီတော့ပြီးပြီ ဝတ်ကြည့်ပါဦး'

လှလှသည် အင်္ကျီပုံထဲမှ ဖော့အပြာလေးကို ဆွဲထုတ်လိုက်သည်။ သမဝါယမကပေးသော ဖော့စလေးဖြစ်သည်။ တစ်အိမ်ထောင်လျှင် တစ်တောင့်ထွာရသည်။ ဖော့အနံကြီးမို့ အင်္ကျီချုပ်လျှင် လက်စက တစ်ဝတ်စာ ရလေသည်။ လှလှတို့လည်း ရသည်။ နေ့စဉ် အပြင်ထွက်နေရသော ထားထားကို ဦးစားပေးလိုက်၍ လှလှ မရလိုက်ပေ။ မတိုး နှင့် မစိုးတို့သည်ကား တစ်စတည်းသော အစကို မဲချကြသည်ဟုဆိုသည်။ မတိုး မဲပေါက်သဖြင့် အင်္ကျီစကို မတိုးရသည်။ ညီမျှစေရန် မစိုးကို သူ့အမေက ကိုရီးယားဖော့ အစိမ်းပြောင်လေး ဝယ်ပေးသည် ဟုဆိုသည်။

'ကိုရီးယားဖော့ဆိုတာ ဟိုးအရင် မေမေတို့ ငယ်ငယ်တုန်းကပေါ်တဲ့ လေထီးပိုး ဆိုတာမျိုးပဲ ထင်တယ်နော်၊ ချောကျိ ချောကျိနဲ့ ပေါ့ပေါ့လေး'

'အေးဟယ်. . .ဖော့ဆိုလို့သာ ဖော့လိုက်ရတယ်၊ အရင်ဖော့တွေနဲ့လည်း နည်းနည်းမှ မတူဘူးနော်'

မစိုးနှင့် လှလှတို့ စကားကောင်းနေစဉ် မတိုးသည် သူ့အင်္ကျီလေးကို ဝတ်ကြည့်လိုက်သည်။ ချပ်ချပ်ရပ်ရပ်နှင့် ကွက်တိဝင်သွားသောကြောင့် ကျေနပ်သွားလေသည်။

'အဲဒီအပြာလေး လှတယ်၊ တို့ရတာ အုန်းခွံရောင်ကြီး'

'နယ်မှာဆိုရင် အင်္ကျီစရော၊ လုံချည်စရော တစ်စုံစာပေးတယ်တဲ့ သိလား မမလှ၊ မစိုးတို့မြို့က သမဝါယမတွေကသာ မပေးတာ'

www.foreverspace.com.mm

'အဲဒီ ကိုရီးယားဖော့ အဆင်ဆန်းဆန်းလေးတွေလည်း အညာမှာ တစ်စုံစာ၊ တစ်စုံစာ ပေးတာတဲ့'

'အေးဟယ်. . .တို့ဆီမှာတော့ မပေးဘူး'

လှလှသည် ခါးညောင်းဆန့်လိုက်သည်။ စက်မရှိသဖြင့် သူများလို မခိုသာပေ။ ဘေးတွဲသည်ကအစ လက်နှင့်လိုက်ရသဖြင့် အလွန်ပင်ပန်းလေသည်။

'မမထား စားပြီးပြီလား'

မီးဖိုချောင်မှ ထွက်လာသော ထားထားကို မတိုးက နှုတ်သွက်စွာ လှမ်းနှုတ်ဆက်သည်။ သနပ်ခါး ရေကျဲလေး ဘဲကြားရိုက်ထားသော ထားထား၏ မျက်နှာလေးသည် ချောင်ပြီး ပိန်နေလေသည်။

'မစားရသေးဘူး၊ ကလေးတွေ လစဉ် စစ်ထားတဲ့ အဖြေတွေ စစ်နေရတယ်၊ နက်ဖြန် သန်ဘက်ခါလောက်ဆိုရင် ရီပို့ကဒ် ပို့ရမယ်လေ'

'မမထားတို့ ကျောင်းကလည်း လတိုင်း ရီပို့ကဒ် ပို့တာကိုး၊ လစစ်ဆိုရင် မပို့နဲ့ပေါ့၊ သုံးလပတ်၊ ခြောက်လပတ်မှ ပို့လေ'

'ဟဲ့ မတိုးကလဲ၊ လစဉ်ပို့တော့ ပိုကောင်းတာပေါ့'

ထားထားသည် သူတို့အနီးသို့ ဝင်ထိုင်လိုက်သည်။ သူ့ကိုယ်မှ သနပ်ခါးနံ့လေးက သင်းပျံ့လာသည်။

'မမထား ပိန်သွားသလိုပဲ'

'ဟုတ်လား'

'အလုပ်များလို့လားဟင်'

'အင်း. . .ဆိုပါတော့'

'မရွှေထားတို့ကတော့ အလုပ်ကလည်းများ၊ ရောဂါကလည်းထူ၊ တစ်နေ့ တစ်နေ့ ခေါင်းကိုက်လိုက်၊ ဗိုက်နာလိုက်နဲ့ကွယ်၊ ထမင်းလည်း

www.foreverspace.com.mm

အရင်ကလောက် မစားနိုင်ဘူး'

ထားထားသည် မချိုပြုံးလေး ပြုံးလိုက်ပြီး လုလု၏ လက်ထဲမှ အင်္ကျီစိမ်းလေးကို ငေးကြည့်နေသည်။ ကိုယ့်ဝမ်းနာကို ကိုယ်သာလျှင် သိပေသည်။ ထားထား အိပ်မပျော်သော ညပေါင်း အတော်လေး များပေပြီ။

'မမထား ရည်းစားပူမိပြီထင်တယ်'

'အင်း. . .ဟုတ်မှာပဲ'

မတိုးက ရယ်ကျဲကျဲလေး ပြောသည်။ ထားထားသည် အလိုက်သင့်လေး ပြုံးရင်း ခေါင်းညိတ်ပြလိုက်မိလေသည်။ ထားထား နောက်ပြောင်ပြီး ပြောသည်ဟုပင် သုံးယောက်လုံး ထင်လိုက်ကြလေသည်။ အမှန်တကယ် ဝန်ခံလိုက်ခြင်း ဖြစ်ကြောင်းကို မသိလိုက်ကြပေ။

'မစိုးတို့ အစ်ကိုကြီး သက်သာပြီလား'

'အတော်လေး ကောင်းလာပြီ၊ နက်ဖြန်ခါဆိုရင် အိမ်ကိုခေါ်လာတော့မယ်တဲ့၊ အိမ်ကနေမှ ဆေးရုံကို သွားသွားပြမယ်လို့ မေမေက ပြောနေတယ်၊ ကိုကိုမောင်နဲ့ မမလုတို့ သေချာမသိဘူးနော်၊ မြင်တော့ မြင်ဖူးတယ် မဟုတ်လား'

'အင်း. . .မြင်ဖူးပါတယ်၊ တို့ ဒီလမ်းထဲရောက်စကလေ၊ နောက်တော့ စစ်ထဲလိုက်သွားတာပဲ၊ ကဲ ရော့ ပြီးပြီ၊ ဝတ်ကြည့်ဦး'

လုလုသည် အပ်ချည်စကို ကတ်ကြေးလေးနှင့် ဖြတ်လိုက်ပြီး လှမ်းပေးလိုက်သည်။ မစိုးသည် အင်္ကျီအပေါ်မှ ထပ်ဝတ်ကြည့်လိုက်သည်။

'ကိုကိုမောင်က ကိုကိုနိုင်လို မပွေဘူး၊ အားကြီး ရိုးတာပဲ၊ မမလုရေ လက်ကလေးက ဒီထက်ပိုပွရင် ပိုလှမလား မသိဘူးနော်'

မစိုးသည် သူ့အင်္ကျီလေးကို သူငုံ့ကြည့်နေစဉ် မတိုးသည် မျက်နှာချင်းဆိုင်ရှိ ဆရာဦးလှအောင်တို့အိမ်ကို မသိမသာ ကြည့်နေသည်။ ပန်းပင်ရေ

www.foreverspace.com.mm

လောင်းနေသော ညီအောင်တို့အဖေ ဦးလှအောင်ကို တွေ့ရသည်။ ညီအောင်ကို မတွေ့ရသဖြင့် ကျူရှင်များ သွားလေပြီလားဟု စဉ်းစားနေမိသည်။ ညီအောင့်အကြောင်း စဉ်းစားမိခါမှ စာအုပ်ကြားထဲတွင် သူ့ဆီမှရသော နောက်ဆုံးစာကလေး ညှပ်ထားမိခဲ့သည်ကို သတိရလေသည်။

စာအုပ်ကို လွယ်အိတ်ထဲမှ ထည့်ထားမိရဲ့လား မသိပေ။ စားပွဲပေါ် တင်ထားခဲ့မိပါက တစ်စုံတစ်ယောက် လက်ဆော့ ခြေဆော့နှင့် စာအုပ်ကို လှန်ကြည့်လိုက်ပါက တွေ့သွားနိုင်သဖြင့် ရုတ်တရက် စိတ်ပူသလို ဖြစ်သွားသည်။ သို့သော် ညီအောင့်အကြောင်း ဆက်တွေးမိသောအခါ၌ မေ့သွားတော့သည်။

သူနှင့် ညီအောင် စာချင်းအဆက်အသွယ် လုပ်ရသည်မှာ မလွယ်လှချေ။ အရင်ဆုံး စာကလေးကို ညီအောင်သည် မတိုးတို့ တစ်အိမ်လုံးရှေ့၌ ခပ်တည်တည် ပေးခဲ့ခြင်းဖြစ်သည်။ ထိုနေ့က သူ့ပါးရှိ ဝက်ခြံသည် ညှော်မိသဖြင့် ညှော်ဝင်သွားသည်ဟုဆိုသည်။ မတိုးတို့အိမ်၌ နလင်ကျောက်မြစ်ရှိသည်။ ညှော်ဝင်လျှင် သွေးလိမ်းရသည်။ သောက်လည်း သောက်ရသည်။ အဘွား ငှားခိုင်းသဖြင့် နလင်ကျောက် လာငှားသည်ဟုပြောရင်း မတိုးတို့အိမ်ဘက် ကူးလာသည်။ မတိုးတို့ အမေကပင် သူ့ပါးရှိ ဝက်ခြံကိုကြည့်ကာ 'ညီအောင်ရယ်။ ဝက်ခြံညှော်ဝင်တာ အဆင်မသင့်ရင် သေတောင် သေတတ်တယ်တဲ့၊ နလင်ကျောက် သွေးလိမ်းလိုက်၊ နောက်ပြီး နည်းနည်းလည်း သောက်လိုက်စမ်း၊ ထန်းလျက်တော့ ယောင်ပြီး သွားမစားနဲ့နော် မတည့်ဘူး၊ မတိုးရေ. . . ဟို သနပ်ခါးတောင်းထဲမှာ နလင်ကျောက်မြစ် ရှာစမ်း၊ ညီအောင့်ကို ပေးလိုက်စမ်း' ဟုပင် ပြာပြာသလဲခိုင်းသည်။ မတိုးက နလင်ကျောက်မြစ် သွားပေးသောအခါ အကွက်စောင့်နေသော ညီအောင်သည် မတိုး၏ လက်ထဲသို့ စာခေါက်ကလေး ပြန်ထည့်ခဲ့လေသည်။ အလွန်စပ်စုသော ဖိုးတာပင်

www.foreverspace.com.mm

သည်တစ်ပွဲတော့ မသိလိုက်ရှာပေ။

ကိုကိုမောင် ဒဏ်ရာရသောအခါ ညီအောင် ပိုပြီး ဟန်ကျနေသည်။ ကိုကိုမောင့်ကို အကြောင်းပြု၍ အဝင်အထွက် များလာသည်။ သူ့လက်က လည်း လျင်သည်။ ထမင်းချိုင့်ယူရင်း၊ ကားတံခါးပိတ်ရင်း မတိုးလက်ထဲသို့ စာခေါက်လေးများကို ထည့်တတ်သည်။ မတိုးကလည်း လူမမြင်အောင် ကွယ်ပြီးယူကာ ခပ်မြန်မြန် ဝှက်တတ်လာ သည်။ သူတို့အကြောင်းကို မစိုးပင် လုံးဝမရိပ်မိသေးပေ။ မစိုးသိ၍ လည်း မဖြစ်ပေ။ သူသည် သိလျှင်သိချင်း အမေ အဖေဆီသို့ သတင်းပေါက်အောင် ချက်ချင်း တိုင်ပြောမည့်သူဟု မတိုး က သတ်မှတ်ထား သည်။

'ဟဲ့. . .မတိုး ဘာငေးနေတာလဲ၊ မေးနေတာ မကြားဘူးလား'

မတိုးသည် ဖြုန်းခနဲ လန့်သွားသည်။ ငေးမိငေးရာ ငေးနေသော မျက်လုံးနှင့် တွေးမိတွေးရာ တွေးနေသော စိတ်တို့သည် လက်ရှိနေရာသို့ အပြေးအလွှား ပြန်ရောက်လာကြ၏။

'ဘာ. . .ဘာလဲ'

'ဒီအင်္ကျီလက်ကို ဒီထက် နည်းနည်းလေးပွလိုက်ရင် ပိုကောင်းမလားလို့ မေးနေတာဟဲ့ တကတည်း'

'ဟင့်အင်း ကောင်းပါတယ်၊ ဒီအနေလေး လှပါတယ်'

မတိုးသည် မလုံမလဲလေး ဖြစ်သွားပြီးမှ ကမန်းကတန်းဖြေလိုက်သည်။ အင်္ကျီလက်ကို မြှောက်ကြည့်နေသော မစိုးသည် အင်္ကျီကိုပိုပြီး စိတ်ဝင်စားနေသဖြင့် မတိုးကို နောက်ထပ် ရန်မတွေ့အားတော့ပေ။

ထားထားသည် မတိုးကို ငေးကြည့်နေရင်းမှ ခပ်သဲ့သဲ့လေး ပြုံးလိုက်မိလေသည်။ ဆယ်ကျော်သက် ကလေးမငယ်လေး၏ စိတ်ကစားမှုကို ချက်ချင်း အကဲခတ်လိုက်မိလေသည်။ လူဟူသည့် ပိုးဖလံမျိုးတို့သည် မီးထဲ

www.foreverspace.com.mm

သို့သာ တိုးချင်နေကြပေတော့သည်။ ပိုးဖလံမလေး မတိုးသည် မီးပုံကိုကြည့်ကာ အတောင်တဖျတ်ဖျတ် ခတ်လျက်ရှိပေသည်။

ထားထားသည် သက်ပြင်းရှိုက်လိုက်သည်။ ထို့နောက် 'ပိုးဖလံမ မိန္ဒေထားကတော့ အတောင်တွေ မီးလောင်ခံရပြီ မဟုတ်လားဟင်' ဟု သူ့ကိုယ်ကို သူ့ရင်ထဲမှနေပြီး တီးတိုးလေး ပြောလိုက်မိလေသည်။

'ရော့ မမလှရေ၊ နှစ်ထည်ဆိုတော့ ကိုးကျပ်နော်'

မစိုးသည် ပိုက်ဆံအိတ် သေးသေးလေးထဲမှ တစ်ဆယ်တန် တစ်ရွက်ထုတ်ပေးသည်။

'ထားထားရေ တစ်ကျပ်တန်တစ်ရွက် မရှိဘူးလား'

ထားထားသည် ထိုင်ရာမှထ၍ အခန်းထဲ ဝင်ခဲ့သည်။ ခေါင်းအုံးအောက်မှ ပိုက်ဆံအိတ်လေးကို ဆွဲထုက်ကာ ကျပ်တန်လတ်လတ်လေး ရှာလိုက်သည်။

'ဟို့. . .ဖော့ကပ်အင်္ကျီက ဘယ်သူအပ်တာလဲဟင်'

'ဒေါ်လေးသိန်းလေ'

'သူတို့ကတော့ ပျံနေတာပဲ၊ အင်္ကျီ အသစ်တွေလည်း အများကြီးချုပ်နိုင်တယ်နော်'

'ပွဲစားဆိုတာ သိပ်စားသာတာဟ၊ ပါးစပ်ထဲတွင် အလုပ်ဖြစ်နေတာ၊ သူတို့ဆောက်နေတဲ့ နောက်တစ်အိမ်တောင် ပြီးခါနီးနေပြီ'

'ပွဲစားလုပ်တာက ဖေဖေတို့ထက်တောင် စားသာသေးတယ်၊ ဖေဖေ့ကို အလုပ်ထွက်ပြီး ပွဲစားလုပ်ခိုင်းရရင် ကောင်းမယ်၊ ဖေဖေတို့များတော့ အရာရှိကြီးသာ အမည်ခံနေတယ်၊ ဖွတ်မှ ဖွတ်ကျားကြီး'

ဖိုးဖိုးဇတ်ဇတ် ပြောသော မတိုးကိုကြည့်ကာ လှလှသည် တသိမ့်သိမ့် ရယ်မိလေသည်။

www.foreverspace.com.mm

'ဩော်. . .မေ့နေလို့ မမညိုကလည်း သူ့အင်္ကျီလေး မြန်မြန်ချုပ်ပေးပါတဲ့ မှာလိုက်သေးတယ်၊ မမလှက ညှပ်တောင် မညှပ်ရသေးဘူး မဟုတ်လား'

လှလှသည် ဘာမှ ပြန်မပြောဘဲ ရယ်နေလေသည်။ သူ့ဆီအပ်သော သူများသည် စိတ်ရှည်ရမည်။ စိတ်မရှည်၍ ပြန်ယူသွားလျှင်လည်း ဝမ်းသာအားရ ပြန်ပေးလိုက်မည်သာ ဖြစ်သည်။ သူကတော့ အလုပ်ကို အလောသုံးဆယ် မလုပ်တတ်ပေ။ သို့သော် သူတို့အိမ်ရှင် ဦးမြကတော် ဒေါ်လေးသိန်း၏ အင်္ကျီဆိုလျှင်ကား အတန်ငယ် ဂရုစိုက်ပြီး မြန်အောင် ချုပ်ပေးရသည်။ သူသည် တစ်လလျှင် အင်္ကျီချုပ်ခ နှစ်ဆယ်အစိတ် အကုန်ခံသူဖြစ်သည်။ သိပ်အရင်မလိုသော အင်္ကျီ များကို လှလှထံအပ်ပြီး အားချင်းဝတ်ချင်သော အင်္ကျီများကိုကား ဗိုလ်ချုပ်ဈေးထဲတွင် အပ်လေ့ရှိသည်။

'ရော့ မစိုးရေ၊ ကျပ်တန်ကတော့ နည်းနည်းစုတ်နေတယ်၊ ဒါပဲ ရှိတယ်'

'ရပါတယ် မမထား၊ ကိစ္စမရှိဘူး'

သူတို့ ညီအစ်မသည် ထိုင်ရာမှ ပြိုင်တူထကြသည်။ နှစ်ယောက်လုံး အိမ်ပြန်ကာ မှန်ရှေ့တွင် အင်္ကျီကို ဝတ်ကြည့်ချင်နေကြသည်။ သူတို့သည် သုံးလေးလနေမှသာ တစ်ခါလောက် အင်္ကျီလေး တစ်ထည်တလေ တိုးခြင်းဖြစ်သည်။ စားအိုးကြီးသော သူတို့အိမ်ထောင်တွင် အဝတ်အစားဖက်သို့ သိပ်မလှည့်နိုင်ပေ။ ထို့ကြောင့် အင်္ကျီ သစ်၊ လုံချည်သစ်လေးများရလျှင် သူတို့နှစ်ယောက်လုံး မှန်ရှေ့မှ မခွာနိုင်ကြချေ။ ရှေ့ရော၊ နောက်ရော၊ ဘေးရော အားရအောင် လှည့်ပတ်ကြည့်ပြီးမှ ကျေနပ်လေသည်။

'ဘဘအုံးလည်း မမြင်ပါလား'

အိမ်ထဲမှ ထွက်သောအခါမှ မတိုးက သတိရသလို မေး၏။ တစ်ချိန်

www.foreverspace.com.mm

လုံး မတွေ့သည်ကို ခုမှပင် သတိထားမိတော့သည်။

'မြို့ထဲသွားတယ်'

လုလုသည် ပင့်သက်ရှိုက်ရင်း ဖြေလိုက်လေသည်။ မနေ့ကပင် သူတို့ရုံးမှ လုပ်ဖော်ကိုင်ဘက်တစ်ဦး၏ ယောက္ခမ ဆုံးလေသည်။ အဖေသည် ရုံးမှပြန်လာ ထမင်းစားပြီး သုတ်သီး၊ သုတ်ပျာ ပြန်ထွက်သွားသည်။ 'ဒီနေ့ည အိမ်ပြန်မအိပ်ဘူး၊ အသုဘအိမ်မှာ ကူရဦးမယ်'ဟု ပြောသွားလေသည်။ ထားထားရော လုလုပါ နားလည်စွာနှင့် ခေါင်း ညိတ်ပြလိုက်ကြရသည်။ အသုဘအိမ်မှ ဖဲဝိုင်းတွင် အဖေ မိုးလင်းရိုက် တော့မည်ဖြစ်ကြောင်း အဖေ မပြောသော်လည်း သိပါသည်။

'အဲဒီ ကိုရီးယားဖော့က လက်ပွချုပ်လို့ ကောင်းတယ်၊ ပေါ့ပြီးပါးလို့ ထင်တယ်နော်၊ ဟေး. . .မှန်ကို တို့ အရင်ဦးမယ်ကွ'

မစိုးနှင့် မတိုးသည် သူတို့အိမ်ရောက်ရောက်ချင်း အိမ်ပေါ်ထပ် ပြေးတတ်ကြသည်။ မေမေတို့ အခန်းထဲတွင် ကိုယ်လုံးပေါ်မှန်ကြီး ရှိလေသည်။

'မတိုး လာစမ်း'

အခန်းထဲ ပြေးဝင်မည်ပြုစဉ် စာကြည့်စားပွဲဆီမှ မိုးချုန်းသံ ကြားလိုက်ရ၍ မတိုး လန့်သွားသည်။ ဖြုန်းခနဲ ခြေလှမ်းတုံ့သွားပြီး လှည့်ကြည့်လိုက်မိသည်။ နဂိုအသားဖြူသော သူတို့အမေ၏ မျက်နှာသည် နီနေသည်။

'လာစမ်း. . .လာစမ်း'

လာစမ်း၊ လာစမ်းဟု အော်ရင်း မေမေသည် ရှေ့တိုးလာသည်။ မတိုး ခြေတစ်လှမ်းမျှ မလှမ်းရခင် သူသည် မတိုးရှေ့သို့ ရောက်လာ လေသည်။

'ဟင်. . .ဒါဘာလဲ ခွေးမ၊ ပြောစမ်း ပြောစမ်း'

မေမေ့လက်ထဲမှ စာရွက်ခေါက် ပြာပြာလေးကို တွေ့သောအခါ မတိုး၏ မျက်လုံးများ ပြာဝေသွားလေသည်။ သူသည် ကြက်သေသေကာ ရပ်

www.foreverspace.com.mm

ရင်း တစ်မျက်နှာလုံး ဖြူဆွတ်သွားလေသည်။ နမော်နမဲ့ စားပွဲပေါ် ထားခဲ့မိ၍ စာအုပ်ကြားထဲမှ စာကို မေမေ တွေ့သွားပြီဟူသော အသိမှအပ မတိုးဘာကိုမျှ သတိမရတော့ပေ။ တစ်ကိုယ်လုံး လှည့်ပတ်နေသော သွေးတို့သည်လည်း ကြောက်သွေးများ ဖြစ်ကုန်ပြီထင်၏။

ဒေါ်သတကြီး ပြုံလိုက်စေ့လိုက် ဖြစ်နေသော သူ့အမေ၏ ပါးစပ်ကို စိုက်ကြည့်ရင်း မတိုး၏ဒူးများ တဆတ်ဆတ် တုန်လာလေသည်။

* * *

တဝီဝီ ပျံသန်းနေသော ခြင်များကို အောင်ကိုသည် လက်နှစ်ဖက်နှင့် ဖျန်းခနဲ လှမ်းရိုက်လိုက်သည်။ သွေးဝနေသောခြင်များ ဖြစ်သဖြင့် သူ့လက်ဖနောင့်တွင် သွေးများ စွန်းပေသွားလေသည်။

'တောက်. . .သူများသွေးတွေ စုပ်ပြီး အီဆိမ့်နေလိုက်ကြတာ'

အောင်ကိုသည် လက်ဖနောင့်ကို ပုဆိုးနှင့်ပွတ်သုတ်လိုက်ရင်း မလိုတမာ ရေရွတ်လိုက်လေသည်။ အောင်ကိုနှင့် ခြင်သည် ကမ္ဘာ့ရန် ဖြစ်သည်။ စာထဲမှို စိတ်ဝင်တစား ရှိနေပြီဆိုလျှင် ကိုရွှေခြင်တို့က စူးခနဲ စူးခနဲနေအောင် သွေးစုပ်ကြတော့သည်။ စာထဲ ရောက်နေသမျှ အာရုံအကုန်လုံး ထွေပြားရလေတော့သည်။

'နနွင်းတက်လေး မီးရှို့ထားပါလား သားရဲ့၊ အဲဒါဆို ခြင်ပြေးရော'

'အဲဒီအနံ့က ခြင်မကဘူး၊ လူပါ ပြေးရမယ် မေမေရဲ့'

'ဒီလိုဆို ခြင်ထောင်ချပြီး အိပ်ရာထဲဝင် ကျက်ပါလားကွယ်'

'ဟာ. . .မေမေရယ်၊ ခြင်ထောင်ချပြီး အိပ်ရာထဲ ရောက်နေမှ စာကျက်နိုင်ပါတော့မလား၊ အိပ်ပျော်သွားလိမ့်မယ်'

www.foreverspace.com.mm

ပြောပြောဆိုဆို ဖျန်းခနဲ လှမ်းရိုက်လိုက်ပြန်သည်။ ခြင်သေကောင်က လက်ဖဝါးတွင် ကပ်သွားသည်။ စားပွဲပေါ်တွင် ခြင်သေကောင်လေးများကို စီချထားမိသည်။ တန်းစီနေသော ခြင်သေကောင် များကို အဘွားက မသိမသာ လှမ်းကြည့်ပြီး မျက်နှာမဲ့သွားလေသည်။ သူတစ်ပါးအသက် သတ်သည်ကို အဘွားက မကြိုက်ချေ။ ခြင်သတ်လျှင်လည်း မကြိုက်၊ ကြမ်းပိုးသတ်လျှင်လည်း မကြိုက်၊ ကြွက်သတ်လျှင်လည်း မကြိုက်ချေ။ ထို့ကြောင့် အောင်ကိုနှင့် တစ်ရန်ဖြစ်သည်။ အောင်ကိုကမူ အဘွား မျက်စောင်းထိုးနေသည့်ကြားထဲက ခြင်တဖတ်ဖတ်နှင့် ရိုက်သည်။ ကြွက်ထောင်ချောက်ထောင်သည်။ ကြမ်းပိုးဆေး ဖျန်းလေသည်။

ညီအောင်ကတော့ လူလည်ကျသည်။ အဘွားရှေ့၌ သူ့လက်ကို ခြင်ကိုက်လျှင်ပင် လေနှင့် အသာလေး မှုတ်ထုတ်တတ်သော်လည်း အဘွားကွယ်ရာတွင်သာ ပိုးဟပ်နှင့် ကြွက်တွေ့ပါက တွေ့ရာနှင့် မလွတ်တမ်း ကောက်ဆော်ပြီး သေရွာပို့တတ်သည်။ ကြမ်းပိုးတွေ့လျှင်လည်း ရိုးရိုးတန်းတန်းပင် မသတ်။ ကြမ်းပေါ်ချကာ ဖနောင့်နှင့် ပေါက်သတ်တတ်လေသည်။

'စနေနေ့ည ကိုးနာရီ၊ စနေနေ့ည ကိုးနာရီ အမေရေ တံခါးဖွင့်ပါ'

ညီအောင်သည် သီချင်းတအေးအေးနှင့် ပြန်လာသည်။ အောင်ကို ကို မျက်စောင်းထိုးနေသော အဘွားသည် ညီအောင့်အသံကြားရုံနှင့် ပြုံးသွားသည်။ ထို့နောက် ကွမ်းအစ်ထဲမှ ကောက်ညှင်းထုပ်ကို ထုတ်လိုက်သည်။ ညီအောင် ကြိုက်တတ်သော ကောက်ညှင်းထုပ်သည် လာသဖြင့် နေ့ခင်းကတည်းက ဝယ်သိမ်းထားခြင်းဖြစ်သည်။

'ကိုကိုရေ ကျောင်းတွေ ဇန်နဝါရီလ ငါးရက်နေ့ ဖွင့်မယ်တဲ့၊ သိလား၊ ကိုနိုင်တို့ ဖိုးဂျင်တို့ ကျောင်းတက်ကြရတော့မယ်၊ ဟား. . . ဟား သူတို့က ဇိမ်နဲ့နပ်နေတာ၊ ကိုကိုတို့ ဆေးကျောင်းသားကြီးတွေသာ ကုန်းကျက်နေရ

www.foreverspace.com.mm

တာ၊ အခုရော စာမေးပွဲ ဘယ်တော့'

'ဆယ့်ငါးရက်နေ့ သေချာတယ်ကွ'

'ဟား. . .နီးလှပြီပဲ၊ ကျက်ကွ မြန်မြန်ကျက်၊ စာမေးပွဲက ဖင်နား ကပ်လာနေပြီ'

ညီအောင် ရောက်လာသည်နှင့် အိမ်သည် ဆူညံပြီး စိုပြည်သွားသည်။ လက်ထဲမှစာအုပ်များကို စားပွဲပေါ်ပစ်တင်ပြီး အဘွား ကွမ်းအစ်ထဲမှ ကွမ်းသီး စိတ်သွားနှိုက်သည်။ အဘွားသည် သွားကျိုးလေးပေါ်အောင် ပြုံးရင်း ကောက်ညှင်းထုပ် ဆီးပေးလေသည်။

'ဟေး. . .ဒါမှ တို့အဘွားကွ၊ လိမ္မာလိုက်တာ၊ မေမေရေ ခမည်းတော် ဘုရားကြီးရော၊ ဘယ်များ ကြွမြန်းနေတုန်းဟင်'

'ညီအောင်ရယ်၊ နောက်တောက်တောက်နဲ့၊ နင့်အဖေ ခြေရင်းအိမ် ကူးသွားတယ်ဟဲ့၊ ဒီနေ့ မောင်မောင်ကြီး ဆေးရုံက ဆင်းပြီလေ'

'အဟဲ. . .ဟုတ်သားပဲ၊ အစ်ကိုမောင်တောင် ဆေးရုံက ဆင်းပြီပဲ၊ အဘွားရေ ကျွန်တော့်ရွှေယောက်ဖကြီးကို သတင်းသွားမေးဦးလေ'

'ခွေးကောင်'

အဘွားသည် ရယ်ချင်သော်လည်း မရယ်မိအောင် မျက်နှာကို တမင် တင်းထားလေသည်။ စိတ်မဆိုးဘဲနှင့် တင်းထားသော မျက်နှာသည် ရယ်စရာကောင်းနေသဖြင့် ညီအောင်သည် စေ့စေ့ကြည့်ကာ တဟားဟား ရယ်နေပြန်သည်။

'ကဲ. . .ညီအောင် တော်တော့၊ မင်းလာတာနဲ့ ဆူညံနေတော့တာပဲ။ စာကျက်ကွာ'

'ကျက်ပါ့မယ် ကိုကိုရ'

ညီအောင်သည် ကောက်ညှင်းထုပ်ကို ပလုပ်ပလောင်းစားရင်း စာ

www.foreverspace.com.mm

ကြည့်စားပွဲ ဝင်ထိုင်လေသည်။ သူသည် စာကို စိတ်ထဲမှ ကျက်မှတ် တတ်သူ မဟုတ်ပေ။ ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုကျက်မှတ်တတ်သူဖြစ်၍ သူ့စာကျက်သံသည် အောင်ကိုအား အလွန်အနှောင့်အယှက် ပေးလေသည်။ သူ့အစ်ကို အနှောင့်အယှက်ဖြစ်ကြောင်းသိသဖြင့် အသံနှိမ့်၍ တိုးတိုးလေး ကျက်ရန် ကြိုးစားရှာသည်။ သို့သော်လည်း ခဏသာဖြစ်သည်။ သူ စိတ်ပါလာသောအခါ အသံကျယ်စွာ ထွက်လာရုံမျှမက ကိုယ်ကလည်း စည်းဝါးကျကျ ရှေ့နောက် ယိမ်းယိုင်လာ လေ့ရှိသည်။ ညီအောင့်အသံကို အဖော်ပြုရင်း ညစဉ်ညတိုင်း စာကျက်လာရသောအခါ၌ အောင်ကိုလည်း အကျင့်ဖြစ်လာသည်။ သူ့အသံ မကြားရလျှင်ပင် တစ်ခုခု လိုသလို ဖြစ်နေသည်။

'အား. . .ချမ်းတယ်ကွ'

အိမ်ထဲ တိုးဝင်လာသောလေက စိမ့်စိမ့်အေးနေသည်။ အောင်ကိုသည် စောင်ယူကာ တစ်ကိုယ်လုံး ရစ်ပတ်ထားလိုက်လေသည်။ အချမ်းလည်း သက်သာသည်။ ခြင်ကိုက်လည်း သက်သာလေသည်။

'သြကာသ . . . သြကာသ . . . သြကာသ . . .ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့မှ ပြစ်မှားမိသည်ရှိသော် ပျောက်ပါစေခြင်း အကျိုးငှာ ပထမ၊ ဒုတိယ'

အမေ့ ဘုရားရှိခိုးသံသည် လွင့်ပျံ့လာသည်။ ရောင်စုံ မီးလုံးလေးများ ဝင်းပနေသော ဘုရားစင်ကို မော်ကြည့်ရင်း အဘွားသည် စိပ်ပုတီးလေး လှမ်းယူလေသည်။

**ချစ်တဲ့အတိုး . . .**

'ဝမ်းသာလိုက်တာကွယ်၊ အတိုး စာလေးက တိုလိုက်တာ၊ ဖတ်လို့လည်း အားမရဘူး၊ ဒါပေမဲ့ အလွတ်ရနေပြီ၊ ညီအောင့်ကို အတိုးကလည်း

www.foreverspace.com.mm

ချစ်ပါတယ်တဲ့၊ အတိုးရယ် ပါးစပ်ကပြောတာ ကြားချင်လိုက်တာ’

ညီအောင်သည် စာကြည့်စားပွဲတွင် ထိုင်၍ သချာၤတွက်ဟန် ဆောင်ရင်း စာခိုးရေးနေသည်။ မနေ့တုန်းက နလင်ကျော်မြစ် သွားပြန်ပေးသည်။ ဖိုးတာက ထွက်ယူသောကြောင့် လက်ထဲတွင် ဗုက်ကိုင်သွားသော စာလေးကို မပေးဖြစ်လိုက်ပေ။ သို့သော် မတိုးကလျှင်သည်၊ ညီအောင် စိတ်ပျက်ပျက်နှင့် ပြန်အလှည့်တွင် စာအိတ်လေး တစ်အိတ်လှမ်းပေးသည်။ ‘တလက်စတည်း အပြင်ထွက်ရင်း စာထည့်ပေးပါနော်၊ သူငယ်ချင်းဆီ ရေးထားတာ၊ မထည့်ဖြစ်လို့’ ဟု လူကြားအောင် ပြောသည်။ ညီအောင်သည် မတိုး၏ ခြေကို မမြင်သေးသဖြင့် စာအိတ်ပေါ်မှ လိပ်စာကို ယောင်ကန်းကန်းနှင့် ငုံ့ကြည့်မိလေသည်။ ‘ညီအောင်’ ဟု ရေးထားသည်ကို တွေ့ရသောအခါ တစ်ကိုယ်လုံး လေထဲ မြောက်တက်သွားသလို ခံစားရသည်။

‘ခုတော့ ကိုယ်တို့ တစ်ယောက်နဲ့ တစ်ယောက် နားလည်ကြပြီ၊ နှလုံးသားချင်း စကားပြောကြပြီပေါ့ အတိုးရယ်၊ ချစ်ခြင်းမေတ္တာဆိုတာ ဆန်းတယ်နော်’

‘ကဲ. . .ဆန်းဦးကွာ၊ နှလုံးသားချင်း ပြောဦးကွာ’

ညီအောင်၏ ဇက်ပိုးသည် ပူခနဲ ဖြစ်သွားသည်။ သူ့အသိဉာဏ်များကို မစုစည်းနိုင်မီ သူ့ရှေ့မှ ရေးလက်စ စာလေးသည် မြောက်တက်ပြီး လက်ချောင်းညိုညိုကြီးထဲသို့ ပါသွားလေသည်။

‘ဟာ. . .ဖေဖေ’

‘တောက်၊ တော်တော်ဟုတ်တဲ့ကောင်၊ မင်း. . .မင်း ငါသတ်ရင် သေတော့မယ်’

ဦးလှအောင်သည် လက်တရွယ်ရွယ်ရှိရင်း သူ့ဒေါသကို သူအနိုင်နိုင် ချုပ်ထိန်းထားသည်။ ဘုရားရှိခိုးနေသော ဒေါ်ခင်ခင်သည် ပြီးအောင်ရှိမခိုး

www.foreverspace.com.mm

နိုင်တော့၊ ပျာယီးပျာယာ ထလာသည်။ အဘွားလည်း ပုတီးမစိပ်နိုင်တော့ချေ။

'ဘာဖြစ်တာလဲ'

'ဘာဖြစ်လို့လဲ မောင်လှအောင်ရဲ့၊ ကလေးကို'

'ဘာ. . .ကလေးလဲ၊ ကလေး ကလေးနဲ့ မယားယူဖို့ စဉ်းစားနေတာ၊ ဒီမှာ ကြည့်စမ်း၊ ဒါက မတိုးလက်ထဲက ရတဲ့စာ၊ ဒါက သူ အခုရေးနေတဲ့စာတယ်လေ'

ရုတ်တရက်ကြီး ဝုန်းဝုန်းဒိုင်းဒိုင်း ဖြစ်သွား၍ မှင်တက်မိသလို ဖြစ်သွားသော အောင်ကိုသည် ခုမှအခြေအနေကို သဘောပေါက်တော့သည်။

ဦးလှအောင်က လက်ကို မြှောက်လိုက်သောအခါ ညီအောင် ပုသွားသည်။ အဘွားက လှမ်းဆွဲ၍ ညီအောင် ထပ်ပြီး အရိုက်မခံရချေ။ ဇက်ပိုးတစ်ချက်သာ အုပ်ခံရသော်လည်း ညီအောင် အတော်နာသွားသည်။ ဇက်တွင် လက်ချောင်းရာကြီးများထင်ပြီး ရဲနေသည်။

'ပညာလေး စကောစကနဲ့၊ မင်းက မယားတစ်ယောက်နေနေ သာသာ ကိုယ့်ထမင်းတောင် ကိုယ်စားနိုင်လို့လား၊ ဦးလှလှလိုတော့ ငါက မယားနှစ်ယောက် မကျွေးနိုင်ဘူး၊ သိရဲ့လား ခွေးကောင်'

ညီအောင့်ဘေးတွင် လူတွေ ဝိုင်းနေသည်။ အဖေရော၊ အမေရော၊ အဘွားရော၊ အစ်ကိုရော အိမ်ရှိသမျှ လူကုန် သူ့မျက်နှာကို ငေးကြည့်နေကြစဉ် ညီအောင်သည် မျက်နှာငယ်လေးနှင့် ခေါင်းငိုက်စိုက်ချထားလေသည်။ အဖေက ဖိဆူနေသော်လည်း ခါတိုင်းလို သူ့ဘက်က ဝင်ပြောမည့်သူ မရှိချေ။

အမေကလည်း ငြိမ်နေသည်။

အဘွားကလည်း မလှုပ်။

www.foreverspace.com.mm

အစ်ကိုကလည်း ကျောက်ရုပ်။

* * *

'ခင်မလတ်ရေ'

'အင်'

'နေ့ခင်းကျရင် ဈေးသွားရအောင်လေ'

'မလိုက်တော့ပါဘူး မူမူရယ်'

'အမယ်. . .ထူးထူးဆန်းဆန်း'

မငြင်းစဖူး အငြင်းထူးသော ခင်မလတ်အား မူမူသည် အထူး အဆန်း ကြည့်လိုက်မိသည်။ ခါတိုင်း မူမူ ဈေးသွားရအောင်ဟုဆိုလျှင် စကားမဆုံးမီ ခင်မလတ်က နေရာမှထပြီး ဖြစ်သည်။

'လမ်းမလျှောက်ရပါဘူး ခင်မရဲ့၊ မူမူ့ကာစင်က ကားနဲ့လာခေါ်မှာပါ'

မူမူသည် ခြင်းတောင်းထဲမှ ကရင်းပတ်ဖ်ဘူးလေး ထုတ်ကာ ဖွင့်လိုက်သည်။ သင်းပျံ့ပျံ့ရနံ့လေးကို ရှူရှိုက်ရင်း ခင်မလတ်သည် သူ့စိတ်ကို အနိုင်နိုင်ထိန်းနေလေသည်။ ဆိုင်းသံကြားလျှင် က,ချင်သော ခုနစ်ထွေ မင်းသမီးကဲ့သို့၊ ဈေးသံကြားလျှင် ခင်မလတ်၏ စိတ်များ လှုပ်ရှားလာတတ်ကြသည်။

'အဆင်ဆန်းလေးတွေ အရမ်းပေါ်နေတယ် သိလား၊ ကိုကိုကြည်က မူမူတို့ထက်တောင် နားလည်သေးတယ်'

'အခုလာခေါ်မယ်ဆိုတာ သူလား'

'အင်းပေါ့'

'မူမူ့ကာစင်ဆိုတာလားဟင်'

www.foreverspace.com.mm

'ဆိုပါတော့'

မူမူသည် ရယ်ဟဟနှင့် ဖြေလေသည်။ မူမူ့မျက်လုံးလေးများသည် အရောင်တဖျပ်ဖျပ်တောက်ကာ ဝင်းလဲ့လျက်ရှိသည်။ မူမူ့မျက်လုံးများကို ကြည့်ရုံနှင့် ကိုကိုကြည် ဆိုသူသည် ကာစင်မဟုတ်ဘဲ အီစွတ်ဖြစ်ကြောင်း ခင်မလတ် နားလည်လိုက်လေသည်။

မူမူသည် နေရာမှထကာ လုံချည်ပြင်ဝတ်လိုက်သည်။ သူဝတ်ထားသော အပြာနုရောင် လေယာဉ်မောင် လုံချည်လေးကို ခင်မလတ် ငေးပြီး ကြည့်နေမိသည်။ ယခင်က မူမူသည် ယခုလောက် တောက်တောက်ပြောင်ပြောင် မဝတ်နိုင်ပေ။ ခင်မလတ်ကို အစဉ်အမြဲ အားကျသော မျက်လုံးလေးနှင့် ငေးကြည့်နေရသူဖြစ်သည်။ ခုတစ်လောတော့ ပုံစံပြောင်းလာလေသည်။ လုံချည်သစ်၊ အင်္ကျီသစ်များ အဝတ်များလာ သည်။ ထို့နောက် စွဲမက်စဖွယ် အပြုံးလေးများကိုလည်း ပြုံးတတ်လာ လေသည်။

'သွားမယ် ခင်မရေ'

'အင်း'

ခင်မလတ်သည် ကျော့ကျော့မော့မော့လေး ထွက်သွားသော မူမူ၏ နောက်ကျောကို ငေးကြည့်ရင်း မနာလိုသလိုလို ဝမ်းနည်းသလိုလို ဖြစ်လာသည်။ မူမူ့တွင် ပစ္စည်းအသစ်အဆန်းလေးများ တိုးဦးမည် ဖြစ်သည်။ 'ဖျံမတဲ့၊ အလည်မတဲ့၊ ရုပ်ကလေးပြပြီး စားနေတာတဲ့' ဟူသော ဖိုးဂျင်၏ အက်ကွဲကွဲ အသံကြီးကို ပြန်ကြားယောင်မိလိုက်သောအခါမှ ဝမ်းနည်းစိတ်တို့ ထွက်ပြေးသွားလေသည်။ ခင်မလတ်သည် အပြစ်ကင်းမဲ့သူ မဟုတ်ကြောင်း သူ့ကိုယ်သူလည်း သိပါသည်။ ဖျံကျခဲ့သော်လည်း အလည်မဟု လက်ညှိုးထိုး မခံနိုင်။ ရုပ်ပြစားခဲ့သော်လည်း ရုပ်ကလေး ပြစားနေတာဟု ဆိုသောအခါ ဆတ်ဆတ်ခါ နာရသည်။ ထိုနာသော စိတ်တို့က ငုပ်လျှိုးနေ

www.foreverspace.com.mm

သော မာနလေးကို နှိုးဆွပေးလိုက်ကြသောကြောင့်သာ သည်နေ့ သည်အချိန်တွင် ခင်မလတ်ရုံး၌ ကျန်ခဲ့ခြင်းဖြစ်သည်။ လူကသာ ရုံးတွင် ကျန်နေခဲ့သော်လည်း တားမရသော စိတ်တေလေလေးကမူ မှောင်ခိုဈေးထဲသို့ မူမူနှင့်အတူ ပြေးလိုက်သွားလေသည်။

'ခင်မလတ် အန်တီ ခေါ်နေတယ်'

'ဟုတ်ကဲ့'

ခင်မလတ်သည် အန်တီ့အခန်းထဲသို့ ဝင်ခဲ့သည်။ အန်တီက အပြုံးနှင့် ဆီးကြိုနေလေသည်။

'ငါ့သမီးကိုပဲ ခိုင်းရဦးမှာပဲ'

'ပြောပါ အန်တီ'

'တက်ထရက်စ အဖြူလေးတစ်စ ပြန်ထုတ်ချင်လို့ကွယ်၊ သူ့မှာလည်း တိုက်ပုံအဖြူတွေက များနေပြီ၊ အိမ်မှာ မလိုဘဲ သိမ်းထားတော့လည်း အလကားပဲ မဟုတ်လား'

'ဟုတ်တာပေါ့ အန်တီရယ်'

'ဘယ်ဈေးလောက် ရမလဲ'

'အသေအချာတော့ မသိဘူး၊ ထုတ်ဈေး နှစ်ဆလောက်တော့ ရမှာပေါ့ အန်တီရယ်၊ ပေးလိုက်ပါ၊ ခင်မ သွင်းပေးပါ့မယ်'

'အေးကွယ်'

ခင်မလတ်သည် စက္ကူအိတ်ကလေးကို မသိမသာကိုင်ရင်း ပြန်ထွက်လာသည်။ ခြင်းတောင်း အောက်ဆုံးတွင်ထည့်ကာ ထမင်းဘူးနှင့် ဖိထားလိုက်သည်။ သည်တစ်ခါတော့ ကိုယ်တိုင်မသွားတော့ဘဲ ဖိုးဂျင်ကို သူ့သူငယ်ချင်းဆိုင် တင်ခိုင်းလိုက်သည်က အေးပေမည်။ လေဟာပြင်ဈေးဘက်သို့ ခင်မလတ် ခြေဦးမလှည့်ချင်တော့ပေ။ ဖော့တွေ၊ ဇာတွေ၊ လှိုင်းကြီး

www.foreverspace.com.mm

တွေ၊ တက်ထရွန်တွေကို ခင်မလတ် သွားမကြည့်မိသည်သာ ကောင်းပေမည်။ ကြည့်မိပါက သူ့စိတ်ကိုသူ ထိန်းရန် လွယ်မည်မဟုတ်ချေ။ အရောင်အသွေး ရွှေးချယ်ကြိုက်တတ်သော မျက်လုံးများနောက်တွင် လိုချင်စိတ်က ကပ်ပြီးပါလာမည်ဖြစ်သည်။

ခင်မလတ်သည် သူ့နေရာတွင် သူပြန်ထိုင်လိုက်ရင်း စစ်တုရင် ကစားနေသူနှစ်ဦးအား ငေးမောကြည့်နေမိသည်။ ဟိုတစ်လောက သူတို့ရုံးတွင် စည်းကမ်းကလနားတွေ အတော်ကြပ်မတ်လိုက်သည်။ ဆုပေး ဒဏ်ပေး စနစ်တွေ ကြေညာသည်။ ရုံးဆင်းရုံးတက် လက်မှတ်ထိုးသည်ကို စစ်ဆေးသည်။ ထိုစဉ်က ရုံးချိန်မှန်မှန် ဂရုစိုက်ပြီး လာရသည်။ နေ့ခင်းလည်း မလစ်ရဲ။ စစ်တုရင်ဗိုလ်တွေ၊ ကျားဗိုလ်တွေလည်း အတော်လေး ငြိမ်သွားလေသည်။ သို့သော် သို့သော် ကြားဖူးသလိုပြောရမည်ဆိုလျှင်ဖြင့် မြန်မာတို့သည် ကောက်ရိုးမီးနှင့် တူသည်ဟု ဆိုရမည်။ တဝုန်းဝုန်းနှင့် အရှိန်ပြင်းစွာ လောင်ပြီး ချက်ချင်း ငြိမ်းတတ်သည်။ ထို့ကြောင့်လည်း ယခုတော့ ဆုပေး ဒဏ်ပေး အသံတွေ ငြိမ်သွားပြန်သည်။ ကျားဗိုလ်တွေ၊ စစ်တုရင်ဗိုလ်တွေလည်း သဲသဲမဲမဲ ဗိုလ်လုကြပြန်လေသည်။

'ဟူး . .မောလိုက်တာကွယ်'

အတွေးနောက် ကောက်ကောက်ပါသွားသော စိတ်သည် မူမူ ပြန်ရောက်လာသောအခါမှ လက်ရှိနေရာသို့ ပြန်ရောက်လာလေသည်။

မူမူသည် သူ့လက်ထဲမှ စလင်းဘက်အဖြူလေးကို စားပွဲပေါ်သို့ ချလိုက်သည်။ ထို့နောက် ခင်မလတ်၏ရှေ့သို့ တွန်းပို့လိုက်လေသည်။

'လှလိုက်တာဟယ်၊ ဘယ်လောက် ပေးရလဲဟင်'

ခင်မလတ်သည် အိတ်ဖြူလေးကို ချက်ချင်း ကောက်ပြီးကြည့်မိလေသည်။ ချောမွတ်သော သားရေအသားသည် နူးညံ့နေသည်။

www.foreverspace.com.mm

'ဘယ်လောက်ပေးရသလဲ'

'ကိုးဆယ်'

'ဟယ်. . .သူဌေးမကြီး'

'ဟာဟ မူ့ဟာမူဆို ဘယ်ဝယ်နိုင်မှာလဲ၊ မူက ဈေးမေးရုံ မေးကြည့်တာ၊ ကိုကိုကြည်က ဝယ်ပေးတာ သိလား'

မူမူက ခပ်တိုးတိုးလေး ပြောသည်။ အလိုလိုက် အကြိုက်ဆောင်သော လူတစ်ဦး သူ့နောက်က တကောက်ကောက်လိုက်နေ၍ ကြည်နူးရွှင်ပျမှုကြောင့် မျက်လုံးလေးများ အရောင်လက်နေသည်။

'မူမူ ကိုယ့်ကို စိတ်တော့ မဆိုးနဲ့နော်၊ ဒီလောက်အဖိုးတန်ကြီးတွေ ပေးနေတာ သူ့စေတနာ ရှိုးပါ့မလားဟင်'

ခင်မလတ်သည် အတန်ကြာအောင် ချင့်ချိန်ပြီးမှ ခပ်ဆဆလေး ပြောလိုက်မိသည်။ မူမူသည် ဆတ်ခနဲ ခေါင်းမော့လာသည်။ စိုးရိမ်သလို ပြောသော ခင်မလတ်ကို အထူးအဆန်း လှမ်းကြည့်သည်။ ထို့နောက် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

'အမယ်လေးတဲ့ မိခင်မရဲ့၊ ကျားကိုက်တာကို အပေါက်ကလေးနဲ့လားလို့ တစ်သက်လုံး ထိုင်တွေးဦးမလို့လား၊ ခင်မက မူ့ထက် ပိုသိရမှာပေါ့၊ ဒါများ အထူးအဆန်း မေးနေသေးတယ်၊ သူ့စေတနာရှိုးရင် ပေးပါ့မလား၊ ဟာဟ မရှိုးလို့ ပေးတာပေါ့'

နှုတ်ခမ်းဆိုးဆေး မပြယ့်တပြယ်နှင့် ဆံပင်ပွယောင်းယောင်းဖြစ်လာသော မူမူသည် ရယ်မောရင်းမှ အိတ်ဖြူဖြူလေးကို ပခုံးပေါ်တွင် လွယ်ကြည့်လိုက်သည်။

ခင်မလတ်သည် မူမူ့ကို ငေးကြည့်ရင်း ရင်ထဲတွင် လေးလံသွားလေသည်။ ကိုသက်ပြောသော စကားကိုပြန်ပြီး ကြားယောင်နေသည်။ 'တကယ်

www.foreverspace.com.mm

ပေါ့၊ တကယ် ဝယ်ပေးမှာပေါ့၊ ပြီးတော့သာ လတ်ကလဲ'ဟူ သော ကိုသက်၏အသံသည် နားအနားသို့ ကပ်ပြောနေသလို ခံစားရရင်း ကြက်သီးထသွားသည်။

ခင်မလတ်သည် သက်ပြင်းရှိုက်လိုက်မိသည်။ စလင်းဘက် ဖြူဖြူလေး၏ အဖိုးအခအဖြစ် မူမူ ဘာကို ပြန်ပေးခဲ့လေမည်နည်း။ စဉ်းစား၍ မကြည့်ချင်တော့ပေ။

* * *

'ဒီမှာ. . .ဒီမှာ'

'ဟင်. . .ထားထား'

ထားထားသည် ခြေလှမ်းကျဲကြီးနှင့် လျှောက်သွားနေသော အောင်ကိုကို အမီလိုက်လာသည်။ အင်္ကျီအဖြူ လက်ရှည်နှင့် ထဘီစိမ်းလေး ဝတ်ထားသော ထားထား၏အသွင်သည် ရိုးသား သန့်စင်နေလေသည်။

အောင်ကိုသည် နောက်ပြန် လှည့်ကြည့်ရာမှ ခြေလှမ်းတုံ့သွားပြီး ရပ်စောင့်နေလိုက်သည်။

'သူနဲ့ တွေ့သေးလားဟင်'

'အရင်အပတ်ကတော့ အိမ်လာသေးတယ်၊ ထားထား သိတယ်မဟုတ်လား'

'အင်း. . .သိပါတယ်'

ထားထားသည် ခေါင်းညိတ်ကာ သက်ပြင်းရှိုက်လိုက်သည်။ အထပ်ထပ် ရစ်ပတ်နေသော သံယောဇဉ်ကြိုးများကို ဖွတ်အတင်းကြီး ဆွဲဖြတ်လိုက်သောအခါ နှလုံးသားသည် ပြင်းပြနာကျင်စွာ ကျန်ရစ်သည်။ သွေး

www.foreverspace.com.mm

စက်လက် ထွက်နေသော နှလုံးသားအနာကို လူမသိအောင် ဖုံးဖိထားရင်း ထားထားသည် အသက်မပါသော ဟန်ဆောင် ပြုံးလေး ပြုံးတတ်လာပြီ ဖြစ်သည်။

'ထားထားနဲ့ မတွေ့ဘူးလား'

'မတွေ့တာ ကြာပြီ'

'ဘာဖြစ်ကြတာလဲ'

အောင်ကိုသည် ပြဿနာကို သိလျက်နှင့် မသိဟန်ဆောင်ကာ မေးလိုက်သည်။ ထားထားသည် မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း မချိပြုံးလေး ပြုံးလိုက်လေသည်။ ဘာပြန်ဖြေရမည်နည်း စဉ်းစား၍ မရသဖြင့် ခေါင်းကလေး ငုံ့ထားလိုက်မိသည်။ ကတ္တရာလမ်းပေါ်မှ မြေပဲခွံလေးများကို ဖိ၍ နင်းမိရင်း ရင်ထဲတွင် ဆွေးဆွေးနှင့်နှင့် ဖြစ်နေသည်။

'သူ ပြောမပြဘူးလား'

'အင်း ပြောပါတယ်၊ သူ နိုင်ငံခြား သွားမလို့ဆို'

'ဟုတ်တယ်'

ထားထားသည် တိုးတိုးလေးဖြေလိုက်ရင်း ရုတ်တရက် မျက်ရည်ရစ်ဝဲသွားသည်။

'အဲဒါ သူ ဘယ်တော့လောက် သွားမလဲ သိချင်လို့'

'ကြာဦးမှာပါ ထားထားရယ်၊ ဒါမျိုးက ချက်ချင်းမရပါဘူး၊ ဒါပေမဲ့ သူက အဘိုးကြီးမျက်နှာတော့ ရှိတာပေါ့လေ၊ ထားထား ဘာလုပ် ချင်လို့လဲ'

'ဩော် . . .သူသွားရင် လက်ဆောင်လေး ပေးလိုက်ချင်လို့ပါ'

ကုက္ကိုင်ရွက်ဝါလေးများသည် လမ်းမပေါ်သို့ တသဲသဲ ကြွေကျလာသည်။ ဝဲလွင့်နေသော ရွက်ဝါလေးများကို ငေးကြည့်နေရင်း ထားထားသည် ပင့်သက်လေး ရှိုက်လိုက်မိလေသည်။ သူ့ကို တွေ့လည်း တွေ့ချင်

www.foreverspace.com.mm

သည်။ တွေ့လည်း မတွေ့ရဲချေ။ သူ့ကို ထပ်တွေ့ပါက ဟက်တက်ကွဲနေသော အနာထဲသို့ ဆားပက်ထည့်သလို ခံစားရမည်ကို သိနေလေသည်။ ယခုထက်ပိုပြီး ခံစားရပါက ထားထားခမျာ အသက်ရှင်လျက်နှင့် ခံစားနိုင်တော့မည် မဟုတ်ပေ။ ရင်ကွဲမတတ် ခံစားဖူးပြီဖြစ်၍ နောက်ထပ်တစ်ခါ ခံစားရမည်ကို အကြောက်ကြီး ကြောက်နေ မိလေသည်။

'ထားထားကို သူခေါ်တယ် မဟုတ်လား'

'အင်း'

'လိုက်မသွားဘူးလား'

'ဟင့်အင်း'

ထားထားသည် ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါရင်း အောက်နှုတ်ခမ်းလေးကို မသိမသာဖိပြီး ကိုက်ထားလိုက်မိသည်။ ရစ်ဝဲလာသော မျက်ရည်များကို အံကြိတ်ပြီး တားဆီးထားသည်။

ဘတ်စ်ကားဂိတ် ရောက်သောအခါ သူတို့နှစ်ယောက်စလုံး ရပ်လိုက်ကြသည်။

'ထားထား မှန်ပါတယ်'

'ဟုတ်လား. . .မှန်သလား'

ထားထားသည် အသံတုန်တုန်လေးနှင့်ပြောရင်း မျက်လုံးအိမ်မှ စီးကျလာသော မျက်ရည်ပုများကို မျက်နှာလေးငုံ့ပြီး ကမန်းကတန်း ပွတ်သုတ်လိုက်လေသည်။ 'မှန်လား မှားလားတော့ မသိဘူး၊ ခံစားရတာတော့ ရင်ကွဲမတတ်ပါပဲ' ဟု ချုံးချကာ အော်လိုက်ချင်သည်။

အောင်ကိုသည် နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်ရင်နေသော ထားထားကို လှမ်းကြည့်ပြီး ရင်ထဲတွင် နင့်သွားသည်။ ဘတ်စ်ကားဂိတ်ရှိ အခြားသူများ မရိပ်မိစေရန် မျက်နှာထားကို ကြိုးစားပြင်သော်လည်း

www.foreverspace.com.mm

ထားထား၏မျက်နှာလေးသည် ငိုမဲ့မဲ့ ဖြစ်နေလေသည်။

'ခုတစ်လောတော့ သူနဲ့ မတွေ့ဘူး၊ ကျွန်တော်လည်း စာမေးပွဲ ရှေ့ အပတ်စစ်မှာမို့ စာထဲနစ်နေတာနဲ့ သူ့ဆီ မသွားဖြစ်တာ၊ ထားထား ဘာပြောချင်သလဲ၊ ကျွန်တော် ဘာပြောပေးရမလဲ'

ထားထားသည် မချိပြုံးလေးနှင့် ခေါင်းယမ်းပြသည်။ ထားထား သူ့ကို ဘာများ ပြောရဦးမည်နည်း။ တတ်နိုင်လျှင်တော့ ချစ်တတ်သော နှလုံးသားနှင့် သံယောဇဉ်ကြိုး အကုန်လုံးကို ရင်ထဲမှ ဆွဲထုတ်ပစ်လိုက်ချင်သည်။ အတိတ်ဟူသည် မေ့ကောင်းသည် မဟုတ်သော်လည်း မေ့ပစ်လိုက်ချင်သည်။ နှလုံးသား မရှိလျှင် အသက်မရှင်နိုင်ဟု ဆိုသော်လည်း နှလုံးသားမဲ့သော လူသားအဖြစ်နှင့်သာ ဆက်လက်ပြီးရပ်တည် လိုပေ၏။

'ဟော့. . .သမီး ကားမရသေးဘူးလား'

သူတို့နှစ်ဦးလုံး ရုတ်တရက် လန့်သွားလေသည်။ ထားထား၏ ဖခင် ဦးအုံးကျော်ဖြစ်သည်။ လက်ကောက်ဝတ်တွင် ထီးကောက်ကြီးကို ချိတ်ဆွဲရင်း သူတို့ဘေးသို့ ရောက်လာသည်။

'ကားဆက် ပြတ်နေတယ် ဖေဖေ'

'ဒီလိုဆို ကျောင်းမီပါ့မလား'

'ဒီတစ်စီး လာရင်တော့ အတင်းတိုးတက်ရမှာပေါ့၊ တစ်စီးမှကို မလာသေးတာ'

ထားထားသည် ငိုမဲ့မဲ့နှင့် ပြုံးရယ်ရင်း ဖြေသည်။ ဖြူသောအသားများသည် ပိုပြီးဖြူကာ၊ သွယ်သော မျက်နှာထားသည်ပိုပြီး သွယ်နေလေသည်။ မျက်နှာသွယ်သော်လည်း မေးရိုးလေးသည် အနည်းငယ် ကားသဖြင့် ယခင်က ထားထား၏ ပါးပြည့်ပြည့်လေးများသည် ယခုအခါ ပိန်ကျနေသည်မှာ သိသာနေသည်။

www.foreverspace.com.mm

'အောင်ကိုရော ကျောင်းလားကွ'

'မဟုတ်ဘူး ဦးလေး၊ ကျွန်တော်တို့ကို စာကျက်ဖို့ ကျောင်းပိတ် ပေးလိုက်ပြီ၊ အခု သူငယ်ချင်းတွေဆီ စာသွားကျက်မလို့၊ စုကျက်တော့ စာပိုရတယ်'

'အေးကွာ၊ အေး. . .ကြိုးစားပေါ့ကွာ၊ အောင်ရင် ဆရာဝန်ဖြစ်ပြီပေါ့'

'ဟုတ်ကဲ့ အောင်ရင်ပေါ့လေ၊ ကျရင်တော့ ဒုက္ခပဲ'

'ဘာဖြစ်လို့ ကျရမှာလဲ ငါ့တူရ၊ မင်းလောက် ကြိုးစားတဲ့သူက ကျရဦးမှာလား'

'မပြောနိုင်ဘူး ဦးလေးရေ၊ ကျချင်လည်း ကျမှာပဲ၊ စာတွေက အရမ်းများတာ။ အကုန်ပိုင်ဖို့က မလွယ်ဘူး'

ကားတစ်စင်း ထိုးဆိုက်လာသည်။ ကားပေါက်ဝသို့ လူများအုံခဲသွားလေသည်။ သိပ်အရင်မလိုသေးသဖြင့် အောင်ကိုသည် အသာ နောက်ဆုတ်လိုက်သည်။ ထားထားတို့ သားအဖကမူ အတင်းတိုးတက်သွားကြလေသည်။

'ဘန်ဘာပေါ်ကတော့ မတက်နဲ့၊ မရရင် နောက်ကားစီး၊ အပေါက်ဝကလူတွေ လက်ကလေးတွေ မြဲပါစေနော်၊ မောင်းဆရာရေ မောင်း'

စပယ်ယာက ကားထဲမှ အော်နေသည်။ ကားဘီးက တဖြည်းဖြည်းလိမ့်ကာ ထွက်ရန်အရှိန်ယူနေသည်အထိ လူတွေကတော့ လုယက်၍ တက်ကောင်းတုန်းပင် ရှိသေးသည်။

အောင်ကိုသည် ကားဂိတ်တွင်ရပ်ရင်း တစ်ခြမ်းစောင်းနေသော ကားကြီးကို ငေးကြည့်နေသည်။ ကားထဲရောက်သွားသော ထားထားကိုမူ မမြင်ရတော့ပေ။ ထားထား၏ ဖခင်ဦးအုံးကျော်ကမူ ခြေနင်းကွင်းတွင် တန်းလန်းကြီး ပါသွားလေသည်။

www.foreverspace.com.mm

နောက်ထပ် ကားတစ်စီးလာသောအခါ အောင်ကိုလည်း တိုးပြီး တက်ခဲ့သည်။ ဘတ်စ်ကား တိုးရသောအခါ ဇော်လှိုင်မြင့်နှင့် ထားထား ပြဿနာကိုလည်းကောင်း၊ မတိုးနှင့် ညီအောင်တို့၏ ပြဿနာကိုလည်းကောင်း လုံးဝ သတိမရတော့ပေ။ ထို့ပြင် မကြာခဏ သတိရနေမိသည့် လေးနွယ်ကိုပင် သတိမရနိုင်တော့ပေ။

* * *

'ကဲ. . .နင်တို့နှစ်ယောက်က အခုယူကြပါပြီတဲ့၊ ဘာလုပ်စားကြမှာလဲ၊ ပြောစမ်း'

ဦးလူလုက ခပ်မာမာ မေးလေသည်။ မတိုးသည် ခေါင်းလေး အတွင် ငုံ့ထားရင်း မျက်ရည်တစ်ပေါက်ပေါက် ကျလာသည်။ သူ့တွင် ဖြေစရာ အဖြေမရှိပေ။

'ငါက နောက်ထပ် သားမက်တစ်ကောင် အိမ်ပေါ်တင်ကျွေးရဦးမှာလား၊ သူ့အသက်ကလေး သူ့အတန်းကလေးနဲ့ နင့်ကို နေနေသာသာ၊ သူ့ထမင်းတောင် သူစားနိုင်လို့လား'

'ငါ့သမီး တော်လှ၊ တော်လှနဲ့ ယောင်းမ မြင်းစီးထွက်တယ်'

ဦးလူလု ကတော်ကပါ ကရုဏာဒေါသော ဝင်ပြောလေသည်။ အဖေနှင့် အမေရှေ့တွင် မတိုးသည် ကျဉ်းကြပ်ပြီး တစ်ကိုယ်လုံး ကြုံ့ဝင်သလို ခံစားနေရလေသည်။ မြေဟူသည်သာ တကယ်မျိုတတ်ပါက အခုနေ သူ့ကို မြေမျိုသွားစေချင်သည်။

မနေ့ ညနေပိုင်းတွင် ဦးလုအောင် အိမ်လာလည်သည်။ ထိုအခါ အမေနှင့်သမီး ခေါင်းချင်းဆိုင်ကာ တကျိတ်ကျိတ် ဖြစ်နေသော ပြဿနာသည်

www.foreverspace.com.mm

ပေါက်ကွဲထွက်လေတော့သည်။ မတိုးဆီမှ ညီအောင်၏စာသည် သူ့အမေ လက်ထဲမှတစ်ဆင့် ဦးလှအောင်လက်ထဲ ရောက်သွားလေသည်။ မျက်နှာကြီး နီကာ တရှူးရှူး၊ တရှားရှား ပြန်သွားသော ဦးလှအောင်ကို အခန်းကွယ်မှ ကြည့်နေရင်း မတိုး မပြောနှင့် မစိုးပင် ရင်တဒိန်းဒိန်း ခုန်လာသည်။ ဆေးရုံ က ရောက်မဆိုက်ဖြစ်သော ကိုကိုမောင်သည် တရှုံ့ရှုံ့ငိုနေသော ညီမငယ် ကို ငေးကြည့်ရင်း ပင့်သက်ရှိုက်သည်။ သူ့တုန်းက ငယ်ငယ်ရွယ်ရွယ် မိန်းမ ယူသော်လည်း သူ့ညီမ ကိစ္စသိသောအခါ ကိုကိုနိုင်က 'မိုက်လိုက်တဲ့ ကောင် မလေး' ဟု ပြောလေသည်။ ဖိုးတာတစ်ကောင်သာ တစ်အိမ်လုံးနှင့် ဆန့် ကျင်ကာ သူ့အစ်မကို သနားသည်။ မယောင်မလယ်နှင့် အနားကပ်သွားရင်း 'မမတိုး ငိုမနေနဲ့ တိတ်ပါ၊ ကိုညီအောင်ကို စာပေးချင်ရင် ကျွန်တော် ပေး ပေးမယ်'ဟု ခပ်တိုးတိုး ပြောလေသည်။

'ဒါပဲ ညည်း ဒီနေ့ကစပြီး အိမ်ထဲက အိမ်ပြင်မထွက်နဲ့၊ ကျောင်းစာ အပြင် တခြားဘာကိုမှလည်း စိတ်မကူးနဲ့၊ နောက်တစ်ခါသာ ဒီလို ကိစ္စ ကြုံရရင် အခန်းထဲ ထည့်လှောင်ထားမယ်၊ သိလား မိတိုး'

'မေမေရယ် ဒီလောက် ပြောမနေပါနဲ့၊ မတိုး လာစမ်း၊ ကိုကိုမောင့် ဆီကို'

မေမေက လက်တရွယ်ရွယ်နှင့် ကြိမ်းနေပြန်သောအခါ ကိုကိုမောင် က တားလေသည်။ အိပ်ရာပေါ်တွင် ခေါင်းအုံးနှစ်လုံးဆင့်ကာ မှီထိုင်နေ ရင်းမှ မတိုးကို လှမ်းခေါ်သည်။ ကြောက်ဆုတ်ဆုတ် ကပ်လာသော မတိုး ၏လက်ကို ဆွဲပြီး သူ့ခုတင်ဘေးတွင် ထိုင်ခိုင်းသည်။

'ကဲ ပြောစမ်းပါဦး၊ ရှင်းရှင်းပဲ ပြောနော်၊ ကိုကိုမောင်ကို ရှက်လည်း မရှက်နဲ့၊ ကြောက်လည်း မကြောက်နဲ့၊ ငါ့ညီမ ညီအောင့်ကို တကယ်ချစ် လား'

www.foreverspace.com.mm

မတိုးသည် ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။ ချစ်တယ်ဆိုတာ ဘယ်လိုနေလဲတော့ ရှင်းလင်းမပြတတ်။ သို့သော် မတိုးသည် ညီအောင့်ကို အချိန်ပြည့်သတိရနေသည်။ ထိုသို့ သတိရနေသည်က ပင် ချစ်သည့်အကြောင်းရင်း ဖြစ်ပေမည်။

'ဒီလိုဆို တကယ်ယူမယ်ပေါ့'

ကိုကိုမောင်က ခပ်အေးအေး ထပ်မေးသည်။ ထိုမေးခွန်းကို ကြားသောအခါ မတိုးသည် ရုတ်ခနဲ ခေါင်းမော်လိုက်ရင်း ရှိုက်သံနှင့် ပြောသည်။

'ဘယ်သူက ယူမယ်ပြောသေးလို့လဲ၊ မတိုးတို့ ချစ်သာချစ်တာ၊ အခု ယူမယ်လို့ မပြောပါဘူး'

'ဒီလိုဆို ဘယ်တော့ယူမှာလဲ'

'မသိဘူး၊ မသိဘူး၊ ချစ်ရုံပဲ ချစ်တာ'

ကိုကိုမောင်သည် အချစ်ရူးမလေး ညီမငယ်ကို စူးစိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်သည်။ မစိုးသည် ရှိုက်ငင်နေသော မတိုးကို အံ့သြသလို ငေးကြည့်နေသည်။ သူသည် ဝတ္ထုများကိုသာ သဲသဲမဲမဲဖတ်ရင်း ဝတ္ထုရေးရန်သာ အချိန်ပြည့် ကြိုးပမ်းနေသူဖြစ်သဖြင့် မတိုးထက်အကြီး ပင်ဖြစ်သော်လည်း မတိုးလို ရည်းစားထားရန် မကြိုးစားခဲ့ဖူးသေးချေ။

'ကဲ မေမေ ကြားပြီမဟုတ်လား၊ ဒီအရွယ်ဆိုတာ စိတ်ကစားတာပဲ မေမေရဲ့'

'ကစား. . .ကစားနိုင်လွန်းတယ်တော်'

'ကဲ ငါ့ညီမ သွားတော့၊ ညီအောင့်ကို ချစ်တယ်မဟုတ်လား၊ အေး ချစ်တာချစ်၊ ကိုကိုမောင် ဘာမှမပြောဘူး၊ ဒါပေမဲ့ သူနဲ့တော့ ဘယ်တော့မှ နှစ်ယောက် ချိန်းတွေ့ ချိန်းလည်တာတွေ မလုပ်နဲ့၊ အဲဒါကိုတော့ ကတိပေး၊ ဟုတ်လား မတိုးလည်း ဒီဂရီရ၊ သူလည်း ဒီဂရီရလို့ ဆက်ချစ်နေသေး

www.foreverspace.com.mm

တယ်ဆိုရင် ယူလိုက်ကြတာပေါ့၊ ဒီအတွင်းတော့ ဘယ်တော့မှ နှစ်ယောက်ချင်း မတွေ့ရဘူး၊ ကဲ ကတိပေးလား'

'ဟုတ်ကဲ့'

'ကဲ. . .ကဲ သွားတော့'

မတိုးသည် မျက်ရည်သုတ်ရင်း ထွက်သွားလေသည်။ ကိုကိုမောင်၏ စီရင်ချက်ကို တစ်အိမ်လုံး ဘယ်သူမှ စောဒကမတက်ကြဘဲ ငြိမ်နားထောင်နေကြလေသည်။

မတိုးသည် အခန်းထဲမှအထွက်တွင် သူ့အမေကို မကြည့်ရဲ ကြည့်ရဲ ခိုးကြည့်သည်။ ဒေါသဖြစ်နေသေးသော်လည်း ယခင်ကလောက် တင်းမာခက်ထန်ဟန် မရှိတော့သည့်အတွက် စိတ်သက်သာသွားသည်။ တစ်အိမ်သားလုံး ဝိုင်းပြီးဆူနေကြစဉ်က မတိုးသည် ခေါင်းလေး အတွင်ငုံ့ထားသော်လည်း အံတုလိုစိတ်က ဆူထလာသည်။ သူ့ရင်ထဲမှ ချစ်စိတ်များသည် ဆူဝေတက်လာဟန်ရှိသည်။ ယခု ကိုကိုမောင်က သာယာညင်းပျောင်း ပြောလိုက်သောအခါတွင်ကား ပွက်ပွက်ဆူနေသော စွဲလမ်းစိတ်များ အတန်ငယ် ငြိမ်သွားသည်။ အံတုလိုစိတ်နှင့်မဟုတ်ဘဲ ပကတိမျက်စိနှင့် ပြန်ပြီး စဉ်းစားလာနိုင်သည်။

'ကိုညီအောင်က ဒေးဗစ်ချန်းနဲ့ တူတာကိုး၊ မမတိုးက ကြိုက်တာပေါ့'

အခန်းထဲမှ ထွက်သွားသော မတိုး၏ နောက်ကျောကိုကြည့်ရင်း ဖိုးတာက ကိုကိုမောင်အား ခပ်တိုးတိုး လှမ်းပြောသည်။

'ဘယ်သူလဲကွ ဒေးဗစ်ချန်းဆိုတာ'

'ကိုကိုမောင်ကလည်း၊ ဒေးဗစ်ချန်းဆိုတာ တရုတ်မင်းသားဗျ၊ လက်တစ်ဖက် ဓားသမားကားထဲက မင်းသားလေ၊ အခုနောက် တစ်ကား လာနေ

www.foreverspace.com.mm

ပြန်ပြီ၊ အဲဒီအထဲမှာ သူက ကွန်ဖူးသမား၊ သိပ်တော်တာ၊ တီလုံးက ဘောက်ဆင်သမား၊ ဒါတောင် သူတို့က ဘရုစ်လီလောက် မတော်သေးဘူးတဲ့'

ကိုကိုမောင်သည် ဒေးဗစ်ချန်းကိုလည်း မသိပေ။ ဘရုစ်လီကိုလည်း မသိ။ တီလုံးကိုလည်း ဘယ်သူမှန်း မသိချေ။ သူရှေ့တန်း ရောက်နေစဉ် ပြည်တွင်းပြည်ပ အဖျက်သမားများကို နှိမ်နင်းနေစဉ် တွင် မြို့မှ ဖိုးတာတို့လို လူငယ်လေးများသည် ဒေးဗစ်ချန်းတို့၊ ဘရုစ် လီတို့ကို ကိုးကွယ်နေပေပြီ။ စံချပ်ကူတွေ၊ နံချပ်ကူတွေ ကစားနေလေ သည်။

'မင်း လူတွေက ရုပ်ရှင်ထဲမှာတော့ တော်တာပေါ့ကွ'

'အံမာ အပြင်မှာလည်း ကွန်ဖူးသမား အစစ်တွေတဲ့၊ တကယ်တော်တာ သိလား'

ကိုကိုမောင်သည် ခပ်သဲ့သဲ့ ပြုံးလိုက်ရင်း ဖိုးတာ၏အိပ်ရာ ခေါင်းရင်းတွင် ကပ်ထားသော မင်းသားဓာတ်ပုံများကို ငေးကြည့်နေမိလေသည်။

'ဒီမှာ ဖိုးတာ၊ မင်းဗန္ဓုလတို့၊ ဘုရင့်နောင်တို့အကြောင်းသိလား၊ ကျန်စစ်သား၊ အလောင်းဘုရားရော၊ ငထွေရူးတို့၊ ငလုံးလက်ဖယ်တို့ရော၊ သမိန်ဗရမ်းအကြောင်းရော သူတို့တွေကို မင်းသိသလား ဖိုးတာ'

ဖိုးတာသည် ရုတ်တရက် ကောက်မေးလိုက်သော သူ့အစ်ကိုကြီးအား ခပ်ကြောင်ကြောင် လှမ်းကြည့်လေသည်။ ထို့နောက် ဟက်ခနဲ ရယ်လိုက်သည်။

'ဟား. . .ဟား သိတာပေါ့၊ ကျောင်းမှာ အသင်းလေးသင်းရှိ တယ်လေ၊ အဲဒီနာမည်တွေ ပေးထားတာပေါ့၊ ကျွန်တော်က ဘုရင့်နောင်အသင်းလေ၊ အရောင်က အစိမ်း'

'အဲ. . .ဘုရင့်နောင်အကြောင်း မင်း ဘာသိလဲ'

'အဟက် ဝါးတားတားပဲ'

www.foreverspace.com.mm

ဖိုးတာက ရယ်ကျဲကျဲနှင့် ဖြေသည်။ ဦးလူလုသည် မျက်မှောင်ကြုတ်နေသော သားကြီးနှင့် ပြောင်စပ်စပ် ရယ်နေသော သားထွေးကို ယှဉ်ကြည့်ရင်း ရယ်ချင်ငိုချင် ဖြစ်သွားသည်။ မတိုးအပေါ် ထွက်ခဲ့သော ဒေါသများသည်လည်း အတန်ငယ်ပြေပျောက်သွားပြီး မတိုးကိစ္စကိုပင် မေ့သလို ဖြစ်သွားလေသည်။ သားကြီးဘက်မှ တစ်စုံတစ်ရာ ဝင်ပြောလိုသော်လည်း ဘာပြောရမည် မသိဘဲ ဖြစ်နေလေသည်။

'ကိုကိုမောင်ရယ် ဒီခေတ်လူငယ်ဟာ ဒီခေတ်အကြောင်းပဲ သိမှာပေါ့၊ ဖိုးတာကို ဒေါသထွက်မနေပါနဲ့'

'မဟုတ်သေးပါဘူးကွာ'

မောင်မောင်နိုင်က ဝင်ပြောသောအခါ ဦးလူလုရော၊ မောင်မောင်ကြီးပါ တစ်ဦးနှင့် တစ်ဦးလှမ်းကြည့်ပြီး သက်ပြင်းရှိုက်လိုက်ကြသည်။ ဆံရှည်ကိစ္စတုန်းက ခေတ်ဘက်မှ ရှေ့နေလိုက်ခဲ့သော မောင်မောင်ကြီးသည် သည်တစ်ခါတော့ ခေတ်ကိုလက်မခံဘဲ ဘဝင်မကျ ဖြစ်နေပုံရသည်။

'မဟုတ်သေးပါဘူးကွာ၊ ခေတ်တွေ ဘယ်လောက်ပြောင်းနေနေ၊ ငါတို့မြန်မာရာဇဝင်က ပြောင်းခဲ့တာမှ မဟုတ်ဘဲကွ၊ သမိန်ဗရမ်းနဲ့ ဂါမဏိတို့ စီးချင်းထိုးခဲ့ကြတာတွေဟာ တကယ်ဖြစ်ခဲ့တာတွေပါကွ၊ မြန်မာတပ်ကို အထပ်ထပ် ဝိုင်းထားတဲ့ ကသည်းတပ်ကြီးကိုအရ ဖောက်ပြီး ထွက်ခဲ့တဲ့ ငစနေတို့၊ ငပေတို့ ဆိုတာကလည်း ငါတို့မြန်မာ ပြည်သား စစ်စစ်တွေပါ၊ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ အဖြစ်အပျက်တွေဟာ မြန်မာရာဇဝင်မှာ အများကြီး ရှိပါတယ်၊ အဲဒါတွေဟာ ရုပ်ရှင် မဟုတ်ဘူးကွ၊ တကယ်ဖြစ်တာ ဒါကို မြန်မာကလေးဖြစ်တဲ့ ဖိုးတာက အကုန်သိရမယ်၊ ဂုဏ်ယူရမယ်'

မောင်မောင်ကြီးသည် ပြောရင်းဆိုရင်း ဒေါသထွက်လာလေသည်။ ဖိုးတာသည် သူ့အစ်ကိုမျက်နှာ နီလာသည်ကို တွေ့သောအခါမှ ခေါင်း

www.foreverspace.com.mm

ကုတ်ရင်း မျက်နှာပိုးသတ်လိုက်သည်။

စကားဝိုင်းကို ငြိမ်ပြီး နားထောင်နေသော သူတို့အမေသည် ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ ဝါးခနဲသမ်းလိုက်သည်။ သူသည် သားကြီး ပြောနေသည့် သမိန်ဗရမ်းတို့၊ ငစနေတို့ကိုလည်း စိတ်မဝင်စား၊ သားငယ်ပြောသည့် ဘရစ်လီတွေ၊ ဒေးဗစ်ချန်းတွေကိုလည်း စိတ်မဝင်စားပေ။ သူစိတ်ဝင်စားသည်မှာ ဆန်ဈေး၊ ဆီဈေးနှင့် ငရုတ်၊ ကြက်သွန် ဈေးတို့သာဖြစ်သည်။ ထို့ကြောင့် ထိုင်ရာမှထရင်း နောက်ဖေးဘက်သို့ ထွက်ခဲ့သည်။ ဈေးတက်ဦးမည်ပြော၍ များများဝယ်ထားမိသော ငရုတ်သီးများ မှိုတက်ချင်နေသည်။ ရေစင်စင်ဆေးကာ နေပူကျက် ကျက်လှန်းရဦးမည်ကို သတိရသောကြောင့် ဖြစ်လေသည်။

ဖိုးတာသည် လျှာလေး တစ်ချက်ထုတ်ကာ နောက်ဖေးဝင်သွားသော သူ့အမေနောက်သို့ ပြေးလိုက်သွားလေသည်။

ဦးလူလှနှင့် သားအကြီးနှစ်ဦးသည် အခန်းတွင်း၌ ခပ်ငိုင်ငိုင် ကျန်ခဲ့ကြသည်။ မစိုးသည် သူတို့သုံးဦးကို ငေးကြည့်နေရင်း ကိုကိုမောင်ပြောသည့် မြန်မာသူရဲကောင်းများအကြောင်းကို စဉ်းစားနေသည်။ သူ စာရေးဆရာဖြစ်သောတစ်နေ့တွင် ထိုမြန်မာသူရဲကောင်းတို့အကြောင်း ရေးရမည်ဟု စိတ်ထဲတွင် တေးမှတ်ထားလိုက်မိလေသည်။ ဒါမှမဟုတ် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ကြီး ဖြစ်လာပါကလည်း ထိုအကြောင်းများကို ရုပ်ရှင်ရိုက်ရမည်။ ငစနေတို့သည် အစွမ်းကောင်းသော မျိုးချစ်သူရဲကောင်းများဖြစ်ကြောင်း ပြန်လည်ဖော်ထုတ်သင့်ကြောင်း တွေးမိသည်။ လက်တစ်ဖက်ဓားသမား လေလီကို လက်ခုပ်တီးနေသော လက်ကလေးများသည် မြန်မာသူရဲကောင်းတို့အကြောင်း ကြည့်ရသိရ၊ ကြားရပါကလည်း သောင်းသောင်းဖြဖြ ဩဘာ

www.foreverspace.com.mm

ပေးကြမည်ပင်ဖြစ်သည်။ အမျိုးကို ဂုဏ်ယူစိတ်လည်း တက်ကြွလာမည် ဖြစ်သည်။

မစိုးသည် တွေးရင်း တောရင်း သက်ပြင်းရှိုက်လိုက်သည်။ တွေးမည့်သာ တွေးနေရသည်။

မစိုး၏ စာတစ်ပုဒ်ပင် ပုံနှိပ်စာလုံး မဖြစ်သေးချေ။ ရုပ်ရှင်ရိုက်ကူးရန်ကား လေထဲတွင် တိုက်အိမ်ဆောက်ခြင်းသာဖြစ်သည်။ သူသည် စာရေးဆရာလည်း မဟုတ်ချေ။ ကုမ္ပဏီပိုင်ရှင်၊ ဒါရိုက်တာလည်း မဟုတ်ချေ။

ထို့ကြောင့် သူ့အတွေးထဲမှ စိတ်ကူးတို့သည် လေထဲတွင်ပင် ပျောက်သွားလေသည်။

* * *

'အစ်ကို . . .'

'ဟင်. . .လေးနွယ်'

အောင်ကိုသည် တအံ့တသြ ရေရွတ်လိုက်မိသည်။ လေးနွယ်သည် သူ့အနားသို့ ဝမ်းသာသော အပြုံးလေးနှင့် ချဉ်းကပ်လာသည်။

'လေးနွယ် ဒီမှာနေသလား'

'ဟိုဘက် လမ်းထဲမှာနေတာ အစ်ကိုရဲ့၊ အရင်ရက်တွေက အစ်ကို့ကို တွေ့လိုက်တယ်လို့ ချာတိတ်ကပြောလို့ လေးနွယ် အစ်ကို လာလို လာငြား ဒီလမ်းထိပ်က သမဝါယမမှာ ဆန်ထုတ်ရင်း လာစောင့်နေမိတာ'

'ဟုတ်တယ်၊ ဒီလမ်းထဲက ဟိုပျဉ်ထောင်အိမ်ကြီးမှာ သူငယ်ချင်းတွေ စုငှားနေကြတယ်လေ၊ သူတို့ဆီမှာလာပြီး စာပေါင်းကျက်နေတာ၊ တို့တွေဆေးရုံ သွားသေးတယ်၊ လေးနွယ်တို့ ဆင်းသွားပြီ'

'အစ်ကိုက လာမှမလာဘဲ၊ ချာတိတ်ဆို တမျှော်မျှော်နဲ့'

www.foreverspace.com.mm

'နောက်ပိုင်း စာကျက်ဖို့ ကျောင်းပိတ်ပေးလိုက်တယ်လေ၊ ဒါနဲ့ မရောက်ဖြစ်တာ၊ ဘာဆိုဘာမှ လှည့်မကြည့်နိုင်ဘူး လေးနွယ်ရေ၊ စာပုံထဲမှာကို ခေါင်းစိုက်ပြီး နစ်နေတာ၊ နောက်ပြီး ဆေးရုံက ဆင်းဦးမယ်လည်း မထင်လို့၊ သွားတော့ လွဲသွားတယ်၊ မနက်ကပဲ ဆင်းသွားပြီတဲ့'

အောင်ကိုသည် လေးနွယ်၏ မျက်လုံးညိုညိုလေးများကို ကြည့်ရင်း စိတ်ထဲတွင် ပျော်လာသည်။ သူ စာကျက်ရာသို့ပင်လိုက်ပြီး အနှောင့်အယှက်ပေးတတ်သော မျက်လုံးညိုညိုလေးများ ဖြစ်သည်။ သူ ဆေးရုံရောက်၍ ဆင်းသွားပြီဟု သိရစဉ်က ရင်ထဲတွင် အတော်ဟာသွားသေးသည်။ လိပ်စာကလေးမှ မေးမထားမိသော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသေးသည်။

'အစ်ကိုတို့ စာမေးပွဲတွေ ပြီးပြီဆို'

'ဘယ်သူပြော . . .'

'ဒီလိုပဲ စုံစမ်းကြည့်တာပေါ့'

လေးနွယ်သည် အမှန်အတိုင်း ဖြေလိုက်ပြီးမှ ရှက်ရွံ့သလို မျက်နှာလေး နီသွားလေသည်။ ထို့နောက် ကမန်းကတန်း စကားပြင်သည်။

'ဟုတ်ပါဘူး ချာတိတ်က ပြောတာပါ၊ သူက ဟိုအိမ်က လူတွေနဲ့ သိတယ်တဲ့'

'ပြီးသေးဘူး လေးနွယ်ရဲ့၊ ရေးဖြေသာပြီးတာ၊ နှုတ်ဖြေ ရှိသေးတယ်၊ အောင် အောင် ဆုတောင်းပေးနော်'

'အို. . .ပေးမှာပေါ့'

သူတို့နှစ်ဦးသား လမ်းဘေးတွင်ရပ်၍ စကားပြောနေကြသည်။ အောင်ကိုသည် သူတို့ နောက်ဆုံးနှစ် အတန်းသားများ ကျောင်းပြန်ဖွင့်သည်ကိုပင် ကြံဖန်ပြီး ကျေးဇူးတင်၊ ဝမ်းသာနေသည်။ အဆောင်မနေရတော့

www.foreverspace.com.mm

သောကြောင့်သာ သူကောင်းသားတို့သည် အရပ်ထဲတွင် အိမ်ငှားပြီးနေဖြစ်ကြခြင်းဖြစ်သည်။ ထမင်းကို ဆိုင်တွင် ဖြစ်သလို၊ ကြုံသလို စားကြရရင်း အိပ်စရာလေး တစ်နေရာ ရဖို့အတွက် တလည်လည် ရှာဖွေကြရသည်။ တိုက်တိုက်ဆိုင်ဆိုင် လေးနွယ်တို့ အရပ်ထဲတွင်မှ လာနေဖြစ်သော သူငယ်ချင်းများကို ကျေးဇူးတင်ရမည် ဖြစ်သည်။ ထို့ကြောင့် အဆက်အသွယ်ပြတ်သွားသူနှစ်ဦး ပြန်ပြီးဆုံဆည်း မိခြင်း ဖြစ်လေသည်။

'အစ်ကို လေးနွယ်တို့အိမ် လိုက်မလည်တော့ဘူးလား'

နဖူးပေါ်ဝဲကျနေသော ဆံနွယ်ဆေးများကို အမှတ်မဲ့ သပ်တင်ရင်း လေးနွယ်က မျှော်လင့်ဟန်လေးနှင့် မေးသည်။ ထိုအခါမှလက်ညှောင်းရမည်ကို သတိရတော့သည်။ အောင်ကို၏ လက်ထဲတွင် စာအုပ်များ တစ်ပုံတစ်ပင် ပွေ့ပိုက်ထားလေသည်။

'စာမေးပွဲပြီးမှ လာခဲ့မယ် လေးနွယ်ရေ၊ အိမ်နံပါတ်ပြောခဲ့'

အောင်ကိုက ပြုံးရယ်ရင်း ဖြေလိုက်သည်။ အောင်ကိုကို အားကိုးကြီးစွာ မော်ကြည့်နေသော လေးနွယ်၏ မျက်လုံးညိုညိုလေးများသည် ရုတ်တရက် ညိုမှိုင်းသွားလေသည်။

'စာမေးပွဲပြီးမှလာရင် လေးနွယ် ဒီမှာရှိချင်မှတောင် ရှိတော့မှာ'

'ဘာဖြစ်လို့လဲ အိမ်ပြောင်းမှာမို့လား'

'ဟုတ်တယ်'

မျက်ရည်လေး မသိမသာ ဝဲလာသော မျက်လုံးလေးများကို ကြည့်ရင်း အောင်ကိုသည် စိတ်လှုပ်ရှားသွားသည်။ အားကိုးခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်းတို့ အကုန်ရောယှက်နေသော မျက်နှာငယ်ငယ် နုနုလေးကို ကြည့်ရင်း တစ်စုံတစ်ရာ ပြောချင်ပုံရသည်ကို သိလိုက်သည်။

'လေးနွယ် ဘာဖြစ်နေလို့လဲ ဟင်'

www.foreverspace.com.mm

'လေး. . .လေးနွယ်ကို အိမ်က ယောကျ်ားပေးစားတော့မလို့ အစ်ကိုရဲ့'

'ဟာ'

အောင်ကို၏ ရင်ထဲတွင် ဟာခနဲ ဖြစ်သွားသည်။ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'လူကြီးက အဖေ့အရွယ်လောက်ကြီး၊ အဖေ့သူငယ်ချင်း အရက်သမားကြီး သူက ကျောက်မှောင်ခိုလုပ်နေတာ၊ ပိုက်ဆံတော့ အားကြီးရှိတာပဲ'

'နေ. . .နေပါဦး လေးနွယ်ရယ်၊ အဲဒါကို လေးနွယ်အဖေက သဘောတူသတဲ့လား'

'တူတာပေါ့၊ သူက ယူခိုင်းနေတာ၊ အို . . .အစ်ကိုရယ် လေးနွယ်သေချင်တယ်၊ စောစောစီးစီးက ရည်းစားထားမိရင်လည်း ရည်းစား နောက်လိုက်ပြေးတယ်၊ ခုတော့ လိုက်ပြေးစရာ ရည်းစားလည်း မရှိသေးဘူး အစ်ကိုရယ်၊ လေးနွယ် ဘာလုပ်ရမှာလဲ'

လေးနွယ်သည် ပြောရင်းဆိုရင်း မျက်ရည်ကျလာသည်။ စီးကျလာသော မျက်ရည်များကို လက်ဖနောင့် နှစ်ဖက်စလုံးနှင့် ပွတ်သုတ်ရင်း ကလေးလို ရှိုက်လိုက်သည်။

'လေးနွယ်ရယ် လမ်းလယ်ခေါင်မှာ ငိုမနေပါနဲ့၊ လူတွေ ကြည့်ကုန်ပါ့မယ်'

အောင်ကိုသည် သူ့အင်္ကျီအိတ်တွင်းမှ လက်ကိုင်ပဝါဖြူဖြူလေးကို ထုတ်ကာ ကမ်းပေးလိုက်သည်။ ရင်ထဲတွင် ဟင်းလင်းပြင်ကြီးလို ဖြစ်ကာ ကြောင်တက်တက် ဖြစ်သွားသည်။

'လေးနွယ် ဘာလုပ်ရမလဲ အစ်ကိုရယ်'

လေးနွယ်သည် ပဝါဖြူလေးနှင့် မျက်လုံးအိမ်ကို ခပ်ကြမ်းကြမ်းလေး ပွတ်သုတ်ရင်း အသံတုန်တုန်လေးနှင့် ထပ်ပြောသည်။ အားကိုးတကြီးကြည့်

www.foreverspace.com.mm

နေသော မျက်လုံးညိုညိုလေးများကို မကြည့်ရက်သည့်အတွက် အောင်ကို သည် ခေါင်းငိုက်စိုက်ကျသွားလေသည်။

'မယူလို့ မရဘူးလားကွယ်'

'မရဘူး အစ်ကိုရဲ့၊ အတင်းပေးစားနေတာ၊ အိမ်မှာ ငွေလိုတယ်၊ အကြွေးတွေဝိုင်းလို့၊ နောက်ပြီး လူကြီးက ချာတိတ်ကို ကျောင်းထား ပေး မယ်တဲ့'

အောင်ကိုသည် စာအုပ်များကို ဘယ်ပြောင်း၊ ညာပြောင်း ပွေ့ပိုက်ရင်း သက်ပြင်းချလိုက်သည်။ လေးနွယ်ကို သူဘာအကြံပေးရလေမည်နည်း။ ဘာများ ကူညီနိုင်မည်နည်း။ အဖေအရွယ်လောက်ကြီးနှင့် လေးနွယ်ကို မယူ စေရန်အတွက် သူတို့အိမ်ထောင်စုတွင် လိုနေသော ငွေများကိုလည်း သူမဖြည့် နိုင်။ ဝိုင်းနေသော အကြွေးများကိုလည်း မဆပ်နိုင်။ ချာတိတ်ကိုလည်း ကျောင်းထား၍မပေးနိုင်ချေ။ အရေးထဲတွင် ဆရာမင်းသုဝဏ်၏ 'ဘကြီး အောင်ညာတယ်' ဇာတ်လမ်းလေးကို ဗြုန်းစားကြီး သတိရမိသည်။ ဆင်စွယ် ယမင်းရုပ်လေးကို ဝယ်ယူရန် ဘုန်းကြီးကျောင်းသားလေး ငွေစုနေစဉ် မြို့ အုပ်မင်းကို ဘကြီးအောင်က ရောင်းလိုက်ခြင်းဖြစ်သည်။ အောင်ကို သက် ပြင်း ရှိုက်လိုက်မိပြန်သည်။ ဘုန်းကြီးကျောင်းသားလေးသည် ငွေစုလိုက် နိုင်သေးသည့်အတွက် သူ့ထက်ကံကောင်းသည်ဟု ဆိုရမည်။ ဆေးကျောင်း သား လေးခများမှာတော့ ယမင်းရုပ်ကို ဝယ်ယူရန် ဘာအခြေ ဘာအနေမှ မရှိရှာလေပါ။

'ဟော. . .ဟိုးမှာ အဖေလာနေပြီ၊ လေးနွယ် သွားမယ် အစ်ကို'

လေးနွယ်သည် ခေါင်းလေးငုံ့ကာ ခပ်သုတ်သုတ် ထွက်သွားလေ သည်။ လက်ကိုင်ပဝါဖြူလေးကို ပြန်မပေးဘဲ လက်ထဲတွင် ဆုပ်ကိုင် သွား သည်။

www.foreverspace.com.mm

လေးနွယ်၏ နောက်ကျောပြင်ကို ငေးကြည့်နေမိစဉ် လေးနွယ်၏ ဖခင်သည် အောင်ကိုဧ၏အနီးမှ ဖြတ်သွားလေသည်။ သူ့ခြေထောက်တို့သည် အတန်ငယ် ယိုင်နေသည်။ ထို့နောက် ကဇော်နံ့ ပြင်းပြင်းကို ရှူရှိုက်လိုက်ရသည်။

အောင်ကိုသည် ခေါင်းငိုက်စိုက်ချကာ လျှောက်လာခဲ့သည်။

သူ့နေရာတွင်သာ ညီအောင်ဟုဆိုလျှင် လေးနွယ်ကို ချက်ချင်း ခိုးပြေးလိမ့်မည် ထင်သည်။

သို့သော် သူသည် ညီအောင် မဟုတ်ပေ။

ညီအောင့်ထက် ငါးနှစ်ကျော်ကျော် ကြီးလေသည်။

သူ စာမေးပွဲအောင်ပါမှ ဟောက်(စ်)ဆာဂျင် ဖြစ်မည်။

တစ်လ နှစ်ရာနှင့် တစ်နှစ် လုပ်ရမည်။ ထို့နောက် မည်မျှကြာ အောင် ထိုင်၍အလုပ်စောင့်ရဦးမည် မပြောနိုင်ချေ။ ဆေးဆိုင်ဖွင့်၍ ကုစားရအောင်ကလည်း ဆေးရှိမှ ဖြစ်ပေမည်။ ဆေးရှိအောင် ဆေးစုရမည်။ ဆေးစုချင်လျှင် ငွေကို အထပ်လိုက် ကိုင်ရမည် ဖြစ်လေသည်။

သူ့ရင်ထဲတွင် ပူနေသည်။

ရှေ့နောက် စဉ်းစားတတ်သော ညာဉ်ကိုပင် မုန်းချင်လာသည်။ သူ့၌ ညီအောင့်လို သတ္တိမရှိပေ။

လူဟူသည် အသက်ကြီးလျှင် ကြောက်တတ်လာသည်ထင်သည်။

*　　*　　*

'ဟား . . ပြီးပြီကွ အောင်အောင် ကျကျ ပြီးတာကတော့ ပြီးသွားပြီ'

အောင်ကိုသည် စာမေးပွဲခန်းထဲမှ ထွက်ခဲ့ရင်း ခပ်တိုးတိုး အော်လိုက်

www.foreverspace.com.mm

သည်။ အေးမြမြလေကို တစ်ဝကြီးရှိုက်ပြီး ရှူလိုက်သည်။ သည်နေ့ ကံကောင်းသည် လူနာကို စမ်းသပ်ပြီး ရောဂါရှာရသည်။ ဆရာက ဘေးက ကြည့်နေလေသည်။ ကံကောင်းလျှင် အေးအေးသက်သာ အစမ်းခံပြီး ကောင်းကောင်းမွန်မွန် ပြောပြသူနှင့် ကြုံရသည်။ ကံဆိုးလျှင်ကား အစမ်းအသပ်မခံဘဲ မျက်နှာရှစ်ခေါက်ချိုး လူနာနှင့် တွေ့ရလေသည်။ အစမ်းအသပ် မခံချင်သူအား မည်သည့်ရောဂါ ခံစားနေရသနည်း မှန်းဆရသည်မှာ မလွယ်လှချေ။ သည်နေ့လည်း ရင်တထိတ်ထိတ်နှင့် အခန်းထဲ ဝင်ရသည်။ ကံကောင်းထောက်မသဖြင့် အောင်ကို စမ်းသပ်ရသော လူနာသည် စိတ်ရှည်လက်ရှည် အစမ်းခံလေသည်။ သူ့ဘေးခုတင်မှ ကျောင်းသားခများတော့ ကံဆိုးရှာသည်။ ဆောင်းတွင်း စောစောစီးစီးမို့ လူနာသည် စောင်မလှပ်လိုပေ။ စောင် သာမက အင်္ကျီကိုပါ လှန်ပြီး စမ်းရသောအခါ ချမ်းသည်ဟု ဆိုသည်။ အစမ်းမခံဘဲ မှောက်အိပ်သည်။ မေးသမျှကိုလည်း ကောင်းစွာ မဖြေပေ။ ရောဂါရှာမရသော ကျောင်းသားခများ မျက်နှာလေး ဆီးရွက်လောက်သာ ကျန်ရှာတော့သည်။

'ကျွတ်တယ်ကွာ၊ တကယ်ဂျစ်တဲ့ လူကြီး၊ ငါ့မှာ သေရေး၊ ရှင်ရေး၊ စာမေးပွဲကျရင် ဒုက္ခပဲ၊ ရောဂါက ဘာနာမည် တပ်လိုက်ရမလဲကို မသိဘူးကွာ၊ အစမ်းလည်းမခံ၊ ကောင်းကောင်းလည်း မဖြေ၊ ဒီတစ်ဘာသာတော့ ကျပါပြီ'

စာမေးပွဲခန်းထဲမှ ထွက်လာသောအခါ သူ့ခများ မျက်ရည်များပင် ဝိုင်းနေသည်။ လူနာနှင့် ဆရာဝန် ပူးပေါင်းမှုမရှိလျှင် အနာရောဂါကို ရှာရန် မလွယ်ပေ။

'စိတ်မပူပါနဲ့ကွာ၊ မင်းလူနာ ဂျစ်ကန်ကန်လုပ်နေတာ ဆရာတွေလည်း သိသားပဲ'

www.foreverspace.com.mm

'သိတာတော့ သိတာပေါ့လေ၊ ဒါပေမဲ့ ဘာဖြစ်ဖြစ် ငါက စည်းရုံးနိုင် ရမယ်လို့ ပြောမှာပေါ့ကွာ၊ ဟော့ကောင် ရသလားကွ၊ ငါတော့ ကျွတ်တာပဲ'

အသံများ ဆူညံနေစဉ် အောင်ကိုသည် အသာလျှိုထွက်ခဲ့သည်။ နံနက် ရှစ်နာရီကတည်းက စာမေးပွဲခန်းထဲ ဝင်နေခဲ့ရသည်။ ယခု ထွက်လာသော အခါ နှစ်နာရီပင် ထိုးလုပေပြီ။ နံနက်စာ လုံးဝမစားရသေးပေ။ နံနက် စောစောက စားခဲ့သော ပဲပြုတ်နှင့် နံပြားလည်း ခုနေ အမှုန်ပင် ဖြစ်လောက် ပေပြီ။ ဗိုက်ထဲက တဂွီဂွီ အော်မြည်လာတိုင်း ချိုချဉ်လေး တမြုံ့မြုံ့ ဝါးနေခဲ့ရ လေသည်။

ဘာပဲဖြစ်ဖြစ် စာမေးပွဲကတော့ ပြီးသွားပေပြီ။ နှုတ်ဖြေ လေးဘာသာ လည်း ပြီးပြီ။ စာများနှင့် လေးပြီးပိနေခဲ့ရာမှ ပေါ့ပေါ့ပါးပါး လွတ်လွတ် လပ်လပ်ကြီး ဖြစ်သွားလေသည်။

တစ်နှစ်လုံး ကြိုးစားခဲ့သမျှ ကျက်မှတ်ခဲ့သမျှသည် အလဟဿတော့ မဖြစ်ပေ။ အောင်စာရင်း မထွက်သေးသော်လည်း ကိုယ့်ကိုယ်ကိုယ် အောင် လိမ့်မည်ဟု ယုံကြည်ထားလိုက်သည်။

'ဟေ့. . .ကျောင်းသား'

'ဟာ ဇော်လှိုင်မြင့်'

အခန်းထောင့်မှ ချိုးကွေ့ပြီး အထွက်လိုက်တွင် ဇော်လှိုင်မြင့်ကို ဘွားခနဲ တွေ့ရသည်။ အောင်ကို၏ ပခုံးကို ဖျန်းခနဲရိုက်ကာ နှုတ်ဆက်လိုက်သည်။

'အောင်မာ. . .ငါကျောင်းသား မဟုတ်တော့ဘူး၊ စာမေးပွဲ အောင် တော့မှာ၊ စေ့စေ့ကြည့်ထား၊ ဒေါက်တာ အောင်ကိုဆိုတာ အီကိုပဲ'

စိတ်လက် ပေါ့ပါးနေသော အောင်ကိုသည် ရင်ကိုကော့ကာ ခင့်ရှင့်ရှင် လေး ပြောလိုက်လေသည်။

'ဟား. . .ဟား ဒေါက်တာ အောင်ကိုဖြစ်တော့ ဆေးတန်းစီ တိုးစားဖို့

www.foreverspace.com.mm

တစ်ထစ်နီးလာတာပေါ့'

'မင်း ဒီလိုမပြောပါနဲ့ကွာ၊ ငါဘယ်တော့မှ ဒီအလုပ်မျိုး မလုပ်ဘူး၊ အလုပ်မရသေးရင်လည်း တတ်သမျှ မှတ်သမျှ ကိုယ့်ဟာကိုယ် ကုစားမှာပဲ'

အောင်ကိုနှင့် ဇော်လှိုင်မြင့်တို့ နှစ်ဦးသား ယှဉ်ပြီးလျှောက်လာကြသည်။ ဇော်လှိုင်မြင့်၏ လက်ထဲတွင် လိမ္မော်သီးများ ထည့်ထားသော စက္ကူအိတ် တစ်အိတ်ကို ပိုက်ထားသည်။ သူ့အဒေါ် ဆေးရုံတက်နေရသဖြင့် လိမ္မော်သီး လာအပို့တွင် အောင်ကိုနှင့် တွေ့ရခြင်း ဖြစ်သည်။

'မင်း ကုစားတော့ရော ကုစရာ ဆေးရှိလို့လား'

'ရှိရမှာပေါ့ကွ၊ ဆေးမရှိဘူးဆိုပြီး ငုတ်တုတ်ထိုင်နေရမှာလား၊ ဒီ တိုင်းပြည် ဒီလူနာတွေဟာ ငါတို့ လက်ထဲမှာ ကုနိုင်အောင် ငါတို့ ကြိုးစား ရမှာပဲ၊ တတ်တဲ့ပညာကို အသုံးချရမှာပဲ'

'အေးကွာ၊ မင်းလိုစိတ်ဓာတ်ရှိတာ ကောင်းပါတယ်၊ ဒါပေမဲ့ လူတစ်ရာ မှာ ဘယ်နှယောက် အဲဒီလိုစိတ်ဓာတ်မျိုး ရှိမှာလဲ'

အောင်ကို ဘာမှပြန်မပြောမိချေ။ ထို့နောက်မှ ခပ်လေးလေး ပြော သည်။

'လူတစ်ရာမှာ တစ်ရာလုံး ရှိရင်တော့ သိပ်ကောင်းမှာပေါ့လေ၊ ဒါပေမဲ့ အမေကျော်ပြီး ဒွေးတော်လွမ်းတဲ့ သူတွေက အများကြီး မဟုတ်လား၊ ဇော် လှိုင်မြင့် မင်းလည်း အပါအဝင်ပဲ'

အောင်ကိုသည် တည့်တည့်ကြီး ပြောချလိုက်သောအခါ ဇော်လှိုင်မြင့် မျက်နှာသည် နီမြန်းသွားသည်။ ထို့နောက် လျှောက်နေရာမှ ရုတ်တရက် ရပ်လိုက်လေသည်။

'ဒီမှာ အောင်ကို၊ မင်း ငါ့ကို မကျေမနပ် ဖြစ်နေတာ ငါသိပါတယ်၊

www.foreverspace.com.mm

တိုင်းပြည်ချစ်တယ်၊ လူမျိုးချစ်တယ်ဆိုတာ သိပ်ကောင်းတယ် ဆိုတာကို လည်း ငါ သိပါတယ်၊ ဒါပေမဲ့ ဒီမှာ သူငယ်ချင်း၊ မင်းက ငါ့ကို ရေပေါ်ဆီလို့ မြင်ပြီးသားပဲ၊ ရေပေါ်ဆီဆိုတော့ ကောင်းကောင်းနေ၊ ကောင်းကောင်းစား ချင်တာပဲ၊ ခုလည်းကြည့် ဆေးရုံကြီးတဲ့၊ လူနာတွေ ပြွတ်ကြပ်တိုးနေတာပဲ၊ အခု ငါ့အဒေါ် ဆေးရုံတက်ရတာ ကော်ရစ်ဒါမှာ အိပ်ရတယ်'

'အေးလေ ဘယ်တတ်နိုင်မှာလဲ၊ ဆေးရုံနဲ့ လူနာနဲ့က မဆံ့ဘူး၊ နေရာ ရှိသမျှတော့ အကုန်တင် အကုန်ကုတာပဲ'

'အေးလေ ဆေးရုံအသစ်လည်း မဆောက်နိုင်ဘူး မဟုတ်လား၊ တို့ တိုင်းပြည်က ဆင်းရဲတယ်လို့ မင်းပြောဦးမှာပဲ'

'အေး ဆင်းရဲတယ်၊ အဲဒီလို ဆင်းရဲတဲ့ကြားထဲက အင်ဂျင်နီယာ၊ ဆရာဝန်တွေကို အစိုးရက ငွေစိုက်ထုတ်ပြီး ပညာသင်ပေးခဲ့ရတာကွ၊ ငါတို့ တစ်လတစ်လ ပေးနေရတဲ့ ကျောင်းလခ ဆယ့်ငါးကျပ်နဲ့ ငါတို့ လေ့လာ တာ၊ စမ်းသပ်တာ၊ သင်ကြားတာတွေလောက်တယ် အောက်မေ့လို့လား၊ မင်းကို ခဏတစ်ဖြုတ် အလုပ်သွားလုပ်တယ်ဆိုရင် ငါ မပြောဘူး၊ အပြစ် မတင်ဘူး၊ ကိုယ့်တိုင်းပြည်ကို ခြေစုန်ကန်ပြီး သူများပြည်မှာ တစ်သက်လုံး သွားနေဖို့ စိတ်ကူးတာကိုတော့ အံ့သြတယ်၊ ငါတို့တိုင်းပြည်ကြီး ဆင်းရဲ တယ်၊ ဟုတ်တယ်၊ ဒီတော့ ငါတို့ ဆင်းရဲခံရမယ်၊ ပင်ပင်ပန်းပန်း လုပ်ရမယ်'

'မင်း မသေမချင်း လုပ်ရမှာပဲ၊ ဒီအတောအတွင်းတော့ မချမ်းသာ သေးဘူး'

'ဟေ့. . .ငါတို့ အဘိုးတွေအဘွားတွေ မသေမချင်း တိုက်ခဲ့လို့ ငါတို့ ကျွန်ဘဝက လွတ်လာခဲ့တာ ဇော်လိုင်မြင့်၊ ခုလည်း ငါတို့ မသေမချင်း ကြိုး စားရမှာပဲ၊ ငါတို့ မချမ်းသာပေမယ့် ငါတို့ ကောင်းကောင်းကြိုးစားလုပ်ကိုင် ခဲ့ရင် ငါတို့ သားတွေ မြေးတွေလက်ထက်ကျတော့ ချမ်းသာမှာပေါ့'

www.foreverspace.com.mm

'အေး . .အေး စောင့်နေ၊ သားတွေ မြေးတွေအထိ'

ဖော်လှိုင်မြင့်သည် ပခုံးတွန့်ကာ ပြောသည်။ ဒေါသထွက်နေဟန်ရှိသော အောင်ကိုကို ကြည့်ရင်း ဆက်လက်ပြီး စကားအငြင်းအခုံ မလုပ်လိုတော့ပေ။ စကားအဆက်ရှိ၍သာ ပြောနေရသော်လည်း သူ အမှန်စင်စစ်ပြောလိုသည်မှာ ထားထားအကြောင်း ဖြစ်သည်။ ထို့ကြောင့် အတန်ကြာငြိမ်နေပြီးမှ ခပ်တိုးတိုးမေးသည်။

'ထားထားရော'

'သြော်. . .မေ့လို့၊ တစ်လောကတောင် မင်းအကြောင်း မေးနေသေးတယ်'

'ဘာတဲ့လဲ'

'ဘယ်တော့သွားမှာလဲတဲ့၊ လက်ဆောင်ပေးလိုက်ချင်လို့တဲ့'

'ဘာများ ပေးမလို့ပါလိမ့်'

'သူ့အသည်းတွေ နှလုံးတွေကို မင်းနဲ့အတူ ပေးလိုက်မလို့ ဖြစ်မှာပါ၊ သူ့ခမျာ ကားဂိတ်မှာတောင် မျက်ရည်ကျလို့၊ မင်း မတရားဘူး'

ဖော်လှိုင်မြင့်သည် ရုတ်တရက် ငိုင်သွားလေသည်။ ချစ်ခြင်း မေတ္တာသည် အရာရာကို စိုးမိုးသည်ဟု ဆိုသော်လည်း တစ်ခါတစ်ရံတွင်ကား မစိုးမိုးနိုင်သည်ကို သိမြင်လာသည်။ သူနှင့် ထားထားသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြသည်မှာ အမှန်ပင်။ ထားထားကို ချစ်သော စိတ်နှင့် သူ့တက်လမ်းဟု သူယုံကြည်သော လမ်းစဉ်ကိုစွန့်ကာ ထားထားနှင့် အတူမနေနိုင်ပေ။ ထားထားကလည်း သူ့ကို ချစ်စိတ်နှင့် မောင့်မျက်နှာ တစ်ရှာမှတ်ပြီး လိုက်ခဲ့ရန် စိတ်မကူးပေ။

'သူ့ကို သွားတွေ့ရရင် ကောင်းမလား၊ သူကတော့ မလာပါနဲ့တဲ့'

'သွားမနေပါနဲ့ကွာ၊ တော်ကြာ အနာဖေးတက်နေတဲ့ အနာလေး

www.foreverspace.com.mm

ထွဲခွာပြီး ဆားသိပ်ထည့်တာနဲ့ တူနေဦးမယ်’

ထောင့်ချိုးရောက်သောအခါ သူတို့နှစ်ဦးလုံး ရပ်လိုက်ကြသည်။ အောင်ကိုသည် ဆေးရုံကြီးထဲမှထွက်ကာ ဇော်လှိုင်မြင့်က အပေါ်ထပ်သို့ တက်ရမည်ဖြစ်သည်။

‘ကဲ. . .သွားဦးမယ်ကွာ၊ ဆာလှပြီ’

‘အေး အေး ငါလာခဲ့ဦးမယ်’

သူတို့နှစ်ဦးသည် လမ်းခွဲလိုက်ကြသည်။

အောင်ကို၏ ဗိုက်ထဲမှလည်း ဆန္ဒပြလှချေပြီ။ ထို့ကြောင့် အိမ်သို့ အမြန်ပြန်ရန် ဦးတည်မိသည်။ သူ စာမေးပွဲဖြေလျှင် သူ့မိခင်သည် ဘုရားစင်ရှေ့မှ မထတော့ပေ။ နာရီကို ရှေ့ချပြီး ပုတီးစိပ်ကာ တတွတ်တွတ်နှင့် ဆုတောင်းနေတတ်လေသည်။ စာမေးပွဲပြီးလောက်သော အချိန်မှ ဘုရားစင်ရှေ့မှ ထလိမ့်မည်ဖြစ်သည်။

ယနေ့နံနက်လည်း သူရဿတီမယ်တော်ကို စံပယ်ပန်းများကပ် လှူကာ ဆုတောင်းနေရစ်လေသည်။ အိမ်အမြန် ပြန်ပြေးပြီး ‘ဖြေနိုင်တယ် မေမေရေ့’ဟု ပြောချင်စိတ်နှင့် ခြေကို သွက်သွက်လှမ်းမိသည်။

သို့သော် လေးနွယ်ကို သတိရသောအခါ သူ့ခြေလှမ်းတို့ကို အရေးပေါ်ဌာနဘက်သို့ ဦးတည်လိုက်သည်။ အရေးပေါ်ဌာနတွင် တာဝန်ကျနေသော သူနာပြုဆရာမလေးသည် လေးနွယ်၏သူငယ် ချင်းဖြစ်ကြောင်း သိခဲ့ရသည်။ သူ့ဆီသွားပြီး လေးနွယ်၏ သတင်းကို မေးနိုင်လေသည်။ သည်တစ်ပတ် ဆယ်ရက်လောက်အတွင်းတော့ လေးနွယ်ခမျာ သူ့အဖေ သူငယ်ချင်း၏ ဇနီးမယား မဖြစ်တန်ကောင်းသေးဟု ကိုယ့်စိတ်ကိုကိုယ် အားပေးထားသည်။ လေးနွယ်အကြောင်း တွေးမိသောအခါ ပျော်ရွှင်တက်ကြွနေ

www.foreverspace.com.mm

သောစိတ်များ ညှိုးချုံးသွားလေသည်။ သူတစ်ခုတည်းသာ တတ်နိုင်သည်။ လေးနွယ်ကို သူများ မယူဖြစ်ပါစေနဲ့ဟု ဆုတောင်းရုံပင်ဖြစ်သည်။ သူက တော့ ယူရန်အခြေအနေ မရှိသေးပေ။

ဆေးကျောင်းသားလေးသည် ယမင်းရုပ်လေးကို ဝယ်ယူရန်ငွေမှ မစု ရသေးမီ ကျောက်မှောင်ခိုဏ်လက်သို့ ရောက်သွားမည်ကို အမှန်တကယ်ပင် ပူပန်မိလေသည်။

'လေးနွယ် နက်ဖြန်ခါ လက်ထပ်မယ်လေ၊ မသိသေးဘူးလား၊ သတို့ သားကြီးကတော့ တပြုံးပြုံးနဲ့ ပျော်လို့၊ လေးနွယ်ကသာ ငိုနေတာ'

သူနာပြုလေးက ဆီးပြောသည်။

အောင်ကို၏ ဦးနှောက်တို့သည် ကျိုက်ကျိုက်ဆူနေသော ရေနွေးပူထဲ ချစိမ်လိုက်သလို ပူကျက်သွားလေသည်။

နံရံကို အားလျော့စွာ မှီလိုက်ရင်း လှုပ်ရှားနေသောသူများကို အဓိပ္ပါယ် မဲ့ ငေးကြည့်နေလိုက်မိသည်။

အခန်းထဲတွင် မိန်းမကြီးတစ်ဦးသည် ဗိုက်ကို လက်နှစ်ဖက်နှင့်နှိပ်ရင်း အော်ဟစ်နေသည်။ သူ့မျက်နှာသည် ပြာနှမ်းပြီး ချွေးသီးချွေးပေါက် ယိုစီး နေသည်။ ဘာရောဂါလည်းတော့ အောင်ကို မဝေခွဲတတ်ချေ။ သူ့ဘေးတွင် ဆယ်နှစ်ရွယ် ကလေးငယ်တစ်ယောက် ငိုကြွေးနေသည်။

ဘာဖြစ်လာသလဲတော့ မသိ။ ခြေထောက်တွင် စည်းထားသော အဝတ်သည် သွေးများ စွန်းပေနေလေသည်။ သူတို့အနားတွင် တာဝန်ကျ ဆရာဝန်လေးကို တွေ့ရသည်။

'အလုပ်တွေကလည်း များလိုက်တာဟယ်၊ ခုထိကို ထမင်းမစားရသေး ဘူး၊ ခုနကလည်း လူနာတစ်ယောက် ဘတ်စ်ကားပေါ်က ပြုတ်ကျတာ လေ၊ ဆေးရုံရောက်လာတော့ သတိမေ့လို့၊ သေသာသွားရော ဘယ်သူမှန်း

www.foreverspace.com.mm

မသိဘူး၊ အခု ထုတ်လာတဲ့ အလောင်းပေါ့'

ဆရာမလေးက ဆက်ပြောသည်။ အဝတ်ဖြူနှင့် အုပ်ထားသော အလောင်းတစ်လောင်းကို လက်တွန်းလှည်းနှင့် တွန်းလာသည်။

အောင်ကိုသည် ပင့်သက်ရှိုက်ရင်း အသာဘေးကပ်ရပ်လိုက်လေသည်။ ဘတ်စ်ကားပေါ်က ပြုတ်ကျသူတွေ မကြာခဏ ဆေးရုံရောက်လာတတ်သည်။ တစ်ခြမ်းစောင်းနေသော ကား၏အပေါက်ဝတွင် တန်းလန်းခိုလိုက်နေကြရသဖြင့် အဆင်မသင့်သောအခါ ဝုန်းခနဲ ပြုတ်ကျတတ်လေသည်။

'ဘယ်အကြောင်း ကြားရမယ် မသိဘူးတဲ့၊ မှတ်ပုံတင်လည်း မပါဘူး၊ သိတဲ့လူလည်း မရှိဘူး'

ဘေးမှကပ်၍ ပြောနေသောအသံကို ကြားနေရသောအခါ ဦးနှောက်များ ဆူဝေကာ စိတ်လက် မကြည်သာသည့်အထဲမှ စူးစမ်းချင်သောစိတ်က ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လက်တွန်းလှည်း သူ့ရှေ့မှ ဖြတ်သွားစဉ် အဝတ်ဖြူကို မသိမသာ ဆွဲလှပ်ပြီး မျက်နှာကို ကြည့်လိုက်မိသည်။

'ဟိုက်'

အောင်ကို၏ ဦးခေါင်းသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် လည်သွားလေသည်။

* * *

'အင်္ကျီချုပ်တာများ မခက်ပါဘူးဟယ်၊ အညောင်းခံနိုင်ရင် ရတာပဲ၊ အေးလေ ညှပ်တဲ့နေရာမှာတော့ နည်းနည်းအရေးကြီးတာပေါ့၊ ပုံမကျရင်တော့ ဘယ်လွယ်မလဲ၊ သတင်းစာစက္ကူနဲ့ အရင်ညှပ်ကြည့်လေ၊ ပြီးမှ အဝတ်

www.foreverspace.com.mm

ကိုညှပ်ပေါ့'

ခင်မလတ်သည် လှလှ ညှပ်နေသော အင်္ကျီလေးကို ငေးကြည့်နေမိသည်။ ချိုင်းအောက်ဘက်ရှိ ဒေါက်ထည့်ရမည့်နေရာလေးတွင် တွန့်ပြီး ညှပ်လိုက်သည်ကို မျက်စိနှင့် လိုက်မှတ်လိုက်သည်။

သည်နေ့ စနေနေ့၊ ခါတိုင်း စနေနေ့များတွင် ခင်မလတ် ခြေရှည်လေ့ရှိသည်။ သို့သော် အခုတော့ စနေဆိုလျှင် ရုံးဆင်းသည်နှင့် အိမ်ကို တန်းပြီး ပြန်လာလေ့ရှိသည်။ ဗိုလ်ချုပ်ဈေးဘက် ခြေဦးမလှည့်တော့ပေ။ တစ်စုံတစ်ခု ဝယ်ခြမ်းစရာ ရှိလျှင်ပင် ဖိုးဂျင်ကို မှာလိုက်သည်။ ကိုယ်တိုင် မသွားတော့ပေ။ ဖော့ရိပ်တွေ၊ လှိုင်းကြီးတွေ၊ ဒေါက်ဖိနပ်တွေကို သံယောဇဉ် မကုန်သေးသော်လည်း အပြတ်ဖြတ်နိုင်အောင် ကြိုးစားရသည်။ ဈေးဘက်သို့ ရွေ့ချင်နေသော ခြေထောက်များကို မနည်းကြီး အိမ်ဘက်သို့ဆွဲကာ ပြန်လာရလေသည်။

'သမီးရေ မလတ်၊ အမေ ပြည်သူ့ဆိုင်သွားလိုက်ဦးမယ်၊ ဒီနေ့ ငံပြာရည် ရမယ်တဲ့၊ အိမ်ကို ကြည့်ထားဦးနော်၊ ဖိုးဂျင် မရှိဘူး'

'ဟုတ်ကဲ့. . .အမေ'

ဒေါ်ကျော့သည် ပြောပြောဆိုဆို ငံပြာရည်ပုလင်းလေးဆွဲရင်း ထွက်သွားသည်။ ခင်မလတ်သည် သူတို့အိမ်ဘက်မှ တံခါးစေ့ထားသည်ကို စောင်းငဲ့ကြည့်လိုက်သည်။ လူစိမ်းဝင်မည်ကိုကား မပူရပေ။ ခင်မလတ် ထိုင်နေသော နေရာသည် သူတို့ အိမ်အပေါက်ဝကို လှမ်းမြင်နေရလေသည်။

'ကော်ကပ်တာ၊ ချုပ်တာက သိပ်မခက်ပါဘူး၊ ညှပ်တာကသာ အရေးကြီးတာ၊ တချို့ ညှပ်ပုံဟန်မကျတော့ လက်မောင်းအိုးကြီးတွေ ပွလို့၊ အင်္ကျီကုတ်ကြီးတွေ ထောင်လို့ သိပ်ရုပ်ဆိုးတာ'

လှလှသည် အင်္ကျီစပေါ်တွင် ခဲတံလေးနှင့် ရေးမှတ်နေရင်းမှ ရှင်းပြသည်။ ခုတစ်လော ခင်မလတ်နှင့် လှလှတို့ တွဲမိနေကြသည်။ အင်္ကျီ

www.foreverspace.com.mm

ချုပ်တတ်လျှင် အငှားချုပ်ဦးတော့ တစ်ထည် ငါးကျပ်ရနိုင်သည်။ တစ်လကို အပိုဝင်ငွေ တစ်ရာလောက် ရနိုင်သည်ကို တွက်မိသဖြင့် ခင်မလတ်သည် လှလှ အင်္ကျီညှပ်တိုင်း လာပြီးကြည့်သည်။ တစ်လ တစ်လ အပိုဝင်ငွေလေး ရှိပါမှ သူနှစ်သက်သော အင်္ကျီ၊ လုံချည်လေးများကို သန့်သန့်ရှင်းရှင်း ဝယ်ယူနိုင်မည် ဖြစ်ကြောင်းကို ခင်မလတ် ကောင်းစွာ မြင်လာပြီ ဖြစ်လေသည်။

လှလှကလည်း ကျေနပ်သည်။ ခင်မလတ်သည် သူနှင့်စကားပြောဖော်ရရုံမက သူ့ထံမှ ပညာယူနေသူတစ်ဦး ဖြစ်ခြင်းကြောင့် မိမိ ကိုယ်မိမိ အားတက်လာသည်။ လောကတွင် သူသည်လည်း အဖိုးတန် ပညာတစ်ရပ် တတ်ထားသူအဖြစ် သိမြင်ဂုဏ်ယူလာသည်။

'ထားထားရော'

'ခုနတုန်းကတော့ အင်္ကျီကော်ကူကပ်နေသေးတယ်၊ နောက်ဖေး ဝင်သွားတယ်၊ စပါးလုံး သွားရွေးနေတယ် ထင်ပါရဲ့၊ ဒီအပတ်ရတဲ့ မီးဒုံးက စားပျော်တယ်၊ စပါးလုံးများတာ တစ်ခုပဲ'

အခန်းထဲတွင်ရှိသော ထားထားသည် သူ့အစ်မ၏အသံကို နားထောင်ရင်း သဲ့သဲ့လေး ပြုံးလိုက်လေသည်။ သူသည် စာရေးစက္ကူ ကတ်ကို ရှေ့ချကာ ဝမ်းလျားမှောက်ရင်း စာခိုးရေးနေခြင်းဖြစ်သည်။ စပါးလုံး ရွေးရန် စိတ်ပင်မကူးသေးချေ။

**ကိုရေ. . .**

ဘယ်တော့ သွားမှာလဲ။

ပြန်လာမှာ မဟုတ်တဲ့သူကို ထားထား ထာဝရနှုတ်ဆက်လိုက်ပါတယ်၊ သွားပေတော့ကွယ်။

ထားထားကို သတိရပါလို့ မမှာချင်ပါဘူး။

ထားထားကလည်း မေ့ချင်တယ် ကိုရယ်။

www.foreverspace.com.mm

သတိရရင် တမ်းတခြင်းပါ ပါလာမှာပဲ၊ တမ်းတခြင်းနဲ့အတူရင် တွေနာလာမှာ မဟုတ်လားဟင်၊ ထားထားတို့ နှစ်ယောက်လုံး အတိတ်ကို မေ့ပစ်နိုင်ကြရင် သိပ်ကောင်းမှာနော်။

'စက်ကလေး တစ်လုံးလောက် သိပ်လိုချင်တာပဲ မမလှရယ်၊ စက်သာရှိရင် အင်္ကျီချုပ်တာ သိပ်မြန်တာ၊ တစ်နေ့လေးငါးခြောက် ထည်ပြီးနိုင်ရင်တော့ ရုံးအလုပ်ထွက်ပြီး အင်္ကျီချုပ်စားမယ်'

'အင်္ကျီချုပ်တာ သိပ်ညောင်းတာ'

'ညောင်းညောင်းပေါ့ မမလှရယ်၊ ပိုက်ဆံလည်း ရတာပဲ၊ ကျွန်မကတော့ လုပ်ရင်သူဌေးဖြစ် လုပ်ချင်တာ၊ ဖိုးဂျင်ကတော့ ပြောရှာသား၊ ပိုက်ဆံရှိရင် ကက်ဆက် မဝယ်တော့ပါဘူး၊ စက်ဝယ်ပေးမယ် တဲ့'

ရုတ်တရက် ရစ်ဝဲသော မျက်ရည်များကိုထိန်းရင်း ထားထားသည်ကြားနေရသော အသံများကို အမှတ်မထင် နားထောင်နေမိလေသည်။ ခင်မလတ်ကို ပတ်ဝန်းကျင်က အထင်သေးကြလေသည်။ ထားထားကိုမူ အထင်ကြီးကြသည်။ ကံကြွေ့ရသည် ပိပြားသည်ဟု ထင်ကြလေသည်။

ဝေ့ထွက်သွားသော အတွေးမျှင်များကို ပြန်ဆွဲယူရင်း ထားထားသည်နာနာကျင်ကျင်လေး ပြုံးလိုက်မိသည်။ ခင်မလတ်သည် သူ့ကိုယ်သူ ထိန်းနိုင်မထိန်းနိုင် ဟူသည်ကိုတော့ ထားထားမသိ။ ပတ်ဝန်းကျင်က အထင်ကြီးသော ထားထားကမူ မိမိကိုယ်မိမိ ကောင်းစွာ မကာကွယ်နိုင်ခဲ့ပေ။ သက်ပြင်းလေး တစ်ချက်ရှိုက်ပြီး စာကို ဆက်ရေးသည်။

ကို့ကို ကဗျာလေး တစ်ပုဒ်တော့ ရေးပေးလိုက်ချင်တယ်၊ စပ်တဲ့ သူက 'ငွေတာရီ'လေ၊ သူအင်္ဂလန်ကို ခြောက်လလောက် ရောက်သွားတယ်တဲ့၊ သူများတိုင်းပြည်မှာ သိပ်တိုးတက် ထွန်းကားနေတာ မြင်ရတော့ ဒီကဗျာ

www.foreverspace.com.mm

လေးကို သူစပ်ခဲ့တာပဲ၊ တိုင်းပြည် နှစ်ပြည်ကို ခြံနှစ်ခြံအဖြစ် သူယှဉ်ပြထားတယ်လေ၊ ကဗျာနာမည်က 'သာသည့်မြေသို့'တဲ့။

အလှထူးပါဘိ
မြဖူးပြာအင်္ဂုံနှင့်
လွှာရုံမှာ ညှာစုံကျင်းရော့ထင်
ဖြူဝင်း ငွေမှုန်လွှာတို့
လေယူရာ ရန့်ညင်း
သင်းပျံ့ခဲ့ သူ့ခြံမှာ။
ငါ့ခြံ ကြည့်ပြန်တော့
မချို ပူပွေဖြာခဲ့၊
မြေပြာမှာ နေစာမတင့်နိုင်ဘု
ကြည်စရာ နီဝါတွေလည်း မပွင့်လေတော့
စိမ်းရင့်ရောင် နွယ်ချုံဖုတ်တွေက
ရှုပ်ထွေးကာ လိမ်ခွေယှက်
အားပျက်စရာ။
သူ့စခန်း
သာဆန်း ရဂုံသွင်မို့
ငါလှမ်းကာ ခိုဝင်လို့
ပြာငွေစင် ကြိုင်ပျံ့ရှားပါတဲ့
ပွင့်ငုံဆင် ပင်တွေကြားမှာလ
လျှောက်သွားကာ ပျော်လိုလှပါဘိ
မြရောင်စို သည်မြက်ခင်းရယ်နဲ့

www.foreverspace.com.mm

ညင်းလေခို သစ်ညိုရိပ်မှာဖြင့်
လျောင်းအိပ်လို့ တစ်ကိုယ်သာ
ရွှင်ပါချင့်စိတ်ထဲ။
သို့လဲလေ
မသင့်လျော်ပေဘု
ငါ့ခြံမြေ ဥယျာဉ်နန်းဟာလဲ
လှလေသည် သာစခန်းပေပေါ့
စိတ်ပန်းကို သည်လိုဖြေလို့
ကျက်သရေ တက်နေဝင့်အောင်လ
ငါ့ခြံမြေ အခြေမြှင့်ချင်ငဲ့
သူ့မြေမှာ ဖြူပြာပွင့်ရင်ဖြင့်
ငါ့မြေမှာ နီဝါတင့်ရမပေါ့
အခွင့်အခါ မျှော်လို့
ဥယျာဉ်တော် သာယာရေးကိုလ
ရှုမြင်မျှော် ခါခါတွေးပါလို့
မနေးပင် အားအင်ထုတ်လို့ရယ်
ပေါင်းနုတ်ဖို့ ခဲ။

ကိုရယ် နားလည်ရဲ့လား။ တစ်ခေါက်နဲ့ နားမလည်ရင် နှစ်ခေါက် ဖတ်ပါ။ နှစ်ခေါက်နဲ့ နားမလည်ရင်လည်း လေးခေါက် ဖတ်ပါကွယ်။

ထားထားတို့ကတော့ ပေါင်းနုတ်နေမယ့် သူတွေပါ။ ကိုယ့်ခြံ ကိုယ့်မြေမှာ ပေါင်းပင်တွေ ရှင်းလင်းပြီး ပန်းပင်လေးတွေ စိုက်နေရစ်မယ်နော်။

သွားပေတော့ ကိုရေ၊ တစ်သက်တာ ထာဝရအတွက် နှုတ်ဆက်လိုက်ပါတယ်။

www.foreverspace.com.mm

ကို ထားရစ်တဲ့

**ထားထား**

ထားထားသည် မျက်ရည်ပူများကို လက်ဖမိုးနှင့် ဖိသုတ်လိုက်သည်။ ခွဲခွာခြင်း ဟူသည် မည်သည့်ခွဲခွာခြင်းမဆို နှလုံးသားကို ဒဏ်ရာရစေမြဲဖြစ်လေသည်။ ယခုလည်း ထားထား၏ ရင်ထဲတွင် မောမောဟိုက်ဟိုက် နာနာကျင်ကျင်ကြီး ဖြစ်နေလေသည်။

စာရွက်ပြာလေးပေါ်တွင် မျက်နှာကို မှောက်ချလိုက်ရင်း ထားထားသည် အသက်ကို ခပ်ပြင်းပြင်းရှိုက်ပြီး ရှူလိုက်မိသည်။ အတန်ကြာအောင် ငြိမ်နေပြီးမှ စာရွက်လေးကို ခေါက်လိုက်သည်။ အသင့်ယူထားသော စာအိတ်လေးထဲထည့်ကာ ပိတ်လိုက်လေသည်။

'မမလှ'

'ဟဲ့. . .အောင်ကို၊ သြော်. . .ဒေါ်ဒေါ်ခင်ပါ ပါတာကိုး၊ လှလှတို့က အင်္ကျီကုန်းညှပ်နေလို့ ဝင်လာတာတောင် မသိလိုက်ဘူး၊ လာ လာ'

စာအိတ်ကလေးကို ခေါင်းအုံးအောက်သို့ ထိုးထည့်လိုက်စဉ် လှလှ၏ အသံကို ကြားရသည်။

ဒေါ်ဒေါ်ခင်နှင့် အောင်ကို သားအမိနှစ်ယောက်လုံး ဘာစိတ်ကူး ပေါက်ပြီး အိမ်လည်လာသနည်းဟု တွေးမိရင်း ထားထားသည် အခန်းထဲမှ ကဲပြီး ကြည့်လိုက်မိသည်။

ဒေါ်ဒေါ်ခင်၏မျက်နှာသည် ခါတိုင်းလို ပြုံးချိုမနေပေ။ မျက်ရည် မသိမသာ ဝဲနေသည်။ အောင်ကိုကမူ မျက်နှာကြီးနီကာ တံတွေး တနင်နင် ဖြစ်နေလေသည်။

'ဟို. . .ဟို ထားထားရော'

'ရှိပါတယ် ဒေါ်ဒေါ်ခင်ရဲ့၊ ဟဲ့ ထားထား လာပါဦး'

www.foreverspace.com.mm

ခင်မလတ်ရော လှလှပါ သူတို့မျက်နှာထားများကို ကြည့်ကာ ရင်ထိတ်လာသည်။ ထားထားသည် အခန်းထဲမှ ခပ်သွက်သွက်လေး ထွက်လာလေသည်။

'ဘာဖြစ်လို့လဲ ဒေါ်ဒေါ်ခင်ရဲ့'

'ဟို. . .ဟိုဟာပါ လှလှတို့ အဖေလေ'

'အင်း. . .အဖေ ပြန်မလာသေးဘူး'

'အဲ အဲဒါ'

'အဲဒါ ဘာဖြစ်လဲဟင်'

'ဘတ်စ်ကားပေါ်က ကျလို့တဲ့'

'အမေရေ ဘုရားကယ်ပါ'

ထားထားသည် အနီးရှိတိုင်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ရင်းမှ သတိလက်လွတ် အော်လိုက်မိလေသည်။ ထိုင်နေရက်မှ မော်ကြည့်နေသော လှလှ၏လက်ထဲမှ ကတ်ကြေးကြီးလည်း ဒေါက်ခနဲ လွတ်ကျသွားသည်။

ထိုစဉ်တွင် အဘွားသည် အိမ်ထဲသို့ ခပ်သုတ်သုတ် ဝင်လာလေသည်။ အဘွားနောက်တွင် မစိုးနှင့် မတိုးလည်း ပါလာသည်။ မစိုးသည် အဘွားကို ကျော်တက်ပြီး ထားထားဆီသို့ အပြေးတစ်ပိုင်းနှင့် လျှောက်လာသည်။

'တော်တော် ဆိုးလားဟင်၊ အခု အခု အဖေရော'

'အခုလား'

'ဟုတ်တယ်၊ အဖေ အဖေ ဆေးရုံမှာလား'

'ဟုတ်တယ် ဆေးရုံမှာ'

'ကဲ. . .ထ မမလှ၊ အဝတ်လဲ၊ ထားတို့ လိုက်သွားမယ် မြန်မြန်လုပ်'

ရုတ်တရက် မှင်တက်မိသွားရာမှ သတိပြန်ဝင်လာကာ ကမန်း ကတန်း

www.foreverspace.com.mm

ပြောသော ထားထားကိုကြည့်ရင်း အောင်ကို ရင်ထဲတွင် နင့်လာသည်။ မပြော မဖြစ်သောကြောင့် အားတင်းပြီး ပြောရသော အောင်ကို၏အသံသည် လည် ချောင်းထဲတွင် ပျောက်သွားပြီး တိုးတိုး အက်အက်ကြီး ဖြစ်သွားလေသည်။

'မသွားပါနဲ့ ထားထားရယ်'

'ဟင်. . .ဘာဖြစ်လို့'

'သူ သူဆုံးပြီ'

'အမယ်လေး'

လှလှသည် စူးစူးဝါးဝါး အော်လိုက်လေသည်။ သူ့ဘေးတွင် မျက်နှာ ငယ်လေးနှင့် ငုတ်တုတ်ထိုင်နေသော ခင်မလတ်သည် တောင့်တောင့်ကြီး ဖြစ်သွားသော လှလှကို တင်းကြပ်စွာ ဖက်ထားလိုက်သည်။

'မမထား. . .မမထားရဲ့ သတိထားပါ'

မစိုးနှင့် မတိုးသည် ကျောက်ဖြူသားလေးလို ဖြူလျော်ပြီး ငြိမ်သက် သွားသော ထားထားဆီသို့ ပြေးလာကြသည်။

ထားထား၏ ခေါင်းထဲတွင် တစီစီမြည်ကာ ဆူညံနေသည်။ နားထဲ တွင် အဖေ့အသံများကိုသာ ကြားနေသည်။ မျက်စိထဲတွင် အဖေ့ ရုပ်သွင်ကို သာ မြင်နေသည်။ ထားထား မယုံ။ အဖေ မသေနိုင်သေး။

'ကျွန်တော် ရောက်သွားတော့ ဆုံးနေပြီ၊ ဆေးရုံကလည်း ဘယ်သူမှန်း မသိဘူး၊ ကျကတည်းက သတိမေ့သွားတာတဲ့'

အဖေ့အသံများကို ဖောက်၍ အောင်ကို၏ အသံသည် သဲ့သဲ့လေး တိုး ဝင်လာသည်။ အဖေ့ရုပ်သွင်များကြားမှ မျက်စိမျက်နှာ ပျက်နေသော အောင် ကိုကို ရေးရေးလေး မြင်ရသည်။

ထားထား မယုံချင်သော်လည်း ယုံရတော့မည်။

အဖေ သေပြီ။

www.foreverspace.com.mm

'အမယ်လေး အဖေရဲ့၊ အသေဆိုးလှချည်လား အဖေရဲ့'

လှလှသည် ရုတ်တရက် အော်ငိုလိုက်သည်။ မျက်ရည် ဖြိုင်ဖြိုင် စီးကျနေသော လှလှ၏မျက်နှာလေးကို သတိလက်လွတ် ငေးကြည့်ရင်း ထားထား၏တစ်ကိုယ်လုံး တုန်ယင် အေးစက်လာလေသည်။

ထို့နောက် တာကျိုးသလို အန်ထွက်လာသော မျက်ရည်ပူများကြောင့် ထားထားမျက်လုံးများ ဝေဝါးသွားလေတော့သည်။

*　　　*　　　*

ဦးလူလှသည် လမ်းမပေါ်ထွက်၍ ချက်ပြုတ်နေကြသူများကို အိမ်ပေါ်မှဆီးပြီး ကြည့်နေမိသည်။ ထားထားတို့ဖခင် ဦးအုံးကျော် ဆုံးသည်မှာ နက်ဖြန်ဆိုလျှင် တစ်ပတ်ပြည့်ပေပြီ။ ရက်လည် ဆွမ်းကျွေးရန်အတွက် ဝိုင်းဝန်းချက်ပြုတ်နေကြခြင်း ဖြစ်လေသည်။ အုန်းနို့ခေါက် ဆွဲကျွေးမည်ဟု ဆိုသည်။

မတိုးသည် ဇလုံထဲတွင် ပဲမှုန့်များထည့်၍ ပယ်ပယ်နယ်နယ် လျက်ရှိသည်။ သူ့ဆံပင်တွေ ပဲရေများ ကပ်နေသည်ကိုလည်း သိပုံမရချေ။

သူ့ဘေးတွင် ငရုတ်သီးထောင်းနေသော မစိုးကို တွေ့ရသည်။ ညီအောင်နှင့် ဖိုးဂျင်သည် ကြက်သားပြုတ်အိုးထဲမှ ကြက်သားဖတ်များကို ဆယ်နေသည်။ ခင်မလတ်သည် မီးခိုးများ အူနေသော ထင်းမီးဖိုကို မီးပြောင်းနှင့် ကုန်းမှုတ်နေလေသည်။

ဒေါ်ခင်ခင်သည် မုန့်ကြွပ်ကြော်နေကာ ဒေါ်ကျော့သည် အိမ်နောက်ဖေးမှ ထင်းခြမ်းများကို မနိုင်မနင်း သယ်လာလေသည်။ အတော်လေး နေကောင်းနေပြီဖြစ်သော မောင်မောင်ကြီးလည်း လမ်းမပေါ်ရောက်နေသည်။

www.foreverspace.com.mm

ထားထားတို့ အိမ်ရှေ့ အုတ်ပုံလေးတွင် ထိုင်ရင်း ဆရာဦးလှအောင်နှင့် စကားကောင်းနေသည်။

သည်လိုဆိုတော့လည်း သူတို့လမ်းလေးသည် ယိုင်းပင်းကူညီတတ်သူများ ပြည့်နေသည်။ တက်တက်ကြွကြွ လုပ်ကိုင်နေကြသော လူငယ်များကိုကြည့်ရင်း ဦးလူလှသည် နှစ်သိမ့်ကျေနပ်လျက် ရှိလေသည်။

'မမလှ ထိုင်နေ၊ ဘာမှမလုပ်နဲ့ ကျွန်တော်တို့ လုပ်ပေးမယ်၊ အေးအေးဆေးဆေး ထိုင်နေ'

အိမ်အောက်ဆင်းလာသော လှလှကို ညီအောင်က နူတ်သွက်လျှာသွက်နှင့် လှမ်းပြောသည်။ အားကိုးအားထား ဖခင်ကြီး ဆုံးသွားပြီး မျက်စိသူငယ် ကျန်ခဲ့သော ညီအစ်မနှစ်ဦးအား သူတို့အားလုံး အသနား ပိုလျက်ရှိကြသည်။

'မတိုးတစ်ယောက်တည်း ပဲမှုန့်နယ်နေရတာ တို့ ကူနယ်မလို့ပါ ညီအောင်ရဲ့'

'နေ. . .နေ မမလှ နေ၊ ကျွန်တော် နယ်လိုက်မယ်'

ညီအောင်သည် ပြောပြောဆိုဆို မတိုး၏ဘေးသို့ ရောက်သွားသည်။ ဇလုံတစ်ခုဆွဲပြီး ပဲမှုန့်လောင်းထည့်သည်။ သူရှိရာ နေရာသို့ အကြောင်းရှာပြီး ရောက်လာမှန်းသိသဖြင့် မတိုးသည် ညီအောင့်ကို မသိမသာလေး မျက်စောင်းချိတ်ပြီး ပြုံးလိုက်လေသည်။

မီးလုံးနှစ်လုံးကို လမ်းမပေါ် ဆွဲထုတ်ထားသဖြင့် လမ်းမသည် လင်းလျက်ရှိသည်။ မီးလုံးနှင့်အပြိုင် မတိုး၏မျက်လုံးလေးများသည်လည်း လက်နေသည်။

'စာတွေ ပိုင်ပြီလား'

www.foreverspace.com.mm

'အိုး . . .သိပ်ပိုင်'

မတိုးက ခပ်တိုးတိုးလေးမေးသည်။ ညီအောင်သည် ပဲမှုန့်များကို ရေဖျော်ရင်း ရွှင်ပျစွာဖြေသည်။ သူ့အဖေ ဦးလှအောင်က မသိမသာ လှမ်းကြည့်နေသည်ကို တွေ့သောအခါမှ အသာလေး မျက်နှာပိုးသတ် လိုက်သည်။

'ဒီ များများထွက်အောင် ဖြေနော်'

'စိတ်ချ စိတ်ချ မမလေးထဘီဖိုး ကြိုးစားပြမယ်'

'ဟား . . .ဟား . . .ဟား ကြိုးစား၊ ကြိုးစား ထဘီတစ်ထည်ကို ငါးဆယ် ခြောက်ဆယ်ဆိုတာ အောက်ထစ်၊ ဟား ဟား'

နားစွန်နားဖျား ကြားလိုက်သော ဖိုးဂျင်က ဝေါခနဲ ထရယ်လေသည်။ မတိုးသည် ခေါင်းလေး ငုံ့သွားကာ ညီအောင်က တံတောင်နှင့် တွက်လိုက်သည်။ ဦးလူလှသည် အားလုံးကို မြင်လိုက်ရသော်လည်း မမြင်သလို မျက်နှာလွှဲလိုက်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့လေသည်။

'ဦးလေး ဆင်းလာတာကိုး၊ ထားထား ကုလားထိုင် ချပေးမယ်လေ'

'ရပါတယ် ငါ့တူမရယ်၊ ကိစ္စမရှိပါဘူး၊ လူငယ်တွေ တက်ညီ လက်ညီ လုပ်ကိုင်နေကြတာ ဦးလေး အားရလို့ပါ'

'အားလုံးကို သိပ်ကျေးဇူးတင်တာပဲ ဦးလေးရယ်၊ ထားထားတို့ လမ်းကလေးက သိပ်ပြီး ယိုင်းပင်းကူညီတတ်တာပဲ'

'မှတ်ထားကွယ့်၊ အဲဒါဟာ တို့မြန်မာတွေရဲ့ စိတ်ဓာတ်ပဲ၊ ဗီဇပဲ၊ သာရေးဖြစ်ဖြစ် နာရေးဖြစ်ဖြစ်၊ ဝိုင်းဝန်းကြ၊ ကူကြ၊ ညီကြတာတွေကို တို့အရှေ့တိုင်းမှာသာ အများဆုံး တွေ့နိုင်တာ'

ဦးလူလှသည် ထားထားကို တရင်းတနှီးကြီး ပြောလိုက်သည်။ ယခင်က သူတို့နှစ်ဦး တွေ့နေမြင်နေကြသော်လည်း စကားမပြောဘူးကြပေ။ သို့သော် အရေးဟဲ့ အကြောင်းဟဲ့ဟု ဖြစ်လာသောအခါ စုစည်းမိပြီးသား ဖြစ်

www.foreverspace.com.mm

သွားလေသည်။

'အေးကွယ်၊ ညီအစ်မ နှစ်ယောက်ထဲရယ်လို့ အားငယ်စရာ မလိုပါဘူး၊ ရပ်ဆွေရပ်မျိုးတွေကိုပဲ ဆွေမျိုးရင်းချာလို အားကိုးပေါ့ ဟုတ်လား'

'ဦးလေး အိမ်ပေါ်တက်ထိုင်ပါလား၊ ရေနွေးကြမ်းနဲ့ ကွာစေ့စားရင်း စကားပြောကြတာပေါ့၊ အစ်ကိုမောင်၊ ဦးလေးအောင် အိမ်ပေါ်ကြွပါ'

ဖိုးဂျင်က အိမ်ရှင်လုပ်ပြီး လာခေါ်သောအခါ ဦးလူလှသည် ထားထားတို့ အိမ်ကလေးပေါ် တက်လာခဲ့သည်။ အိမ်ရှေ့ဧည့်ခန်းတွင် ဖျာချောများ ခင်းပြီး ရေနွေးကြမ်း အိုးချထားလေသည်။ ဦးလူလှ၏ နောက်မှ ဦးလှအောင်နှင့် မောင်မောင်ကြီးလည်း ပါလာသည်။

'ခုမြင်ခုပျောက်၊ နေ့မြင်ညပျောက်၊ သေခြင်းတရားဟာ လက်တစ်ကမ်းအကွာမှာပဲ ရှိနေတာ၊ ဒီလောက် နီးကပ်နေတာကို လူတွေက မသိသလို မကြောက်သလို ရယ်ကြပျော်ကြ၊ တရားကျဖို့ ကောင်းလှတယ်ကွာ'

'ဒါကတော့ ဦးလေးရဲ့၊ သေခြင်းတရားကြီးကို ထိုင်ကြောက်နေရရင်လည်း လူတွေဟာ ဘာအလုပ်မှ လုပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ ပုတီးစိပ်ပြီး ရိပ်ကြီးခိုကုန်မှာပဲ'

'မကြောက်လို့ မဖြစ်ဘူး၊ ကြောက်ရမယ်ကွ'

'ကျွန်တော်တော့ သိပ်ကြောက်ဖို့ မလိုဘူးလို့ ယူဆတယ်၊ လူ့လောကမှာ လူဖြစ်တာရဲ့ နောက်ဆုံးပန်းတိုင်ဟာ သေခြင်းတရားပဲ၊ လူတင်မကဘူးလေ၊ သက်ရှိသတ္တဝါတိုင်း တစ်နေ့သေရမှာပဲ၊ ဒါကို သိထားရမယ်၊ သိထားခြင်းအားဖြင့် ဘာလုပ်လုပ် တရားလက်မဲ့ မလုပ်ဖြစ်ဘူး၊ စိတ်ကောင်းနဲ့ယှဉ်ပြီး လုပ်ဖြစ်တယ်၊ အဲ ဒါပေမဲ့ မသေခင် ကြိုပြီး ကြောက်နေဖို့တော့ မလိုပါဘူး ဦးလေးရဲ့၊ သေမှသာ သေလိုက်ကြတာပဲ ကောင်းပါတယ်'

ကွာစေ့ ပန်းကန်လေးလာချသော ခင်မလတ်သည် မောင်မောင်ကြီး

www.foreverspace.com.mm

ကို မသိမသာလေး စောင်းကြည့်သည်။ မောင်မောင်ကြီးကို တစ်ခါမှ အနီးကပ် မမြင်ဘူးသေးပေ။ နေလောင်ပြီး ညိုနေသော အသားနှင့် စူးရှထက်မြက်သော မျက်လုံးတို့ကို ခင်မလတ် သဘောကျနှစ်သက်လေသည်။ သူ့ကို ချစ်ခင်နှစ်သက်ဟန်ရှိသော သူ့ကို လက်ဆောင်များပေးသော ယောကျ်ားများနှင့် မောင်မောင်ကြီးကို စိတ်ထဲမှယှဉ်ပြီး ကြည့်လိုက်မိသည်။

'လူဆိုတာ သေမျိုးမို့ သေမှာချည်းပဲ၊ အဲ သေပုံသေနည်းလေးသာ သိက္ခာရှိရှိ ဂုဏ်ရှိရှိနဲ့ သေဖို့အရေးကြီးတာ၊ အိပ်ရာပေါ်မှာ နာတာ ရှည်ဘဝနဲ့ အကြာကြီးနေပြီး သေရမှာတော့ သိပ်ကြောက်တယ်၊ ကျွန်တော့်ရဲ့ အကြီးဆုံးဆန္ဒကတော့ စစ်သားပီပီ ကိုယ့်ပြည်ကို ကိုယ် ကာကွယ်ရင်း သေချင်တာပဲ'

ခင်မလတ်သည် ထိုင်ရာမှ မထသေးဘဲ ရေနွေးကြမ်းပန်းကန်လေးများထဲသို့ ရေနွေးကြမ်း ငှဲ့ပေးနေသည်။ မောင်မောင်ကြီးကို အထင်ကြီးစိတ်များ တသိမ့်သိမ့် ဖြစ်ပေါ်လာသည်။ သူဘယ်တော့များ ရှေ့တန်းပြန်သွားရမှာလဲဟု ဆက်တွေးရင်း မသိမသာလေး စိုးရိမ် စိတ်ကလေး ဝင်လာသည်။

'အို. . .တန်ဖိုးချင်းကွာလိုက်တာ၊ ကိုသက်လို လူတွေ သေပါစေလား၊ သူလိုလူတွေ ဘေးကင်းပါစေ' ဟု အစိုးမရသော စိတ်ကလေးက အတွေးဆန့်ပြီး ယောင်ချာချာလေး ဆုတောင်းလိုက်မိသေးသည်။

ဦးလူလုသည် ကွာစေ့ လက်တစ်ဆုပ် လှမ်းနှိုက်ပြီး တဖျောက်ဖျောက်ဝါးလိုက်သည်။ သူသည် ငယ်ရာမှကြီးလာသူဖြစ်သည်။ မောင်မောင်ကြီးဘက်သို့ မျက်စိဝဲနေသော ခင်မလတ်ကို ချက်ချင်း သတိပြုမိပြီး စိတ်ထဲတွင် တိုချင်ချင် ဖြစ်သွားလေသည်။

ခင်မလတ်ကို သူ သိပ်ကြည့်၍မရပေ။ ပျံတံတံ ကောင်မလေးဖြစ်ကြောင်း သူ့မိန်းမက မကြာခဏ ထောပနာပြုသောကြောင့် ဖြစ်လေသည်။ ပစ္စည်းဥစ္စာချမ်းသာဆင်းရဲကို ဦးလူလု အရေးမစိုက်ပေ။ သို့သော် သူ့သားကြီး

www.foreverspace.com.mm

ကို တည်ငြိမ်အေးဆေးသော မိန်းကလေးမျိုးနှင့်သာ ဖူးစာဆုံစေချင်လေသည်။

သူ့ကို အကဲခတ်နေဟန်ရှိသော ဦးလူလု၏ မျက်လုံးများကို သတိပြုမိသောအခါ ခင်မလတ်သည် သူတို့နားမှ လှည့်ထွက်ခဲ့လေသည်။ ဦးလူလု အနေနှင့် သူ့ကို အထင်ကြီးမည် မဟုတ်ကြောင်း စိတ်ထဲက သိနေသဖြင့် ဝမ်းနည်းသလို ဖြစ်သွားလေသည်။

'ဟား စောင့်လိုက်ရတာ အကြာကြီးပဲ၊ လာဟေ့ လာဟေ့ အုန်းရည်ညှစ်ရအောင်'

အောင်ကိုနှင့် မောင်မောင်နိုင်တို့သည် အိမ်ပေါ်သို့ ဝုန်းဒိုင်း ဝုန်းဒိုင်းနှင့် တက်လာကြသည်။ သူတို့နှစ်ဦးသည် အုန်းသီးများကို စက်နှင့်သွားပြီး ခြစ်လာကြခြင်းဖြစ်သည်။ သူတို့လက်ထဲတွင် ခြစ်ပြီးသား အုန်းသီးဖတ်များ ထည့်ထားသည့် ရေပုံးများကို ဆွဲကိုင်လာသည်။

မစိုးသည် ငရုတ်သီးထောင်းအပြီး၊ လှလှနှင့်အတူ ကြက်သားများ နွှာနေသည်။ အသားဖတ်များကို သတ်သတ်ထားကာ အရိုးများကို ဇလုံတစ်ခုထဲ ထည့်ထားသည်။ ပြီးလျှင်ထောင်းပြီး အချိုရည် ပြန်စစ် ယူရမည် ဖြစ်သည်။

အားလုံး ကိုယ်စီကိုယ်င အလုပ်ရှုပ်နေကြစဉ် ဇော်ဇော်နှင့် ဖိုးတာတို့ ရောက်လာသည်။ လှလှက လက်ထဲမှ နွှာလက်စ ကြက်သားဖတ်ကလေးကို အနားလာထိုင်သော ဇော်ဇော့်ပါးစပ်ထဲ ခွံ့လိုက်စဉ် ဖိုးတာသည် စာရွက်တစ်ရွက် ကိုင်ထားပြီး လူကြားထဲသို့ ပြုံးစေ့စေ့နှင့် လျှောက်လာသည်။ ထို့နောက် စာရွက်လေးကို ထောင်ကာ အားရပါးရ ဖတ်လိုက်သည်။

'အရှင် လောကပါလနတ်မင်းကြီး ဘုရားတဲ့၊ ကျွန်တော်မျိုး ယမမင်း အစီရင်ခံအပ်ပါသည်တဲ့၊ ငရဲကျခံရမည့် ငရဲသားများသည်တဲ့၊ လူ့ပြည်မှ

www.foreverspace.com.mm

ပါတိတ်များ ဖော့များကို ငရဲပြည် ရာဇဝင်ရေးများကို မျက်လှည့်ပြပြီး မှောင်ခို သွင်း ယူလာကြပါသည်တဲ့၊ ကျွန်တော်မျိုးကြီး၏ ချစ်မငြီးသော ချစ်ဇနီး ကလေး ယမမင်းကတော်သည်တဲ့ လူ့ပြည်မှ ပါတိတ်ကိုတဲ့၊ ဝမ်းဆက် ချုပ်ဝတ်ချင်သည်ဟု ပူဆာပါသဖြင့်တဲ့'

'ဟဲ့ ဖိုးတာ ခွေးကောင်လေး'

'အဲ ပူဆာပါသဖြင့်တဲ့၊ ကျွန်တော်မျိုးကြီး လစာငွေနှင့် မလောက် သောကြောင့်တဲ့၊ အောင်မယ်လေးဗျ'

မစိုးသည် သူ့လက်ထဲမှ ကြက်ပေါင်ရိုးနှင့် လှမ်းပေါက်သည်။ ဖိုးတာ သည် အိမ်ပေါ် အပြေးတက်သော်လည်း မလွတ်ချေ။ ကြက်ရိုးသည် သူ့ ငယ်ထိပ်ကို ဒေါင်ခနဲနေအောင် မှန်သွားသည်။

'အဲ့. . .အဲ့. . .လစာငွေ တိုးမြှင့် ပေးသနားတော်မူပါတဲ့၊ ဟား ဟား ဟား'

'ဖိုးတာ ခွေးကောင်လေး၊ နင်သိမယ် ဖိုးတာ'

မစိုးသည် ရှက်ရမ်း ရမ်းကာ အော်ဟစ်နေသည်။ ဖိုးတာသည် မောင် မောင်ကြီး ဘေးတွင်ကပ်ခါ ထိုင်ချလိုက်သည်။ ဒေါသထွက်နေသော သူ့အစ်မကို လျှာထုတ်ပြရင်း ရယ်နေသည်။ သူတို့ နှစ်ဦးကိုကြည့်ရင်း အားလုံးစိတ်ရွှင်ကာ ရယ်မောမိကြသည်။ ထားထားနှင့် လုလုပင် ပြုံးမိကြ သည်။

'မင်းကလည်း တော်တော်ဆိုး၊ မစိုး မခံချင်မှန်း သိရက်နဲ့'

'မခံချင်မှန်းသိလို့ လုပ်တာပေါ့ ကိုကိုမောင်ရ'

ဖိုးတာသည် ကွာစေ့တစ်ဆုပ် လှမ်းနှိုက်လေသည်။ လူကြီးတွေ နား က မခွာဘဲ ကပ်နေမှ သူ၏လုံခြုံရေး စိတ်ချရမည်ဖြစ်ကြောင်း သူသိသည်။ လူကြီးများ၏ အကာအကွယ်မရှိလျှင် မစိုးသည် သူ့ငယ်ထိပ်ကို ဒေါင်ခနဲ

www.foreverspace.com.mm

မြည့်အောင် လာခေါက်မည် ဖြစ်လေသည်။

'အသုဘ အိမ်ကလည်း ဖဲဝိုင်း မရှိဘူး'

'ဘာလဲ မင်းက ဖဲချချင်လို့လား'

'အဟား ကပ်ထိုးချင်လို့ပါ'

'ဖဲတော့ မလုပ်ပါနဲ့ ဖိုးတာလေးရယ်၊ စိတ်နာလွန်းလို့' ရေနွေး ခွက်ဘူး သယ်လာရင်း အနားမှ ဖြတ်လျှောက်သွားသော ထားထားက လှမ်းပြောလေသည်။ ဖဲသမား အသုဘတွင် ဖဲသံ လုံးဝမကြားရပေ။ ဖဲချပ်များကို မကြည့်ချင် မမြင်ချင်လောက်အောင် သူတို့ညီအစ်မ စိတ်နာလေသည်။ အဖေ သေသည်မှာ ဘတ်စ်ကားပေါ်က ကျသောကြောင့်ဟု ဆိုသော်လည်း တစ်နည်းအားဖြင့် ဖဲနှင့် ဆက်နွယ် သည်ဟု ယူဆမိသည်။ နေ့ပိုင်း ဝိုင်းများ သာမက ညဝိုင်းများပါ ဆက်တတ်သော အဖေသည် တော်တော်လေး အားပျော့လာသည်။ ကတုန်ကယင် ဖြစ်လာသည်။ ထိုသို့ဖြစ်သောကြောင့် သာ ဘတ်စ်ကား အပေါက်ဝတွင် ခြေမြဲလက်မြဲ မတွယ်နိုင်ဘဲ ပြုတ်ကျခြင်း ဖြစ်ရမည်ဟု သူတို့ညီအစ်မက ကောက်ချက်ချမိလေသည်။

'ဦးလေးအောင် ကျွန်တော်နဲ့ စစ်တုရင်ကစားမလား'

'မင်းရှုံးမှာပေါ့ ဖိုးတာရ'

'အထင်သေးလိုက်တာ ဦးလေးအောင်ကလဲ၊ ကျွန်တော် ဖေဖေကို တောင် နိုင်ပြီးပြီ'

'အဟုတ်ဗျ၊ ဒီကောင် သိပ်မဆိုးဘူး၊ တစ်ခါတလေ ကျွန်တော် တောင် ရှုံးတယ်'

'ခွေးကန်းလေး တစ်ခါတလေ ချီးအိုးတိုးတာနဲ့ တူပါတယ် ဖိုးတာရာ'

မောင်မောင်နိုင်က မကြားတကြား ဝင်ပြောလေသည်။

'အံမာနော် ကိုကိုနိုင်နော်'

www.foreverspace.com.mm

ဖိုးတာ အတော်လေး မခံချင် ဖြစ်သွားသည်။ သူစစ်တုရင် ကစားတတ်သည်မှာ တော်တော်လေးကြာပြီ ဖြစ်သည်။ သိပ်မတတ်သေးသော်လည်း သူ့ကိုယ်သူ အလွန်တော်သည်ဟု ထင်သည်။ အိမ်သို့အမြန် ကဆုန်ပေါက်ပြေးကာ စစ်တုရင်ခုံလေး သယ်လာသည်။ ထို့နောက် ဦးလှအောင်ရှေ့သို့ ချလိုက်သည်။

အရုပ်များကို အလျင်အမြန် စီနေသော ဖိုးတာကိုကြည့်၍ လူကြီးများပြုံးမိကြလေသည်။

'ကဲ ဦးလေးအောင် စရွှေ့'

ဖိုးတာက ဇွတ်တရွတ်လေး ပြောသည်။ ပြောရင်းဆိုရင်း မောင်မောင်နိုင်ကို လှမ်းပြီး မျက်စောင်းထိုးသည်။ သူသည် မခံချင်ဖြစ်ပြီး အစွမ်းပြချင်သောစိတ်များ တက်ကြွနေလေသည်။

သူ့ကို မျက်စောင်းခဲကြည့်သော ဖိုးတာအား မောင်မောင်နိုင်သည် သတိမထားမိတော့ပေ။ ကြက်သား နွှာနေသော မစိုးတို့အနား ရောက်သွားသည်။ လက်က အလုပ်လုပ်ရင်း ပါးစပ်ကလည်း စားရခဲသော ကြက်သားကို တစွတ်စွတ်စားနိုင်သဖြင့် ထိုနေရာတွင် လူဝိုင်းနေသည်။ မကြာမီ ဖိုးဂျင်လည်း ရောက်လာသည်။

အောင်ကိုကမူ အဝတ်ဖြူသန့်သန့်ထဲတွင် အုန်းသီးဖတ်များ ထည့်ပြီး ညှစ်ရန်ပြင်ဆင်နေလေသည်။

ထားထားသည် အုန်းသီးဖတ် ဖြူဖြူလေးများပေါ်သို့ ရေနွေး ကရားထဲမှ ရေနွေးအနည်းငယ်ကို လောင်းချပေးလိုက်သည်။ အဝတ်ကို အရင်းနားတွင် တင်းတင်းဆုပ်ကိုင်ကာ လက်နှင့်ဖိနယ်လိုက်သောအခါ ဖြူနုစ်သော အုန်းနို့များ စိမ့်ထွက်လာလေသည်။

စိမ့်ထွက်လာသော အုန်းနို့လေးများကို ငေးကြည့်ရင်း ထားထား သည်

www.foreverspace.com.mm

အဖေ့ကို သတိရနေသည်။ လွန်ခဲ့သော လကပင် အဖေသည် သာကူကျိုစား ရန် အုန်းနို့ ညှစ်ခဲ့သေးသည်။ အပင်မှ ကြွေကျသော အုန်းသီးကို လုလုက ကောက်ယူထားခြင်း ဖြစ်သည်။ ဦးမြတို့အိမ်ကို ပြန်မပေးဘဲ ခင်မလတ်နှင့် အတူ စပ်တူ သာကူကျိုစားခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က အဖေသည် သူ သေရတော့မည်ကို လုံးဝ တွေးမိဟန် မတူပေ။ နောက်တစ်လကြာလျှင် သူ့ ရက်လည်ဆွမ်းအတွက် သည်အိမ်တွင် အခြားသူတစ်ဦးက အုန်းနို့ ညှစ်နေ လိမ့်မည်ဟု ယောင်၍ပင် တွေးမိလိမ့်မည် မဟုတ်ပေ။ ငုတ်တုတ်လေးထိုင် ကာ အုန်းနို့ညှစ်နေသော အောင်ကို၏နေရာတွင် အဖေ့ကို မြင်ယောင်လာ ရင်း ထားထား၏ ရင်ထဲတွင် ဆို့နင့်လာသည်။

'ရေနွေး နည်းနည်းပေးဦး ထားထား'

အောင်ကိုက ရေနွေးထပ်တောင်းရင်း အမှတ်မဲ့ မော်ကြည့်လိုက်လေ သည်။ မျက်ရည်များစီးကျကာ အသံမထွက်ဘဲ ကျိတ်ရှိုက်နေသော ထား ထား၏မျက်နှာလေးကို မြင်ရသောအခါ ရုတ်တရက် ငိုင်ကျသွားသည်။

ထားထားသည် မျက်ရည်များကို လက်ဖမိုးနှင့် ပွတ်သုတ်ရင်း ရေနွေး ထပ်လောင်းပေးလိုက်သည်။

'သေတဲ့လူက သေပြီပဲ ထားထားရယ်၊ စိတ်မကောင်းစရာတွေကို စဉ်းစားမနေပါနဲ့၊ သေခြင်းတရားဆိုတာ တားလို့မှမရဘဲ'

ထားထားသည် ဘာမှပြန်မပြောဘဲ ပင့်သက်လေး ရှိုက်လိုက်လေ သည်။ မျက်လုံးလေးများ ရီဝေကာ နှုတ်ခမ်းလေး ဖြူဖျော့နေသော ထားထား သည် ပိန်သထက် ပိန်သွားလေသည်။ အောင်ကိုသည် ထားထားကို ငေး ကြည့်ရင်း ဖော်လှိုင်မြင့်ကို သတိရမိသည်။ ခုနေ ထားထားဘေးတွင် ဖော်လှိုင် မြင့်သည်သာ မားမားမတ်မတ်ရပ်တည်နေခဲ့လျှင် မည်မျှကောင်းလေမည် နည်းဟု တွေးမိသည်။

www.foreverspace.com.mm

ဇော်လှိုင်မြင့်ကို စဉ်းစားရင်း အစိုးမရသောစိတ်က လေးနွယ်ဆီသို့ ပြေးသွားပြန်သည်။ သည်တစ်ခါတော့ သက်ပြင်းရှိုက်ရသူသည် အောင်ကို ဖြစ်သည်။ လေးနွယ်ခမျာ မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်း ဆင်းရဲကို ခံစားနေရရှာပေပြီ။

'ဒီကိုယ်ရေပြား ရောဂါသည်တွေကို ဒီတိုင်းပဲ ကြည့်နေရတော့မှာလား၊ ရန်ကုန်ဟာ တို့မြန်မာပြည်ရဲ့ မြို့တော်ဟ၊ ဒီမြို့တော်ရဲ့ အစည်ကားဆုံးနေရာတွေမှာ သူတို့ အမြဲရှိတယ်၊ တိုနေတဲ့ခြေတွေ လက်တွေပြပြီး တောင်းနေကြတယ်၊ ကမ္ဘာလှည့်ခရီးသည်တွေက သူတို့နားက ဖြတ်သွားနေကြတယ်၊ ဒီရောဂါသည်တွေကို ဒီအတိုင်း လွှတ်ထားဖို့ မကောင်းဘူး'

ဖိုးဂျင်၏အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ကြက်သားနွှင်နေသော ဝိုင်းမှဖြစ်သည်။ သနပ်ခါး ပါးပါးလိမ်းပြီး လက်သည်းရှည်ထားသော ဖိုးဂျင်က သည်စကားမျိုး ပြောလိမ့်မည်ဟု မောင်မောင်ကြီး မထင်မှတ်မိပေ။ ထို့ကြောင့် ဆတ်ခနဲ လှမ်းကြည့် လိုက်မိသည်။

ဖိုးဂျင်သည် သူ့ဆံပင်ရှည်ကြီးများကို သပ်တင်ရင်း မျက်မှောင် အတွန့်ချိုးနေသည်။ သူ နေ့စဉ် အပြင်ထွက်တိုင်း တွေ့နေရသော ရောဂါသည်များကို မြင်ယောင်နေဟန်ရှိသည်။

'သူတို့ပွေ့ချီထားတဲ့ ကလေးတွေကို မြင်ရင်စိတ်မကောင်းဘူး၊ ဒီကလေးတွေမှာလည်း ဒီရောဂါ ကူးလာတော့မှာပေါ့နော်'

မစိုးသည် ကြက်သားပြုတ်အိုးထဲမှ ကြက်သားဖတ်များကို ဆယ်ကာ ခပ်နေရင်းမှ ဖိုးဂျင်၏စကားကို ထောက်ခံသည်။ ရန်ကုန်မြို့တွင် နေရာအနှံ့အပြား ခွက်လက်ဆွဲကာ တွေ့နေရသော ရောဂါသည်များ၏ ပြဿနာကို ဦးလူလှလည်း စိတ်ဝင်စားသည်။ ထို့ကြောင့် စစ်တုရင် ရုပ်ကလေးများကို စူးစိုက်ကြည့်နေရာမှ မစိုးတို့ဘက်သို့ ခေါင်းလှည့်သွားသည်။

www.foreverspace.com.mm

'ကလေးလေးတွေက မွေးလာတုန်းကတော့ ရောဂါပိုးပါမလာပါဘူး၊ ဒါပေမယ့် ဒီအမေ ဒီအဖေနဲ့ ကြာရှည်နေရင်တော့ ကူးတာပေါ့၊ ကလေးတွေကို သူတို့နဲ့ အတူထားဖို့ မကောင်းဘူးနော်'

ညီအောင်သည် ပဲမှုန့်နယ်နေရင်းမှ ဝင်ပြောသည်။

'ဟ ဒီလိုဆို ဘယ်သူယူမွေးမလဲ'

'သိဘူးလေ'

'ဒီလိုဆို ဒီလိုပဲ အစဉ်အဆက် ကူးစက်နေမှာပေါ့၊ ကျွန်တော့်မှာသာ ဒီလိုရောဂါရှိရင် ကျွန်တော်တော့ ကလေးမယူဘူး'

မောင်မောင်နိုင်က ကြက်ရိုးကိုက်နေရင်းမှ ပြောသည်။ သူ့ကို အားလုံး စူးစိုက်ကြည့်မိကြသည်။

'ယောကျ်ားမိန်းမယူကြတာတော့ ပုထုဇဉ်ပဲ၊ ဘယ်တားလို့ ရမှာလဲ၊ အဲ ကလေးမွေးလာရင် ကိုယ်နဲ့လည်း ထားထို့မကောင်း၊ သူများလည်း မပေးနိုင်ဆိုတော့ မမွေးခင်က တားထားရင် မကောင်းဘူးလား ... ကဲ'

သူတို့စကားဝိုင်းသည် ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ မောင်မောင်နိုင့်စကားကို ကန့်ကွက်မည့်သူလည်းမရှိ။ ထောက်ခံမည့်သူလည်း မရှိချေ။ နားစွင့်နေသော ဦးလူလှသည်လည်း မျက်မှောင်ကြီးကြုတ်နေသည်။

'ဟုတ်တယ်ဗျ၊ ကိုနိုင်ပြောတာ ဟုတ်တယ်'

အတန်ကြာသောအခါမှ ဖိုးဂျင်က ထောက်ခံသည်။

မောင်မောင်ကြီးကတော့ ခေါင်းကို အသာအယာခါမိလေသည်။

'ကာယကံရှင်တွေကဘက်က စဉ်းစားကြည့်ဦးလေ၊ ဒီလို လွယ်လွယ် ပြောလို့ ဘယ်ရမှာလဲ၊ ကိုယ်တွေးသလို သူတို့တွေးချင်မှတွေးမှာ၊ လက်ခံချင်မှလည်း လက်ခံမှာပေါ့'

'ဒါဆိုရင် ဒီလိုပဲ မျိုးရိုးစဉ်ဆက် ကူးစက်နေရတော့မှာလား'

www.foreverspace.com.mm

ဖိုးဂျင်က ကျွတ်ဆတ်ဆတ်မေးသည်။

'ဆေးပညာတွေ တိုးတက်လာနေပါတယ် ငါ့ညီရယ်၊ အမြစ်ပြတ် ပျောက်အောင် ကုသနိုင်တဲ့ ဆေးကောင်းဝါးကောင်းတွေ ပေါ်လာရင် ဒီ ပြဿနာဟာ အလိုလိုပြီးသွားမှာပါ၊ မဟုတ်ဘူးလား'

'လူထူထူနေရာတိုင်းမှာ တွေ့နေရတာတော့ မကောင်းဘူးပေါ့ဗျာ'

'အဲဒါကတော့ မကောင်းတာအမှန်ပဲ၊ ဒါပေမယ့် ဒီလိုရောဂါ ဘယ်သူ ဖြစ်ချင်မလဲ၊ ဒီလိုကိုယ်လက်အင်္ဂါ ရုပ်ဆင်းအင်္ဂါ ဘယ်သူချို့ယွင်းချင်မှာလဲ လို့၊ သူတို့ဘက်ကနေ ကရုဏာစိတ်လေး ယှဉ်ပြီးတွေးကြည့်ပါလားကွာ'

မောင်မောင်နိုင်နှင့် ဖိုးဂျင်သည် တစ်ဦးကိုတစ်ဦးလှမ်းကြည့်ပြီး မသိ မသာ မဲ့လိုက်ကြသည်၊ မောင်မောင်ကြီး၏ စကားအရဆိုလျှင် သူတို့နှစ်ဦး သည် လူသားချင်း ကရုဏာစိတ် မထားနိုင်ကြသူများ ဖြစ်နေပေပြီဟု တွေး ရင်း မခံချင်လည်း ဖြစ်သွားကြလေသည်။

'မိပြီ၊ ဟား ဟား ဦးလေးအောင် ဘုရင်မကြီး ဘယ်ပြေးမလဲ မိပြီ'

ဖိုးတာက ဝမ်းသာအားရ ထအော်သည်။ သူ့ဘုရင်မကြီး အငိုက်မိ ကာ ချောင်ပိတ်မိသွားသဖြင့် ဦးလှအောင်သည် မျက်မှောင်ကြီး တွန့်နေလေ သည်။

'ဒီ ကိုယ်ရေပြားရောဂါသည်တွေကို အစိုးရက အများကြီး အကူအညီ ပေးနေတာပဲ၊ ဆေးကုပေးတယ်၊ ထောက်ပံ့တယ်၊ ရွာတည်ပေးတယ်၊ ဒါ ပေမဲ့ သူတို့က အဲဒီလို စည်းကမ်းနဲ့မနေချင်ဘူး၊ မြို့ကြီးပြကြီးတွေမှာ တောင်းရမ်းစားရတာကို အနေချောင်လို့ ပိုပြီးကြိုက်ကြတယ်လို့၊ ကြားဖူး တယ်'

ဦးလူလှက မောင်မောင်ကြီးအား လှည့်ပြောသည်။ မောင်မောင်ကြီး သည် ဘာမှပြန်မပြောပဲ ကွာစေ့တဖျောက်ဖျောက်ဝါးရင်း စစ်တုရင်ခုံကို

www.foreverspace.com.mm

ငေးကြည့်နေလေသည်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ထိုအနာကြီးရောဂါကို လူသားတို့ အောင်နိုင်လာရမည်။ ထိုနေ့ ထိုရက်ကို ခပ်မြန်မြန် ရောက်ချင်စမ်းလှသည်။

ငေးသာ ငေးနေသော်လည်း ဘဝကံအကျိုးပေး မကောင်းသဖြင့် လူဖြစ်ရှုံးရသော ရောဂါသည်များ အကြောင်းကို ဆက်ပြီး စဉ်းစားနေမိလေသည်။

အောင်ကိုကတော့ ကြားရသမျှ နားထဲသို့ ဘာမှမဝင်၊ အကုန်လျှံထွက်နေလေသည်။ သူ့ခေါင်းထဲတွင် လေးနွယ်၊ သူ့မျက်စိရှေ့တွင် ထားထား၊ ထို့နောက် သူ့အတွေးထဲတွင် ဇော်လှိုင်မြင့် ထိုသုံးဦးကသာ ဝဲလှည့်နေသည်။

'ဒီလိုဆို သူ့နောက်ကို ထားထား လိုက်လာနိုင်သားပဲတဲ့၊ မမလှကို ဟိုကနေ ထောက်ပံ့ရင် ရတာပဲတဲ့ ဇော်လှိုင်မြင့်က ပြောလိုက်သေးတယ်'

ကိုယ့်ပြဿနာနှင့်ကိုယ် ရင်ပူနေရသော အောင်ကိုသည် ကြက်သားဝိုင်းမှ ပြဿနာကို အဖြေမရှာနိုင်သေးပေ။ ဇလုံထဲမှ အုန်းနှစ်များကို ရေပုံးထဲ လောင်းထည့်လိုက်ရင်း ခေါင်းလေးငုံ့နေသော ထားထားအား ခပ်တိုးတိုး လှမ်းပြောသည်။ ထားထားသည် မေးကြောလေးများ တင်းနေအောင် အံကြိတ်လိုက်ပြီး မျက်တောင် တဖျတ်ဖျတ် ခပ်လိုက်မိသည်။

'ထားထား မြန်မာပြည်ကို ချစ်တယ်၊ အမျိုးသားသီချင်းထဲမှာ ပါတာလေ၊ ဒါတို့ပြေ ဒါတို့မြေ တို့ပိုင်တဲ့မြေ ဆိုတာလေ၊ သိပ်ဆိုလို့ ကောင်းတာပဲ၊ ကိုယ်ပိုင်တဲ့ မြေပေါ်က လေကို လွတ်လွတ်လပ်လပ်ကြီး ရှူချင်တယ်'

ရုတ်တရက် နာနာကျင်ကျင်ကြီး ဖြစ်လာသော နှလုံးသားအနာကို ခံစားရရင်း ထားထားသည် မျက်ရည်ဝဲနေသည်။

'အောင်ကိုတို့ကတော့ အလကားပဲ၊ စာမေးပွဲအောင်တာတောင် ဘာမှ မကျွေးဘူးကွယ်'

ကိုယ့်အတွေးနှင့် ငိုင်နေသော သူတို့နှစ်ဦးသည် အနီးမှကပ်ကာ ခပ်

www.foreverspace.com.mm

ကျယ်ကျယ် ပြောလိုက်သော အသံကြောင့် ရုတ်တရက် လန့်သွားသည်။

ဒေါ်ကျော့ဖြစ်သည် အုန်းနို့များကို ဒန်အိုးထဲ လှယ်ထည့်နေသဖြင့် လန့်သွားဟန်ရှိသော သူတို့မျက်နှာထားကို သတိပြုမိဟန် မတူပေ။

ဒေါ်ကျော့၏နောက်မှ ပါလာသော ခင်မလတ်ကမူ ညှိုးငယ်နေသော ထားထား၏မျက်နှာလေးကို ကရုဏာနှင့် ကြည့်နေသည်။

အောင်ကိုသည် ဒေါ်ကျော့ကို ဘာမှပြန်မပြောဘဲ မချိပြုံး ပြုံးနေလိုက်မိသည်။ စာမေးပွဲအောင်သောနေ့က ဝမ်းသာ ဝမ်းနည်း ဖြစ်ခဲ့ရသည်။

ဆရာဝန်ဖြစ်ပြီမို့ ပျော်ရပါသော်လည်း ကိုယ်ရည်မှန်းထားမိသည့် သံယောဇဉ်ထားမိသည့် မိန်းကလေး သူတစ်ပါးရင်ခွင်ထဲ ရောက်သွားရသည့်အတွက် လူမသိ သူမသိ အသည်းဒဏ်ရာရခဲ့သည်။

'ထားထား တစ်လှည့်ပေးဦးလေ၊ ညောင်းရောပေါ့'

ခင်မလတ်သည် ထားထားလက်ထဲမှ အဝတ်ဖြူကို လှမ်းယူသည်။ ခုတော့ သူသည် ထားထားကို ပြိုင်ချင်စိတ် မရှိတော့ပေ။ တူညီသော လူတန်းစားချင်း ယိုင်းပင်းကူညီလိုသော စိတ်များသာ ပေါက်ဖွားလာသည်။

ထားထားကို ကြိုက်နေသည့် အင်ဂျင်နီယာလေးကို တစ်မြန်နေ့ ကပင် မိန်းကလေးတစ်ယောက်နှင့် တွဲသွားသည်ကို တွေ့လိုက်ရသေးသည်။

ထားထား မြင်ရလျှင်တော့ ဘယ်လိုနေမည်မသိ။ ခင်မလတ်ကမူ သူ့မျက်နှာကို ကုတ်ဆွဲပစ်လိုက်ချင်သည်။ ထို့ကြောင့် ထားထား ခေါင်းအေးသွားသော တစ်နေ့တွင် သူတို့လို ရေပေါ်လွှာလူတန်းစားတွေကို ပြန်မကြိုက်ဖို့ သတိပေးရဦးမည်ဟု စဉ်းစားနေမိလေသည်။

'တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြသားနဲ့ ဘာလို့ကွဲကြရတာလဲ၊ တို့နှစ်ယောက်လည်း ချစ်တယ်၊ သူတို့နှစ်ယောက်လည်း ချစ်တာပဲ။ ဒါပေမဲ့ မဆုံဆည်းနိုင်ကြဘူး၊ ကွဲကြတယ်၊ ဘာဖြစ်လို့လဲ'

www.foreverspace.com.mm

အဝတ်ဖြူလေးကို အားကုန်ညှစ်ချလိုက်စဉ် အောင်ကို၏ ခေါင်းထဲတွင် ပုစ္ဆာတစ်ပုဒ် ဝဲလှည့်ထွက်ပေါ်လာသည်။ သူ့လက်ချောင်းများ ကြားမှ စီးကျသွားသော အုန်းနို့ဖြူဖြူများကို စိုက်ကြည့်ရင်း တိကျသော အဖြေကို ရှာနေမိသည်။

'မမစိုးနော်. . .ဟွန်းနော် . . . ဖေဖေရေ မမစိုး လာနေပြီ'

အပေါ်တက်လာသော မစိုးသည် ဖိုးတာအနားသို့ လက်သီးဆုပ်ရင်း မသိမသာလေး လျှောက်လာသည်။

စစ်တုရင်ကစားနေရာမှ လှစ်ခနဲ လှမ်းမြင်လိုက်သော ဖိုးတာက အလန့်တကြား ထအော်လေသည်။

'မမစိုးနော်၊ မလုပ်နဲ့နော်'

လူကြီးများက ပြုံးနေသဖြင့် မစိုးသည် အတင့်ရဲကာ အပြေးလေး ကပ်လာသည်။ လူကြားထဲတွင် သူ့အရှက်ခွဲထားသော ဖိုးတာအား မှတ်လောက် သားလောက် အုန်းခနဲ ထုချလိုက်ရန် လက်ရွယ်လာသည်။

'ဟ. . .ဖိုးတာ'

မစိုး နီးလာသောအခါ ဖိုးတာသည် ကြောက်အားလန့်အားနှင့် ဝုန်းခနဲ ထလိုက်သည်။ သူ့ရှေ့မှ စစ်တုရင်ခုံလေးကို တိုက်မိပြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသည်ကိုပင် ဂရုမစိုက်အား။ ခုန်ကာ ကျော်ကာနှင့် တစ်ရှိန်ထိုး ဆင်းပြေးလေသည်။ ပါးစပ်ကတော့ အငြိမ်မနေ အော်ဟစ်သွားသည်။

'ကျွန်တော်မျိုးကြီး၏ ရှုမငြီးသော ချစ်ဇနီးကလေး ယမမင်း ကတော်သည်တဲ့ ထိုင်းပါတိတ်ကို ဝမ်းဆက် ချုပ်ဝတ်ချင်ပါသဖြင့်တဲ့ ဟား . . . ဟား . . . ဟား၊ ငရဲပြည်ကို မှောင်ခိုရောက်တော့ ယမမင်းကြီး ကြောက်လို့ တုန် လခတွေလည်းကုန် ဇေထုံ ဇေထုံ ဟား . . .ဟား'

www.foreverspace.com.mm

ငုတ်တုတ် ထိုင်နေသော အောင်ကိုကိုပင် မကွေ့မရှောင်အားဘဲ ဝုန်းခနဲ ခုန်ကျော်ကာ ဆင်းပြေးသော ဖိုးတာသည် လှေကားရင်းတွင် သူ့ပုဆိုးစ သူပြန်နင်းမိပြီး မှောက်လျက်လဲတော့သည်။

မောင်မောင်နိုင်သည် ရယ်မောရင်းမှ ပြေးလာပြီး ဖိုးတာကို ဆွဲထူသည်။ အထုခံရမည်ကို ကြောက်သဖြင့် ဒူးဟက်တက် ပြဲသွားသော ဖိုးတာသည် ရှုံ့ရှုံ့မဲ့မဲ့နှင့် ကုန်းထလာသည်။

'ငရဲပြည်ကို မှောင်ခိုရောက်တော့ ယမမင်းကြီး ကြောက်လို့တုန်၊ လခတွေလည်း ကုန်တဲ့၊ ဟင်း ဟင်း လခတွေလည်းကုန်တဲ့'

ခင်မလတ်သည် တိုးတိုးလေး ရယ်လိုက်လေသည်။ ထားထားကမူ ဘာမျှမပြောမိပေ။ ဖိုးတာ ခလုတ်တိုက်သွားသဖြင့် ကစဉ့်ကလျား ကြဲပြန့်နေသော စစ်တုရင် ရုပ်ကလေးများကို ငေးမောကြည့်နေမိသည်။ အခွေခံထားရသော ဘုရင်မကြီးသည် ဇလုံနားအထိ လိမ့်လာလေသည်။

အောင်ကိုသည် ခေတ္တမျှ ငိုင်နေပြီး ထိုင်ရာမှ ထလိုက်သည်။ ထို့နောက် အခန်းထောင့်ရှိ စားပွဲအောက်သို့ လွင့်စဉ်ဝင်သွားသော နယ်ရုပ်ကလေးများကို လိုက်ကောက်နေလေသည်။

**မစန္ဒာ**
**၁၀. ၁. ၁၉၇၆**


www.foreverspace.com.mm